
www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၁၂၀၀၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၃၂၀၀၀၇
ပုံနှိပ်ခြင်း - ၂၀၀၇ ခုနှစ် စက်တင်ဘာလ
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်
အဖုံးဒီဇိုင်း - ဘိုဘိုထွန်း
ပုံနှိပ်သူ - ဦးမြင့်သန်း (မြဲ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်။
ထုတ်ဝေသူ - ဒေါ်မိုးသိတာ (စိုးမိုးစာပေ)
(မြဲ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။




www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁]

ဆင်ခြေဖုံးရပ်ကွက်လေးရဲ့ ဘတ်စ်ကားမှတ်တိုင်တစ်ခုဆီသို့ သူ့အကြည့်တွေ ရောက်သွားတဲ့ အချိန်မှာပဲ သူ့ခြေထောက်ကကားမှတ်တိုင်ဆီ ဆတ်ခနဲ လှမ်းမိလျက်သား ဖြစ်သွားရသည်။

ဘတ်စ်ကားဂိတ်မှာ ရပ်မနေတဲ့ ကောင်မလေးချောချောတစ်ယောက်ကြောင့် ဖြစ်၏။

သူ ကောင်မလေးကို စူးစိုက်စွာဖြင့် ကြည့်မိလျက်သားဖြစ်သွားရသည်။ အားပါး…အရမ်းချောမောအိစက်နေတာပဲဟု ထင်မိသွား၏။

ဘယ်က ကောင်မလေးလဲ…



www.burmeseclassic.com

www.burmeseclassic.com



ဒီရပ်ကွက်လေးမှာရှိတဲ့ သူငယ်ချင်းတစ်ယောက်ဆီ လာခြင်းဖြစ်သည်။

ကောင်မလေးရယ်…မင်း အရမ်းလှတာပဲ၊ ကြည့်လို့ ကောင်းလိုက်တာဟု သူ့စိတ်ထဲမှာ ပြောမိ၏။

တကယ့်ကို ကြည့်လို့ကောင်းတဲ့ မိန်းကလေးပဲဖြစ်သည်။

မျက်နှာလေးက ဝိုင်းဝိုင်းပြည့်ပြည့်လေး ဖြစ်၏။ နှာခေါင်းလေးက ချွန်မြနေသည်။ အသားအရေကလေးကလည်း ဖြူဝင်းအိစက်နေ၏။

ဆံပင်ရှည်ရှည်လေးတွေ ရှည်လျားထူထဲစွာ ကျောပေါ်ဖြန့်ကျနေသည်။

သူ့ရင်ထဲမှာ ခွေးထွေးလိုက်လှဲစေတဲ့ ကောင်မလေး တစ်ယောက်ဖြစ်နေသည်။

ဘယ်က ကောင်မလေးလဲ…ဘယ်သူလဲ…ဆိုတာ စိတ်ထဲမှာ သိချင်စိတ်တွေ ပြင်းပြသွားရသည်။

ဒုက္ခပါပဲကွာ…ဘယ်လိုဖြစ်ရတာလဲ။

သူ ဘယ်တော့မှ မိန်းကလေးတွေကို အဆက်အဆံလုပ်ခဲ့ဖူးတာ မဟုတ်။ အမြဲတမ်းပဲ ကင်းအောင်နေတတ်သည်။

ဂုဏ်သိက္ခာတွေကို ရှေ့တန်းတင်တတ်တဲ့ ယောကျ်ားတစ်ယောက်ပါ။





ဘယ်ဘဝက ရေစက်လဲကွာ…မင်းနဲ့ မထင်မှတ်ဘဲတွေ့လိုက်ရတာနဲ့ ကိုယ့်နှလုံးသားတွေ စူးနစ်လိုက်ဖြာသွားရပြီ။

သူ ကားကိုစက်နှိုးထွက်ဖို့ပင် သတိလစ်မေ့လျော့နေမိသည်။

မင်း ဘယ်သူလဲ…ဘယ်မှာနေလဲကွာ၊ ကိုယ် မသိသိအောင်စုံစမ်းဖို့ ကိုယ် ဆုံးဖြတ်လိုက်ပြီ၊ ကောင်မလေး…

"ထွန်းတောက်"

"ဟင်"

"မင်း ဘာလုပ်နေတာလဲ"

"အား…စိုးနောင်"

သူသွားတွေ့မယ့် သူငယ်ချင်း စိုးနောင်က မထင်မှတ်ဘဲ သူ့ကားနားသို့ ရောက်လာသည်။

"အတော်ပဲ စိုးနောင်၊ မင်းကို ကိုယ်ပြစရာရှိလို့"

"ဘာလဲကွ ဘာပြမှာလဲ ထွန်းတောက်"

"ဟိုကောင်မလေးကို မင်းသိလား"

ထွန်းတောက်ပြတဲ့ ကောင်မလေးကို စိုးနောင်က ကြည့်သည်။

"သိတာပေါ့ ဒါ မြရောင်ခြယ်ပဲ"

"ဟာ…ဒီကောင်မလေးကို မင်းသိတယ် ဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



တယ်သူ မြရောင်ခြယ်''

''ဟုတ်တယ် ကောင်မလေးနာမည်က မြရောင်ခြယ်ပဲ၊ တို့ရပ်ကွက်ထဲမှာ နေတယ်လေ၊ ကိုယ်တို့နဲ့လည်း ခင်တယ်''

''ဒါဆို ကိုယ့်ကို မိတ်ဆက်ပေးပါ၊ ဒီကောင်မလေးနဲ့ ကိုယ် ခင်မင်ချင်တယ်၊ မိတ်ဆက်ပေးပါ စိုးနောင်''

''တွန်းတော် ဒီကောင်မလေးက မင်းအသက်အရွယ်နဲ့ ကွာဟနေတယ်နော်၊ ပြီးတော့ ခြယ်က မာနရှိတယ်၊ ဆင်းရဲပေမယ့် သူ့မာနနဲ့ သူနေတာကွ''

သူကတော့ မြရောင်ခြယ်ဆိုတဲ့ ကောင်မလေးကို စွဲလမ်းနှစ်သက်သွားပြီ ဖြစ်သည်။

ဖူးစာဖက်လားပဲကွာ...

ကိုယ့်နှလုံးသားတွေထဲမှာ မြရောင်ခြယ်ဆိုတဲ့ ကောင်မလေးကိုပဲ စူးနစ်စွာ ချစ်မြတ်နိုးသွား ပြီ ဖြစ်သည်။

''တွန်းတောက်''

''ဟင်''

''အရူးထမနေစမ်းပါနဲ့ကွာ၊ ခြယ်က မင်းနဲ့ မလိုက်ဖက်ပါဘူး၊ မင်းဘဝနဲ့လည်း မနီးစပ်ပါဘူး၊ မင်းကိုလည်း လက်ခံမှာ မဟုတ်ဘူး''

''ဘာပဲဖြစ်ဖြစ်ကွာ၊ ဒီကောင်မလေးကိုတော့ ကိုယ်နဲ့





လည်း မိတ်ဆက်ပေးပါ၊ တစ်ကြိမ်ပဲ မိတ်ဆက်ပေးပါကွာ၊ မြရောင်ခြယ်ကို မြင်မြင်ချင်းပဲ ကိုယ်အရမ်းချစ်မိသွားပြီ''

''ဟာကွာ''

''လာပါကွာ မိတ်ဆက်ပေးစမ်းပါ၊ ကိုယ့်ရင်ထဲမှာ ခင်မင်ချင်တဲ့ ဆန္ဒတွေ ပြင်းပြသွားလို့ပါ''

သူ ခွတ်ပဲကားကို ကောင်မလေးအနား မောင်းလာခဲ့မိသည်။

စိုးနောင်တစ်ယောက် ယောင်တောင်ပေါင်တောင်နှင့် လိုက်လာခဲ့ရ၏။

ကောင်မလေးအနားရောက်တော့ ကားပေါ်မှ ဆင်းလိုက်သည်။

အနီးကပ်ကြည့်မှ အရမ်းကို လှပချောမောအိစက်နေတဲ့ ကောင်မလေး တစ်ယောက်ဖြစ်နေ၏။

သူ့ အကြည့်စူးစူးတွေက ကောင်မလေး မျက်ဝန်းတွေထဲ ထိုးဖောက်ဝင်ရောက်တော့မတတ် ဖြစ်သွားမိသည်။

ပပဝတီ တွေ့လိုက်တဲ့ သိဝိမင်းကြီးလို ရူးသွပ်သွားမတတ် ခံစားလိုက်ရတော့၏။

ဖူးစာပဲလား မြရောင်ခြယ်...ကိုယ်တစ်သက်တာမှာ ဘယ်လိုမိန်းကလေးမျိုးကိုမှ အဲဒီလိုမစွဲလန်း မနှစ်သက်ခဲ့ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ကွာ…

သူ့အကြည့်တွေကို အရှက်သိက္ခာကို ထိန်းဖို့အတွက် ရှောင်လွှဲပစ်ရန် ကြိုးစားရသည်။

“ခြယ်”

“ဟင်…ကိုစိုးနောင်”

သူမအကြည့်လေးက စိုးနောင်ဆီရောက်သွားသည်။

“ဘယ်သွားမလို့လဲ ခြယ်၊ လမ်းကြုံရင် အစ်ကိုတို့ကားနဲ့ လိုက်ခဲ့ပါလား”

“ခြယ်က ကွန်ပျူတာသင်တန်း သွားတက်မှာလေ၊ ၃၇ လမ်းမှာပါ”

“လမ်းကြုံတာပဲ၊ ကိုယ်တို့လဲ အဲဒီဘက်သွားမှာပဲ”

သူ ကပျာကယာနှင့် ၃၇ လမ်းဘက်သွားမှာဖြစ်ကြောင်း ဝင်ပြောလိုက်သည်။

အမှန်တကယ် သူသွားမှာက စိုးနောင်ကိုခေါ်ပြီး ပဲခူးဘက် သွားမှာပါ။ အလုပ်ကိစ္စတစ်ခုနှင့် ပဲခူးဘက် သွားစရာရှိနေသည်။

ကိုယ့်လမ်းကြောင်း ပြောင်းသွားပြီ ထင်တယ်၊ မြရောင်ခြယ်…

မြရောင်ခြယ်နဲ့ တွေ့လိုက်ရတာ ကိုယ့်ဘဝရဲ့ အပြောင်းအလဲ အချိုးအကွေ့ကြီးတစ်ခု ဖြစ်သွားရပြီလို့ ထင်မိလာတယ်။





စိုးနောင်က မိတ်ဆက်ပေးတော့ သူ ရင်ခုန်လိုက်မောသွားရသည်။

“ဒါ အစ်ကို့သူငယ်ချင်း ထွန်းတောက်ကြယ်တဲ့၊ ဒါက ကိုယ့်ညီမလေးလိုနေတဲ့ မြရောင်ခြယ်ပဲ ထွန်းတောက်”

ကိုထွန်းတောက်ကြယ်ဆိုတဲ့လူ အကြည့်တွေကို ခြယ် မကျေနပ်သလို ဖြစ်သွားမိသည်။ ရူးရဲလွန်းတဲ့ အကြည့်တွေဟု ထင်မိ၏။

သူ့မျက်ဝန်းတွေထဲမှာရှိတဲ့ အရိပ်လက္ခဏာတွေက ရူးရူးတောက်ပကာ သူမ ဘယ်တော့မှ မနှစ်သက်ခဲ့တဲ့ ယောကျ်ားတစ်ယောက်ရဲ့ အကြည့်တွေပဲ ဖြစ်နေသည်။

ဆင်းရဲပေမယ့် မြရောင်ခြယ်မှာ မာနတွေတော့ ရှိသည်။

ဆင်ခြေဖုံးရပ်ကွက်လေးထဲမှာ နေတယ်ဆိုပြီး ကားနဲ့ ယောကျ်ားတစ်ယောက်ဆီက အလွယ်တကူရနိုင်ပါတယ်ဆိုတဲ့ အထင်သေးစွာကြည့်တတ်တဲ့ အကြည့်မျိုးကို အမုန်းဆုံးပဲ။

ခြယ့်မျက်ဝန်းတွေက တင်းမာခက်ထန်သွားရသလို နှုတ်ခမ်းလေးတွေကလည်း ပြုံးယောင်သမ်းမလာပေ။

အစ်ကိုစိုးနောင်ကို အားနာပေမယ့် ခြယ်က အဲဒီလိုပဲ နေတတ်သည်။

“ခြယ်”



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"အစ်ကိုတို့ကားနဲ့ လမ်းကြုံလိုက်ခဲ့လေ"

"မလိုက်တော့ပါဘူး၊ ခြယ် ဘတ်စ်ကားပဲစီးမယ်၊ တစ်မျိုးတော့ မထင်ပါနဲ့နော် အစ်ကို၊ ခြယ် မစီးချင်လို့ပါ"

ခြယ် ငြင်းပစ်လိုက်မိသည်။ ကားနှင့်လာတဲ့ ယောကျ်ား တစ်ယောက်ကို ခြယ်က ကင်းရှင်းစွာနေချင်မိသည်။ အလွယ်တကူ ရလိမ့်မည်ဟု ထင်သွားမှာလည်း ခြယ် ကြောက်မိသည်။

"ခြယ် မလိုက်ချင်လဲနေလေ၊ အစ်ကိုတို့ သွားတော့မယ် နော်"

"ဟုတ်ကဲ့"

သူ ကားပေါ်တက်ရမှာပင် ဝန်လေးနေမိသည်။

မြရောင်ခြယ်ကိုထားခဲ့ပြီး ရှေ့ဆက်ရမယ့်ခရီးအား မသွား ချင်တော့ပေ။

"ထွန်းတောက် သွားမယ်လေ"

စိုးနောင်က သတိပေးသည်။

မြရောင်ခြယ်ကလည်း ဘတ်စ်ကားတစ်စီးပေါ် တက်သွား ပြီ ဖြစ်၏။

"ထွန်းတောက်"

"ဟင်"





"သွားမယ်လေကွာ"

"မင်း မောင်းတော့ကွာ"

"ဘာဖြစ်သွားရတာလဲကွာ၊ မင်းကလည်း ဘာရောဂါရ သွားပြန်ပြီလဲ"

"စိုးနောင်"

"ပြော"

"မြရောင်ခြယ်ကို ငါရအောင်ယူမယ်"

"မဖြစ်နိုင်ဘူးကွာ မြရောင်ခြယ်က မာနကြီးတယ်၊ မင်းကိုလက်ခံမှာ မဟုတ်ဘူး၊ အသက်အရွယ်ကလည်း ကွာတယ်၊ ပြီးတော့ မြရောင်ခြယ်က သူ့ကို ငွေမက်တဲ့ ဂုဏ်ပကာသနတွေကို မက်မောတဲ့ မိန်းကလေးတစ်ယောက်လို့ ထင်မှာ စိုးတယ်၊ မင်း စဉ်းစားကြည့်လေ၊ ကိုယ်နဲ့ မြရောင်ခြယ်တို့ အရမ်းရင်းနှီးတယ်၊ ဒါပေမဲ့ လိုအပ်တာထက်ပိုပြီး အပတ်အသက်မလုပ်ဘူး"

"မရဘူးကွာ၊ မြရောင်ခြယ် ဘယ်လောက်ပဲ မာနကြီးပါ စေ၊ ကိုယ် ရအောင် ယူပြမယ်၊ ငွေတွေ ဂုဏ်တွေနဲ့ ဖိမယ်ကွာ၊ မြရောင်ခြယ်ကို ကိုယ်အရမ်းချစ်မိနေပြီ"

"သေလိုက်ကွာ"

"စိုးနောင်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မြရောင်ခြယ်ကို ကိုယ် အရမ်းချစ်မိသွားပြီ၊ အသက် အရွယ်တွေဘာတွေ နားမလည်ဘူးကွာ၊ မြရောင်ခြယ်ကို ရအောင် ယူပြမယ်၊ ငါ ဘာကိုရင်းမလဲ၊ စိန်တွေလား တိုက်တွေလား ကားတွေလား"

"ထွန်းတောက် မြရောင်ခြယ်ကို အဲဒါတွေနဲ့ မျှော်လို့ ရမယ် ထင်လား"

"စောင့်ကြည့်ကွာ"

"သွားမလုပ်ပါနဲ့ကွာ၊ ရပ်ကွက်ထဲမှာ နာမည်ပျက်သွား ပါ့မယ်"

စိုးနောင်ကတော့ အစွမ်းကုန်တားဆီးရမည် ဖြစ်သည်။

မြရောင်ခြယ်လေး နာမည်ပျက် ဂုဏ်သိက္ခာမဲ့မှာ မလိုလား ပါ။

သူ့ရပ်ကွက်ထဲမှ မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ တွေကို ကာကွယ်စောင့်ရှောက်ရမည်။

"သွားမယ်ကွာ"

"မင်းပဲ မောင်းတော့"

သူ နောက်မှာပဲ ဝင်ထိုင်ပြီး နောက်မှီကို လျော့ရဲစွာ မှီထားလိုက်သည်။

"မင်းတော့ သွားပြီကွာ၊ ကုရာနတ္ထိ ဆေးမရှိတော့ပါ





လား"

သူ ဘာမှ တုံ့ပြန်ပြောဆိုခြင်းမရှိဘဲ မြရောင်ခြယ်ဆိုတဲ့ ကောင်မလေးရဲ့ မျက်နှာလေးကိုပဲ စွဲလမ်းမြတ်နိုးစွာ စဉ်းစားနေမိ သည်။

မြရောင်ခြယ်ရယ်…

မင်းကို အရမ်းချစ်မိနေပြီကွာ…

ကိုယ့်ရင်ထဲမှာ တကယ့်ကို စွဲစွဲလမ်းလမ်း မြတ်မြတ်နိုးနိုး နှစ်သက်မိတာပါ။

ရှေးဘဝက ရေစက်ပဲ ထင်တယ်။ ကိုယ် ဘယ်တော့မှ မိန်းကလေးတွေနဲ့ အနီးကပ်မနေခဲ့ဖူးတာ မင်းကိုပြောပြရင်တောင် မင်း ယုံမှာမဟုတ်ဘူးထင်တယ် မြရောင်ခြယ်…

မထင်မှတ်ဘဲ မင်းကို ဆုံတွေ့လိုက်ရပြီး စွဲစွဲလမ်းလမ်း ချစ်ခင်နှစ်သက် မြတ်နိုးသွားမိတာ မတတ်နိုင်ဘူး။

ကိုယ့်မှာ အပြစ်မရှိဘူး ထင်တယ်။

အချစ်ဆိုတာကို ကိုယ် ပထမဆုံးအကြိမ် ခံစားရင်နှီးရ တာပါပဲ။

မင်း မယုံဘူးလား…

လှပဝင်းမွတ်ပြီး ဖြူဝင်းနုဖတ်နေတဲ့ မင်းမျက်နှာလေးကို ကိုယ် ဘယ်လိုမှ မေ့ပစ်လို့ မေ့ရတော့ဘူးထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းနက်နက်လေးထဲက မာနတွေကို တွေ့လိုက်ရတော့ ကိုယ် ပိုတောင်အထင်ကြီး မြတ်နိုးသွားမိတယ်။

မင်းရဲ့ကျောပေါ်မှာ ပုံ့ဝဲယိမ်းခါနေတဲ့ ဆံပင်ရှည်ရှည်တွေက အရမ်းကို ကျက်သရေရှိတာပဲကွာ။

ကိုယ့်ဘဝတစ်လျှောက်လုံးမှာ မင်းလောက် ချစ်စရာကောင်းတဲ့ ကောင်မလေးမျိုး တစ်ကြိမ်တစ်ခါမှ မတွေ့ကြုံခဲ့ဖူးဘူး။

"ထွန်းတောက်"

အသံက ငြိမ်သက်တိတ်ဆိတ်နေသည်။

"ဟေ့ကောင် ထွန်းတောက်"

"ဟင်"

"ဘယ်သွားမှာလဲ ပဲခူးလား"

"မသွားတော့ဘူး၊ မြရောင်ခြယ် သင်တန်းတက်မယ့်ဆီပဲ မောင်းကွာ"

"ထွန်းတောက်ရာ မင်းကိုယ်မင်း ဘာကောင်လဲဆိုတာလဲ ပြန်စဉ်းစားပါဦး"

"ကိုယ် ဘာကောင်ပဲ ဖြစ်ဖြစ်ကွာ၊ အရေးကြီးတာက မြရောင်ခြယ်လေးကို ရယူပိုင်ဆိုင်ဖို့ပဲ အဓိကဖြစ်သွားပြီ"

"ဟာကွာ"

"ကိုယ် ကြိုးစားမယ်"





ထွန်းတောက်ကြယ်ဆိုတဲ့ ကိုယ်က ကုမ္ပဏီကြီးတစ်ခုကို ဦးဆောင်နေတဲ့ မန်နေဂျင်းဒါရိုက်တာတစ်ယောက်ပဲ မြရောင်ခြယ်…

အဆောင်အယောင်တွေ…ဂုဏ်သိက္ခာစောင့်စည်းအပ်တာတွေ အားလုံး ကိုယ် မသိချင်တော့ဘူး။

မင်းကိုတွေ့တဲ့နေ့ကစပြီး ကိုယ့်အရာအားလုံးကို မင်းနဲ့တန်းတူပဲ သဘောထားလိုက်ပြီ။

မြရောင်ခြယ်အကြောင်းတွေကိုပဲ သူ တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂]

သူမ သင်တန်းပြီးတော့ ခြေလှမ်းခပ်သွက်သွက်လေးနှင့် အိမ်ပြန်ဖို့ ဘတ်စ်ကားဂိတ်ကို လျှောက်လာမိသည်။

စောစောက တွေ့ကြုံခဲ့ရတဲ့ ထွန်းတောက်ကြယ်ဆိုတဲ့ လူကို အမြင်ကတ်စွာ ပြန်တွေးမိနေ၏။

ခြယ့်ကို ဘာထင်လို့လဲ…

အထင်သေးတာလားဟု တွေးမိပြီး ခြယ် ဒေါသဖြစ်မိသည်။

ဟုတ်ပါ့နော်…ရှင့်မျက်ဝန်းတွေက ခြယ့်ကို စူးစိုက်ပြီး ကြည့်နေပုံက အငမ်းမရနိုင်လွန်းနေသည် ထင်မိ၏။

ရှင့်မှာ ဘာတွေပဲရှိရှိ ခြယ်ကတော့ လုံးဝဂရုစိုက်မှာ





မဟုတ်ဘူးနော်။

ဝေးသေးတယ်…

ဆင်ခြေဖုံးရပ်ကွက်လေးမှာ နေတယ်ဆိုပြီး ရှင်က ရမယ် ထင်မနေနဲ့နော်၊ ခြယ်က မာနတွေနဲ့ တုံ့ပြန်ပစ်လိုက်မှာပဲ။

ကားဂိတ်ဆီ လျှောက်လာခဲ့သည်။ ခြေလှမ်းတွေက သွက်နေ၏။

ဒီလူကြီးအကြောင်းတွေကို ခြယ် လုံးဝ မစဉ်းစားချင်ပါဘူး။

မုန်းစရာကောင်းလိုက်တာ…

မြရောင်ခြယ်ဆိုတဲ့ မိန်းကလေးကို ရှင် အလွယ်တကူရမယ် မထင်နဲ့နော်။

ငွေကြေးတွေ မချမ်းသာပေမယ့် မာနတော့ ချမ်းသာတယ်။

မတွေးပါဘူးဆိုမှ ဒီလူ့အကြောင်းကိုပဲ စဉ်းစားမိနေသည်။ ဒုက္ခပါပဲနော်၊ မစဉ်းစားတော့ပါဘူး။

မစဉ်းစားတော့ပါဘူးဆိုမှ သူ့ကား ဆတ်ခနဲထိုးရပ်သွားတာကအစ သူမ သတိထားမိနေရသည်။

ရှင် လူကြီးလူကောင်းတစ်ယောက်ဖြစ်ပြီး ဒီလို [illegible] သိက္ခာမဲ့စွာ မိန်းကလေးတစ်ယောက်ကို ကြည့်ရလားဟင်…



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို ခြယ် မနှစ်သက်ဆုံးပါပဲ။

ဆေးမဆိုးခြယ်ဘဲ ပန်းရောင်သွေး ဝေနေသော သူမရဲ့ နှုတ်ခမ်း ထူထူအမ်းအမ်း ဝိုင်းစက်စက်လေးက တွန့်ကွေးသွား အောင် မဲ့ပစ်လိုက်၏။

မြရောင်ခြယ်ကို ဒီလိုလာပြီး ပဏ်သက်ခဝက်ခဝ်လို့ ရခယ် မထင်နဲ့နော်။

သူမစိတ်ထဲမှာ အမြဲတမ်း မာနတွေနဲ့ ဘဝတိုးတက်မှု တစ်ခုကိုပဲ အာရုံစူးစိုက်ထားမိသည်။

ပညာရေးကို အားကြိုးမာန်တက် သူမ ကြိုးစားနေမိ၏။

စျေးရောင်းရတဲ့အမေကို မြရောင်ခြယ် ကျေးဇူးဆပ်ချင် နေသည်။ မောင်လေးရဲ့ ပညာရေးကလည်း ရှိနေသေး၏။

မောင်နှမနှစ်ယောက်သာရှိတဲ့ မြရောင်ခြယ်တို့တွင် အဖေ က စောစီးစွာဆုံးသွားခဲ့သည်။

မိသားစုရဲ့ လိုအပ်ချက်တွေအားလုံး မြရောင်ခြယ်ပဲ တာဝန်ယူရမည်ဖြစ်သောကြောင့် ဘဝတိုးတက်ရေးကလွဲပြီး မြရောင်ခြယ် ဘာမှ မစဉ်းစားခဲ့။

ဟုတ်တယ်...မစဉ်းစားသင့်တာတော့ အမုန်ပဲ။ မြရောင် ခြယ်ရဲ့ ဘဝတိုးတက်ရေးအတွက် အများကြီးကြိုးစားရဦးမယ်။ ရည်မှန်းချက်တွေကိုတော့ အပျောက်မခံနိုင်ပါဘူး။





မြရောင်ခြယ်မှာ ကြီးမားတဲ့ရည်မှန်းချက်တွေက ကိုယ့် အစွမ်းအစနဲ့ ကြီးပွားအောင်လုပ်ဖို့ပဲ။

ရှင့်ဘာသာရှင် ဘယ်လောက်ပဲ ချမ်းသာပါစေနော် မြရောင်ခြယ်စိတ်က တိမ်းညွှတ်ယစ်မူး တွေဝေသွားမယ် မထင်ပါနဲ့။

သူ့ရဲ့ရှုးရဲတောက်ပနေတဲ့ မျက်ဝန်းတွေက အဓိပ္ပာယ်တွေ ပြောက်မြားစွာ ထွက်နေတာ မြရောင်ခြယ်သိသည်။

လူ့ကို အထင်မသေးပါနဲ့နော်။

ဒုက္ခပါပဲ...မတွေးပါဘူးဆိုမှ ဒီလူ့အကြောင်းပဲ တွေးမိနေ တယ်။

မြရောင်ခြယ်ထက် အသက်နည်းနည်းကြီးမည်ဟု ထင်ရ သော သူသည် ယောကျာ်းပီသစွာ ခန့်ညားချောမောသူ ဖြစ်နေ သည်။

အသားအရည်ကအစ ဝင်းဖန့်နေပြီး အသက်အရွယ်ထက် ပိုနုပျိုနေတဲ့ လူချောချောကြီး တစ်ယောက်ဆိုတာတော့ ဝန်ခံရမည် ဖြစ်၏။

မြရောင်ခြယ် ဘာတွေစဉ်းစားနေရတာလဲ။ ဒီလူ့အကြောင်း တွေ မတွေးတာ အကောင်းဆုံးပဲဟု ထင်သည်။

မတွေးတော့ဘူး အရေးကြီးတာက အမေနဲ့ မောင်လေးကိုဝ မြှင့်တင်ပေးဖို့ပဲ။



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကို အနားယူစေချင်တဲ့ ဆန္ဒတွေပဲ ပြင်းပြစွာ ဖြစ်ပေါ်နေမိ၏။

ရှင့်အကြောင်းတွေကို မတွေးတော့ပါဘူးနော်။

မြရောင်ခြယ်က ကိုယ့်အစွမ်းအစတွေနဲ့ပဲ ချမ်းသာကြီးပွားချင်တာ။

သူမခြေလှမ်းတွေက ခပ်သွက်သွက်လျှောက်ရင်း ကားဂိတ်ဆီသို့ ရောက်လာတော့သည်။

သင်တန်းတွေက နည်းနည်းအချိန်ပိုသင်လိုက်သဖြင့် အပြန်နောက်ကျကာ အမှောင်သို့ပင် လွှမ်းနေလေ၏။

အရေးထဲ ကားက တစ်မျိုး။ လူတွေက ပြည့်ကျပ်ပြီး သူမ ခပ်လှမ်းလှမ်းလေးမှာ ရပ်ပြီး လူရှင်းအောင် ရှောင်နေမိသည်။

"ခြယ်"

"ဟင်…ရှင်…ရှင်"

ဟိုလူ…ကိုထွန်းတောက်ကြယ်ဆိုတဲ့သူ ဖြစ်နေသည်။

သူ့ကားက ခပ်လှမ်းလှမ်းမှာ ရပ်နေ၏။

မြရောင်ခြယ် ဘာမှမပြောဘဲ မျက်နှာလေးကို ရှုတည်တည်လေးနှင့် နေလိုက်သည်။

"မိုးလည်းချုပ်နေပြီ၊ မင်းကားက တက်ဖို့မလွယ်ဘူးနော်"





မြရောင်ခြယ် ဘာမှမပြောဘဲ ခပ်တည်တည်ပဲ ရပ်နေမိသည်။

"မင်းကို ကိုယ် လိုက်ပို့ပေးမယ်"

"ကျွန်မကို မနှောင့်ယှက်ပါနဲ့ ရှင်လိုက်ပို့တာကိုလည်း ကျွန်မ လုံးဝလက်မခံနိုင်ပါဘူး"

လူတွေရှိနေ၍ မြရောင်ခြယ် ပြဿနာမဖြစ်လိုပေ။ မိန်းကလေးတစ်ယောက်ရဲ့ အရှက်သိက္ခာတွေက ရှိသေးသည်။

ရှင် ဘယ်လိုလူလဲ…သူမနောက် လိုက်နေတာမျိုးမနှစ်သက်မိပေ။

ဘယ်လိုတားဆီးရမလဲဆိုတာ စဉ်းစားရင်း ရင်ထဲမှာလည်း ရှက်ရဲရဲလေး ဖြစ်သွားမိသည်။

ခြယ် ယောကျ်ားတစ်ယောက်နှင့် တစ်ကြိမ်တစ်ခါမျှ နီးနီးကပ်ကပ်နေထိုင်ခဲ့ဖူးပေ။

မိသားစုဘဝလေးကို မြှင့်တင်ဖို့ ကြိုးစားနေတဲ့အတွက် ပညာရေးဘက်မှာလည်း အာရုံစိုက်ထားမိသည်။

"ခြယ်"

"ဟင်"

"ကိုယ် ဘတ်စ်ကားနဲ့ လိုက်ပို့မှာပါ"

"ဘာရှင့်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကားကို ဒီမှာထားခဲ့ပြီး ခြယ့်ကို ဘတ်စ်ကားနဲ့ လိုက်ပို့မှာပါ"

"မလိုပါဘူး၊ ကျွန်မ ဒီအတိုင်းပဲသွားနေကျပါ၊ တစ်နေ့လည်းမဟုတ်ဘူး၊ နှစ်ရက်လည်း မဟုတ်ဘူး၊ သွားနေကျပဲ"

ပတ်ဝန်းကျင်မှာ လူတွေရှိနေ၍ မိတ်ဆွေသူငယ်ချင်းပုံစံမျိုးပဲ မြရောင်ခြယ် အေးအေးဆေးဆေး ပြောနေမိသည်။

အရှက်အကြောက်ကြီးတဲ့ ခြယ့်အတွက် တစ်ကိုယ်လုံး ထူထူပူပူကြီးဖြစ်ပြီး ဒေါသတွေကို ထိန်းချုပ်ထားရ၏။

ပြီးတော့လည်း သူ့အကြည့်တွေကို ရှောင်လွှဲရမလဲ။

ခြယ် မျက်နှာကို လွှဲဖယ်ထားတာတောင် စိတ်ကမလုံပေ။

သူ့အကြည့်စူးစူးကြီးအတွက် သူမတစ်ကိုယ်လုံးကို ဘယ်လောက်ထိ စူးစူးရဲရဲကြည့်နေမယ်ဆိုတာ မတွေးရဲစရာပင်။

"ခြယ်"

"ရှင် သွားပါတော့၊ ကျွန်မ တောင်းပန်ပါတယ်၊ ရှင်နဲ့ မခင်ချင်ဘူး၊ ပတ်လည်း မပတ်သက်ချင်ဘူး"

သူမ ခပ်ပြတ်ပြတ်လေးနှင့် တိုးတိတ်စွာပြောမိသည်။

ပတ်ဝန်းကျင်မှာက လူနည်းနည်းတော့ ရှင်းသွားပြီဖြစ်၏။

အံ့သွားလေးတွေကို ဖိကြိတ်ထားရင်း ဒီနားကနေ ထွက်



ပြေးသွားချင်မိသည်။

သူ ဘတ်စ်ကားပေါ် တက်လိုက်လာမှာ စိုးမိ၍ ခြေလှမ်းကိုပင် နည်းနည်းမှ မရွှေ့ရဲပေ။

ရှက်စိတ်တွေက သူမတစ်ကိုယ်လုံးမှာရှိတဲ့ သွေးကြောတွေထဲအထိ စိမ့်ဝင်ထူပူသွားရသည်။

"ရှင်...သွားနော်"

"မသွားဘူးကွာ၊ အရမ်းမနှင်ပါနဲ့ ခြယ်ရယ်၊ ကိုယ်က စိတ်ပူလို့ပါ"

"ရှင်ပူစရာမှမလိုပဲ၊ ကျွန်မနဲ့ ရှင်က ဘာမှမဆိုင်ဘူးနော်"

သူ ပေပြီးရပ်နေမိသည်။

ခြယ့်ကို တစ်ယောက်တည်း ဘတ်စ်ကားဂိတ်မှာ ရပ်နေတာ စိတ်မချ။

ကားပေါ်လည်း ခြယ်က တက်လိုက်မှာမဟုတ်ဘူးဆိုတာ သိနေသည်။

ခြယ်က အနီးကပ်ကြည့်တော့မှ ပို၍ပင် ချောမောနုဖတ်ဝင်းဖန့်နေသေး၏။

ကိုယ့်စိတ်ထဲမှာ အရမ်းကို ချစ်မြတ်နိုးနေမိပြီ မြရွှေခြယ်ရယ်။

ဘယ်လိုမှ လက်လွှတ်ဆုံးရှုံးမခံနိုင်တော့ဘူးထင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဂုဏ်သိက္ခာတွေကို ဘေးမှာချထားပစ်လိုက်တာက လည်း မြရောင်ခြယ်ဆိုတဲ့ မိန်းမချောလေးကြောင့်ပဲကွာ။

"ရှင်…ပြန်လို့ပြောနေတာ မကြားဘူးလား၊ ကျွန်မကို ဘာဖြစ်လို့ အရှက်တကွဲဖြစ်အောင် လာလုပ်နေရတာလဲ"

စကားကိုလည်း ကျယ်ကျယ်မပြောရဲဘဲ တိုးတိုးတိတ် တိတ်နှင့် ပြောနေမိသည်။

ညက မှောင်လာ၏။

ဒုက္ခပါပဲနော်။

"ခြယ်"

"ရှင် မပြန်ဘူးလား"

"မပြန်ဘူး"

"ကျွန်မကို အရှက်သိက္ခာမဲ့အောင် လုပ်နေတာပဲ၊ ရှင်နဲ့ ကျွန်မ ဘယ်တုန်းကခင်လို့လဲ၊ စောစောကမှ မိတ်ဆက်ပေးထား တာ၊ ကျွန်မ လူတစ်ယောက်ကို အဲဒီလောက်အထိ အလွယ်တကူ မခင်တတ်ပါဘူး"

"ခြယ် အရင်ပြန်ပါ"

အမှောင်ထုအောက်မှာပင် ခြယ်ရဲ့ ရှက်ရဲရဲလေးဖြာနေတဲ့ မျက်နှာဖူးဖူးလေးကို စက္ကန့်မလပ် စိုက်ကြည့်မိနေသည်။

"ကျွန်မပြန်မယ်၊ ရှင် နည်းနည်းလေးမှ ခြေလှမ်းမရွေ့စေ



နဲ့နော်… ကျွန်မ ရှင့်ကို အရမ်းမုန်းသွားမှာပဲ"

မြရောင်ခြယ်ရဲ့ အမုန်းတွေကိုတော့ ကိုယ် မခံစားနိုင်ပါ ဘူးကွာ…

သူမခြေလှမ်းတွေက ကားရှိရာသို့ လျှောက်သွားတော့ သည်။

တောင့်တင်းဖြောင့်စင်းနေတဲ့ ကိုယ်လုံးလေးရဲ့ လှုပ်ရှားမှု တွေကို မီးရောင်အောက်မှာ တွေ့မြင်လိုက်ရ၏။

မြရောင်ခြယ်ရယ်…

မင်း အရမ်းလှတာပဲ။

သူ မိန်းကလေးတွေ အများကြီးနှင့် ဆုံတွေ့ခဲ့ဖူးသည်။

ကုမ္ပဏီမှာလည်း မိန်းကလေးတွေနှင့် ဆုံမိတာပင် သူ ခပ်တည်တည်ပဲ ဂုဏ်သိက္ခာအပြည့်နှင့် နေခဲ့၏။

မြရောင်ခြယ်နဲ့ တွေ့တော့မှ သူ့စိတ်တွေ လှုပ်ခါတုန်ရီ နေခဲ့ရပြီး ဘဝကြီးတစ်ခုလုံးကိုပင် ပြောင်းလဲပစ်နိုင်တဲ့ စွမ်းအား တွေ ပြည့်လာရသည်။

သူ ကားပေါ်ပြန်တက်လိုက်ပြီး မြရောင်ခြယ်စီးသွားတဲ့ ဘတ်စ်ကားကြီးနောက် လိုက်ခဲ့ ဟုသည်။

ခြယ့်ကို စိတ်မချ။ လမ်းမှာ တစ်ခုခုဖြစ်သွားမှာလည်း စိုးရိမ်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီပြောင်းလဲမှုအတွက် သူ့စိတ်တွေကိုပင် မယုံနိုင်အောင် ဖြစ်ရသည်။ မြရောင်ခြယ်စီးလာတဲ့ ကားလေး ဘတ်စ်ကားဂိတ်မှာ ရပ်ပြီး မြရောင်ခြယ် ဆင်းသွားတာကို စောင့်ကြည့်နေမိ၏။

ရပ်ကွက်ထဲ ဝင်သွားတော့မှ သူ ပြန်လာခဲ့မိသည်။

ကားကို ဖြည်းညင်းစွာမောင်းပြီး အိမ်ပြန်လာခဲ့၏။

"ရှင် ကျွန်မရဲ့ အရှက်သိက္ခာကို ဘာဖြစ်လို့ ကျအောင် ဖန်တီးနေရတာလဲ၊ ကျွန်မ အဲဒီလောက်အထိ လူတစ်ယောက်ကို အလွယ်တကူ မခင်မင်တတ်ပါဘူး"

မြရောင်ခြယ်ရဲ့ မာနသံလေးကို သူ့နားထဲမှာ စမ်းချောင်းစီးသံလေးလို နားထဲ တိုးဝင်နေသည်။

တကယ်ပါပဲကွာ…အချိန်တိုတိုလေးအတွင်းမှာ မင်းကို ချစ်မြတ်နိုးသွားတာ ရှေးဘဝက ရေစက်ပဲထင်တယ် ခြယ်။

လှပဝင်းမွတ်နေတဲ့ မျက်နှာလှလှချောချောလေးက သူ့ မျက်ဝန်းတွေထဲက မထွက်ပေ။

ချစ်တယ်…အရမ်းချစ်တယ်။ စွဲစွဲလမ်းလမ်းကို ချစ်မိနေပြီကွာ။ ကိုယ် ဘယ်လိုမှ မေ့ပစ်လို့မရဘူး။

ကိုယ့်နှလုံးသားတွေကို စွဲကိုင်လှုပ်ရှားနိုင်တဲ့ မိန်းကလေး က မြရောင်ခြယ်ပါပဲ။

အိမ်ရောက်လာသည်။





ကျယ်ဝန်းတဲ့ ခြံကြီးထဲမှာ လှပခမ်းနားတဲ့ တိုက်အိမ်ကြီး က သူ့ကို ဆီးကြိုနေပေမယ့် သူ့စိတ်တွေကတော့ ဆင်ခြေဖုံး ရပ်ကွက်လေးကိုပဲ တမ်းတနေမိသလိုပင်။

စိတ်တွေ လေးလံနေရသည်။

"သား"

"မေမေ"

"ပြန်လာပြီလားကွယ်"

"မိုးအရမ်းချုပ်နေလို့ မေမေတောင် စိတ်ပူနေတာ"

"မေမေ မအိပ်သေးဘူးလား"

"သားကို စောင့်နေတာလေ"

"မေမေရယ်…အိပ်နှင့်တာမဟုတ်ဘူး၊ သား ညှိခံပွဲ တစ်ခု ရှိနေလို့ပါဗျာ"

"သား"

"ဗျာ မေမေ"

"ထိုင်ပါဦးကွယ်၊ မေမေပြောစရာရှိလို့"

"ဘာများလဲ မေမေရယ်"

"မေမေကတော့ သားကို လက်ထပ်စေချင်တာပဲ၊ သား အသက်အရွယ်ရလာပြီ၊ သိပ်နောက်ကျလို့ မဖြစ်ဘူး၊ သား ရွေးချယ် ထားတဲ့ မိန်းကလေး ရှိလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ် မေမေ"

"ဟင်…ဘယ်သူလဲ ဘယ်ကလဲ၊ မေမေကတော့ သား ရွေးချယ်တဲ့ ဘယ်လိုမိန်းကလေးမျိုးကိုမဆို သဘောတူပါတယ်"

"တကယ်လား မေမေ"

"အင်း"

"ကျွန်တော် မိန်းကလေးတစ်ယောက်ကို တွေ့ထားပြီးပြီ မေမေ၊ တစ်နေ့ကျရင် မေမေ့ကိုပဲ အသိပေးမှာပါ"

"သား…အနားယူတော့၊ မေမေကတော့ ဘယ်လိုမိန်းက လေးမျိုးမဆို သဘောတူပါတယ်"

မေမေ့ကိုဖက်ပြီး မေမေကျေနပ်အောင် ပါးလေးကို နမ်းပစ် လိုက်သည်။

"သား အနားယူတော့မယ်"

မေမေ့အနားကနေ သူ ထွက်လာခဲ့မိသည်။

အခန်းထဲရောက်တော့ အိပ်ရာပေါ် ပစ်လှဲချပစ်လိုက်ပြီး မျက်လုံးတွေကို မှိတ်ထားလိုက်မိ၏။

ထွန်းတောက်မျက်ဝန်းထဲမှာတော့ ဖွေးဖွေးစင်စင် ဝင်းဝင်းပပ တောင့်တောင့်တင်းတင်းနှင့် ချစ်စရာကောင်းတဲ့ မြရောင်ခြယ်ကိုပဲ သတိရနေမိသည်။



## အခန်း [၃]

ခြယ် အိမ်ပြန်ရောက်လာတော့ နည်းနည်းတောင် မိုးချုပ် နေပြီ ဖြစ်သည်။

မေမေက စိတ်ပူပြီး ဘာဖြစ်လို့ နောက်ကျရတာလဲ မေး၏။

"လင်းရောင်လည်း မမကို စိတ်ပူပြီး စောင့်နေတာပဲ၊ ဘာဖြစ်လို့ နောက်ကျနေရတာလဲ မမရာ"

"ကားနောက်ကျလို့ပါ လင်းရောင်ရယ်၊ မမအတွက် ဘာမှစိတ်မပူပါနဲ့"

"ပူရတာပေါ့ မမရာ၊ လင်းရောင်မှာ မမပဲ အားကိုးစရာ ရှိတာပါ၊ လင်းရောင် ဆရာဝန်ဖြစ်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင်လေး လင်းရောင်ခြယ်ကလည်း လိမ္မာပြီး စာကြိုးစား သူ ဖြစ်သည်။

ခြယ့်ရဲ့တာဝန်တွေက အလွန်ကြီးလေးကြောင်း တစ်ခါ တလေတော့လည်း တွေးမိလာရ၏။

"မမ အလုပ်ရတော့မှာပဲ လင်းရောင်ရယ်၊ ဘာမှမပူနဲ့ နော်၊ မောင်လေး ဆရာဝန်ဖြစ်စေရမယ်၊ မမ တာဝန်ယူမှာပါ"

မောင်လေး လင်းရောင်ခြယ်ကို အားပေးနှစ်သိမ့်နေမိ သည်။

စာကြိုးစားတဲ့ မောင်လေးကိုလည်း ပညာတတ် တစ်ယောက် ဖြစ်စေချင်၏။

လင်းရောင်က ဆယ်တန်းစာမေးပွဲ ဖြေရတော့မည် ဖြစ် သည်။ ခြယ့်တာဝန်ပဲ။

"မခြယ်"

"ရှင်...အမေ"

"သမီးလေးလည်း ပင်ပန်းနေပြီထင်တယ်"

"မပင်ပန်းပါဘူး အမေ၊ခြယ်က ပညာတတ်တစ်ယောက် ဖြစ်ချင်တယ်၊ ဘဝကို တိုးတက်မြင့်မားအောင် ကြိုးစားတည်ဆောက် ချင်တယ်၊ ခြယ် လုံးဝမပင်ပန်းပါဘူး၊ သားနဲ့သမီးကိုချစ်ပြီး တာဝန် ကျေတဲ့ အမေရယ်၊ လိမ္မာပြီး စာကြိုးစားတဲ့ မောင်လေးရယ်





ရှိနေတာလည်း ခြယ့်အတွက် အင်အားတစ်ရပ်ပါပဲ"

"ခြယ်"

"ရှင်"

"သမီးက ချောမောလှပတော့ ချစ်ခင်မြတ်နိုးတဲ့လူတွေ အများကြီးရှိနေမှာပဲကွယ်၊ ပကယ်လို့ သမီးချစ်တဲ့သူတွေ့ရင် မေမေ့ ကိုပြောနော်၊ အမေနဲ့သမီးက သူငယ်ချင်းတွေလိုပဲ ရင်းရင်းနှီးနှီး တိုင်ပင်နော်"

"ဟုတ်ကဲ့ပါ အမေ"

"သမီး နားတော့"

"ဟုတ်ကဲ့"

"ခဏနေရင် ညစာစားဖို့ အမေလာခေါ်မယ်နော်၊ ပြင်ဆင် လိုက်ဦးမယ်"

"ဟုတ်ကဲ့ အမေ"

"အမေရော မောင်လေးရော သမီးလေးကို စောင့်နေကြ တာ ညစာတောင် မစားရသေးဘူး"

"အမေရယ်...ဘာဖြစ်လို့ ခြယ့်ကို စောင့်နေတာလဲ၊ စားနှင့်ကြပါ၊ ခြယ်က သင်တန်းတွေလည်း တက်ရ၊ ကားကလည်း နောက်ကျတယ် အမေ"

"သမီးအတွက် အမေလည်း ဘာမှလုပ်မပေးနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



ခက်တယ်ကွယ်”

“အမေ…ခြယ် အနားယူလိုက်ဦးမယ်နော်”

“အေး…အေး”

ခြယ် အမေ့ကိုနှုတ်ဆက်ပြီး သူမအိပ်ခန်းလေးထဲ ဝင်လာခဲ့သည်။

အိပ်ရာပေါ် လှဲအိပ်လိုက်ပြီး မျက်ဝန်းလေးကို မှိတ်လိုက်သည်နှင့် မထင်မှတ်ဘဲ ထွန်းတောက်ကြယ်ရဲ့ အချစ်ရည်တွေ ရွှန်းလဲ့တောက်ပနေတဲ့ မျက်ဝန်းအကြည့်တွေက ထင်ဟပ်လာသည်။

မတွေးချင်ပါဘူး။

ရှင်…ကျွန်မကို အထင်သေးပြီး နောင့်ယှက်ဖို့ ကြံစည်တာပဲ မဟုတ်လား။

ဆင်းရဲနွမ်းပါးတဲ့ ဆင်ခြေဖုံးရပ်ကွက်လေးထဲက ကောင်မလေးကို ရှင့်လို ချမ်းသာကြွယ်ဝတဲ့ ကုမ္ပဏီပိုင်ရှင်ကြီးတစ်ယောက်က ချစ်မြတ်နိုးတယ်ဆိုတာ မဖြစ်နိုင်ပါဘူး။

ရှင် အထင်သေးတာပဲ။

အလကားပါ…

ရှင့်ကို မယုံဘူး။

မြရောင်ခြယ်ရယ် နင် ဘာဖြစ်လို့ ဒီလူ့အကြောင်းတွေ တွေးနေရတာလဲ။

မတွေးစမ်းပါနဲ့။

မြရောင်ခြယ်မှာ ဘဝအတွက် တိုးတက်အောင်မြင်မှုအတွက် ကြိုးစားတည်ဆောက်ရဦးမယ်။

အမေက ချစ်သူတွေ့ရင် အမေ့ကို ပြောခိုင်း၏။

အတွေးတွေကို ဖျောက်ဖျက်ပစ်လိုက်ဖို့ ကြိုးစားပေမယ့် အချစ်ရည်ရွှန်းလဲ့ ညှို့မှိုင်းနေတဲ့ မျက်ဝန်းတောက်တောက်ကြီးများကိုပဲ အမှတ်မထင် မေ့ပျောက်ပစ်လို့မရအောင် မြင်ယောင်နေမိသည်။

ဖျောက်ဖျက်လို့ မရပါ။

ကိုယ် စိတ်မချဘူး…

ခြယ့်ကို ကိုယ် ဘတ်စ်ကားနဲ့ လိုက်ပို့မှာ။

ဒုက္ခပါပဲနော်…ရှင့်အကြောင်းတွေ မတွေးပါဘူးဆိုမှ ဘာဖြစ်လို့များ ခြယ် တွေးမိနေရတာလဲ။

သူက ခြယ့်ထက်တော့ အသက်အရွယ်ကြီးပုံ ရှိနေသည်။ ဒီအသက်အရွယ်ရောက်မှ အမီးမပေါက်ရင် ဘာမျောက်လဲလို့ ခြယ် မေးပစ်လိုက်ချင်မိသည်။

ခြယ့်ကို သက်သက်နောင့်ယှက်နေတာ ဖြစ်နိုင်တဲ့အပြင် အလွယ်တကူရမှာပဲဆိုပြီး အထင်သေးတာ မဟုတ်လား။

မရဘူးနော်…မြရောင်ခြယ်က မာနတွေအရမ်းကြီးတဲ့ မိန်းမ။

ပြီးပြီး ◈ တစေပ





www.burmeseclassic.com

www.burmeseclassic.com



မြရောင်ခြယ်ကလည်း ဒီအသက်အရွယ်အထိ ယောက်ျား လေးတွေနှင့် ပတ်သက်ဆက်ဆံခြင်း မရှိခဲ့ပေ။

ဘဝအတွက် ကြိုးစားတည်ဆောက်ဖို့ပဲ အာရုံစိုက်နေမိ သည်။

"ခြယ်ရေ"

"ရှင်...အမေ"

"ထမင်းစားကြစို့"

"ဟုတ်ကဲ့"

ဟုတ်ကဲ့သာ ပြောလိုက်မိသည်။ ခြယ် အဝတ်အစားပင် မလဲရသေး။

ကပျာကယာ အဝတ်အစားလဲရသည်။

ဦးထွန်းတောက်ကြယ် ရှင့်ကို ကျွန်မ မေ့ပစ်ချင်တာနော်။ ဘာဖြစ်လို့ မမေ့နိုင်တာလဲ မသိပါဘူး။

တော်ပါပြီ...ကျွန်မ ထမင်းသွားစားတော့မယ်၊ ရှင့် အကြောင်း မတွေးဘူး။

မီးဖိုခန်းထဲ ဝင်လာခဲ့မိသည်။

အမေနှင့် မောင်လေးတို့က စောင့်နေကြ၏။

"နောက်ဆို မမကို မစောင့်နဲ့နော် မောင်လေး။ အမေရော မစောင့်ပါနဲ့၊ အမေ အသက်ကြီးပြီ၊ အစားအစာတွေကို နောက်ကျခံ





စားတာ မကောင်းပါဘူး"

"မိသားစု စည်းစည်းရုံးရုံးလေး စားရတာပေါ့ကွယ်"

ခြယ်တို့မိသားစုလေးက ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းတဲ့ မိသားစုလေးဖြစ်သည်။

မရှိတာ မရှိတာပဲ။ မိသားစု ချစ်ချစ်ခင်ခင် နေထိုင်ခဲ့ကြ၏။

မောင်လေး လင်းရောင်ခြယ်ကလည်း လူချောလေး တစ်ယောက်ဖြစ်တဲ့အပြင် စာကြိုးစားပြီး ဘဝရည်မှန်းချက် ကြီးမား သူ ဖြစ်သည်။

"လင်းရောင်"

"ဗျာ..မမ"

"စာကြိုးစားနော်...ချစ်သူရည်းစားတွေ လုံးဝမထားနဲ့"

"မမ"

"ပြော"

"မမလည်း ချစ်သူရည်းစားတွေ ဘာတွေ မထားပါနဲ့ နော်"

"မောင်လေးရယ်...စိတ်ချစမ်းပါ၊ မမက ဘဝအောင်မြင် မှုအတွက်ပဲ အာရုံစိုက်နေတာပဲ"

"လင်းရောင်က မမကိုပဲ အားကိုးနေတာပါ၊ လင်းရောင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန် အရမ်းဖြစ်ချင်တယ်၊ အမေ့အတွက်ရော မမအတွက်ပါ ပါတယ်"

"မောင်လေးပဲ လိမ်လိမ်မာမာနေစမ်းပါ၊ မမ အားလုံး တာဝန်ယူတယ်၊ မမ အိမ်ထောင်ပြုဖို့ဆိုတာ ဘယ်တော့မှ မစဉ်းစားတဲ့ကိစ္စပဲ"

"မမရယ်…မောင်လေး ဝမ်းသာလိုက်တာဗျာ"

"မမ ကတိပေးပါတယ်၊ မမဘဝ အောင်မြင်တိုးတက်မှုတွေ မရမချင်း မမ ဘယ်တော့မှ ယောကျ်ားတွေကို စိတ်မဝင်စားဘူး"

မိသားစုတွေ ပျော်ရွှင်စွာ စားသောက်ပြီး အိပ်ရာဝင်ခဲ့ကြသည်။

ခြယ်လည်း အိပ်ခန်းလေးထဲ ဝင်လာခဲ့မိ၏။

အိပ်ရာပေါ် လှဲအိပ်လိုက်ပြီး သူမ ထမ်းဆောင်ရမယ့် မိသားစုတာဝန်တွေကို တွေးရင်း အိပ်ပျော်သွားမိသည်။

အိပ်မက်ထဲမှာ ကိုထွန်းတောက်ကြယ်က သူမဆီရောက်လာပြီး ချစ်စကားတွေ ပြောနေ၏။

"မချစ်ဘူး၊ ရှင့်ကို ကျွန်မ လုံးဝမချစ်ဘူး၊ ရှင် ကျွန်မကို အထင်သေးနေတာ မဟုတ်လား၊ မဖြစ်နိုင်ဘူး။ ရှင် ကျွန်မကို တန်ဖိုးထားပြီး ချစ်တာပါဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး"





သူမ ငြင်းဆန်နေမိရင်း သူ အနားကပ်လာတာကို နောက်ဆုတ်ဖို့ ကြိုးစားလိုက်မိသည်။

နံရံနှင့် ကျောပြင်လေး ကပ်သွားမိပြီး နောက်ဆုတ်၍ မရတော့။

"ခြယ်"

"ရှင်…ရှင်"

ခြယ့်အနားသို့ ချစ်ခင်စုံမက်တဲ့ မျက်ဝန်းတောက်တောက်ကြီးတွေနှင့် စူးစိုက်ကြည့်ရင်း တိုးကပ်လာသည်။

"ရှင်…ရှင် ဘာဖြစ်လို့ ကျွန်မအနား တိုးကပ်လာရတာလဲ၊ ရှင် ဘာလုပ်မလို့လဲ"

"ကိုယ့်အချစ်တွေကို သက်သေပြမလို့လေ"

"အို…မဟုတ်တာပဲ၊ ဘာမှသက်သေပြစရာ မလိုဘူး၊ ရှင်ဘယ်လောက်ပဲ သက်သေပြပြ ကျွန်မကတော့ မယုံဘူး"

သူ့အကြည့်တွေက သူမနှုတ်ခမ်းလုံးသားတွေကို တဒိတ်ဒိတ် ခုန်သွားစေပြီး ရင်ဖိုလှိုက်မောသွားစေတော့သည်။

သက်သေမပြပါနဲ့။

ခြယ် ကြောက်လို့ပါနော်။

နံရံမှာ ကပ်နေရင်း သူ့ကို တောင်းပန်ခယစွာ ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



“ခြယ်”

“ဟင်”

“မင်းကို ချစ်တယ်၊ အရမ်းချစ်တယ်၊ အရမ်းမြတ်နိုးတယ်၊ အရမ်းလည်း တန်ဖိုးထားတယ်၊ မင်းအတွက်ဆိုရင် ကိုယ့်ဘဝတွေ ဂုဏ်သိက္ခာတွေ စည်းစိမ်ဥစ္စာတွေကို စွန့်လွှတ်နိုင်တယ်”

ခြယ် ဘာမှတုံ့ပြန်မပြောနိုင်ခင်မှာပင် သူ့လက်တွေက ခြယ့်ကိုယ်လုံးလေးကို သိမ်းကျုံးပွေ့ယူလိုက်သည်။

“ခြယ့်ကို အရမ်းချစ်တယ်၊ ကိုကို အရမ်းချစ်တယ်၊ အရမ်းမြတ်နိုးတာပဲ”

“အို”

ခြယ် အထိတ်တလန့်နှင့် ရုန်းကန်နေပေမယ့် သူ့လက်တွေက သန်မာစွာဖြင့် ဖက်ထားသည်။ မလွှတ်ပေ။

“လွှတ်ပါ ကျွန်မကို လွှတ်ပါ၊ ရှင် အဲဒီလိုမလုပ်ပါနဲ့နော်၊ ကျွန်မ တောင်းပန်ပါတယ်”

မရတော့…။

သူ့အနမ်းတွေက သူမပါးပြင်လေးပေါ် နွေးထွေးစွာ ကျရောက်လာသည်။

ခြယ် ရုန်းကန်ဖယ်ရှားနေမိတော့၏။

“လွှတ်ပါ…ကျွန်မကို လွှတ်ပါ၊ အဲဒီလိုမလုပ်ပါနဲ့၊





ကျွန်မ တောင်းပန်ပါတယ်နော်”

“ခြယ့်ကို ချစ်တယ်ကွာ၊ ကိုကို အရမ်းချစ်တယ်၊ ကိုကို့အချစ်တွေကို ခြယ်ယုံပါကွာ ယုံနော်”

“အို”

သူ့ရင်ခွင်ထဲကနေ ရုန်းဖယ်ထွက်ဖို့အတွက် ခြယ် ကြိုးစားပေမယ့် သူ့လက်တွေက တင်းကျပ်စွာ ရစ်ပတ်နှောင်ဖွဲ့ထားသည်။

သံမဏိ ပင့်ကူမျှင်တွေအလား တင်းကျပ်စွာ ပွေ့ဖက်ထား၍ ခြယ် ရုန်းမရ။

နွေးထွေးညှို့ကျခါနေသော အနမ်းချိုအိအိလေးကို ခံယူရင်း အိပ်ရာကနေ ဖျတ်ခနဲ လန့်နိုးသွားရသည်။

“ဟင်”

ရင်ခုန်သံမောပန်းစွာဖြင့် ခန္ဓာကိုယ်လေးပင် တဆတ်ဆတ်တုန်ရီနေသည်။

ဘုရားရေ…

စိတ်ချောက်ချားတုန်လှုပ်ဖွယ် အိပ်မက်လေးတစ်ခုပါပဲ။

အိပ်ရာကနေ ဆတ်ခနဲ ထထိုင်လိုက်မိသည်။ ရင်တွေပူလောင်လှုန်း၍ အာခေါင်တွေပင် ခြောက်ကပ်လာရသည်။

ရေတစ်ခွက်ကိုယူပြီး ကပျာကယာ မော့သောက်ပစ်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ပါလား…

ခြယ် လုံးဝမစွဲလမ်းဘဲနဲ့ ဘာဖြစ်လို့များ ဒီလိုအိပ်မက်မျိုး မက်ရတာလဲ။

စိတ်တွေ ချောက်ချားတုန်လှုပ်နေဆဲပင် ဖြစ်နေသည်။ အသားလေးတွေပင် တဆတ်ဆတ်တုန်ရီချင်နေမိ၏။

"မင်းကို အရမ်းချစ်တယ်၊ မြတ်နိုးတယ်၊ တန်ဖိုးထားတယ်၊ ကိုကို့အချစ်တွေကို ယုံပါကွာနော်"

ကိုကိုတဲ့…

အရမ်းကို ရင်းနှီးကျွမ်းဝင်နေရတော့သည်။

မဟုတ်ပါဘူး…

ကိုထွန်းတောက်ကြယ်ဆိုတဲ့ လူတစ်ယောက်ကို မြရောင်ခြယ် ဒီလောက်အထိ စွဲလမ်းနှစ်သက်နေဖို့ မလိုအပ်ပါဘူးလေ။

မိုးနှင့်မြေကြီးလို ကွာဟနေတဲ့ ဘဝနှစ်ခုကို ပေါင်းစပ်ဖို့ဆိုတာ လုံးဝ စိတ်ကူးယဉ်မဆန်သင့်တဲ့ အခြေအနေတစ်ခုပါပဲ။

"မမ ချစ်သူရည်းစားတွေ ဘာတွေ မထားပါနဲ့နော်၊ မောင်လေး ဆရာဝန်ဖြစ်ချင်တယ်၊ မမကိုပဲ အားကိုးနေရတာပါ"

မမချစ်သူက အရမ်းချမ်းသာကြွယ်ဝတဲ့ လုပ်ငန်းရှင်ကြီး တစ်ယောက်ဆိုရင်ရော မောင်လေးက လက်ခံပေးမှာလားဟင်။

ဒါဟာ မြရောင်ခြယ်လို ဆင်ခြေဖုံးက ကောင်မလေး





တစ်ယောက်ရဲ့ မိုက်ရူးရဲအတွေးကြောင်ကြောင်တွေပါပဲ။

တကယ်တော့ ရှင်က မြရောင်ခြယ်ရဲ့ အသွေးအသားတွေကိုပဲ မက်မောတပ်မက်မှာ မဟုတ်လား။

ဘဝလက်တွဲဖော်အဖြစ် အတည်တကျ လက်ထပ်ယူပြီး ပွဲတက်မယားအဖြစ်တော့ ရှင်တို့အသိုင်းအဝိုင်းက လက်ခံမှာမဟုတ်ပါဘူး။

မြရောင်ခြယ်ဟာ အသိတရားခေါင်းပါးပြီး အညာလွယ်တဲ့ မိန်းကလေးတစ်ယောက်တော့ လုံးဝမဟုတ်ဘူး။

မာနတွေအပြည့် ရှိပါတယ်။

ကဲ…ထွန်းတောက်ကြယ်ရဲ့ အကြောင်းတွေကို မေ့ပစ်လိုက်ဖို့ ကြိုးစားရင် မာနတွေ မလျှော့လိုက်ဖို့ပဲ ဆုံးဖြတ်ထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၄]

လေ့ကားထစ်တွေကို တစ်ထစ်ချင်း နင်းတက်လာမိသည်။

အချိုးအကွေ့တွေ များလိုက်တဲ့ လေ့ကားထစ်တွေကို ဖြတ်ကျော်လာရတာ မောပန်းနွမ်းနယ် မောဟိုက်လာချင်၏။

အပေါ်ဆုံးထပ်မှာရှိတဲ့ တက်နေလင်းကုမ္ပဏီ၌ အတွင်းရေးမှူးမလေးနေရာကို လာလျှောက်တာပါ။

စက်လှေကားတော့ ရှိသည်။ မြရောင်ခြယ် အသုံးမပြုတတ်သေး၍ လေ့ကားထစ်တွေအတိုင်း လမ်းလျှောက်တက်လာခြင်းဖြစ်၏။

လူကမရှိ ရှင်းနေသည်။

မြရောင်ခြယ်တစ်ယောက်တည်း လှေကားထစ်တွေ





အတိုင်း တက်နေမိ၏။

တောင့်တင်းတဲ့ ကိုယ်လုံးလေးကို ဒေါက်မြင့်ဖိနပ်ချွန်ချွန်လေးက ပင့်တင်ပေးထားသလို စမတ်ကျနေသည်။

"ဒေါက်"

"ဒေါက်...ဒေါက်"

"ဒေါက်"

လှူခြေတိတ်ဆိတ်နေ၍ သူမရဲ့ ခွာမြင့်ဒေါက်ဖိနပ်အသံလေး တိုးတိတ်စွာ ထွက်ပေါ်နေသည်။

အသံကျယ်လောင်စွာ မြည်မှာစိုး၍ အတော်လေး ထိန်းလျှောက်နေရ၏။

သူမ၏အလှအပတွေကို အစွမ်းကုန်ပြင်ဆင်လာတာက သူမ အလိုချင်ဆုံး ကုမ္ပဏီကြီးတစ်ခုရဲ့ အတွင်းရေးမှူးမလေးရာထူးကို လူတွေ့စစ်ဆေးဖို့ပင်။

ဒေါက်ဖိနပ်လေးက စီးလေ့စီးထမရှိသဖြင့် အတော်လေး ထိန်းပြီး လျှောက်လာရသည်။

အတွင်းရေးမှူးမလေးဆိုတော့ စမတ်ကျမှ ဖြစ်မှာပဲ။

မြရောင်ခြယ်ရဲ့ ရည်မှန်းချက်က အမြင့်မားဆုံးက တစ်ခုကို ပိုင်ဆိုင်ဖို့ပင်။

သူမ ပညာရေးနှင့်ပတ်သက်ပြီး အတော်လေးကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



အားထုတ်ထားသည်။ အခမဲ့ပညာရေးကျောင်းတွေမှာ ဘာသာစကားတွေ သင်ထား၏။

သူမနှင့် မောင်လေးလင်းရောင်ခြယ်ပါ ဆင်းရဲပေမယ့် ပညာရေးကိုတော့ အစွမ်းကုန်ကြိုးစားအားထုတ်ထားကြသည်။

ဘဝရဲ့အမြင့်ဆုံးရောက်ရန် ကြိုးစားနေကြ၏။

"ဒေါက်"

"ဒေါက်"

"ဒေါက်"

လှေကားထစ်တွေအတိုင်း ထိန်းလျှောက်နေရင်း အဆစ်ချိုးတစ်ခုအရောက်တွင် ခြေခေါက်ပြီး လဲပြိုသွားမလို ဖြစ်သွားရသည်။

"အမလေး"

"အို"

လဲပြိုကျသွားတော့မည့် သူမကိုယ်လုံးလေးကို တစ်စုံတစ်ယောက်က လှမ်း၍ ဖေးမပွေ့ဖက်လိုက်ခြင်း ခံရတော့သည်။

"အား…ကျွတ်…ကျွတ်"

ထွန်းတောက်ကြယ်လည်း သူ့ရင်ခွင်ထဲကို ပြိုဆင်းကျလာတဲ့ နူးညံ့အိစက်နေတဲ့ ကိုယ်လုံးလေးကို ပွေ့ဖက်၍ ထိန်းထားရင်း ငုံ့ကြည့်လိုက်မိသည်။

မျက်နှာလှလှလေးကို ရှုံ့မဲ့ကာ နာကျင်နေပုံရတဲ့ ကောင်မ





လေးတစ်ယောက် ဖြစ်နေတဲ့အပြင် သူ အလွန်အမင်း ချစ်မြတ်နိုးသော မြရောင်ခြယ်လည်း ဖြစ်နေ၏။

ရုတ်တရက် တုန်လှုပ်ချောက်ချားသွားရပြီး အသိဝင်လာသည်နှင့် သူမကိုယ်လုံးလေးကို တင်းကျပ်စွာဖက်ထားလိုက်မိသည်။

မြရောင်ခြယ်ရဲ့ မျက်နှာ ကို ဆွဲယူပြီး သူ့ရင်မှာ အပ်ထားမိ၏။

"ဟင်…ရှင်…ရှင် ဘာလုပ်တာလဲ၊ လွှတ်ပါ၊ လွှတ်"

သူမအသိတွေ ဝင်လာတဲ့အချိန်တွင် ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲရောက်နေတာ သိလိုက်ရ၍ အထိတ်တလန့်နှင့် ရုန်းထွက်ဖို့ ကြိုးစားလိုက်မိသည်။

"မရုန်းနဲ့၊ ဒီနေရာက လှေကားထစ်ရဲ့ အချိုးအကွေ့နော်၊ ပြုတ်ကျသွားလိမ့်မယ်၊ အရမ်းမရုန်းနဲ့လေ၊ မင်းကိုယ်လုံးကြီးကို ထိန်းထားရတယ်"

သူ…ကိုထွန်းတောက်ကြယ်ပဲ…

သူမကိုယ်လုံးလေးကို အတင်းဖက်ထားပြီး မတ်တတ်ရပ်နိုင်အောင် ထိန်းပေးပေမယ့် ခြေထောက်က အတော်လေး နာကျင်သွား၍ ထောက်မရအောင် ဖြစ်နေသည်။

"လွှတ်…လွှတ်ပါ၊ ရှင် ကျွန်မကို လွှတ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ထောက်နိုင်လို့လား ခြယ်ရယ်"

"ရတယ်၊ ရှင်သာ ဖယ်ပေးပါ"

ခြေထောက်က ထောက်မရပေမယ့် သူ့ရင်ခွင်ထဲက ရှန်းထွက်ကာ လှေကားထစ်တွေပေါ်မှာ ထိုင်ချပစ်လိုက်သည်။

ရှက်လိုက်တာနော်...

တစ်ကိုယ်လုံးမှာရှိ ;းတွေ ပွက်ပွက်ဆူလာသလို ရင်ထဲမှာလည်း ရှက်စိတ်တွေနှင့် နွေးထွေးလှိုက်ခါနေသည်။

"အမိ"

"ဟင်"

"ရှိုးတွေဘာတွေအပြည့်နဲ့ ဒီအပေါ်ထပ်ကို ဘာသွားလုပ်မလို့လဲ"

သူ့မေးခွန်းကြောင့် သူမကို အထင်သေးတာလားဆိုပြီး နည်းနည်းတော့ ဒေါသထွက်သွားရသည်။

ကျွန်မဟာ ကျွန်မ ဘာသွားလုပ်လုပ်ပေါ့ဟု ရန်တွေ့ပစ်တော့မလို လုပ်ပြီးမှ စိတ်ကို ထိန်းလိုက်ရ၏။

"ကျွန်မ ဒီမှာ အလုပ်လာလျှောက်တာပါ၊ တက်နေလင်းကုမ္ပဏီမှာလေ အတွင်းရေးမှူးမလေး ရာထူးပါ၊ ဒုက္ခပါပဲ ကျွန်မ ဘယ်လိုလုပ်ရမလဲ၊ ခြေထောက်က ထောက်မရတော့ဘူး"

သူမ ခြေကျင်းဝတ်ဆီမှ နာကျင်တဲ့ဝေဒနာကို ပြင်းပြစွာ





ဖြင့် ခံစားနေရသည်။

ထ၍ပင် မရတော့။

"အား...ကျွတ်...ကျွတ်"

နာကျင်လွန်း၍ ထင်သည်။ ကောင်မလေးရဲ့ မျက်နှာချောချောဖူးဖူးလေးက ရှုံ့မဲ့နေ၏။

ထွန်းတောက်ကြယ် အကြည့်တွေက ပြစ်မျိုးမှည့်မထင် လှပချောမွတ်နေတဲ့ မြရောင်ခြယ်ရဲ့ မျက်နှာလေးကို စူးစိုက်စွာ ကြည့်နေမိသည်။

"ရှင်...ရှင် ဘာကြည့်နေတာလဲ သွားလေ"

"ခြယ်"

"ကျွန်မနာမည် မြရောင်ခြယ်"

"ခြယ်ပဲကွာ ဘာဖြစ်လဲ၊ ကိုယ် ခြယ်ပဲ ခေါ်မယ်"

နာကျင်နေ၍ မျက်နှာလေး ရှုံ့မဲ့နေတာကိုကြည့်ပြီး ဘယ်လိုပဲကြည့်ကြည့် မင်း အရမ်းလှတာပဲဟု သူတွေးနေမိသည်။

စောစောက သူ့ရင်ခွင်ထဲ အိဆင်းကျလာတဲ့ နွေးထွေးတဲ့ အငွေ့အသက်လေး ပျောက်ဆုံးသွားမှာ နှမြောတသလာရ၏။

"ခြယ်"

"ရှင် သွားတော့လေ၊ ကျွန်မ ဘာပဲဖြစ်ဖြစ် ရှင်နဲ့မ[illegible]ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမ လေသံခပ်မာမာနှင့် မျက်စောင်းလေးဝင့်ကာ ပြော ပစ်လိုက်သည်။

“မင်း မထနိုင်ဘူးမဟုတ်လား၊ ဒေါက်ဖိနပ်ကလည်း မြင့်လိုက်တာကွာ”

“ရှင်နဲ့ မဆိုင်ပါဘူး”

“စောစောက မင်းအသက်ကို ကိုယ်က ကယ်တင်လိုက် တာနော်၊ မင်း အောက်ပြုတ်ကျတော့မလို့၊ တကယ်ပဲကွာ ကိုယ်နဲ့ မင်းက ရေးရေစက်ရှိမယ်ကင်တယ်”

“ဘာရှင့်”

“ရေးရေစက်လေ…ဟိုကွာ ဖူးစာရှင်တွေများ ဖြစ်နေ မလားပဲ”

“ရှင်…ရှင်နော်”

“ခြယ်”

ခြယ် မထူးပေ။

သူမကို အထင်အမြင်သေးမှာကိုတော့ မလိုလားမိပေ။

ထို့ကြောင့်ပင် သူမနှုတ်ခမ်းအိအိဖူးဖူးလေးတွေကို တင်းတင်းလေး စေ့ကပ်ထားပစ်လိုက်သည်။

“မြရောင်ခြယ် မင်းနဲ့ကိုယ်က အသက်ချင်းကွာတယ်၊ ဒါကြောင့် ကိုကိုလို့ပဲ သုံးတော့မယ်ကွာ”





ကိုကိုဆိုမှ ညကမက်ခဲ့တဲ့ အိပ်မက်လေးကို သတိရပြီး မဆီမဆိုင် မျက်နှာတွေထူပူလာပြီး ရှက်စိတ်တွေ ဝင်လာရတော့ သည်။

ရင်ဆိုင်မကြည့်ရဲတော့။

ကိုကိုတဲ့။

ချိုအီလိုက်ဖို့ဖွယ် အနမ်းလေးတွေက သူမမျက်ဝန်းတွေဆီ တွင် ကွင်းကွင်းကွက်ကွက် တိုးဝင်လာရသည်။

ဘုရားရေ…

ဒုက္ခပါပဲနော်…

သူ့ရှေ့မှာ ဆက်ပြီး ရင်ဆိုင်နိုင်စွမ်း မရှိတော့၍ ကယောင် ကတမ်းနှင့် ထလိုက်မိသည်။

“အား…ကျွတ်…ကျွတ်”

ပြန်ပြီး ပြိုလဲကျသွားတော့ သူ့လက်သန်သန်ကြီးတွေက ခြယ့်ရဲ့ ကိုယ်လုံးလေးဆီ ဖျတ်ခနဲ ရောက်လာပြီး ထိန်းပေးလိုက် သည်။

ဒီလူ့လက်က လွတ်ပဲမလွတ်နိုင်ဘူးဟု ခြယ် စိတ်တိုစွာ တွေးမိနေ၏။

“အဟွန်း…ဟွန်း…ဟွန်း”

“ရှင် ဘာရယ်တာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"မင်းပုံစံလေးက ကိုကို့မျက်ဝန်းတွေထဲမှာ ချစ်စရာကောင်းပြီး ရယ်ချင်စရာလည်း ကောင်းနေလို့"

"ရှင်…ကျွန်မကို လှောင်ပြောင်ဖို့ မကြိုးစားနဲ့နော်"

"ခြယ်ရယ် ကိုကိုက ခြယ့်ကို အရမ်းချစ်မြတ်နိုးမိနေတာပါဗျာ"

"ဘာရှင့်"

"ထပ်ကြားချင်လို့လား"

"ဘာ…ရှင်…ရှင်နော်၊ ကျွန်မကို အထင်မသေးပါနဲ့၊ ဆင်ခြေဖုံးရပ်ကွက်လေးထဲမှာ နေတဲ့ ကောင်မလေးဆိုပြီး အစမှာ လွယ်မယ်မထင်နဲ့နော်"

သူမ ဒေါသဖြစ်ဖြစ်နှင့် ခပ်စွာစွာလေး ပြောပစ်လိုက်မိတော့သည်။

ခြေထောက်ထမရတဲ့အပြင် နာကျင်တဲ့ဝေဒနာပါ ခံစားနေရ၏။ အကူအညီတောင်းဖို့ မိန်းကလေးဆို၍ တစ်ယောက်တလေမှ မလာခဲ့။

ယောကျ်ားလေးတွေပဲ ဖြတ်သွားဖြတ်လာ လုပ်နေ၍ ခြယ် အကူအညီတောင်းဖို့ ခက်နေသည်။ ဒီကြားထဲ ကိုထွန်းတောက်ကြယ်က တယုတယနှင့် ဖေးမနေ၍ လူတွေက ဘယ်လိုထင်ကြမလဲ။





စိတ်ညစ်လိုက်တာနော်…

"ကိုကို ပြန်ပို့ပေးမယ် ခြယ်၊ ဒါမှမဟုတ် အပေါ်ထပ်ကို တွဲပို့ပေးရမလား၊ မင်း လူတွေ့စစ်ဆေးရဦးမယ် မဟုတ်လား"

"အို…ဒီလိုအခြေအနေနဲ့ ဘယ်လိုသွားဖြေမလဲ၊ စိတ်ညစ်လိုက်တာနော်"

သူမ ခပ်ညည်းညည်းလေး ပြောပြီး ငိုချင်တဲ့စိတ်တွေပင် ပေါ်လာရသည်။

သွားပါပြီ…ဒီတစ်ခါတော့ ခြယ့်ဘဝအတွက် အခွင့်အရေးတစ်ခု လွဲချော်သွားဖို့ ဖန်တီးလာခဲ့တာပဲ။

"ကိုကို ဘာကူညီရမလဲ ခြယ်"

ကိုကို…

ဘာကိုကိုလဲ…

မကြားချင်ပါဘူး။

အဲဒီအသံကြီးကို ကြားတိုင်း အိပ်မက်တွေကို သတိရပြီး ရှက်လို့သေတော့မယ် သိလား။

ရင်ခုန်လှိုက်မောရတဲ့ အိပ်မက်လေးရဲ့ အငွေ့အသက်တွေ ပျက်ခတ်နေဆဲပင် ဖြစ်နေသေးသည်။

"ခြယ် မင်း မာနမထားပါနဲ့ကွာ၊ ဒီမှာ ဆက်ထိုင်နေလို့လည်း မကောင်းဘူး၊ ထ ဆေးခန်းသွားပြရအောင်၊ မင်း ခြေထောက်



www.burmeseclassic.com

www.burmeseclassic.com



ဝတ် ဘာဖြစ်သွားလဲဆိုတာ ဓာတ်မှန်ရိုက်ကြည့်ရမယ်လေ ထနော်”

သူက ချော့မော့ပြီး တယုတယနှင့် ထူမသည်။

ခြယ့်အခြေအနေကလည်း သူ့ရဲ့အကူအညီကို မယူ၍မဖြစ်တော့တဲ့ အခြေအနေ ဖြစ်နေ၏။

မတတ်နိုင်တော့ဘူး…

တွဲမထူလည်း သူမခြေထောက်က မထနိုင်တော့ပေ။

သူ့အကူအညီကိုပဲ လက်ခံလိုက်ရတော့သည်။

“ခြယ်”

“ဟင်”

“အံ့သြစရာပဲကွာ”

မျက်စောင်းလေးထိုးပြီး နှုတ်ခမ်းထူထူအခဲအမ်းလေးက စူတင်းသွားရသည်။

“ရှင့်ကို ကျွန်မက မလွဲသာမရှောင်သာတဲ့ ကိစ္စကြောင့် လက်ခံလိုက်တာနော်၊ လျှော့တွက်မထားပါနဲ့၊ ကျွန်မစိတ်ထဲမှာ ရှင်းနေတယ်၊ အခွင့်အရေးမယူပါနဲ့”

မြရောင်ခြယ်ရယ်…

ကိုကို့နှလုံးသားတွေထဲမှာ မင်းကို မြင်မြင်ချင်းပဲ နှလုံးသားတွေထဲမှာ စွဲနင့်နေအောင် ချစ်မိနေတာပါကွာ။





ဘယ်လိုပြောင်းလဲ ဖြစ်ပျက်သွားရလည်းဆိုတာ မသိအောင်ပါပဲ။

အရှိန်အဝါတွေ ဂုဏ်သိက္ခာတွေနဲ့ ကြီးကျယ်ခမ်းနားတဲ့ လုပ်ငန်းပိုင်ရှင်တစ်ယောက်ပါ ခြယ်ရယ်။

ခြယ့်ကို တွေ့ဆုံလိုက်ရတဲ့ အချိန်ကစပြီး ကိုကို့နှလုံးသားတွေ လှုပ်ရှားနိုးထလာပြီး ငုပ်လျှိုးကွယ်ပျောက်နေတဲ့ အချစ်ဆိုတာကို ခံစားလိုက်မိတာပါ။

ခြယ့်လက်မောင်း ဝင်းဝင်းအိအိလေးကို ဆုပ်ကိုင်ဖေးမပြီး အောက်ထပ်သို့ရောက်အောင် တွဲခေါ်လာခဲ့သည်။

ထွန်းတောက်ကြယ်ရဲ့ ရင်ခွင်ထဲမှာ သူမကိုယ်လုံးအိအိလေးကို မှီတွယ်ပြီး ထိကပ်ကာ လျှောက်လာနေရ၏။

ဆေးခန်းရောက်တော့ အရိုးအကြော အထူးကုဆရာဝန်နှင့် ပြသည်။

“ကျွန်မ အဲဒီလောက်အထိ မကြီးကျယ်ပါဘူး၊ ဟို… အိမ်ရောက်မှ အကြောပြေလိမ်းဆေးတစ်ခုခု လိမ်းမယ်၊ အိမ်ပဲပြန်ပို့ပါ”

“မရဘူးကွာ၊ ကိုကို စိတ်ပူတယ်၊ သေချာအောင် ဓာတ်မှန်ရိုက်ကြည့်တာ အကောင်းဆုံးပဲ ခြယ်”

သူ အတင်းအကြပ်ပင် ခြယ့်ကို ဓာတ်မှန်ရိုက်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်မှန်ရိုက်ပြီး ဆရာဝန်ကြီးကို ပြန်ပြတော့…

"ခင်ဗျားဇနီးခြေထောက်က ဘာမှမဖြစ်ပါဘူး၊ အခန့်မသင့်လို့ အကြောနည်းနည်းယောင်သွားတာပါ၊ လိမ်းဆေးနဲ့ပဲ ရပါပြီ"

ဆရာဝန်ကြီးစကားကြောင့် ခြယ်မျက်နှာဖြူဖြူလေးက ပန်းသွေးရောင်ရဲရဲလေး ထသွားရတော့သည်။

သူကတော့ ပျော်ရွှင်ပီတိတွေနှင့် ဆရာဝန်ကြီးအား ကျေးဇူးတင်ကြောင်း အထပ်ထပ်ပြောနေမိ၏။

အပြင်ရောက်တော့ ခြယ့်မျက်နှာလေးက ရူတင်းမာထန်နေသည်။

"ကျွန်မ အငှားကားနဲ့ပဲ ပြန်မယ်၊ ရှင့်ကားနဲ့ ပြန်မပို့ပါနဲ့"

မြရောင်ခြယ်က ခေါင်းမာစွာနဲ့ ငြင်းဆန်နေသဖြင့် သူ လက်လျှော့ကာ အငှားကားပေါ်ပဲ တင်ပေးလိုက်ရတော့သည်။



## အခန်း [၅]

မြရောင်ခြယ်ရဲ့ ခြေထောက် သက်သာရဲ့လားဟု သူ စိတ်ပူပြီး သိချင်တဲ့ဆန္ဒတွေပင် ပြင်းပြလာရသည်။

တက်နေလင်းကုမ္ပဏီဆိုတာ သူ့ကုမ္ပဏီပဲ။ လျှောက်လွှာမှာ ဘယ်သူတွေပါနေလဲဆိုတာ မသိပေမယ့် ရွေးချယ်မယ့်သူက သူပါပဲ။

သူ့အနားမှာနေဖို့ အတွင်းရေးမှူးမလေး တစ်ယောက်လိုအပ်နေ၍ ခန့်ဖို့ ရွေးချယ်ခြင်းဖြစ်သည်။

လူတွေ့စစ်ဆေးခါနီးမှ အရေးပေါ်ကိစ္စတစ်ခုပေါ်လာလို့ သူ အောက်ကို ဆင်းလာခဲ့၏။

မြရောင်ခြယ်နှင့် ဆုံချင်တော့ ဓာတ်လှေကားကို မစေ့



www.burmeseclassic.com

www.burmeseclassic.com



နိုင်သဖြင့် လှေကားမှ ဆင်းလာခြင်းဖြစ်သည်။

ဘာပဲဖြစ်ဖြစ် အခြေအနေ အကြောင်းအရာတွေက မြရောင်ခြယ်နဲ့ ဆုံဖို့ပဲ ဖြစ်နေရတော့သည်။

သူ့အတွေးထဲမှာလည်း မြရောင်ခြယ်လေးကိုပဲ အမြဲတမ်း အမှတ်ရတမ်းတနေမိသလိုပင်။

နုထွတ်လှပ ချောမွတ်နေတဲ့ ကောင်မလေးရဲ့ အသွင်အပြင်က သူ့စိတ်တွေထဲမှာ အချစ်စိတ်တွေ နိုးထလာစေရန် တွန်းပို့ပေးနေသည်။

အသက်အရွယ်ချင်း နည်းနည်းကွာပေမယ့် ဖူးစာဖက်ဖြစ်နေ၍လား မသိ။ မြရောင်ခြယ်ကိုတွေ့မှ အချစ်ဆိုတာကို သူ ခံစားတတ်လာရသည်။

ကိုကို ပိုသွားပြီလားကွာ…

မိန်းမချောလေးတွေ အများကြီး အရွယ်စုံ သူ တွေ့ဆုံခဲ့သေးသည်။

စီးပွားရေးလုပ်ငန်းတွေက လွဲပြီး တခြား ဘာကိုမှ စိတ်မဝင်စားမိ။ တခြားမိန်းကလေးတွေအပေါ် မာနတွေပြပြီး ဥပေက္ခာပြုထားတတ်တဲ့ သူ့အနေနှင့် ဝင့်လည်ပြီထင်သည်။

မြရောင်ခြယ်ရယ် မင်းပဲ ကိုကို့ကို အချိန်ပြည့် တမ်းတစိတ်တွေနဲ့ လွမ်းမောနေစေဖို့ စွမ်းဆောင်နိုင်ခဲ့တာပါကွာ။





ကိုကိုဟာ တည်ကြည်ခန့်ညားတဲ့ ယောကျ်ားတစ်ယောက်အဖြစ် ဂုဏ်သိက္ခာကြီးမားစွာ နေလာခဲ့သူပါ။

မြရောင်ခြယ်နဲ့ ရင်းနှီးစေရန် သူ့ကိုယ်သူ ကိုကိုဟု သုံးစွဲရတာ သဘောကျနှစ်ခြိုက်နေမိသည်။

ကိုကို…

သူ့အမျက်နှာလေးကတော့ သူ့ရဲ့ ပိုင်စိုးပိုင်နင်း နိုင်မှုတွေကို မကျေနပ်သလို တင်းတင်းလေးဖြစ်နေသည်။

"ထွန်းတောက်"

"ဟာင်…စိုးနောင်"

"မင်းနောက်မှာ ငါရပ်နေတာ ကြာပြီ၊ မင်းကို ကြည့်ရတာ ကျောက်ရုပ်တစ်ရုပ်လိုပဲကွာ၊ ဘာတွေ စဉ်းစားနေတာလဲ"

စိုးနောင် ရောက်လာတာကို သတိမထားမိအောင် မြရောင်ခြယ်က သူ့အပေါ် လွှမ်းမိုးထားသည်။

"ထိုင်လေ စိုးနောင်"

"မင်းကို မေးစရာရှိလို့ ငါလာတာ"

"မေး"

"မင်းကို ဆောစောက မြရောင်ခြယ်နဲ့ ဆေးခန်းကိုလာတာ ကိုယ်တွေ့လိုက်လို့"

"အဟာက်"

"ဘာရယ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“မြရောင်ခြယ်နဲ့ ကိုယ် ဖူးစာဆုံရတဲ့အဖြစ်တွေကို တွေးမိလို့ပါ”

မြရောင်ခြယ်နဲ့ တွေ့ဆုံခဲ့ရတဲ့အကြောင်းတွေကို ပြောပြလိုက်မိသည်။

“ထွန်းတောက်”

“ဟင်”

“မင်းပြောတဲ့ ဖူးစာဆိုတာကို ကိုယ် လက်မခံချင်ဘူး”

“ဘာဖြစ်လို့လဲ”

“မြရောင်ခြယ်က မင်းဘဝရဲ့လက်တွဲဖော် ဖူးစာဖက် မဖြစ်နိုင်ဘူးထင်တယ်”

“ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ စိုးနောင်ရ၊ မြရောင်ခြယ်ကို မြင်မြင်ချင်းပဲ ချစ်နေမိတယ်ကွာ၊ ကိုယ် မိန်းကလေးတွေနဲ့ ကင်းအောင်နေတတ်တာ မင်း အသိဆုံးပါကွာ”

သူ့ဘဝတစ်လျှောက်လုံးမှာ မိန်းကလေးတစ်ယောက်ကို ချစ်သူလို ချစ်ဖို့ မပြောနှင့်။ ပတ်သက်ဆက်ဆံဖို့ပင် အတော်လေး ဝန်လေးနေခဲ့သည်။

လုပ်ငန်းမှာလည်း အတွင်းရေးမှူးမ ချောချောလေးတွေနှင့် လက်ပွန်းတတီး နေခဲ့တာပါပဲ။

“မြရောင်ခြယ်ကိုတွေ့မှ အချစ်ဆိုတာကို ခံစားတတ်လာပြီး ရင်ခုန်လှုပ်ရှားလာတာပဲ စိုးနောင်”





“မြရောင်ခြယ်နဲ့ တွဲပြီး မင်း ပွဲတက်ရဲလား”

သူ ဘယ်တော့မှ ထည့်မစဉ်းစားခဲ့တဲ့ အကြောင်းအရာတစ်ခုကို စိုးနောင်က ထောက်ပြသွားခဲ့သည်။

“မြရောင်ခြယ်က မင်းဘဝနဲ့ အဝေးကြီးမှာပါ၊ ထွန်းတောက်ရာ မင်းအမေကရော သဘောတူမလား၊ ပတ်ဝန်းကျင်ကရော မင်းကို ဘာပြောမလဲ”

“ကိုယ် ဘာကိုမှ ဂရုမစိုက်ဘူး စိုးနောင်၊ မြရောင်ခြယ်က အစွမ်းအစရှိတယ်၊ မာနရှိတယ်၊ အရမ်းလှတယ်၊ ဒီလို မိန်းကလေးမျိုးကို ကိုယ့်ရဲ့ ထာဝရလက်တွဲဖော်အဖြစ် ရွေးချယ်တာ သင့်တော်ပါတယ်”

“မင်း ဆုံးဖြတ်ထားပြီးပြီလား”

“အင်း”

“ပြီးရောကွာ…မင်း မြရောင်ခြယ်ကို အပျော်ကြံရင်တော့ ကိုယ် လုံးဝလက်မခံဘူးနော်”

“စိတ်ချပါကွာ၊ ကိုယ် မြရောင်ခြယ်ကို အရမ်းချစ်မိနေပြီ၊ မေမေကလည်း ဘယ်လိုမိန်းမမျိုးမဆို ကိုယ်ရွေးချယ်ရင် လက်ခံမှာပါပဲ”

“ဟုတ်လို့လားကွာ”

“မေမေက ပြောထားပြီးပြီ၊ သားနှစ်သက်ဖို့ အရေးကြီးပါတယ်တဲ့၊ အသက်အရွယ် ကွာဟချက်ကလည်း အရမ်းကြီးမ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါဘူး"

သူကိုယ်တိုင်လည်း နှပျိုခန့်ညားသူ ဖြစ်နေသည်။

မြရောင်ခြယ်ကလည်း ထွားကျိုင်းဖွံ့ဖြိုးသူဖြစ်နေ၏။

"မြရောင်ခြယ်လေးက ဘဝကို အောင်မြင်ဖို့ ကိုယ့်အစွမ်းအစနဲ့ ကြိုးစားကည်ဆောက်နေတဲ့ ရိုးသားတဲ့ မိန်းကလေးတစ်ယောက်ပါကွာ"

"ဒါကြောင့်လည်း ကိုယ် အထင်တကြီးနဲ့ မြရောင်ခြယ်ကို ချစ်မြတ်နိုးရတာပဲ စိုးနောင်"

"မင်းကိုတော့ ငါယုံပါတယ် ထွန်းတောက်၊ ကံကြမ္မာကိုပဲ မယုံတာ"

"မေမေကတော့ သားရွေးချယ်တဲ့ မိန်းကလေးကိုပဲ မေမေလက်ခံပေးမှာပါတဲ့"

သူ့အိမ်ထောင်ရေးနှင့် ပတ်သက်ပြီး မေမေ ဘယ်တော့မှ ဝင်မစွက်ဖက်ခဲ့။

"မြရောင်ခြယ်ရဲ့ ကိုယ်ကျင့်တရားတွေကိုပဲ ကိုယ် နှစ်သက်မြတ်နိုးမိတာပါ စိုးနောင်"

"အိုကေ …မင်းကို ကိုယ် လုံးဝမကန့်ကွက်တော့ဘူး"

"ကူညီပါကွာ"

"အကူအညီတော့ မရဘူးနော်၊ မောင်ရင့်အစွမ်းအစနဲ့ ကြိုးစားပါ၊ မြရောင်ခြယ်ဘက်က လိုလိုလားလား လက်ခံတာမျိုး





ပဲ ဖြစ်စေချင်တယ်"

သူ့ဘက်ကတော့ မြရောင်ခြယ်ကို ရယူပိုင်ဆိုင်ဖို့ အစွမ်းကုန်ကြိုးစားရမှာပဲ ဖြစ်သည်။

ဘယ်လိုအတားအဆီး အနှောင့်အယှက်တွေပဲ တွေ့တွေ့ သူကတော့ နောက်မဆုတ်နိုင်တော့ပါဘူး။

မင်းကို ပိုင်ဆိုင်ခွင့်ရအောင် ကိုယ်ကြိုးစားမှာပဲ။

ချစ်တယ်…

ကိုကို့နှလုံးသားတွေထဲအထိ စူးနင့်ပြီး ချစ်မိနေပြီကွာ…

ရှေ့ဆက်တိုးဖို့ကလွဲပြီး တခြားနည်းလမ်းတွေကို မရွေးချယ်နိုင်။ သူ မြရောင်ခြယ်ကို အလုပ်ခန့်ဖို့ ဆုံးဖြတ်လိုက်သည်။

စိုးနောင် ပြန်သွား၏။

မြရောင်ခြယ်ကို သူ ကြီးကျယ်ခမ်းနားစွာ လက်ထပ်မှာပါ။

ချစ်မြတ်နိုးစွာဖြင့် ယုယကြင်နာမှုတွေ ပေးချင်သည်။

ဖူးဖူးစင်စင်လေးနှင့် ချောမောအိစက်နေတဲ့ ကောင်မလေးရဲ့ ခန္ဓာကိုယ်လေးကို သူ့ရင်ခွင်ထဲမှာ ထွေးပွေ့ထားလို၏။

သူ ပိုင်ဆိုင်သမျှ စည်းစိမ်ချမ်းသာတွေကို မြရောင်ခြယ်အတွက် ပေးအပ်ခဲ့သည်။

မြရောင်ခြယ်ကို အရမ်းချစ်မိနေပြီဆိုတာ ကိုကို ဝန်ခံရမှာပဲကွာ။

"ကိုမြဆောင်"



www.burmeseclassic.com

www.burmeseclassic.com



သူ့မန်နေဂျာ ကိုမြဆောင်ကို ဖုန်းဖြင့် လှမ်းခေါ်လိုက်မိသည်။

ကိုမြဆောင် ဝင်လာ၏။

"ကိုယ့်အတွင်းရေးမှူးရာထူးအတွက် လူရွေးပြီးပြီလား"

"ဟုတ်ကဲ့ နောက်ဆုံးအဆင့်အတွက် ဆရာ့ကို တင်ပြဖို့ပဲ ရှိပါတယ်"

"မြရောင်ခြယ်ဆိုတဲ့ ကောင်မလေးရဲ့ ကိုယ်ရေးမှတ်တမ်းကို ကြည့်ချင်တယ် ယူလာပေးပါ"

"အဲဒီနာမည်နဲ့ ကောင်မလေးက လူတွေ့စစ်ဆေးမယ့်နေ့က မလာပါဘူး ဆရာ"

"ယူခဲ့ပါ"

ကိုမြဆောင်က ထွက်သွားပြီး မြရောင်ခြယ်ရဲ့ ကိုယ်ရေးမှတ်တမ်းကို ယူလာပေးသည်။

မြရောင်ခြယ်ရဲ့ ပညာအရည်အချင်းက ဘယ်ဆိုးလို့လဲ။ ဘာသာစကားနှစ်မျိုးလောက်ကိုလည်း ကျွမ်းကျင်၏။

ဆင်ခြေဖုံးရပ်ကွက်လေးက ကောင်မလေးဆိုပေမယ့် ဘဝတိုးတက်မှုအတွက် ကြိုးစားနေသည်။

"ကိုမြဆောင်"

"အမိန့်ရှိပါ ဆရာ"

"ဒီကောင်မလေးကိုပဲ ရွေးချယ်လိုက်ပါ"





"ဗျာ"

"မြရောင်ခြယ်နဲ့ ကိုယ်သိတယ်၊ သူက တကယ့်ကို ဘဝတက်လမ်းအတွက် ကြိုးစားနေတာပါ၊ သူ့နဲ့ ဆက်သွယ်ပါ"

"ဟုတ်···ဟုတ်ကဲ့"

"အတွင်းရေးမှူးရာထူး ရွေးချယ် ခန့်အပ်တယ်လို့ အကြောင်းကြားပေးပါ"

"ဟုတ်ကဲ့"

"မနက်ဖြန်ပဲ အလုပ်စဝင်ဖို့ ပြောပေးပါ"

"ဟုတ်ကဲ့"

ကိုမြဆောင် ယောင်တောင်တောင်နှင့် ထွက်သွားသည်။

လူတွေ့မစစ်ဆေးရတဲ့ မိန်းကလေးတစ်ယောက်ကို အတွင်းရေးမှူးရာထူး ခန့်မယ်ဆိုတော့ စဉ်းစားမရ ဖြစ်သွားပုံပင်။

သူကတော့ သူ့အနားမှာ မြရောင်ခြယ် ထားနိုင်မယ့် အခွင့်အရေးတစ်ခုဖြစ်နေလို့ လက်လွှတ်မခံနိုင်ပေ။

"မြရောင်ခြယ်ဆီကို အခုပဲ ဆက်သွယ်ပါ"

"ဟုတ်ကဲ့"

"သွားလို့ရပါပြီ"

သူ့စိတ်ထဲမှာ မြရောင်ခြယ်နှင့် နီးကပ်စွာနေထိုင်ဖို့အတွက် ရင်ခုန်လှုပ်ရှားနေမိတာ သူ့အသိဆုံး ဖြစ်နေသည်။

မင်းခြေထောက် ကောင်းရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်က ခင်ဗျားနေးနီးပါ ပြောလိုက်တော့ မြရောင်ခြယ်ရဲ့ ဖြူနုဝင်းမွတ်နေတဲ့ မျက်နှာလေးပေါ်မှာ ပန်းသွေးရောင်ထပြီး ရှက်သွားရသည်။ မျက်နှာလေးတင်းသွားပြီး ဒေါသဖြစ်သွားပုံလေးကပင် ချစ်ခင်နှစ်သက် မြတ်နိုးစရာ ကောင်းနေသည်။

ချစ်တယ်…

အရမ်းချစ်မိနေပြီ မြရောင်ခြယ်။

ကိုကို ဘယ်လိုမှ မေ့ပျောက်ပစ်လိုက်လို့ မရတော့ဘူးထင်တယ်။

ကိုမြဆောင် ပြန်ဝင်လာသည်။

သူ့ရင်ထဲ စိုးရိမ်ထိတ်လန့်စွာ မြရောင်ခြယ် လက်ခံပါ့မလားဆိုတဲ့ သီချင်စိတ်တွေကို အတော်လေး ထိန်းချုပ်ထားရ၏။

"ဆရာ အကြောင်းကြားပြီးပါပြီ၊ မြရောင်ခြယ်က အံ့သြပြီး လူမှားနေပြီထင်တယ်၊ သေသေချာချာ ပြန်စစ်ဆေးကြည့်ပါဦးတဲ့"

"ကိုမြဆောင် မင်း ဘာပြောလိုက်လဲ"

"မမှားပါဘူး၊ ကိုယ်တို့ မန်နေဂျင်းဒါရိုက်တာက မင်းရဲ့ ကိုယ်ရေးရာဇဝင်ကိုပဲ ကြည့်ပြီး သဘောကျလို့ ရွေးချယ်တာပါလို့ ပြောလိုက်ပါတယ်"

"မြရောင်ခြယ်က ဘာပြောလဲ"

"မနက်ဖြန် ကျွန်မ လာခဲ့ပါမယ်တဲ့"





မြရောင်ခြယ် လက်ခံပါ့မလားဆိုပြီး နည်းနည်းတော့ စိတ်ပူသွားရသည်။

သူ့ကိုတွေ့ရင် မြရောင်ခြယ် ရာထူးလက်ခံဖို့ ငြင်းဆန်မှာလား။

မြရောင်ခြယ်ရဲ့ ကိုယ်ရေးရာဇဝင်ပုံစံထဲမှာ ဆက်သွယ်နိုင်မယ့် ဖုန်းနံပါတ် ပါနေသည်။ အိမ်နီးနားချင်းဖုန်းပဲ။

ထွန်းတောက်စိတ်ထဲမှာ ထိုဖုန်းကနေ စကားပြောရင်ကောင်းမလားဟု တွေးမိသေးသည်။

မမြင်သေးပါဘူးလေ၊ မနက်ဖြန် တွေ့ရမှာပဲ။ တွေ့ရင်တော့ မြရောင်ခြယ်ကို အလုပ်လက်ခံအောင် ပြောရမယ်။

သူ အိမ်ပြန်ရောက်လာတဲ့အထိ မြရောင်ခြယ်အကြောင်းတွေပဲ စဉ်းစားနေမိခဲ့သည်။

အိပ်လို့ပင် မရ။

အတွေးတွေနှင့် သူ့ရင်ထဲမှာ နွေးထွေးလှိုက်ဖိုနေရသည်။

မင်းလေး လက်ခံပါ့မလားကွာ။

လက်ခံပါ မြရောင်ခြယ်ရယ်။

အိပ်မက်တွေထဲမှာပင် မြရောင်ခြယ်ကို အတွင်းရေးမှူးမလေးရာထူးကို လက်ခံဖို့ တောင်းပန်ခယ ပြောဆိုနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၆]

မြရောင်ခြယ်ရဲ့ ခြေထောက်က ချက်ချင်းသက်သာသွား၍ တော်သေးသည်။

သေးအိမ်က ဖုန်းလာနေသည်ဆို၍ သွားကိုင်တော့ သူမဆီ ကုမ္ပဏီကဆက်သွယ်တော့ သူမ အံ့သြသွားမိ၏။

ဘာဖြစ်လို့များ သူမ လူတွေ့မစစ်ဆေးရဘဲ အတွင်းရေး မှူးမလေး ရာထူးကို ရရှိခဲ့ရတာလဲ။

မှားယွင်းပြီး အကြောင်းကြားလိုက်တာလား။

သူမ လူတွေ့စစ်ဆေးတဲ့နေ့က ခြေထောက်ခေါက်လဲသွား ပြီး နာကျင်သွားရတော့သည်။

ကိုထွန်းတောက်ကြယ်ဆိုတဲ့ လူကို သတိရမိလာ၏။





လောကားအချိုးအကွေ့မှာ သူပွေ့ဖက်တားဆီးလိုက်လို့ပါ။ တွေးမိတိုင်း သူမရင်တွေ လှိုက်ဖိုနွေးထွေးရပြီး ရင်ခုန်လှုပ်ရှား နေဆဲပင်ဖြစ်သည်။

"ကုမ္ပဏီက မြရောင်ခြယ်ကို အတွင်းရေးမှူးမလေးအဖြစ် ရွေးချယ်ပါတယ်"

သူမစိတ်ထဲမှာ လုံးဝမဖြစ်နိုင်ဘူးဟု တွေးနေမိသည်။

လက်မခံနိုင်အောင် ဖြစ်ရ၏။ ဘယ်လိုအကြောင်းနဲ့မှ သူမကို ရွေးချယ်နိုင်စရာ မရှိ။

လူတွေ့စစ်ဆေးခြင်းလည်း မရှိခဲ့ဘူး မဟုတ်လား။

စိတ်ထဲမှာ ဝေဝေဝါဝါဖြစ်နေမိတာတော့ အမှန်ပင်ဖြစ်သည်။

"သမီး လူတွေ့စစ်ဆေးမခံခဲ့ဘူး အမေ"

"သမီးရဲ့ ကိုယ်ရေးရာဇဝင်ကို ကြည့်ပြီး ခန့်လိုက်တာ လား မသိဘူးကွယ်"

အမေ့ကိုပင် သူမပြောလိုက်မိသည်။

"သမီးကတော့ သူတို့ မှားယွင်းပြီး အကြောင်းကြား တာပဲ ဖြစ်နိုင်တယ်လို့ထင်တယ် အမေ၊ သမီးလိုပဲ တော်တဲ့လူတွေ အများကြီးပဲနေမှာပါ"

"ခြယ်"

"ရှင် အမေ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးကို အမေ သတိပေးချင်တာက ကိုယ်နဲ့ အဆင့်အတန်းမတူတဲ့ ယောက်ျားလေးတွေကို စိတ်မဝင်စားဖို့ပဲ၊ ချမ်းသာတဲ့ ယောက်ျားတစ်ယောက်ဆီက ချူပယူတယ်ဆိုတဲ့ အမြင် မျိုးတော့ အမြင်မခံနိုင်ဘူးနော်၊ သမီးလေးက လိမ္မာပြီးသားမို့ အမေ ယုံကြည်ပါတယ်"

ချောမောလှပလွန်းတဲ့ သမီးလေးကို ဒေါ်မျက်ခြယ် စိတ်ပူပြီး အမြဲတမ်း စောင့်ကြည့်နေမိသည်။

"မောင်လေးအတွက်လည်း သူ့ဟာသူ ဖြစ်သွားမှာပဲကွယ်၊ အမေလည်း အရောင်းအဝယ်ကောင်းပါတယ်၊ အမေ့သမီးလေးရဲ့ ဘဝက အမြဲတမ်းဖြူစင်သန့်ရှင်းပြီး တန်ဖိုးကြီးမားစွာ ရပ်တည် နေစေချင်တာပဲ"

"ခြယ်အတွက် အမေ စိတ်ချပါနော်၊ ကိုယ့်အစွမ်းအစနဲ့ပဲ အမေ့သမီးက အောင်မြင်တိုးတက်ချင်တာပါ၊ ခြယ့်မှာ မာနတော့ အပြည့်ရှိပါတယ်နော်"

"ခြယ်"

"ရှင်"

"သမီးအလုပ်ရတာ အမေ့စိတ်ထဲမှာ မသင်္ကာဘူး"

"ရှင်"

"သမီးကိုနှစ်သက်နေတဲ့ ယောက်ျားကများ ကြံစည်





ဖန်တီးလိုက်တာလားလို့"

ဟိုလူများလား။ ဒီကုမ္ပဏီကို သူ ဘာလာလုပ်တာလဲ ဆိုတာပင် သူမမေးဖို့ သတိမရဘဲ ဖြစ်သွားမိသည်။

ဒီလူနဲ့ ပတ်သက်တဲ့ကိစ္စတွေ အမေ့ကို ပြောပြလိုက်ရင် လည်း မြရောင်ခြယ်ကို အမေစိတ်ပူနေမှာ သေချာသည်။

"ဘယ်လိုကိစ္စမျိုးမဆို အမေ့ကို တိုင်ပင်နော် မြရောင်ခြယ်၊ သမီးတစ်ယောက်တည်း ကြိတ်ပြီး အဖြေရှင်းပါနဲ့ကွယ်"

ကိုထွန်းတောက်ကြယ်အကြောင်း အမေသာသိလျှင် စိတ်ပူပြီး သောကတွေရောက်ရမည် ဖြစ်သည်။

အမေ့ကို ဘယ်ကိစ္စမဆို ပြောခဲ့ပေမယ့် ကိုထွန်းတောက် ကြယ်နဲ့ တွေ့ဆုံခဲ့တဲ့ ကိစ္စကိုတော့ မပြောမိ။

ဘာဖြစ်လို့များ ဖွင့်မပြောချင်နေမိလည်းဆိုတာပင် စဉ်းစား မရအောင် ဖြစ်နေရသည်။

"ခြယ်"

"ရှင် အမေ"

"အမေကတော့ ခြယ့်ကို ယုံပါတယ်ကွယ်၊ ဆင်ခြေဖုံး ရပ်ကွက်လေးထဲက မြရောင်ခြယ်က မိုးပေါ်ကကျလာတဲ့ ရွှေမင်း သမီးလေး ဖြစ်နေပါစေ ချမ်းသာကြွယ်ဝတဲ့ အသိုင်းအဝိုင်းတွေက လက်ခံကြမှာ မဟုတ်ပါဘူးကွယ်"

ဒေါ်မျက်ခြယ်ကိုယ်တိုင် ရင်ဆိုင်ဖြတ်သန်းခဲ့ရမှာ



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေတစ်ခုဆိုတာ သမီးလေးသိအောင် ပြောပြသင့်ပြီဟု ထင်မိသည်။

"အမေ အပျိုစင်ဘဝတုန်းက ချမ်းသာကြွယ်ဝတဲ့အသိုင်းအဝိုင်းထဲက ယောကျ်ားတစ်ယောက်နဲ့ ချစ်ကြိုက်ခဲ့မိတယ်"

"ဟင်…ဟုတ်လား အမေ"

"အဲဒါ သမီးအဖေလေ"

"ရှင်"

အတိတ်က အကြောင်းအရာတွေကို သမီးလေးသိအောင် ဘယ်တော့မှ ပြောမပြခဲ့ဘူးလေ။

အိမ်ထောင်ရှင်မတစ်ယောက်ရဲ့ ခါးသီးတဲ့အတွေ့အကြုံတွေကို ဒေါ်မျက်ခြယ် ရင်ဆိုင်ဖြတ်သန်းခဲ့ရသည်။

"အမေ့ကို ပတ်ဝန်းကျင်က သူဌေးသားဆီက ချူစားတယ်လို့ ပတ်ဝန်းကျင်မှာ နာမည်ပျက်ရတဲ့အပြင် သမီးအဖေဘက်က အသိုင်းအဝိုင်းတွေကလဲ အမေ့ကို လက်မခံဘဲ ဝိုင်းပယ်ထားခဲ့ကြတယ်လေ"

အဖေနှင့် အမေတို့ရဲ့ အတိတ်ဘဝက အကြောင်းအရာတွေကို မြရောင်ခြယ် အခုမှ သိလာခဲ့ရသည်။

"သမီးဖေဖေက ဆင်းရဲတဲ့ဒဏ်မခံနိုင်လို့ အရက်သမားကြီးဖြစ်ပြီး အသက်တိုသွားခဲ့ရတယ်"

ခြယ်တို့ အဖေ့ကိုပင် သိပ်ပြီး မမှတ်မိလိုက်ပေ။





"အမေ ဘယ်လောက်ရုန်းကန်ခဲ့ရလဲ၊ ခါးသီးနာကြည်းဖွယ် အဖြစ်အပျက်တွေနဲ့ ရင်ဆိုင်ဖြတ်သန်းခဲ့ရဘယ်၊ သမီးအဖေဘက်က ခုထိ အမေ့ကို လက်မခံနိုင်တဲ့အပြင် သမီးလေးနဲ့ သားလေးကိုပါ လက်မခံကြဘူးလေ"

အမေ့ရဲ့ ကြေကွဲစရာအဖြစ်အပျက်တွေကို သိရတော့ မြရောင်ခြယ် ပိုပြီးပင် ခံစားချက်တွေ ပြင်းထန်သွားရသည်။

"သမီးလေးက အရမ်းလှတယ်၊ အဖေ့အလှရော အမေ့အလှတွေပါ ပေါင်းစပ်ပြီး အရမ်းကို လှပချောမောနေခဲ့တယ်လေ"

မိမိလည်း ငယ်ရွယ်စဉ်က ချောမောအိစက်နေခဲ့တာပဲ ဖြစ်သည်။

သမီးတို့အဖေကလည်း ယောကျ်ားပီသစွာ ခန့်ညားချောမောခဲ့၏။

"နင့်သွေးကို ငါတို့ လက်မခံနိုင်ဘူး၊ ငါ့သား ဘဝပျက်အောင်နင် ကြံစည်တာပဲ၊ ဘာလဲ ငွေပုံပေါ်မှာ စံရတော့မယ်လို့ ထင်ထားလိုက်ပြီပေါ့လေ"

ယောက္ခမကြီးရဲ့ မာထန်ကြမ်းတမ်းတဲ့ စကားတွေကို ဒေါ်မျက်ခြယ် ယနေ့တိုင် ကြားယောင်နေဆဲပင် ဖြစ်သည်။

သားကိုလည်း အမွေပြတ်စွန့်လွှတ်ပြီး ယနေ့အထိ မိမိတို့သားအမိတွေကို ဆေးဖော်ကြောဖ… မလုပ်ခဲ့ကြပေ။

"ပတ်ဝန်းကျင်မှာလည်း အမေက သူဌေးသားကို ချိုင်ချ…



www.burmeseclassic.com

www.burmeseclassic.com



တော့ ခံရတာတောင် နည်းတယ်လို့ ပြောလိုက်ကြတာ သမီးရယ်၊ သူများတံတွေးခွက်မှာ ပက်လက်မျောရတယ်ဆိုတဲ့ စကားလုံးက အမေ့အတွက် ဖြစ်သွားတာပဲလေ''

အမေ့မျက်ဝန်းတွေက မာနတွေနှင့် တင်းမာတောက်ပနေတာ တွေ့လိုက်ရသည်။

ဆင်းရဲပေမယ့် အမေ့မှာ အမြဲတမ်းမာနတွေရှိပြီး စည်းစနစ်ကြီးမားခဲ့၏။ သားနဲ့သမီးကိုလည်း ဖြူစင်ရိုးသားပြီး တန်ဖိုးကြီးမာတဲ့ လူတွေဖြစ်အောင် အမေက ပြုစုပျိုးထောင်ပေးခဲ့သည်။

''သမီးလေးကျရင် ဒီလိုဘဝမျိုးတွေ ဘယ်တော့မှ ရင်မဆိုင်စေရဘူး၊ တန်ဖိုးကြီးမားတဲ့ ဘဝတွေကိုပဲ ပိုင်ဆိုင်ရှင်သန်စေရမယ်လို့ အမေ ဆုံးဖြတ်ထားတယ်''

''အမေ''

''ဟင်''

''ခြယ့်ကို ယုံပါနော်၊ ခြယ်လည်း အမေ့စိတ်ဓာတ်လိုပဲ ကိုယ့်အစွမ်းအစနဲ့ပဲ ဘဝကို ရင်ဆိုင်မှာပါ၊ ခြယ် ဆင်းရဲတာကို မရှက်ပါဘူး အမေ၊ ကြိုးစားတည်ဆောက်ရတာ ဘဝရဲ့အရသာပဲလေ''

''ခြယ့်ကို အမေ ယုံပါတယ်၊ ချမ်းသာကြွယ်ဝတဲ့ အသိုင်းအဝန်းက ယောက်ျားတစ်ယောက်နဲ့ ချစ်သူဖြစ်သွားရင်တော့ အမေ လုံးဝကန့်ကွက်ရလိမ့်မယ်ခြယ်''

''မိုက်ချ၊ သမီး ဘာပဲလုပ်လုပ် အမေ့ကို တိုင်ပင်မှာပါ





နော်''

အမေ့ကို ပွေ့ဖက်နမ်းရှိုက်ပြီး အမေ့အနားကနေ ထွက်လာခဲ့သည်။ အိပ်ခန်းလေးထဲ ဝင်ရောက်လာ၏။

ဆင်းရဲနွမ်းပါးပေမယ့် အမေက စည်းစနစ်ကြီးပြီး ဘယ်နေရာမဆို သေသပ်လှပနေမှ သဘောကျတတ်သည်။ သန့်ရှင်းသပ်ရပ်နေတဲ့ အိပ်ရာပေါ် သူမ လှဲချလိုက်မိ၏။

သူမကို အတွင်းရေးမှူးရာထူး ရွေးချယ်ခံရမှုအတွက် မြရောင်ခြယ် ယခုထိ စိတ်ထဲမှာ မတင်မကျဖြစ်နေမိသည်။

ဘယ်လိုဖြစ်ရတာလဲ...

မနက်ဖြန်တော့ အခြေအနေကို စောင့်ကြည့်ဖို့ ထိုကုမ္ပဏီကို သွားရမည်ဖြစ်သည်။

ဟိုလူ့စနက်လားဟု တွေးပြီး စိတ်ထဲမှာ မတင်မကျကြီးဖြစ်နေခဲ့ရ၏။

မျက်ဝန်းတွေကိုမှိတ်ရင်း အိပ်စက်ဖို့ပင် အထိတ်တလန့်နှင့် တုန်လှုပ်ချောက်ချားလာရသည်။

''မင်းကိုချစ်တယ်၊ အရမ်းချစ်တာပဲ ခြယ်ရယ်''

အိပ်မက်ထဲမှာ သူပြောတဲ့စကားတွေကို ပြန်၍ ကြားယောင်လာမိပြီး ကြက်သီးတွေပင် ဖြန်းဖြန်းထသွားရတော့သည်။

နွေးထွေးတဲ့အနမ်းတွေ၊ တင်းကျပ်စွာပွေ့ဖက်ထားတဲ့ သူ့လက်တွေရဲ့ ရစ်ပတ်နှောင်ဖွဲ့မှုတွေကို အိပ်မက်ထဲမှာ ကွင်းကွင်းကွက်ကွက် မြင်ယောင်လာရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြရောင်ခြယ် ဒီအိပ်မက်ကို မေ့ပစ်ချင်တာတော့ အမှန်ပဲ ဖြစ်၏။

သတိမရချင်ပါဘူး။

ပြီးတော့ ကုမ္ပဏီမှာ လူတွေ့စစ်ဆေးဖို့အသွား ခြေချော်ကျပြီး လိမ့်ကျတော့မလို ဖြစ်သွားစဉ် မထင်မှတ်ဘဲ သူရောက်လာပြီး သူမကိုယ်လုံးလေးကို ဖေးမထူပွေ့ထားခဲ့တဲ့ အဖြစ်တွေကို မေ့ပစ်၍ မရခဲ့။

"မင်းကို ကိုကို စိတ်မချဘူး၊ ခြေထောက်ကို ဘာဖြစ်လဲဆိုတာ ဓာတ်မှန်ရိုက်ရမယ် ကိုကို လိုက်ပို့မှပဲ"

သူ့ကားနှင့် ဖွတ်အတင်းပင် ဆေးခန်းတစ်ခုသို့ လိုက်ပို့သည်။ ခြေထောက်ကို ဓာတ်မှန်ရိုက်ခဲ့၏။

"ခင်ဗျားဇနီး ဘာမှမဖြစ်ပါဘူး၊ ဒီလောက် စိတ်မပူပါနဲ့၊ ဆေးလိမ်းလိုက်တာနဲ့ ပျောက်သွားမှာပါ"

ဆရာဝန်ကြီးရဲ့ စကားတွေကို သူ ပီတိဖြစ်သွားပေမယ့် သူမကတော့ ရှက်စိတ်တွေမွန်ပြီး နေရာကပင် ထွက်ပြေးချင်စိတ်တွေ ဖြစ်သွားရတော့သည်။

ရှင့်အကြောင်းတွေကို ကျွန်မ ဘာဖြစ်လို့ တွေးနေမိရတာလဲလို့။

ထိုကိစ္စတွေ အမေ့ကို အသိပေးဖို့ သူမ ဝန်လေးနေမိတာပင် သူမ စဉ်းစားမရအောင် ဖြစ်ရသည်။

"သမီးတို့လို ဆင်ခြေဖုံးရပ်ကွက်က မိန်းကလေး





တစ်ယောက် မိုးပေါ်ကကျလာတဲ့ ရွှေမင်းသမီးပဲ ဖြစ်နေပါစေ ချမ်းသာတဲ့ အသိုင်းအဝိုင်းက လက်ခံနိုင်မှာ မဟုတ်ပါဘူး၊ ဝိုင်းပယ်ခံရမှာပါပဲကွယ်"

အမေပြောတဲ့ စကားတွေကို မြရောင်ခြယ် ကြားယောင်လာမိသည်။

သူ့အကြောင်းတွေတော့ အမေ့ကို မပြောပြရဲပေ။ ပြောပြဖို့လည်း မြရောင်ခြယ် တွန့်ဆုတ်နေမိသည်။

"ကိုကိုနဲ့ ခြယ်က ဖူးစာဖက်တွေ ဖြစ်နိုင်တယ်ကွာ၊ မကြာခဏ လာဆုံမိနေတတ်တယ်"

သူ့ရဲ့ ပိုင်စိုးပိုင်နင်း စကားတွေနှင့် ပြုမူနေထိုင်ပုံတွေကို မြရောင်ခြယ် အမြင်ကတ်စွာဖြင့် မလိုလားနိုင်အောင်ဖြစ်နေတာတော့ အမှန်ပဲဖြစ်သည်။

လက်မခံနိုင်ပါဘူး။

ဆင်းရဲသားရပ်ကွက်လေးထဲက ကောင်မလေးဆိုပြီး ရှင် အထင်သေး အမြင်သေးနဲ့တော့ လာဆက်ဆံလို့ရမယ် မထင်နဲ့နော်။

သူ့အကြောင်းတွေ မေ့ပစ်လိုက်တာ အကောင်းဆုံးပါပဲလေဟု တွေးရင်း အိပ်ပျော်အောင် ကြိုးစားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း [၅]

"ကျွန်မ…မြရောင်ခြယ်ပါ၊ ဒီက အကြောင်းကြားလို့ လာတာပါရှင်"

မြဆောင်ကတော့ ဆရာထွန်းတောက်ကြယ် ဒီမြရောင်ခြယ် ဆိုတဲ့ ကောင်မလေးကို ဘာဖြစ်လို့ ရွေးချယ်တာလည်းဆိုတာ သဘောပေါက်သွားရသည်။

ချောလိုက်တာဟု သူ့စိတ်ထဲမှာ တွေးနေမိရင်း တဒင်္ဂပင် ငေးမောကြည့်မိသွားသလို ဖြစ်သွားရ၏။

"ဒီမှာ"

"သြော်…မင်း မြရောင်ခြယ်လား"

"ဟုတ်ပါတယ်"

"ဒါဆို မန်နေဂျာအခန်းထဲ ဝင်သွားပါ"





"ဟုတ်ကဲ့"

ကုမ္ပဏီရဲ့ လှေကားထစ်တွေ နင်းတက်လာခဲ့စဉ်က သူမ စိတ်တွေ လှုပ်ရှားတုန်ခါသွားရသေးသည်။

ကိုထွန်းတောက်ကြယ်ကို သတိရသွားမိ၍ ဖြစ်၏။

မတွေးချင်ပါဘူး…

ဒီလူ့အကြောင်းကို မတွေးတာ အကောင်းဆုံးပဲ ဖြစ်သည်။

"ကိုကိုနဲ့ခြယ်က ဖူးစာဖက်တွေထင်တယ်ကွာ၊ ရှေးဘဝ က ရေစက်တွေကြောင့် အခုလို လာပြီး ဆုံတွေ့နေရတာပဲ"

ကိုကိုတဲ့…

ရှင့်ကို ဘယ်သူက ကိုကိုလို့ခေါ်မှာလဲ။

ဝေးသေးတယ်။

ဒုက္ခပါပဲနော်။

ဒီလူ့အကြောင်း မတွေးပါဘူးဆိုမှ တွေးနေမိပြီး ရင်ခုန် လှုပ်ရှားနေရသည်။

ယောကျ်ားတစ်ယောက်အတွက် ခြယ် ဘယ်လိုနည်းနဲ့မှ မခံစားချင်ဘူး။

ဘဝရဲ့ အောင်မြင်တိုးတက်မှုတွေအတွက် အနှောင့်အယှက် အဟန့်အတားတစ်ခုပဲဟု တွေးနေမိခဲ့သည်။

ရှင် ဘယ်လောက်ပဲ ချမ်းသာနေပါစေ ခြယ် ဘယ်တော့ မှ အထင်မကြီးဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူ့အကြောင်းတွေကို ဖျောက်ဖျက်ပစ်လိုက်ပြီး မန်နေဂျင်း အခန်းဝမှာ ရပ်မိသွားသည်။

ခြယ့်ကို အတွင်းရေးမှူးမလေး ရာထူးခန့်အပ်တာ မှားနေပြီထင်တယ်။ မှားယွင်းပြီး ခန့်တာဆိုရင် ရှက်စရာကောင်းမှာပဲ။

ခြယ်ကလည်း ထိုရာထူးမျိုးကို ဝါသနာကြီးစွာ ထမ်းဆောင်ချင်တဲ့ဆန္ဒတွေ ပြင်းပြနေခဲ့မိသည်။

"မင်း…မြရောင်ခြယ်လား"

"ဟုတ်ပါတယ်"

"ဝင်ပါ"

အခန်းဝမှာ မိန်းမချောလေးတစ်ယောက်က ဆီးကြိုနေသည်။

ဟွန်း…

တော်တော်ကြီးကျယ်တဲ့လူပဲ ထင်တယ်။ ခမ်းနားလိုက်တာ ကုမ္ပဏီကကြီးပြီး ကြီးကျယ်ခမ်းနားစွာ ပြင်ဆင်ထားသည်။

သူမစိတ်တွေကို တည်ငြိမ်အောင် ထိန်းချုပ်ပြီး အခန်းထဲ လှမ်းဝင်လိုက်မိတော့၏။

"အွန့်"

"အို"

အခန်းထဲဝင်လိုက်သည်နှင့် သူမကိုယ်လုံးလေးက တစ်စုံတစ်ယောက်ရဲ့ ရင်ခွင်ထဲသို့ လဲပြိုအိဆင်းကျသွားရသည်။





ထိုလူကို သူမက ဝင်တိုက်ပစ်လိုက်မိတာတော့ သူမ သတိထားမိသည်။

သူက တံခါးအဖွင့် သူမကအဝင်နှင့် ဝင်တိုးမိသွားခြင်းသာဖြစ်လေသည်။

သန်မာတောင့်တင်းတဲ့ ထိုလူ့လက်တွေက သူမကိုယ်လုံးလေးကို ထိန်းပေးလိုက်လို့သာ သူမ ယိုင်ခွေကျမသွားခြင်းဖြစ်၏။

"ဆောရီး"

သူမ တောင်းပန်စကားပြောပြီး သူမကိုယ်လေးကို တည့်မတ်သွားအောင်ထိန်းဖို့ ကြိုးစားလိုက်သည်။

"ဟင်"

ထိုလူ့ရဲ့လက်တွေက သူမကိုယ်လုံးလေးကို လွှတ်မပေးတော့ပေ။

ဘုရားရေ…

ဘယ်လိုဖြစ်သွားရတာလဲ။

သူမကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲမှာပင် ထိကပ်ပွေ့ဖက်ထားသည်။

"ဟင်…ဘယ်လိုလူလဲ၊ လွှတ်ပါ၊ ကျွန်မကို လွှတ်နော်"

ရုန်းထွက်ရင်း ဒေါသတွေပေါက်ကွဲပြီး ရုန်းတွေ့ပစ်လိုက်မိသည်။

"ခြယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဟင်”

“မင်းကိုစောင့်နေရင်း မင်းမလာသေးလို့ ကိုကို စိတ်မရှည်တော့ဘူးကွာ၊ တံခါးဖွင့်ပြီး အခြေအနေစုံစမ်းမလို့ ထွက်လိုက်တာလေ”

သူ…ကိုထွန်းတောက်ကြယ် ဒီလူနဲ့ ဒီလိုပုံစံမျိုး ဘာဖြစ်လို့ လာဆုံရပြန်ပြီလဲနော်။

“လွှတ်ပါ…ကျွန်မကိုလွှတ်ပါ”

“ခြယ်”

“ကျွန်မ ဒေါသတွေမပေါက်ကွဲခင် ရှင်လွှတ်နော်”

“စိတ်မဆိုးပါနဲ့ ခြယ်ရယ်၊ ကိုကိုက မှင်သက်မိပြီး ဖက်ထားမိတာပါ၊ တကယ်ပဲ ကိုကိုတို့နှစ်ယောက် ဆုံတွေ့ပုံက တကယ့်ကို ကဗျာဆန်တာပဲ ခြယ်၊ ရေးဘဝက ရေစက်ပဲထင်တယ်”

“ဒီမှာ ရှင် ဘာလာလုပ်တာလဲ၊ ဒီအခန်းက ရှင်နဲ့ ဘာဆိုင်လို့လဲ”

သူ့လက်တွေထဲမှ ရုန်းထွက်ပြီး ဒေါသတကြီး ရန်တွေ့လိုက်မိသည်။

“ကိုကိုက မင်းတွေ့ချင်တဲ့ မန်နေးဂျင်းဒါရိုက်တာပဲ ခြယ်”

“ဘာရှင့်”

“ကိုကိုက ဒီကုမ္ပဏီကြီးရဲ့ မန်နေးဂျင်းဒါရိုက်တာလေ”





“ရှင်”

သူမ အထိတ်တလန့်နှင့် သူ့ကို မော့ကြည့်လိုက်မိသည်။

ဒီလောက်ကြီးကျယ်ခမ်းနားတဲ့ ကုမ္ပဏီကြီးကို ဦးဆောင်နေတာက ရှင်ဖြစ်နေတာပါပဲလား။

“ခြယ့်ကို အလုပ်ခန့်လိုက်တာက ကိုကိုလေ”

“ဘာရှင့်”

သူမ မျှော်လင့်ချက်တွေ ပြိုကျပျက်စီးသွားရသလို ယိုင်ခွေကျတော့မတတ် ဖြစ်သွားရတော့သည်။

“မဖြစ်ဘူး…ခြယ် ဒီရာထူးကို လက်မခံနိုင်ပါဘူး။ ရှင့်ဘာသာရှင် ဘယ်လောက်ပဲ ကြီးကျယ်ခမ်းနားပြီး ချမ်းသာကြွယ်ဝနေပါစေ ကျွန်မ ပတ်သက်ဆက်ဆံဖို့ မစဉ်းစားဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရှင်က ကျွန်မအပေါ် မရိုးသားနေလို့ပါပဲ”

ခြယ် သူ့အနားကနေ လှည့်ထွက်သွားမယ်လုပ်တော့ သူ့လက်တွေက သူမလက်လေးကို လျှင်မြန်စွာဆွဲယူဆုပ်ကိုင်ထားသည်။

“ကျွန်မ ဒီရာထူးကို လက်မခံနိုင်တော့ဘူး ကိုထွန်းတောက်ကြယ်၊ ရှင့်အနားမှာလည်း မနေနိုင်ပါဘူး”

“ခြယ် ကိုကိုနဲ့ အေးအေးဆေးဆေး ထိုင်စကားပြောပါဦးကွာ၊ လာပါ ခြယ်ရယ်၊ ဒီမှာထိုင်ပြီး စကားပြောကြမယ်”

“ကျွန်မနဲ့ရှင် ဘာမှပြောစရာအကြောင်း မရှိတော့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဒီရာထူးကို လုံးဝလက်မခံနိုင်လို့ပါပဲ''

သူမ ထွက်သွားဖို့ ခြေလှမ်းကို ပြင်လိုက်သည်။ သူ့လက်တွေက သူမလက်လေးကို မလွှတ်သေးဘဲ ဆုပ်ကိုင်ထားမြဲပင်ဖြစ်နေ၏။

''လွှတ်ပါ…ကျွန်မ ဒီရာထူးကို ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ပါဘူး''

အခန်းထဲမှာ သူမနှင့်သူ နှစ်ယောက်တည်းသာ ရှိနေသည်။

''လွှတ်ပါ''

လက်တွေကို ဆတ်ခနဲ ရုန်းထွက်ပစ်လိုက်သည်။

''ရှင် ကျွန်မကို အထင်မသေးပါနဲ့၊ ရှင့်ဘာသာရှင် ဖူးစာဖက်တွေ ဘာတွေပြောလည်း ကျွန်မ သာယာနေမှာ မဟုတ်ဘူးနော်၊ ရှင့်ချမ်းသာမှုတွေကိုလည်း ကျွန်မ အထင်မကြီးဘူး''

''ခြယ်ရယ် ဒီအဆောင်အယောင် အသိုင်းအဝိုင်းတွေနဲ့ ဘာမှမဆိုင်တဲ့ ကမ္ဘာသစ်လေးတစ်ခု ကိုကို ဖန်တီးချင်တယ်၊ မင်းလေးဘဝထဲကို ဝင်လာချင်တယ် ခြယ်ရယ်''

တင်းမာခက်ထန်နေတဲ့ မျက်ဝန်းလေးတွေက ဒေါသတွေနှင့် ရန့်လိုတဲ့အကြည့်တွေ ဖြစ်နေသည်။

မြရောင်ခြယ်ဆိုတဲ့ ကောင်မလေးကိုမှ သူ့နှလုံးသားတွေက အရူးအမူး စွဲလမ်းနှစ်သက်နေမိလေသည်။





မင်းကို အရမ်းပဲချစ်တယ်ကွာ မြရောင်ခြယ်ရယ်။

ဘဝနှစ်ခုက ဘယ်လိုပင်ကွာဟနေပါစေ ကိုကို့ဘက်ကတော့ မင်းလေးနဲ့ လက်တွဲပြီး ရင်ဆိုင်ဖို့ အဆင်သင့်ပါပဲကွာ။

အချစ်တွေ ပြည့်လျှံဖိတ်စင်ကျတော့မတတ် ရည်ဝေရွှန်းလဲ့နေတဲ့ မျက်ဝန်းတွေနှင့် စိုက်ကြည့်နေမိသည်။ ခြယ့်မျက်ဝန်းလေးတွေထဲမှာ အလိုမကျသလို တင်းမာနေ၏။

''ခြယ့်ကို ကိုကိုချစ်တယ်''

''ဘာရှင့်''

''အရမ်းချစ်တယ်ကွာ…ဒီ့အတွက် ကိုကို ဘယ်လိုပေးဆပ်ရမလဲ၊ ဘာတွေဖြည့်စွမ်းပေးရမလဲ ပြောပါ ခြယ်ရယ်''

အခန်းထဲမှာ နှစ်ယောက်တည်းရှိနေ၍ မထူးတော့ပြီမို့ ခြယ့်ကို ချစ်တဲ့အကြောင်း ပြောလိုက်မိသည်။

''ကိုကိုဟာ လူကြီးလူကောင်းတစ်ယောက်ပါ ခြယ်၊ လုပ်ငန်းကြီးတစ်ခုကို ဦးဆောင်ပြီး လုပ်ကိုင်နေတဲ့လူပဲ၊ စီးပွားရေးလုပ်ငန်းထက် ဘာကိုမှ စိတ်ဝင်စားတဲ့လူ မဟုတ်ဘူး''

မယုံပါဘူး။

ရှင် ဒီလောက်အထိ လက်ရဲဇက်ရဲ ဖြစ်နေတာပဲလား။

မျက်ဝန်းတွေထဲမှာ အမြဲတမ်း စူးရှတဲ့အကြည့်တွေနှင့် အယှဉ်ယ အကြင်နာတွေ ပြည့်လျှံနေတတ်သည်။

''သမီး ပတ်ဝန်းကျင်က ကဲ့ရဲ့ရှုတ်ချစေမယ့် အနေအထိုင်



www.burmeseclassic.com

www.burmeseclassic.com



အပြုအမူတွေ ရှောင်ရမယ်''

အမေလည်း ဘယ်လိုနည်းနဲ့မှ လက်မမှာမဟုတ်ပေ။

ခြယ်ကိုယ်တိုင်လည်း ဒီလိုစည်းစိမ်ဥစ္စာတွေကို မက်မော နှစ်သက်တာမျိုး မရှိခဲ့ပေ။

''သမီးကို အမေ့လိုဘဝမျိုး ဘယ်တော့မှ အရောက်မခံနိုင်ဘူး၊ အိမ်ထောင်ဖက်ရွေးချယ်ရင် ကိုယ့်ဘဝနဲ့ နီးစပ်မယ့် ယောကျ်ား တစ်ယောက်ကိုပဲ ရွေးချယ်ပါ''

အမေသည် တိကျပြတ်သားပြီး စည်းစနစ်ကြီးသူ ဖြစ်သည်။ အမှားအယွင်းတစ်ခုခု ပြုလုပ်မိလျှင် ခွင့်မလွှတ်တတ်ပေ။

ဆင်းရဲနွမ်းပါးပေမယ့် ခြယ်တို့မောင်နှမကို စိတ်ဓာတ်မြင့်မားစွာဖြင့် ကြီးပြင်းစေခဲ့သည်။

''ခြယ်''

''ကျွန်မ လက်မခံနိုင်ဘူး၊ ရှင့်ကိုလည်း မချစ်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ အဲဒါ ဘယ်တော့မှ မပြောင်းလဲတဲ့ ခြယ့်ရဲ့ ဆုံးဖြတ်ချက်ပဲ''

ခြယ် အခန်းအပြင်ဘက်ထွက်ဖို့ပဲ ကြိုးစားပြီး ထွက်လိုက်သည်။

သူ့လက်တွေထဲမှ သူမလက်လေးကို ဆတ်ခနဲ ရုန်းထွက်လိုက်ပြီး အခန်းတံခါးဖွင့်ကာ ထွက်လာခဲ့၏။





လှေကားထစ်တွေအတိုင်း ခပ်သွက်သွက်လေး ဆင်းလာခဲ့သည်။

''ကိုကိုက လူကြီးလူကောင်းတစ်ယောက်ပဲ ခြယ်ရယ်၊ ဒါပေမဲ့ ခြယ့်ကို တွေ့တွေ့ချင်းပဲ ကိုကို့နှလုံးသားတွေ လှုပ်ရှားသွားရပြီး ခြယ့်ကို ချစ်မိသွားတယ်''

လှေကားထစ်တွေအတိုင်း ဆင်းလာခဲ့တဲ့ ခြယ့်နောက်သို့ သူ့အသံတွေက ပြေးကပ်လိုက်လာနေသည်။

''ကိုကို့ဂုဏ်တွေ သိက္ခာတွေ စီးပွားရေးလုပ်ငန်းအားလုံး ဘေးမှာချထားပြီး ခြယ့်ကို ချစ်မိနေပြီ''

မကြားချင်ပါဘူး…

ရှင့်အသံတွေက ကျွန်မနောက် ဘာဖြစ်လို့ ပြေးကပ်လိုက်နေရတာလဲ။

သူမ ခြေထောက်ခေါက်လဲသွားတဲ့ နေရာလေးရောက်တော့ သူမခြေလှမ်းတွေ ရပ်သွားရသည်။

ရင်ထဲမှာ တစ်စုံတစ်ခုအတွက် ထိခိုက်နာကျင်နေသလို ဖြစ်သွားရ၏။

ခြယ် လုံးဝမကျေနပ်ပါဘူး။

ရှင်နဲ့ ပတ်သက်တာတွေကို ခြယ် လုံးဝမတွေးချင်တော့ဘူး။

မေ့ပစ်ချင်တယ်…



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ခြယ် သတိရနေမိသည်။

တမ်းတစိတ်တွေနှင့် ရင်ထဲမှာ ဆို့နင့်ကြေကွဲနေမိသလို ဖြစ်နေလေသည်။

"ခြယ့်ကိုချစ်တယ်၊ ကိုကို့ဘဝနဲ့ ခြယ့်ဘဝ ဘယ်လောက်ပဲ ကွာဟနေပါစေ ကိုကို ခြယ့်ဘဝထဲကို ဝင်နိုင်ပါတယ်ကွာ"

ခြယ့်ခြေလှမ်းလေးက အင်အားချို့နဲ့စွာဖြင့် ဆက်လှမ်းလာခဲ့မိသည်။

ကိုထွန်းတောက်ကြယ်ဆိုတဲ့လူကို ခြယ် မေ့ပစ်နိုင်ဖို့က ခက်ခဲနေကြောင်း တဖြည်းဖြည်းသိလာရတော့၏။

သူမနှင့်သူက တွေ့ဆုံတိုင်း မထင်မှတ်တဲ့ တွေ့ဆုံမှုတွေနှင့် ရင်းနှီးကျွမ်းဝင်မှုရှိလွန်းနေသည်ဟု ထင်မိသည်။

စဉ်းစားမိတိုင်း ရင်ခုန်လှိုက်မောလာပြီး ခြယ့်စိတ်တွေ မောပန်းနွမ်းနယ်လာရတော့၏။ ထိုနေရာကနေ သူမ ဆက်ပြီး လှမ်းထွက်လာခဲ့မိလေသည်။

"ခြယ့်ကို ချစ်တယ်၊ ကိုကို အရမ်းမြတ်နိုးတန်ဖိုးထားရပါတယ်၊ ကိုကို့အချစ်တွေကို ယုံပါကွာ"

ကိုကိုတဲ့...

ဟွန်း...

ရှင့်ကို ဘယ်သူက အသိအမှတ်ပြုလို့လဲ။

ခြယ့်စိတ်ထဲမှာ ရှင့်ကို ဖယ်ထုတ်ပစ်နေတာ သိလား။





မတွေးချင်ပါဘူးဆိုမှ သူ့အကြောင်းတွေပဲ တွေးမိနေသည်။

လက်ရဲဇက်ရဲနှင့် အချစ်ကို ခပ်ကြမ်းကြမ်းဆက်ဆံတတ်တဲ့ သူ့အပြုအမူတွေကို မေ့ပစ်လို့မရဘဲ သတိတရနှင့် တမ်းတနေတဲ့ မိမိကိုယ်ကို မကျေမနပ်ဖြစ်လာရ၏။

တော်ပြီ၊ ရှင့်ကို မပတ်သက်ဘဲ ကင်းကင်းနေတာ အကောင်းဆုံးပဲ။

အချစ်ဆိုတာကို ခြယ် တစ်ခါတစ်ရံ စဉ်းစားလာတတ်မိတာပင် သူ့ကြောင့်လား။

ရှင့်ကိုမုန်းတယ်...

ကျွန်မကို အထင်သေးတာပဲ...

ဟုတ်ပါတယ်၊ ရှင်က ကျွန်မ အသိုင်းအဝိုင်းထဲကို ဘယ်လို ဝင်လာမှာလဲဟင်။

မေ့ပစ်ချင်ပါတယ်ဆိုမှ ခြယ် သူ့အကြောင်းတွေပဲ တွေးချင်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း [၈]

ထွန်းတောက်ကြယ်တစ်ယောက်တည်း အခန်းထဲမှာ ကျန်ခဲ့သည်။

ခမ်းနားထည်ဝါလှတဲ့ ကြွယ်ဝချမ်းသာမှုတွေက ဘာမှ အသုံးမဝင်တော့သလို ခံစားလိုက်ရလေသည်။ မြရောင်ခြယ်က ပြတ်သားစွာ ငြင်းဆန်ပြသွား၏။

မာနတွေပြည့်နေတဲ့ ကောင်မလေးရဲ့ မျက်ဝန်းလေးတွေ ထဲမှာ တင်းမာခက်ထန်မှုတွေပဲ ရှိနေခဲ့သည်။

သူ ငိုင်တွေစွာဖြင့် ကောင်မလေးအကြောင်းတွေကို စဉ်းစားနေမိ၏။ မြရောင်ခြယ်ဆိုတဲ့ ကောင်မလေးကိုမှ သူ ချစ်မြတ်နိုးနေမိပြီဆိုတာ သေချာနေပြီဖြစ်သည်။





မင်းကို ဘယ်လိုမှ မစွန့်လွှတ်နိုင်တော့ဘူး မြရောင်ခြယ်။ ကိုကို့နှလုံးသားထဲမှာ စူးနစ်စွာဖြင့် ချစ်မြတ်နိုးနေမိပြီ။

အိစက်နုဖတ်နေသော နှုတ်ခမ်းလေးတွေကို တွန့်မဲ့ပြီး အလိုမကျစွာဖြင့် ခပ်စွာစွာလေး ရန်တွေ့သွားသည့် ခြယ့် မျက်မှောင် ကုပ်ကုပ်လေးက သူ့နှလုံးသားတွေကို စွဲကိုင်လှုပ်ခါသွားစေခဲ့သည်။

မင်းလေးကို ဘယ်နည်းနဲ့မှ ကိုကို မစွန့်လွှတ်နိုင်တော့ဘူး ကွာ။

ရအောင်ယူဖို့ပဲ ကိုကို ဆုံးဖြတ်လိုက်ပြီ ခြယ်။

ဘယ်လိုနည်းနဲ့မှ မင်း ငြင်းဆန်လို့မရအောင် ကိုကို ကြိုးစားပြမယ်။

ထွန်းတောက်ကြယ်ရဲ့ နှလုံးသားတွေထဲမှာ ဒီအသက် အရွယ်အထိ အချစ်ဆိုတာကို ခံစားနားလည်တတ်ခြင်း မရှိခဲ့။ မြရောင်ခြယ်ဆိုတဲ့ ကောင်မလေးနဲ့တွေ့မှ ကိုကို အချစ်ဆိုတာ ခံစားတတ်လာပြီး ထွေးပွေ့ယုယမှုတွေ ပေးချင်ရတာပါပဲကွာ။

သူ့ရဲ့ဆန္ဒတွေနဲ့ ရွေးချယ်မှုတွေကို ဘယ်လိုလူမှ လာဖျက် လို့မရတော့ဘူးနော် ကောင်မလေးရယ်။

မင်းရဲ့ မာနတကြီးနဲ့ ဝင်းလက်တောက်ပနေတဲ့ မျက်ဝန်းတွေ ထဲမှာ ကိုကို့အပေါ် ချစ်ခင်မြတ်နိုးမှုအရိပ်တွေ ပြည့်ဝစိုးမိုးလာစေ ဖို့ ကိုကို ဘယ်လိုနည်းမဆို အသုံးပြုရမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းတောက်ကြယ်ရဲ့ စိတ်တွေထဲမှာ ဆုံးဖြတ်ချက်တွေ ခိုင်မာသွားပြီဖြစ်သည်။

မြရောင်ခြယ်ကို ရယူပိုင်ဆိုင်ဖို့ အစွမ်းကုန် ကြိုးစားမယ်။

စည်းစိမ်ဥစ္စာတွေ ဘဝတွေ ပုံအပ်ပေးစွမ်းမယ်။

အရာအားလုံးကို စွန့်လွှတ်ရမယ်ဆိုရင်လည်း ကိုကို စွန့်လွှတ်ဖို့ အဆင်သင့်ပဲ ခြယ်ရယ်။

"ဆရာ"

"ဟင်"

"ဟိုကောင်မလေး"

"ထားလိုက်တော့ကွာ...နောက်တစ်ယောက်ကိုပဲ မင်းတို့ သဘောဆန္ဒနဲ့ ရွေးချယ်လိုက်ကြတော့"

ကိုမြဆောင်ရဲ့ အကြည့်တွေက နားမလည်နိုင်ဘဲ အံ့ဩ ထူးဆန်းသလို ကြည့်နေသေးသည်။

သူ ဂရုမစိုက်တော့။

မင်းနဲ့ပတ်သက်လာရင် ကိုကို့ရဲ့ အရှက်တွေ ဂုဏ်သိက္ခာ တွေအားလုံး ဘေးဖယ်ထားမိနေတာပါပဲ။

ကိုကိုကတော့ မင်းလေးဟာ ကိုကို့ရဲ့ ဖူးစာဖက် ထာဝရ လက်တွဲဖော်ပဲ ဖြစ်ရမယ်လို့ ဆုံးဖြတ်ထားပြီကွာ။

ဘတ်စ်ကားဂိတ်မှာ ကားစောင့်ရင်းရပ်နေတဲ့ ကောင်မလေး





ကို မြင်တွေ့လိုက်ရစဉ် ခဏမှာပင် မှင်သက်သွားမိသလို ကား ဘရိတ်အား နင်းလိုက်မိသည်အထိ ငေးကြောင်သွားမိသည်။

ကိုကို မိန်းမချောလေးတွေ အများကြီးနဲ့ တွေ့ဆုံခဲ့ဖူးပါ တယ် ခြယ်...

ခြယ့်ကို တွေ့လိုက်ရတဲ့ တဒင်္ဂလောက် ရင်ခုန်လှိုက်မော စွာနဲ့ ကိုကို့နှလုံးသားတွေထဲ အချစ်ကြွေ ပျော်ဝင်ပြီး စီးဆင်းသွားခဲ့ ရတာမျိုး မရှိခဲ့ပါဘူး။

သူ ထလိုက်သည်။

ခြယ့်အကြောင်းတွေကလွဲပြီး သူ့ရင်ထဲမှာ ဘာမှမရှိ။

စီးပွားရေးလုပ်ငန်းတွေလည်း ခဏလောက် မေ့ပစ်ချင်မိ သည်။

မြရောင်ခြယ်ကို တွေ့ဖို့အတွက် သူ ထပ်မံကြိုးစားရဦး မည်ဖြစ်၏။

"ထွန်းတောက်"

"ဟင်...စိုးနောင်"

"ဘာလဲကွ...ငါက မင်းကိုတွေ့ဖို့ လာတာပါ"

"ငါလည်း မင်းတို့အိမ်ကို လာမလို့ ထွက်လာတာလေ"

ထွန်းတောက် စိုးနောင်တို့အိမ်ကို သွားဖို့ပြင်နေစဉ် စိုးနောင် ရောက်လာ၍ အခက်တွေ့သွားရသည်။ ခြယ်တို့အိမ်နဲ့ စိုးနောင်တို့



www.burmeseclassic.com

www.burmeseclassic.com



အိမ်က မျက်နှာချင်းဆိုင်ပင်...

"ထွန်းတောက်"

"ဟင်"

"မင်း ဒီကောင်မလေးကို ခုထိ စွဲလမ်းနေတုန်းပဲလား"

စိုးနောင်ကတော့ သူနှင့် ခြယ် ဝေးသွားကြပြီလို့ ထင်တာ ဟု ပြောသည်။

"ဘယ်ကလာ ဝေးရမှာလဲကွာ၊ မဝေးတဲ့အပြင် ပိုပြီး နီးစပ်လာနေလို့ တို့နှစ်ယောက်က ဖူးစာဖက်တွေလားလို့တောင် ထင်လာပြီ"

"မင်းကလည်းကွာ"

မြရောင်ခြယ်နှင့် သူ ထပ်မံတွေ့ဆုံခဲ့ရတာလေးတွေကို ပြောပြလိုက်မိသည်။

"အင်း...အံ့သြထူးဆန်းမှုတစ်ခုပဲကွ၊ ဒါပေမဲ့ မင်းဘဝထဲမှာ ဒီကောင်မလေးက အံဝင်ခွင်ကျပါ့မလား ထွန်းတောက်ရာ၊ ဒီကောင်မလေးကို လက်တွဲပြီး မင်း ပွဲတက်ရဲလို့လား"

"အဲဒါတွေ ငါ စဉ်းစားပြီးပြီကွာ၊ ခြယ်လေးကို စည်းစိမ်ချမ်းသာတွေနဲ့ ပြည့်စုံအောင် မြှင့်တင်ပေးချင်တယ်၊ ခြယ့်ကို ငါ့ရဲ့ ထာဝရလက်တွဲဖော်အဖြစ် ရွေးချယ်ထားပြီးပြီ စိုးနောင်ရာ"

"မင်းအချစ်ကို စိတ်ကူးမယဉ်စမ်းပါနဲ့၊ လက်တွေ့မှာ





ခက်ခဲမယ်နော်၊ မင်းလက်ထပ်သင့်တာက ခြူးပဲ"

"ဘာ"

"အိမ့်ခြူးနွယ်လေ"

"မင်းရဲ့ငယ်သူငယ်ချင်း၊ မင်းဘဝနဲ့ ဂုဏ်တွေ ငွေတွေ ထပ်လို့ရတဲ့လူ"

အိမ့်ခြူးနွယ်က လောလောဆယ် နိုင်ငံခြားမှာ ရောက်နေသည်။

နှစ်ဖက်မိဘတွေကလည်း ကွယ်ဝချမ်းသာကြပြီး ခြူးနဲ့ သူကလည်း ငယ်စဉ်လေးကတည်းက တတွဲတွဲနေလာကြတဲ့ သူငယ်ချင်းတွေပါ။

"ခြူး...ဟုတ်လား တော်စမ်းပါကွာ၊ ခြူးကို ကိုယ်ချစ်ဖို့ ဘယ်တော့မှ မစဉ်းစားမိဘူး၊ လက်ထပ်ဖို့ဆိုတာ ဝေလာဝေးပဲ"

"ခြယ်က မင်းနဲ့ ဘယ်လိုမှ မလိုက်ဖက်ဘူးကွာ၊ ဒီအခြေအနေကပဲ နောက်ဆုတ်လိုက်စမ်းပါ ထွန်းတောက်"

"မဆုတ်ဘူးကွာ..ခြယ့်ကိုပဲ ငါချစ်တယ်၊ မြတ်နိုးတယ်၊ ကိုယ့်အလှအပတွေက ဘာနဲ့မှမတူအောင် ငါ့ကို ဖမ်းစားထားပြီကွ"

ဝင်းလဲ့တောက်ပနေတဲ့ မာနမျက်ဝန်းလေးတွေက သူ့ရင်ကို တဒိတ်ဒိတ်ခုန်သွားစေတာကတော့ အမှန်ပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ့်ခြူးနွယ်လည်း ချောမောလှပပေမယ့် မြရောင်ခြယ်လေးလို ညှို့ယူဖမ်းစားနိုင်စွမ်းမရှိဟု ထင်မိလေသည်။

"ခြယ်က မာနကြီးတယ်၊ ငါ့ကိုတောင် အိမ်နီးချင်းပေမယ့် မေးလူးခေါ်ပြောလောက်ပဲ နေတယ်၊ မင်း ကြည့်လေ ရပ်ကွက်ထဲမှာ ငါက အချမ်းသာဆုံးပဲကွာ၊ ရပ်ကွက်ထဲက ကောင်မလေးတွေ ဘယ်သူနဲ့မှ မတူအောင် ခြယ်က မာနနဲ့ အရေးတောင်မစိုက်ဘူး"

"မင်းရော ခြယ့်ကို ပိုးပန်းသေးလား"

"ဒါပေါ့ကွ ဒီလောက်ချစ်စရာကောင်းတဲ့ ကောင်မလေးကို မပိုးပန်းပဲ နေမလား၊ ဒါပေမဲ့ ကိုယ့်စိတ်ထဲကပဲ ပိုးပန်းတာပဲ၊ မရမှန်းသိလို့လေ အခင်မင်မပျက်ချင်လို့ ကိုယ် နောက်ဆုတ်လိုက်တာ"

မြရောင်ခြယ်က ဘဝကို မြင့်မားအောင် တည်ဆောက်ဖို့ ကလွဲပြီး ဘာကိုမှ စိတ်မဝင်စားတဲ့ ကောင်မလေးရယ်ပါ။

"ကိုယ်ကတော့ ဘယ်နည်းနဲ့မှ နောက်မဆုတ်တော့ဘူး၊ ရှေ့ဆက်တိုးမယ်၊ ခြယ့်ကို ရအောင်ယူပြမယ်၊ အချစ်ဆိုတာ နားလည်ရခက်ခဲတဲ့ ပုစ္ဆာတစ်ခုပဲထင်တယ် စိုးနောင်၊ ရှေးရေစက်တွေ ဖူးစာတွေနဲ့လည်း ဆိုင်တယ်"

"မင်းမေမေရော...ပြီးတော့ မင်းအသိုင်းအဝိုင်းကရော လက်ခံပါ့မလား"





"မေမေက ကိုယ့်ရွေးချယ်မှုကို လက်ခံမှာပါ၊ အိမ်ထောင်ရေးမှာ သားသဘောကျပဲ ရွေးချယ်ပါတဲ့၊ ခြူးနဲ့တောင် စေ့စပ်တာတွေ ကမ်းလှမ်းတာတွေ ဘာမှမလုပ်ခဲ့ဘူး"

"မြရောင်ခြယ်က ဆင်ခြေဖုံးရပ်ကွက်လေးထဲက ကောင်မလေးနော်"

"ဘာပဲဖြစ်ဖြစ် အရာအားလုံးကို ကိုယ်ရင်ဆိုင်မယ်ကွာ၊ မြရောင်ခြယ် မျက်နှာမငယ်စေရဘူး၊ ခြယ့်ကို ရယူပိုင်ဆိုင်ဖို့အတွက် ကိုယ် နည်းမျိုးစုံနဲ့ ကြိုးစားရမှာပဲ"

သူ့ဘက်က နောက်မဆုတ်ဖို့ ဆုံးဖြတ်ထားပြီးပြီ ဖြစ်သည်။

ခြယ့်ကို ရယူပိုင်ဆိုင်ဖို့ ဘယ်လိုနည်းမျိုးမဆို သုံးဖို့ သူ အခိုင်အမာ ဆုံးဖြတ်ထားပြီးသားပါ။

"နောက်မဆုတ်တော့ဘူး စိုးနောင်၊ ငါ့ကို ဘယ်လိုအရာကမှ တားဆီးလို့ မရနိုင်တော့ဘူး၊ ခြယ့်ကို ငါ ပိုင်ဆိုင်ချင်တယ်၊ ငါ့နှလုံးသားတွေထဲမှာ အရမ်းကို ချစ်မြတ်နိုးပြီး တန်ဖိုးထားရလွန်းလို့ပါကွာ"

စိုးနောင်ပင် သူ့ကို ဘာမှမပြောဘဲ လက်လျှော့လိုက်သည်။

"မင်းသဘောပဲကွာ၊ တစ်စုံတစ်ခုပြဿနာဖြစ်ရင် ပြရောင်ခြယ်က အနစ်နာဆုံးဖြစ်သွားမှာပဲ၊ ပတ်ဝန်းကျင်မှာ ဂုဏ်သိက္ခာမဲ့စရာ ဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ဘယ်တော့မှ မြရောင်ခြယ် ဒုက္ခမရောက်စေရဘူး၊ ကိုယ် အကာအကွယ်ပေးမှာပါ စိုးနောင်"

စိုးနောင် ဘာမှမပြောတော့ဘဲ လက်လျှော့သွားသည်။

"မင်း အိမ်ပြန်တော့ကွာ၊ ညနေစောင်းမှ မင်းအိမ်ကို လာခဲ့မယ်၊ ခြယ့်ကို တွေ့ချင်လို့ပဲ"

"မင်း အရူးထတာပဲ"

"မတတ်နိုင်ဘူးကွာ၊ ချစ်သူရဲ့ မျက်နှာလှလှလေးကို ကိုယ် အရမ်းတွေ့မြင်ချင်နေတယ်၊ ကိုယ် ရူးသွပ်နေပြီထင်တာပဲကွာ"

စိုးနောင်က တားမရတဲ့အဆုံး သူပါ အကူအညီပေးမယ် ဆိုပြီး ပြန်သွားတော့သည်။

ညနေစောင်းတော့ သူ စိုးနောင်တို့အိမ်သို့ သွားခဲ့၏။ ရပ်ကွက်ထဲမှာ စိုးနောင်က အချမ်းသာဆုံးပါပဲ။

"ဟိုရှေ့က အိမ်လေးက မြရောင်ခြယ်တို့အိမ်လေးပဲ"

ဆင်းရဲပေမယ့်လည်း သပ်သပ်ရပ်ရပ် အိမ်လေးပါပဲ။

ခြံလေးထဲမှာ ပန်းပင်လေးတွေကို ရေလောင်းနေတဲ့ ကောင်လေးတစ်ယောက်ပဲ အိမ်ရှေ့မှာ ရှိနေသည်။

"အဲဒါ ခြယ့်ရဲ့မောင်လေး လင်းရောင်ခြယ်တဲ့၊ ဒီနှစ် ဆယ်တန်းလေ၊ မောင်နှမနှစ်ယောက်လုံးကတော့ တကယ့်ကို





ကြိုးစားကြတာ၊ လင်းရောင်က ဆရာဝန် အရမ်းဖြစ်ချင်နေတာကွ၊ စာကြိုးစားတယ်၊ မိဘကိုလည်း ကူညီတယ်၊ အရမ်းကြိုးစားတာပဲ"

သူ ခြံထဲကို ကြည့်မိသည်။ မြရောင်ခြယ်ရဲ့ အရိပ်အယောင်မျှပင် မတွေ့ရသေးပေ။

အိမ်လေးထဲဝင်ပြီး သွားတွေ့ပစ်လိုက်ချင်တဲ့ ဆန္ဒတွေကို မနည်းချိုးနှိမ်ထားလိုက်မိသည်။

"ဟိုမှာ…အခုထွက်လာတာက ခြယ့်အမေပဲ"

ခြယ့်အမေကလည်း သပ်သပ်ရပ်ရပ်နှင့် ချောမောခန့်ညားသူပင်။ အဆင့်အတန်းရှိရှိလေးနှင့် ဆင်းရဲသော မိသားစုလေး ဖြစ်နေသည်။

"ခြယ့်မိခင်ကိုယ်တိုင်က စည်းစနစ်အရမ်းကြီးတယ် ထွန်းတောက်၊ သမီးလက်ထပ်မယ့် ယောကျ်ားက သူတို့ဘဝနဲ့ အနီးစပ်ဆုံးထဲကမှ အရည်အချင်းရှိသူ ဖြစ်ရမယ်တဲ့"

သူ့အကြည့်တွေကတော့ အိမ်လေးထဲကို စူးစိုက်စွာ ကြည့်မိသည်။

ခဏကြာတော့ ခြယ် ထွက်လာ၏။ မောင်လေး ရေလောင်းနေတာကို ဝိုင်းကူပေးနေသည်။

သူ့ရင်တွေ တဒိန်းဒိန်းတုန်ခါသွားရပြီး အချစ်တွေ ပြည့်ဝနေတဲ့ မျက်ဝန်းတွေနှင့် ခြယ့်ကို ကြည့်နေမိပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ခြယ့်ကို ကြည့်နေရင်း ခြယ့်အနားသွားပြီး ကိုယ်လုံးဖူးဖူး တင်းတင်းလေးကို ထွေးပွေ့ထားလိုက်ချင်မိလာရသည်။

မင်း ကိုကို့နှလုံးသားတွေ ကိုကို့အသက်တွေနဲ့ ထပ်တူထပ်မျှ ချစ်မြတ်နိုးနေမိပါပြီ။

ချစ်သူမျက်နှာလေးကိုပင် တစိုက်မတ်မတ် စူးစိုက်စွာဖြင့် မလွှတ်တမ်းကြည့်နေမိလေတော့သည်။



## အခန်း [၉]

"ဟိုဘက်က မခင်မြအိမ်လေးကို ငှားလိုက်ပြီတဲ့ ခြယ်၊ မနက်ဖြန် လူသစ်တွေတောင် ပြောင်းလာကြတော့မယ်"

"ဒေါ်လေးခင်မြတို့ ဘာဖြစ်လို့ ရုတ်တရက်ကြီးပြောင်းသွားရတာလဲ အမေရယ်၊ လူသစ်တွေကလဲ ပြောင်းလာမှာ မြန်လိုက်တာ"

ဒေါ်လေးခင်မြနှင့် ခြယ်တို့အိမ်က ဆွေမျိုးရင်းချာတွေလို နေလာကြ၍ ပြောင်းသွားပြီဆိုတော့လည်း ခြယ် စိတ်မကောင်းဖြစ်ရသည်။

ဘာဖြစ်လို့များ ရုတ်တရက်ကြီး ပြောင်းသွားရတာလဲ ဆိုတာ စဉ်းစားမရအောင် ဖြစ်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးခင်မြတို့ စီးပွားရေးအဆင်မပြေတာတော့ အမှန်ပင်။ အမေကတောင် ထောက်ပံ့နေရတာ မဟုတ်လား။

"ဒေါ်လေးခင်မြတို့ ပြောင်းသွားလို့ အမေတော့ အဖော်မဲ့တော့မှာပါပဲ"

"အင်းလေ ဘယ်တတ်နိုင်ပါ့မလဲ သမီးရယ်၊ မခင်မြက နှုတ်တောင်မဆက်သွားဘူး၊ အမေဈေးရောင်းပြီး ပြန်လာတော့ မမြခက်တို့ ပြောင်းသွားပြီတဲ့"

ခြယ်တို့တွေမှာ အိမ်ထောင်ပရိဘောဂတွေက များများစားစားရှိတာ မဟုတ်၍ အိမ်ပြောင်းရွှေ့ရတာ မခက်ပေ။ ဒေါ်လေးခင်မြတို့က ပိုဆိုးလေသည်။

"နောက်ထပ်ရောက်လာမယ့် လူသစ်တွေ စိတ်သဘောထားကောင်းပြီး လူကောင်းတွေဖြစ်ပါစေလို့ ဆုတောင်းရတော့မှာပဲ သမီးရယ်"

သမီးပျိုလေးနှင့် သားလူပျိုရှိ၍ ဒေါ်မျက်ခြယ် နည်းနည်းတော့ စိတ်ပူနေသည်။

အင်းလေ ကိုယ်ကောင်းရင် ပြီးတာပါပဲ။ မိမိသမီးနှင့်သားက လိမ္မာရေးခြားရှိသူတွေပါပဲ။

"လရောင်"

"ဗျာ မေမေ"





"စာကျက်နော်၊ မောင်လေးရည်မှန်ချက်တွေ အောင်မြင်အောင်လုပ်၊ စားမေးပွဲနီးနေပြီ"

"ဟုတ်ကဲ့ မမ"

"ခြယ်"

"ရှင်"

"သမီးအလုပ်ကိစ္စကရော...အမေတောင် မေးမလို့"

"လူမှားတာပါ အမေ"

"ဖြစ်မှဖြစ်ရလေကွယ်...တော်တော်ပေါ့လျော့တဲ့ ကုမ္ပဏီပဲ လူမှားရတယ်လို့"

သူ့အကြောင်းတွေကို ခြယ် မပြောချင်တော့၍ အမေနှင့်ပင် အလုပ်အကြောင်းမပြောတော့ပဲ နေလိုက်မိသည်။

ရှင့်ကုမ္ပဏီမှာ ကျွန်မ ဘယ်တော့မှ အလုပ်မလုပ်ဘူး။

အရှိန်အဝါတွေသုံးပြီး ကျွန်မရဲ့ ခန္ဓာကိုယ် အသွေးအသားတွေကို ရယူဖို့ ရှင်ကြိုးစားမှာပဲ မဟုတ်လား။

ဒီလောက်ချမ်းသာတဲ့ ရှင့်အသိုင်းအဝိုင်းတွေက ကျွန်မလိုဆင်ခြေဖုံးရပ်ကွက်က ကောင်မလေးတစ်ယောက်ကို လက်ခံမှာမဟုတ်ဘူးဆိုတာ သိပြီးသားပါနော်။

ဝေးသေးတယ်...ရှင့်ဘာသာရှင် ဘယ်လောက်ပဲချမ်းသာပါစေ၊ ကျွန်မ ဘယ်တော့မှ အထင်မကြီးဘူးဆိုတာ မှတ်ထား။



www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းတောက်ကြယ်အကြောင်း တွေးမိတိုင်း သူမရင်ထဲမှာ လှိုက်ဖိုနွေးထွေးပြီး ဒီလူ့ကို ရိုက်ပစ်ချင်တဲ့စိတ်တွေ ဖြစ်လာရတော့သည်။

ဟွန်း…

လက်မြန်ခြေမြန်နဲ့ အရမ်းမုန်းဖို့ကောင်းနေသည်။

"ခြယ်"

"ရှင် အမေ"

"ဘာတွေစဉ်းစားနေတာလဲ သမီး မျက်ဝန်းလေးတွေက ငိုင်သွားသလိုပဲ"

အမေက ခြယ့်ကို အရိပ်လိုကြည့်နေတတ်တဲ့ မိခင်မျိုးဖြစ်သည်။

"ဒေါ်လေးခင်မြတို့ ဘယ်ရောက်သွားပြီလဲလို့ စဉ်းစားနေမိတာပါ"

"မတက်နိုင်ဘူးလေ ခင်မြလဲ အဆင်မပြေပါဘူး၊ ပြောင်းလာမယ့်လူသစ်တွေပဲ အဆင်ပြေပါစေလို့ ဆုတောင်းရမှာပဲ"

ခြယ် အမေ့နားကနေ ထွက်လာခဲ့မိသည်။ အိပ်ခန်းလေးထဲ ရောက်လာ၏။

ရှင့်ကြောင့်လေ…ခြယ်နှလုံးသားတွေထဲမှာ အမြဲတမ်းနွေးထွေးတုန်လှုပ်နေရတယ်။





ရင်ဖိုလှိုက်ခါနေရတာလည်း ကျွန်မ လုံးဝ မနှစ်သက်မိပါဘူးနော်၊ ခြယ်အနှစ်သက်ဆုံး ဝါသနာအကြီးဆုံးအလုပ်ကိုပင် လက်မခံခဲ့ပေ။

ရှင့်လိုလူတစ်ယောက်အနားမှာ ကျွန်မ ဘာဖြစ်လို့ နေရမှာလဲ။

နောက်ထပ်ကုမ္ပဏီတွေမှာ အလုပ်ရှာဖို့ပင် စိတ်က မပါတော့ပေ။

ဒီလူနဲ့တွေဆုံရတဲ့ အဖြစ်တွေကလည်း အံ့သြထူးဆန်းနေသည်။ အိပ်မက်ထဲမှာပင် ဒီလူက သူမကို ဒုက္ခပေးချင်တဲ့လူပဲ။

ခြယ် အိပ်ခန်းလေးထဲမှာ ငြိမ်သက်စွာဖြင့် အိပ်ပျော်အောင်ကြိုးစားနေမိလေသည်။

ဒီလူ့အကြောင်းတွေကို မတွေးမိဖို့ပဲ ကြိုးစားနေမိ၏။

မနက်မိုးလင်းတော့ သူမ ထပြီး မျက်နှာသစ်ပြီး အလုပ်ရှာဖို့အတွက် အပြင်ထွက်ဖို့ စဉ်းစားမိသည်။

ခြယ့်ပညာအရည်အချင်းနဲ့ အလုပ်က မခက်ပါဘူး။

"ခြယ်ရေ"

"ရှင် အမေ"

"ဟိုဘက်ခြံကို လူသစ်တွေ ပြောင်းလာကြပြီ"

"ခြယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"မေမေတို့တော့ ခက်ပြီ"

"ဘာဖြစ်လို့လဲ အမေ"

"မခင်မြတို့အိမ်ကို ပြောင်းလာတဲ့လူက တစ်ယောက်တည်း"

"ဟင်"

"ယောကျ်ားလေးတစ်ယောက်တည်း ထင်တယ်၊ တခြားလူ မတွေ့ဘူးကွယ်၊ အိပ်ရာလိပ်လေးတစ်ခုနဲ့ အသုံးအဆောင်ပစ္စည်း နည်းနည်းပဲ ပါတယ်"

အမေ့စကားကြောင့် ခြယ်လည်း နည်းနည်းတော့ စိတ်ပူသွားမိသည်။

"လူရွယ်တစ်ယောက်ပဲ၊ ဆင်းရဲနွမ်းပါးပုံရတယ်၊ လူရည်တော့ သန့်ပါတယ်"

အိမ်နားကို လူရွယ်တစ်ယောက်ပြောင်းလာ၍ ဒေါ်မျက်ခြယ် နည်းနည်းတော့ စိတ်ပူသွားမိသည်။ သမီးပျိုလေးက ရှိနေ၏။

"ဒီလူငယ်ကြည့်ရတာတော့ လူရည်သန့်ထဲကပါပဲ၊ လူဆိုးလူပေ တစ်ယောက်မဟုတ်တော့ တော်သေးတာပေါ့ကွယ်"

အမေက ဈေးထွက်တော့မည်ဟု ပြောကာ လှည့်ထွက်





သွားသည်။

"ခြယ်နော် ပိုင်ဘက်က ယောကျ်ားလေးတစ်ယောက်ပြောင်းလာတော့ နည်းနည်းဆင်ခြင်နေ၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမဲ့အောင် မနေနဲ့နော်"

"ဟုတ်ကဲ့ပါ မေမေ"

"ခြယ့်ကိုတော့ အမေ ယုံပါတယ်"

အမေက စည်းစနစ်ကြီးပြီး ပတ်ဝန်းကျင်မှာ အရှက်တကွဲဖြစ်ရမှာ အစိုးရိမ်အကြောင့်ကြဆုံး ဖြစ်နေရသည်။

သမီးကို အရိပ်လိုကြည့်နေတတ်၏။

ခြယ် အပျိုပေါက်လေးဖြစ်လာတော့ အမေ စိတ်တွေပိုလေးလံလာပြီး သတိထားနေတော့၏။

အမေ ထွက်သွားသည်။

ခြယ် အဝတ်အစားလဲ ပြင်ဆင်ပြီး အပြင်ထွက်လာခဲ့၏။

တစ်ဖက်က လူသစ်တွေပြောင်းလာပြီဆိုတော့ ခြယ် မသိမသာ လှမ်းကြည့်လိုက်မိသည်။

"ဟင်"

သူ...ကိုထွန်းတောက်ကြယ်ပါလား။

တစ်ဖက်က လှုပ်ရှားမှုတွေကို တစ်ဖက်က မြင်တွေ့နေရ၏။

ရှင်...ရှင်...ဘာဖြစ်လို့ ဒီကိုပြောင်းလာရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ခြယ့်ကို စိတ်ဒုက္ခရောက်အောင် တမင်ပြောင်းလာတာ မဟုတ်လား။

အဲဒီလို ရှင် ရှုးကြောင်မူကြောင်လုပ်လို့ ကျွန်မက သနားပြီး ရှင့်ကိုချစ်မယ် ထင်လို့လား။

ဝေးသေးတယ်…

ရှင်တို့ယောကျ်ားတွေက မရခင် ဖျာလိုလိပ် ထိပ်ပေါ်တင်ထားပြီး ရတော့ ဖျာလိုခင်း နင်းချေပစ်ကြမှာပဲ မဟုတ်လား။

ဒုက္ခပါပဲနော်…

ဒီလူပြောင်းလာတာ ခြယ် အနေကျဉ်းကျပ်သွားရတော့သည်။ ဒေါသတွေဖြစ်ရ၏။

ဘယ်လိုလုပ်လိုက်တာလဲ…

ဒေါ်လေးခင်မြကို ငွေတွေဘယ်လောက်ပေးလိုက်မှန်းမှ မသိတာပဲ။

အစ်ကိုစိုးနောင်ကလည်း အလိုတူအလိုပါ ကူညီတာပဲ ထင်တယ်။

သေချင်လိုက်တာနော်…

"အမေ့လိုဘဝမျိုးတွေ သမီးလေးကို လုံးဝအဖြစ်မခံနိုင်ပါဘူး၊ ချမ်းသာကြွယ်ဝတဲ့ အသိုင်းအဝိုင်းတွေက သမီးလေးကို ဘယ်လိုနည်းနဲ့မှ လက်ခံကြမှာ မဟုတ်ပါဘူး"

အမေရင်ခွင်ိုင် ဖြတ်သန်းခဲ့ရတဲ့ ခါးသီးတဲ့အတွေ့အကြုံ



တွေကို ပြောပြထားခဲ့သည်။

ဟိုလူကလည်း ခြယ့်ကို တွေ့သွားတော့၏။ ပြုံးပြနှုတ်ဆက်သည်။

ခြယ် အမြင်ကတ်ကတ်နှင့် မျက်စောင်းလေးဝဲပစ်လိုက်မိ၏။

ရှင် ကျွန်မကို ဒီလိုနည်းသုံးပြီး ရင်းနှီးအောင်လုပ်လို့ကတော့ မရဘူးဆိုတာ ရှင်သိစေရမယ်…

ယောကျ်ားတွေက မရခင်တော ဒီလိုပဲကြိုးစားကြမှာပဲလေ အဲဒါကို ကျွန်မက အထင်ကြီးမယ်ထင်လို့လား…

"မမ"

"ဟင်"

"အပြင်သွားမလို့လား"

"ဟုတ်တယ် မောင်လေး၊ မမ အလုပ်ရှာရဦးမယ်၊ ရမှာပါ၊ မမကတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိတယ်"

"လင်းရောင်လဲ ကြိုးစားနေတာပါ အမေရော မမကိုရော သနားတယ်၊ အဆင်မပြေရင်တော့ လင်းရောင် ဆေးတက္ကသိုလ်လည်း မတက်တော့ပါဘူး"

"မဟုတ်တာပဲ မောင်လေးရယ်၊ မမတစ်ယောက်လုံး ရှိပါတယ်၊ ဘာမှ အားမငယ်နဲ့နော်၊ ကြိုးစားထား"

မောင်လေးကို ဟိုဘက်ကလူနဲ့ မပတ်သက် မဆက်ဆံဖို့



www.burmeseclassic.com

www.burmeseclassic.com



ပြောရမယ်။

"လင်းရောင်"

"ဗျာ မမ"

"ဟိုဘက်ကပြောင်းလာတဲ့လူနဲ့ လုံးဝမပတ်သက်နဲ့နော်"

"ဟုတ်ကဲ့ပါ မမ"

"စာကျက်တော့ ဇော့သွားပြီနော်"

"ဟုတ်ကဲ့"

ခြယ် အပြင်ကိုထွက်လာခဲ့ပြီး ဘတ်စ်ကားဂိတ်မှာ ရပ်နေမိသည်။

ဟိုလူ ဒီလောက်အထိကြိုးစားတာ ခြယ့်ကို ချစ်လို့လား၊ မတွေးပါဘူး၊ ဒီလူ့အကြောင်း မတွေးတာပဲ ကောင်းတယ်။

တွေးမိတိုင်းလည်း သူမစိတ်တွေ ရင်ဖိုလှိုက်ခါနေရတော့သည်။

ကားဂိတ်မှာ ရပ်နေရင်း သူနှင့် စတင်ဆုံတွေ့ခဲ့ရတာတွေကို သတိရ တမ်းတမိပြန်၏။

"ခြယ်"

"ဟင်...ရှင်...ရှင်"

သူက သူမအနားရောက်လာ၍ အထိတ်တလန့်ဖြစ်သွားရသည်။

"ရှင် ဘာလာလုပ်တာလဲ၊ ကျွန်မတို့အိမ်နားကို ဘာဖြစ်





လို့ လာနေရတာလဲ"

"မင်းကို ချစ်လို့"

"ဘာ"

"ခြယ်"

"ကျွန်မကို ဘာမှလာမပြောပါနဲ့၊ ရှင် ဘယ်လောက်ပဲ ကျွန်မအနားကပ်နေပါစေ၊ ကျွန်မ ရှင့်ကို မချစ်ဘူး"

သူမ အမြင်ကတ်ကတ်နှင့် ရှုံ့စကားတွေပဲ ပြောပစ်လိုက်သည်။

"မင်း ဘာပဲပြောပြော ကိုယ်ကတော့ မင်းကို ချစ်နေမှာပဲ၊ မြတ်နိုးနေမှာပဲ၊ ရယူပိုင်ဆိုင်ဖို့ ကြိုးစားနေမှာပဲ"

"ရပ်ကွက်ထဲမှာ ကျွန်မ အရှက်သိက္ခာမဲ့အောင် မလုပ်ပါနဲ့၊ အမေကလည်း ရှင်တို့လိုလူမျိုးတွေကို ပတ်သက်ဆက်ဆံတာတွေ သဘောမကျဘူးနော်"

သူ့ကို ပတ်ပတ်သက်သက်မလုပ်မိဖို့ပဲ ဆုံးဖြတ်ထားမိသည်။

ဒီလူရဲ့ အချစ်တွေကို ခြယ် ယုံကြည်မိလို့ မဖြစ်ပါဘူးလေ။ သူ့ဇာတိသရုပ်မှန်ကို ခြယ် သိပြီးသားပဲဟာ။

"ခြယ်က ချမ်းသာကြွယ်ဝတာကို မကြိုက်လို့ ကိုယ်စည်းစိမ်ဥစ္စာတွေအားလုံး စွန့်လွှတ်ခဲ့ပြီးပြီ"

"ဘာရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"အခု ကိုယ်က မင်းလိုပဲ ဘဝတူဖြစ်သွားပြီလေ ခြယ်"

ရှင်က ကျွန်မနဲ့ ဘယ်လိုလုပ်ပြီး ဘဝတူရမှာလဲလို့၊ စည်းစိမ်ချမ်းသာတွေနဲ့ ပြည့်စုံနေတဲ့ လူတစ်ယောက်ဆိုတာ ကျွန်မ သိထားပြီးသားပဲဟာ...

မဖြစ်နိုင်ပါဘူး...

ဘယ်လိုနည်းနဲ့မှ ရှင်နဲ့ ကျွန်မ ဘဝပေါင်းစပ်လို့ မဖြစ်နိုင်ပါဘူး။

"ရှင် ကျွန်မကို ဘယ်လိုပဲ ချဉ်းကပ်ပါစေ ကျွန်မကတော့ ရှင့်အပေါ် ဘယ်တော့မှ စိတ်ဝင်စားမှာ မဟုတ်ဘူးနော်၊ ကျွန်မကို အလွယ်တကူရမယ် ထင်ပြီး ချဉ်းကပ်နေတာ မဟုတ်လား"

ရှင်လိုချင်နေတာက ကျွန်မဆီက အချစ်ဟွေထက် ကျွန်မရဲ့ အသွေးအသားတွေကို မက်မောတပ်မက်နေတာ မဟုတ်လား။

ကျွန်မကို ချစ်တယ်ဆိုတာ လုံးဝ မယုံကြည်နိုင်ပါဘူး။

သူ့ကို လှည့်မကြည့်တော့ပဲ ကားပေါ် တက်လိုက်မိသည်။



## အခန်း [၁၈]

မေမေ့ကိုတော့ သူ နိုင်ငံခြားထွက်မယ်ဆိုပြီး ပြောထားသည်။ စင်္ကာပူကိုသွားမည့်ဟန်ပြင်ပြီး သူ မြန်မာပြည်မှာပဲနေ၏။

ခြယ်တို့အိမ်နားက အိမ်လေးကို လခပိုပေးပြီး ငှားလိုက်သည်။

စိုးနောင်က မလုပ်သင့်ဘူးဟု တားပေမယ့် သူ့ဘက်က ခြယ့်ကို တစ်စက္ကန့်လေးပဲ မြင်နေမြင်ရ ထာဝရမြင်တွေ့ချင်နေပြီ ရင်းနှီးမှုတွေ ရယူချင်နေသည်။

ခြယ့်မေမေကိုယ်တိုင်က ချမ်းသာတဲ့ ယောကျ်ားတစ်ယောက်ကို လက်ထပ်ခဲ့ပြီး ဆွေမျိုးအသိုင်းအဝိုင်းတွေရဲ့ အစွန့်ပစ် ခံဘဝ ရောက်သွားခဲ့ရခြင်းဖြစ်၍ သမီးကိုလည်း ထိုအဖြစ်မျိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



ရင်မဆိုင်ရအောင် ဆုံးမသွန်သင်တားဆီးနေသည်တဲ့။

“မင်း ဘယ်လောက်ပဲချမ်းသာပါစေ၊ ခြယ့်အမေက အထင်ကြီးမှာ မဟုတ်ဘူး”

စိုးနောင်စကားတွေကြောင့် သူ ဆင်းရဲသားယောင်ဆောင်လာခဲ့မိသည်။

မတတ်နိုင်တော့ဘူး ခြယ်ရယ်…

မင်းရဲ့လှပနုဖတ်နေတဲ့ မျက်နှာဝင်းဝင်းအိအိလေးကို ကိုကိုဘယ်လိုမှ မေ့ပျောက်ပစ်လို့ မရတော့ဘူး။ ကိုကို့ရဲ့ဂုဏ်သိက္ခာတွေတောင် ဘေးဖယ်ထားလိုက်မိတဲ့အထိ မင်းကို ချစ်မြတ်နိုးနေမိတာပါကွာ။

သူ့ နှလုံးသားထဲက စွဲလမ်းတမ်းတနေတဲ့အထိ အချစ်စိတ်တွေကို ဘယ်လိုမှ တားဆီး၍မရ ဖြစ်နေသည်။

မင်းအပေါ် ကိုကို ဘယ်လောက်အထိ တန်ဖိုးထားချစ်မြတ်နိုးရတယ်ဆိုတာ မင်းသိသင့်နေပါပြီ။

ခြယ့်ဘက်ကတော့ သူ့ကို ခါးခါးသီးသီးပင် ငြင်းဆန်နေသည်။ မပတ်သက် မဆက်ဆံဖို့ပဲ တတွတ်တွတ်ပြောနေတော့၏။

သူကတော့ စီးပွားရေးလုပ်ငန်းတွေကိုပင် လူယုံတွေနှင့် အပ်ပြီး ခြယ်နေတဲ့ ဆင်ခြေဖုံးရပ်ကွက်လေးမှာ လာပြီး နေထိုင်ခဲ့ရ





သည်။

ကိုကို့ကို မင်း နည်းနည်းမှ မညှာတာ မထောက်ထားတော့ဘူးလားကွာ။

ခြယ့်မျက်နှာလေးကို ဘယ်လိုမှ မေ့ပျောက်ပစ်လို့မရပဲ ချစ်ခင်နှစ်သက် စွဲလမ်းနေမိသည်။

ချစ်တယ် ခြယ်ရယ်…ကိုကို့နှလုံးသားတွေထဲမှာ ခြယ့်ကို ချစ်မိနေပြီ။

မရတော့ဘူးကွာ…

မင်းကို ဘယ်လိုမှ ကိုယ် စွန့်လွှတ်နိုင်တော့မှာ မဟုတ်ဘူး။

တစ်ဖက်အိမ်ကလူတွေနှင့် ဘယ်လိုရင်းနှီးအောင် လုပ်ရမယ်ဆိုတာ စဉ်းစားနေမိသည်။

ခြယ်ကတော့ အပြင်ထွက်သွား၏။ အလုပ်ရှာတာပဲ ဖြစ်မယ်ဆိုတာ စဉ်းစားနေမိသည်။

သူ့ကုမ္ပဏီမှာ အလုပ်မလုပ်ဘူးဆိုတော့ တခြားသူငယ်ချင်းတွေရဲ့ ကုမ္ပဏီတစ်ခုမှာ အလုပ်ရအောင် သူစီစဉ်ပေးဖို့ စဉ်းစားနေသည်။ စိုးနောင်က တစ်ဆင့်ပါ။

ခြယ်တို့အိမ်လေးထဲမှာ ခြယ့်မောင်လေး လင်းရောင်ခြယ် တစ်ယောက်တည်း စာကျက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်လိုဝင်ရောက်ရမလဲဆိုတာ စဉ်းစားပြီး ဒီဘက်အိမ်လေးဆီ ကူးလာခဲ့မိ၏။

အိမ်လေးပေါ် တက်လိုက်သည်နှင့် ရှင်းလင်းသပ်ရပ်ပြီးနေထိုင်တဲ့လူတွေရဲ့ အဆင့်အတန်းကို ဖော်ပြနေသည်။

ဆင်းရဲပေမယ့် အဆင့်အတန်းရှိတဲ့ မိသားစုလေးပါပဲ။

"ညီလေး"

"ဗျာ"

"အစ်ကိုက တစ်ဖက်အိမ်လေးကပဲ"

"ဟုတ်ကဲ့…ဘာအကူအညီများ လိုလို့လဲ"

"အစ်ကို့နာမည်က ထွန်းတောက်ကြယ်ပါ၊ အစ်ကိုမီးကြိုးသွယ်နေရင်းနဲ့ တူမရှိ ဖြစ်နေလို့ တူများ ရှိမလားလို့ပါကွာ၊ အားနာလိုက်တာ အစ်ကိုလည်း အရမ်းအခက်အခဲဖြစ်နေလို့ပါ"

"ဟုတ်ကဲ့…ရှိပါတယ် အစ်ကို၊ ယူသွားပါ အားနာစရာမလိုပါဘူး၊ အိမ်နီးနားချင်းတွေပဲဟာ"

လင်းရောင်ခြယ်ဆိုတဲ့ ခြယ့်မောင်လေးက ရည်မွန်တဲ့ကောင်လေးတစ်ယောက်ပဲဖြစ်သည်။

ဆရာဝန်ဖြစ်ချင်လို့ စာကြိုးစားနေတဲ့ ခြယ်တို့မိသားစုလေးကို သူ ကူညီစောင့်ရှောက်ပေးလိုသည်။ လိုအပ်တာတွေ ဖြည့်စွမ်းပေးလိုသည်။





ကိုကို့ကို ယုံပါကွာ။

မေမေကလည်း အဆင့်အတန်းခွဲခြားတတ်တာမျိုး မရှိပါဘူး။

ငွေကြေးပြည့်စုံတဲ့ အိမ်နီးချင်းနွယ်နှင့်ပင် လက်ထပ်ဖို့ မပြောခဲ့ဘဲ သားဆန္ဒအရပဲ ရွေးချယ်ပါတဲ့။

ခြယ်က လက်မခံပေ။ သူ့အသိုင်းအဝိုင်းထဲဝင်ဖို့ ဘယ်တော့မှ စိတ်မကူးဘူးတဲ့။

"ရော့…အစ်ကို တူ"

"ကျေးဇူးပဲညီလေးရာ…အစ်ကိုတို့က အိမ်နီးချင်းတွေပဲအရေးအကြောင်းရှိရင် အကူအညီတောင်းပါနော်"

"ဟုတ်ကဲ့ အစ်ကို"

သူ ခြယ်တို့အိမ်လေးဆီမှ ပြန်ထွက်လာခဲ့မိသည်။

ငှားထားတဲ့အိမ်လေးက သေးသေးကျဉ်းကျဉ်းလေးပါ။ သူ့လုပ်ရပ်တွေသာ မေမေသိလျှင် ဘယ်လောက်စိတ်မကောင်းဖြစ်ရမလဲ။

မေမေကတော့ သူ့ရဲ့ရွေးချယ်မှုတွေအတွက် နားလည်လက်ခံပေးမှာ သေချာသည်။

ခြယ်က ဆင်းရဲပေမယ့် ဘဝကို တိုးတက်အောင်မြင်ဖို့ ကိုယ်ပိုင်အစွမ်းအစနဲ့ ကြိုးစားနေတဲ့မိန်းကလေးပါ။



www.burmeseclassic.com

www.burmeseclassic.com



"ထွန်းတောက်"

"ဟင်...စိုးနောင်"

"မင်းကတော့ တကယ်စံပဲကွာ၊ ဒီလိုမျိုးနေတတ်လို့လား ကွာ"

"နေတတ်ပါတယ်ကွ၊ ငါ ပျော်တောင် ပျော်နေသေးတယ်၊ စောစောက ဟိုအိမ်လေးဆီသွားပြီး တူတောင် ငှားလိုက်သေးတယ်"

"မင်း သိပ်ပြီးအတင့်မရဲနဲ့နော်၊ ခြယ့်အမေက မာနကြီးတယ်၊ မင်းကို သိပ်ပြီးအရောတဝင်နေချင်မှာ မဟုတ်ဘူး"

"မေတ္တာဆိုတာ အသွားအပြန်ရှိပါတယ်ကွ၊ ကိုယ် ခြယ့်ကို အရမ်းချစ်တယ်ကွာ၊ ဘဝနဲ့ရင်းပြီး ချစ်တာပါ၊ ခြယ့်ကြောင့်ကိုယ် ဘယ်လိုဘဝမျိုးပဲရောက်ရောက် ရင်ဆိုင်ရဲဟာယ်၊ ဆင်ခြေဖုံးရပ်ကွက်က ကောင်မလေးကို လက်ထပ်လို့ ကိုယ့်ကို ဘယ်သူမှ အဆက်အဆံမလုပ်ဘဲ ပိုင်းပယ်ထားရင်လည်း နေပါစေကွာ"

"ထွန်းတောက်ရာ"

စိုးနောင်ပင် ထွန်းတောက် အပြုအမူတွေအတွက် စိတ်မကောင်းဖြစ်သွားမိသည်။

"အရမ်းချမ်းသာတဲ့ လုပ်ငန်းရှင်တစ်ယောက်က ဒီလိုဘဝမျိုးမှာ လာနေတာ မင်းအချစ်တွေရဲ့ ထုထည်ပမာဏကို ခန့်မှန်း





လို့ရပါပြီကွာ"

"ခြယ် အလုပ်လာလျှောက်တဲ့ ကုမ္ပဏီနောက်တစ်ခုက မြမြင့်မိုရ်ကုမ္ပဏီလေကွာ၊ ရဲရင့်ရဲ့ ကုမ္ပဏီပဲ"

"ဟာ...ဒုက္ခပါပဲကွာ၊ ဒီကောင့်ကုမ္ပဏီမှာတော့ ခြယ် အလုပ်ဝင်တာ လက်မခံနိုင်ဘူး၊ ဒီကောင်က ရှုပ်ပွေချင်တဲ့ကောင်ပဲ၊ မဖြစ်ဘူး စိုးနောင်၊ ဒီကောင့်ဆီ ဖုန်းဆက်ပြီး ပြောရမယ် အလုပ်မခန့်ဖို့"

သူ ကပျာကယာနှင့် ရဲရင့်လက်ကိုင်ဖုန်းကို ဆက်လိုက်မိသည်။

"ဟေ့ကောင်...ရဲရင့် မင်းဆီကို မြရောင်ခြယ်ဆိုတဲ့ ကောင်မလေးတစ်ယောက် အလုပ်လာလျှောက်လား"

"အင်း"

"မင်း အလုပ်မခန့်နဲ့နော်"

"အဟက်"

"ဟေ့ကောင် ဘာရယ်နေတာလဲ၊ မင်း လုံးဝ အလုပ်မခန့်နဲ့"

"ခန့်ပြီးပြီ"

"ဘာ"

"မြရောင်ခြယ်က အရမ်းလှလို့ ငါသဘောကျပြီး အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ခန့်လိုက်တာလေ၊ ဘာလဲ မင်းနဲ့ ဘယ်လိုပတ်သက်နေလို့လဲ၊ မင်းကောင်မလေးလား ဆင်ခြေဖုံးရပ်ကွက်က ကောင်မလေး တစ်ယောက်ပါကွာ၊ မင်းက မိန်းမချောလေးတွေကို အပျော်စိတ်မ ဝင်စားတတ်တဲ့ကောင်"

"ဟေ့ကောင်...ဘာတွေပြောနေတာလဲ၊ ဘာပဲဖြစ်ဖြစ်ကွာ မင်းအနားမှာ ခြယ်နေလို့မဖြစ်ပါဘူး၊ မင်း လုံးဝ အလုပ်မခန့်နဲ့ နော်"

"ခန့်ပြီးပြီကွ"

"ဒါဆိုလည်း ငါကတော့ တားဆီးရမှာပဲ"

"သူငယ်ချင်းချင်းချင်း ကိုယ့်မကောင်းကြောင်းတွေ မင်း ပြောမလို့လား"

"ခြယ့်ကိုတော့ ဒုက္ခမပေးပါနဲ့ကွာ"

"မြရောင်ခြယ်က မင်းကောင်မလေးလား"

"ဟာကွာ...မဟုတ်ပါဘူး၊ ငါ့ကောင်မလေး မဟုတ်ပေမယ့် ငါ ချစ်မြတ်နိုးတဲ့ကောင်မလေး"

"ထွန်းတောက် မင်း ရူးနေလား၊ မင်း ငနေအပဲကွာ၊ ဒီလိုကောင်မလေးမျိုးကို မင်းက အတည်ကြီးနဲ့ စွဲလမ်းနှစ်သက်နေပြီလား"

ရဲရင့်ရဲ့ ချိုးချိုးနှိမ်နှိမ်ပြောနေတာတွေကို သူ လုံးဝမနှစ်





သက်ဘဲ ဒေါသဖြစ်မိသည်။

"ခြယ်က အရမ်းမာနကြီးပြီး ရိုးသားဖြူစင်တယ်ကွ၊ မင်း ထင်သလိုမဟုတ်ဘူး၊ ငါ အရမ်းမြတ်နိုးတန်ဖိုးထားရတဲ့ မိန်းက လေးပဲ"

"မြရောင်ခြယ်က အရမ်းကို လှပချောမောတာပါကွာ၊ မင်းချစ်မယ်ဆိုရင်လည်း ချစ်စရာပါပဲ၊ မင်းအနားမှာ ဘာဖြစ်လို့ မထားတာလဲ"

"ဒါတွေ ရှင်းပြမနေချင်တော့ဘူးကွာ၊ ခြယ် အလုပ်ဝင် ရင်တောင် ခြယ့်ကိုဒုက္ခမပေးဖို့ တောင်းပန်ပါတယ်"

"ထွန်းတောက်ရာ ကိုယ်က ဘယ်လိုပဲချဉ်းကပ်ပါစေ မြရောင်ခြယ်ဘက်က မလိုက်လျောရင် ဘာဖြစ်မှာလဲကွာ"

ရဲရင့်က မိန်းမကျွမ်းကျင်နေတဲ့ကောင်ဆိုတော့ ခြယ့်အတွက် သူ စိတ်အပူကြီး ပူသွားမိသည်။

ဒီကောင့်အနားမှာ မထားလိုပေ။ ခြယ့်ဘဝလေး ဖြူစင် သန့်ရှင်းနေရာကနေ အရောင်ဆိုးပစ်မယ့် ရဲရင့်။

"သိပ်စိတ်မပူပါနဲ့ ထွန်းတောက်၊ မင်းလည်း ကိုယ့်ဂုဏ် သိက္ခာကျဆင်းအောင် မပြောပါနဲ့၊ ပြောရင်တော့ မင်းကောင်မလေး ကျားစာဖြစ်သွားမှာနော်"

သူ ဖုန်းကို ပိတ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြယ့်ကို ဘယ်လိုပြောဆို တားဆီးရမလဲဆိုတာပင် စဉ်းစားမရအောင် ပူပန်နေမိ၏။

ရဲရင့်အကြောင်း သူအသိဆုံးဖြစ်၍ ခြယ့်ကိုတော့ အလုပ်ကနေထွက်ဖို့ အတင်းအကျပ် ပြောရမှာပဲလေ။

"ထွန်းတောက်"

"ဟင်"

"မင်းဘာလုပ်ချင်လဲ"

"တားဆီးချင်တယ်"

"ကိုယ်ပြောပေးပါ့မယ်ကွာနော်"

ခြယ်က လက်မခံလျှင် ဘယ်လိုလုပ်ရမလဲဟု သူ့စိတ်တွေ ပူလောင်ပြီး နေမထိထိုင်မသာ ဖြစ်နေရသည်။

မင်းကို ကားပေါ်တင်ပြီး ခိုးပြေးချင်စိတ်တွေတောင် ဖြစ်လာရပြီ ခြယ်ရယ်။

မာကျောခက်ထန်တဲ့ မျက်ဝန်းလေးတွေနှင့် ရန်သူတစ်ယောက်လို သူ့ကိုကြည့်တဲ့ ကောင်မလေးကို ဇွတ်အတင်းသာ ကားတင်ပြေးချင်လာမိလေသည်။

ကိုကို့အပေါ် မင်း မာနတွေမပြသင့်ပါဘူး ခြယ်ရယ်။ မင်းအပေါ် ဘယ်လောက်ချစ်မြတ်နိုး တန်ဖိုးထားနေရလည်းဆိုတာ မင်းသိသင့်နေပါပြီကွာ။





ညနေစောင်းတော့ ကားနှင့် ခြယ်စီးနေကျ ဘတ်စ်ကားမှတ်တိုင်လေးဆီ ရောက်လာခဲ့သည်။

ခြယ်တို့ရုပ်ကွက်ထဲမှာတော့ ဘတ်စ်ကားစီးလာပြီး မြို့ထဲရောက်မှ သူ့ကုမ္ပဏီမှာထားတဲ့ ကားကို ယူပြီး ခြယ်ပြန်မယ့် ကားမှတ်တိုင်မှာ လာစောင့်နေမိ၏။

မှောင်စပျိုးခါနီးမှ ခြယ်ရောက်လာတော့သည်။

"ခြယ်"

"ဟင်...ရှင်...ရှင်"

သူ ခြယ့်အနားကပ်ပြီး ခြယ်လွယ်ထားတဲ့ စလင်းဘက်အိတ်လေးကို အသာယာပြီး လက်ကိုင်ဖုန်းအဖြူရောင်လေးတစ်လုံး ထည့်ပေးထားလိုက်သည်။

"ခြယ် ကိုကို ပြောစရာတွေရှိနေလို့ ခဏလေးပဲဖြစ်ဖြစ် ခြယ် ကိုကို့နောက် လိုက်ခဲ့ပါကွာ"

"မလိုက်ပါဘူး ဘာဖြစ်လို့လိုက်ရမှာလဲ၊ ကျွန်မကို လိုက်မနှောင့်ယှက်ပါနဲ့နော်၊ ရှင့်ကို အနူးအညွတ်တောင်းပန်နေတာပါ"

ခြယ့်ဘက်က တင်းတင်းမာမာ ငြင်းဆန်သဖြင့် သူ ခက်နေသည်။

ပတ်ဝန်းကျင်မှာလည်း လူတွေရှိနေသဖြင့် သူ ပြောဆိုရခက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြယ့် ဂုဏ်သိက္ခာတွေမဲ့အောင် အတင်းအကျပ်လည်း မခေါ်ချင်ဘဲ ဘတ်စ်ကားတစ်စီးပေါ် စွေ့ခနဲတက်သွားတဲ့ ခြယ့်ကိုပဲ ငေးကြောင်စွာ ကြည့်နေမိသည်။

မင်းဟာ အရမ်းခေါင်းမာတဲ့ မိန်းကလေးတစ်ယောက်ပဲ။

မေမေ့ကိုပြောပြပြီး လူကြီးစုံရာနဲ့ လာပြီးတောင်းရမ်းရင်ရော။ ခြယ်နဲ့ပတ်သက်ပြီး အတွေးတွေ ရှုပ်ထွေးပူလောင်နေရတော့သည်။



အခန်း [၁၁]

ညဦးနက်လာသည်အထိ ခြယ် အိပ်လို့မရဘဲ မျက်လုံးတွေ လာကြောင်နေသည်။ ဟိုဘက်က အိမ်ကလေးမှာ နေတဲ့ ကိုထွန်း တောက်ကြယ်ဆိုတဲ့ လူအကြောင်းပဲ စဉ်းစားတွေးတောနေမိလေသည်။

မစဉ်းစားချင်ပါဘူးလို့ ခြယ့်စိတ်တွေကို ဘယ်လိုပဲ ထိန်းချုပ်ထားပေမယ့် သူ့အကြောင်းတွေပဲ ခြယ် တွေးနေမိ၏။

"ခြယ့်ကိုချစ်တယ်၊ ကိုကို အရမ်းချစ်မိနေပြီ ခြယ်"

သူ့အကြည့် ရူးရူးရှရှတွေနှင့် အချစ်တွေပြည့်နေတဲ့ မျက်ဝန်းတောက်တောက်လေးကို သူမ ရင်ဆိုင်ရမှာပင် ကြောက်ရွံ့ တုန်လှုပ်လာရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်တွေကို ခြယ် မစဉ်းစားချင်သေးပါဘူးနော်။

ဘဝကို တိုးတက်အောင်မြင်မှုတွေရအောင်ပဲ ကြိုးစားချင်တာပါ။

မောင်လေးတာဝန်ကလည်း ခြယ့်မှာ ရှိနေသေးသည်။

ဆရာဝန်ဖြစ်ချင်ကဲ့ မောင်လေး လင်းရောင်ခြယ်အတွက် သူ အလုပ်ရှာနေရခြင်း ဖြစ်နေလေသည်။

အလုပ်က ရပြီ။

ခြယ်လုပ်ချင်လွန်းတဲ့ အလုပ်လေးဖြစ်၍လည်း ဝမ်းသာပျော်ရွှင်နေမိသည်။

ဟွန်း…

အခု ကျွန်မအလုပ်ရှင်က ရှင့်လိုလူစားမျိုးမဟုတ်ဘူး။

တည်ကြည်ခန့်ညားတဲ့လူ။

ခြယ့်ကို မင်း အလိုက်သိပြီး ကြိုးစားရင် ကြိုးစားသလို ဘဝတက်လမ်းရှိသွားမှာပဲတဲ့။

"မင်းကို ဆိုင်ဖွင့်နိုင်လောက်တဲ့အထိ မြေတောင်မြှောက်ပေးမယ်"

သူမရဲ့ အခိုကျျော်လင့်ချက်ကတော့ ကိုယ်ပိုင်လုပ်ငန်းရှင်တစ်ယောက် ဖြစ်နေပါ၏။ အမေနဲ့ မောင်လေးတို့ သက်သောင့်သက်သာ နေထိုင်နိုင်ဖို့ သူမမှာ ကြီးမားတဲ့ဆန္ဒတွေ ရှိနေခဲ့သည်။





မနက်ဖြန် ခြယ် အလုပ်ဆင်းရမယ်။

ခက်နေတာက တစ်ဖက်ခြံက ကိုထွန်းတောက်ကြယ်ပါပဲ။

ခြယ့်ကို စိတ်အနှောင့်အယှက်တွေဖြစ်အောင် အနီးမှာ လာပြီးနေသည်။

အမေသာသိသွားလျှင် ခြယ် ဘယ်လောက်အနေကျုံ့သွားရမလဲ။

အခု အလုပ်ဝင်တာတောင် အလုပ်ရှင်ကို လိုအပ်တာထက်ပိုပြီး အရောတဝင်မနေဖို့ အမေက တတွတ်တွတ်မှာနေတော့သည်။

"သမီးကို အမေ စိတ်ချယုံကြည်လို့ လွတ်လပ်ခွင့်တွေ အပြည့်ပေးထားတာနော် ခြယ်၊ အမေ့ကို ပတ်ဝန်းကျင်မှာ အရှက်တကွဲဖြစ်အောင် မလုပ်ပါနဲ့"

အမေက စည်းစနစ်ကြီးစွာဖြင့် သားသမီးတွေကို ထိန်းချုပ်ထားနိုင်သူ ဖြစ်နေသည်။ ရှိသေလေးစားရတဲ့ အမေ့ဆန္ဒနှင့် ဆန့်ကျင်ပြီး ဘာမှလုပ်ပိုင်ခွင့်မရှိ။

အမေက ချမ်းသာကြွယ်ဝတဲ့ ယောကျ်ားတစ်ယောက်နှင့် ငြိစွန်းသွားမှာ အမေ အစိုးရိမ်ဆုံး ဖြစ်နေလေသည်။

ခြယ် အိပ်တော့မယ်…မနက်ဖြန် အလုပ်ဝင်ရတော့မှာပဲ။ အမြဲတမ်း တက်ကြွရွှင်လန်းနေအောင် ခြယ် ကြိုးစားပြရမှာပဲ။

သူမ အိပ်ဖို့မျက်ဝန်းလေးတွေကို မှိတ်လိုက်တဲ့အချိန်မှာပင်



www.burmeseclassic.com

www.burmeseclassic.com



သူမအခန်းလေးထဲမှာ စမ်းချောင်းလေး စီးဆင်းသံလေးလို တီးလုံးသံလေး ထွက်ပေါ်လာသည်။

"ဟင်"

ဘယ်ကလဲဆိုပြီး သူမ အံ့ဩထိတ်လန့်စွာဖြင့် ရှာနေမိသည်။

ဘာသံလဲ၊ ဒုက္ခပါပဲ…သူမအခန်းလေးထဲမှာ အသံမြည်စရာဆိုလို့ အရမ်းအသံကျယ်တဲ့ နာရီကြီးတစ်လုံးပဲရှိပါတယ်။

ခြယ့်ပါးစပ်ကလည်း ပွစိပွစိပြောရင်း တီးလုံးသံလေး ထွက်နေရာနေရာကို ရှာပြီး ကြည့်လိုက်သည်။

"ဘုရားရေ"

သူမစလင်းဘက်အိတ်လေးထဲမှာ လက်ကိုင်ဖုန်းလေး တစ်လုံးပါလား။ အမေကြားသွားမှာစိုး၍ သူမ ကပျာကယာ ကောက်ယူလိုက်ပြီး ဖွင့်နားထောင်လိုက်မိသည်။

ဒီလက်ကိုင်ဖုန်းလေးက ဘယ်သူလာထည့်ထားတာလဲ။ ကုမ္ပဏီကဖုန်းကိုပဲ သူမ ကောက်ထည့်လာမိတာလား။

သူငယ်ချင်းတစ်ယောက်ရဲ့ လက်ကိုင်ဖုန်းကို ကိုင်တွယ်ကြည့်ဖူး၍ ထိုလက်ကိုင်ဖုန်းလေးကို ပိုင်ရှင်အားပြန်ပေးရန် ဖွင့်ပြီး နားထောင်လိုက်မိသည်။

"ဟဲလို"





"ခြယ်"

"ဟင်…ရှင်…ရှင်"

သူ့အသံကို ကြားလိုက်ရသည်။ ခြယ် တုန်လှုပ်ချောက်ချားစွာဖြင့် ကြောက်လန့်တကြား ဖြစ်သွားရတော့သည်။

ခြယ့်အသံလေးက တိုးတိတ်သွားရတော့သည်။

"ခြယ်"

"ဟင်"

"ဖုန်းကို မပိတ်လိုက်ပါနဲ့နော် ခြယ်၊ ကိုကို ဒီဖုန်းလေးကို မင်းအိတ်လေးထဲ ထည့်ပေးလိုက်တာပါ၊ ခြယ့်အတွက် လက်ဆောင်လေ၊ ကိုကိုလည်း ခြယ်နဲ့ စကားပြောချင်တဲ့အခါ ပြောလို့ရတာပေါ့ကွာ"

"ဘာရှင့် ကျွန်မကို ဘယ်လိုမိန်းကလေးများ ထင်နေလဲ၊ ရှင်နဲ့ မပတ်သက်ချင်ဘူးလို့ ပြောထားပြီးပြီနော်၊ ဒီဖုန်းကိုလည်း ကျွန်မ လွှင့်ပစ်လိုက်မှာ၊ ကျွန်မကို အနှောင့်အယှက်မပေးပါနဲ့လို့ ပြောထားတယ်နော်"

"အနှောင့်အယှက်ပေးတာ မဟုတ်ပါဘူး ခြယ်ရယ်၊ ကိုကိုက ခြယ့်ကို ချစ်မြတ်နိုးလွန်းလို့ပါ၊ ကိုကို့နှလုံးသားတွေထဲက ရိုးသားဖြူစင်စွာနဲ့ ချစ်မိတာပါကွာ"

"မလိုပါဘူး၊ ကျွန်မဘက်က မချစ်နိုင်ပါဘူးလို့ ပြောထား



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီပဲ၊ ကျေးဇူးပြုပြီး ကျွန်မနဲ့ ထပ်မပတ်သက်ပါနဲ့တော့”

“ခြယ် ဖုန်းမပိတ်လိုက်နဲ့ဦးနော်၊ ကိုကို ပြောစရာရှိသေးလို့၊ အဲဒါက ခြယ် အခုအလုပ်ဝင်တဲ့ကုမ္ပဏီက ရဲရင့်က စိတ်မချရဘူးဆိုတာပဲ”

“ဘာရှင့်”

“ခြယ် အလုပ်မဝင်ပါနဲ့”

“ရှင်နဲ့ ဘာဆိုင်လို့လဲ၊ ကျွန်မဘာသာ ကျွန်မ အလုပ်ဝင်တာပဲ၊ လူတွေကို လိုက်အထင်မသေးပါနဲ့”

“ခြယ် ကိုကိုပြောတာ နားထောင်စမ်းပါကွာ၊ ခြယ့်ဘဝလေး တစ်ခုခုဖြစ်သွားမှာ ကိုယ် အရမ်းစိုးရိမ်တာပဲ”

“မလိုပါဘူး ကျွန်မကိုယ်ကျွန်မ ထိန်းသိမ်းထားနိုင်ပါတယ်၊ ရှင် ဘာမှပူစရာမလိုပါဘူး”

“ခြယ် ကိုကို့ကို ယုံပါကွာ၊ ကိုကို့အမေကလည်း အခင်အတန်းမခွဲခြားတတ်ပါဘူး၊ ကိုကို လူကြီးစုံရာနဲ့ ခြယ့်ကို လာတောင်းရမလား”

“ကောင်းပြီလေ…ရှင် ကျွန်မကို ဒီလောက်ချစ်မြတ်နိုးနေရင်လည်း လူကြီးစုံရာနဲ့ လာတောင်းပေါ့”

“တကယ်လား ခြယ်၊ ကိုကို လာတောင်းမှာနော်၊ တကယ်ပဲ လာတောင်းမှာ”





“လာတောင်းလေ ရှင့်စကားတွေ ဘယ်လောက်အထိမှန်လဲဆိုတာ ကျွန်မ စောင့်ကြည့်ရမယ်”

“ကိုကို တကယ်လာတောင်းမှာပဲနော်၊ ခြယ့်ဆီက ဒီလိုစကားမျိုးကြားရတာ ကိုကို အရမ်းဝမ်းသာတယ်ကွာ”

သူမ ဖုန်းကို ဂိတ်ပစ်လိုက်မိသည်။

သူမလို မိန်းကလေးတစ်ယောက်ကို သူ့ဘက်က လူကြီးစုံရာနဲ့ လာတောင်းဖို့ဆိုတာ မဖြစ်နိုင်ပေ။

ဘယ်သူက လက်ခံမှာပဲ။

ရှင့်လို ချမ်းသာကြွယ်ဝတဲ့ အသိုင်းအဝိုင်းက ကျွန်မကို လက်ခံပါ့မလား။

ကောင်းတယ်။ သူလာပြီး မတောင်းနိုင်ဘူးဆိုရင် ခြယ့်ဘက်က ထောက်ပြစရာအကွက်တစ်ကွက် ရသွားပြီပဲ။

ဖုန်းလေးကိုကြည့်ပြီး ခြယ် ဘာလိုလုပ်ရမှန်း မသိတော့ပေ။ ထပ်မြည်လာမှ ကြောက်ပြီး ဖုန်းကို ပိတ်ထားလိုက်မိသည်။

ပိတ်ထားလိုက်တော့လည်း ခြယ့်စိတ်ထဲမှာ ဝမ်းနည်းကြေကွဲလာရသည်။

သူ့အသံတွေကို ကြားချင်လာမိသလို ဖြစ်လာ၍ ဖုန်းကို ပြန်ဖွင့်ထားပစ်လိုက်မိတော့လေသည်။

“ဟော”



www.burmeseclassic.com

www.burmeseclassic.com



စောစောက စမ်းချောင်းလေး ငြိမ့်ညောင်းစွာ စီးဆင်းနေတဲ့ တီးလုံးသံလေး ပြန်ပေါ်လာသည်။ အမေကြားမှာ ကြောက်၍ သူမ ကပျာကယာဖွင့်ပြီး နားထောင်လိုက်ကာ အသံခပ်အုပ်အုပ်လေးနှင့် ပြောရ၏။

"ခြယ်…စောစောက ဖုန်းပိတ်ထားပြီး အခု ပြန်ဖွင့်လိုက်တာ မဟုတ်လား"

သူမ ဘာပြန်ပြောရမှန်းမသိအောင် ကယောင်ကတမ်းလေး ဖြစ်သွားပြီး စိတ်ကွေလည်း လှုပ်ရှားသွားပါသည်။

သူ့အသံတွေကို ကြားမိတိုင်း ခြယ် ရင်ခုန်လှိုက်မောစွာ ခန္ဓာကိုယ်မှာရှိတဲ့ သွေးတွေ ဆူပွက်သွားရတာတော့ အမှန်ပဲဖြစ်သည်။ သူနှင့်ဆုံတွေ့ခဲ့ရပုံလေးတွေကို မေ့ပျောက်ပစ်လို့ မရနိုင်ပေ။

"ခြယ်"

"ကျွန်မကို ထပ်မဆက်ပါနဲ့တော့၊ အမေသိသွားရင် ပြဿနာတွေ အကြီးအကျယ်တက်မှာနော်"

သူမ အသံတိုးတိုးဖွဖွလေးနှင့် ပြောနေမိသည်။

"ထပ်မဆက်စေချင်ရင် ခြယ် ဘာဖြစ်လို့ ဖုန်းဖွင့်ထားလဲ၊ ဖုန်းပိတ်ထားလိုက်လေ"

"ဟင်"

သူ့ရဲ့ ပိုင်စိုးပိုင်နင်းစကားတွေကြောင့် ခြယ် ဒေါသလေး





ဖောင်းသွားရပေမယ့် ခြယ့်အတွင်းစိတ်ကို သူသိသွားတာပင် ကျေနပ်ပီတိတွေ မသိမသာ သူမနှလုံးသားကို ရိုက်ခတ်သွားသည်ဟု ထင်လာမိရသည်။

ရှက်တော့ ရှက်စရာ။

လူချင်းမတွေ့ရတာတောင် ရှက်စိတ်တွေနှင့် တစ်ကိုယ်လုံး နွေးထွေးသွားရတော့သည်။

"ခြယ် ဖုန်းမပိတ်လိုက်ပါနဲ့ဦးနော်၊ ကိုကို ပြောစရာရှိသေးလို့ပါ"

"ပြောစရာရှိရင် မြန်မြန်ပြောပါ၊ ကျွန်မအမေ ကြားသွားရင် ဒုက္ခရောက်လိမ့်မယ်"

အမေကြားမှာကြောက်တဲ့ သူမအသံလေးက တိုးတိုးတိတ်တိတ်လေး ပြောနေရသည်။

"ခြယ်"

"ပြောပါ"

"ရဲရင့်ဆီမှာ အလုပ်မဝင်ပါနဲ့ကွာ၊ ကိုကို့စကားကို နားထောင်စမ်းပါကွာနော်"

"နားမထောင်နိုင်ပါဘူး၊ ကိုရဲရင့်က တည်ကြည်တယ်၊ ကျွန်မကို မရိုးမသား ဘာမှမလုပ်ဘူး၊ ရှင့်လိုလည်း စိတ်ဒုက္ခရောက်အောင်လည်း မလုပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ကိုကိုက ချစ်လို့ပါကွာ၊ ကိုကို့နှလုံးသားတွေထဲမှာ ကိုယ့်ကို အရမ်းချစ်မြတ်နိုးနေမိလို့ပါ၊ ခြယ့်ကို ရင်ခွင်ထဲမှာ ထွေးပွေ့ထားချင်တယ်၊ ခြယ့် နှုတ်ခမ်းလေးကို နမ်းချင်တယ်”

သူမ ဖုန်းကို ဆတ်ခနဲ ပိတ်ပစ်လိုက်မိတော့သည်။

နားမထောင်ရဲတော့လောက်အောင် ရှက်ရဲရဲကြီးဖြစ်သွားရ၏။ ဖုန်းကို ပိတ်ထားလိုက်ပြီး ပြန်မဖွင့်ရဲလောက်အောင် ဖြစ်သွားရသည်။

ကိုရဲရင့်ဆီမှာ အလုပ်မဝင်ဖို့ သူတားနေတာပင် ခြယ်နားထောင်လိုက်ရင် ကောင်းမလားဟု တွေးမိသေး၏။

အမေ့ကို ဘယ်လိုပြောရမလဲ။

အလုပ်ရပြီလို့ အတိအကျ ပြောထားပြီးမှ ဘယ်လိုအကြောင်းပြပြီး အလုပ်မလုပ်တော့ဘူးလို့ ပြောရမလဲ။

“ဒီအလုပ်ရှင်က အရမ်းတည်ကြည်တယ် အမေ၊ သမီးကို အလုပ်ကြိုးစားရင် ကြိုးစားသလောက် မြေတောင်မြှောက်ပေးမယ်တဲ့”

အမေ့ကို ပြောထားပြီးပြီဖြစ်၏။ ဘယ်လိုအကြောင်းပြချက်နဲ့မှ ဖျက်ပစ်ဖို့ဆိုတာ မဖြစ်နိုင်ပေ။

ကိုရဲရင့်က သူမကို တည်တည်ကြည်ကြည် ခန့်ခန့်ညားညား ဆက်ဆံလိုက်တာဖြစ်၏။ ကိုထွန်းတောက်ကြယ် သဝန်





ကြောင်ပြီး တားဆီးတာပဲ ဖြစ်နိုင်လေသည်။

အလုပ်ကိုတော့ လုပ်ရမှာပဲလေ။

ရှင် တားဆီးနေတာက ကျွန်မကို သဝန်ကြောင်ပြီး အလုပ်မလုပ်အောင် တားဆီးချင်နေတာပဲဖြစ်မှာပါ။

သူနဲ့ ခြယ်က ဘာဆိုင်လို့လဲ။

ဒီလူက ခြယ့်ကို စိတ်ဒုက္ခရောက်အောင် လာပြီးလုပ်နေတာပါပဲ။ ဒီဖုန်းကိုတော့ သူ့ဆီ ပြန်ပို့ပေးရမှာပဲ။

“ခြယ့်ကိုချစ်တယ်၊ မြတ်နိုးတယ်၊ ခြယ့်နှုတ်ခမ်းလေးကို နမ်းချင်တယ်”

မကြားချင်ပါဘူးဆိုမှ သူ့အသံတွေက ခြယ့်နားတွေထဲ ဆူညံပွက်လာအောင် တိုးဝင်လာရတော့သည်။

မျက်ဝန်းလေးတွေကို မှိတ်ထားပေမယ့် အတွေးတွေထဲမှာ သူ့ပုံရိပ်တွေနှင့် သူ့အကြောင်းတွေပဲ ထင်ဟပ်လာနေသဖြင့် ခြယ် အော်ဟစ်ပစ်ချင်လာရ၏။

သွားစမ်းပါ…ရှင် ကျွန်မကို မနှောင့်ယှက်ပါနဲ့။

ခြယ် မျက်ဝန်းလေးတွေကို ဇွတ်မှိတ်ပြီး အိပ်ပျော်အောင် ကြိုးစားနေလိုက်မိသည်။

“ကိုကို လူကြီးစုံရာနဲ့ မင်းကို လာတောင်းမယ်၊ ခြယ့်ကို ဘယ်နည်းနဲ့မှ မစွန့်လွှတ်နိုင်ဘူး၊ ကိုကို ခြယ့်ကို အရမ်းမြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com



တယ်''

သူပြောတဲ့စကားတွေကို ခြယ် တမ်းတသတိရရင်း မျက်လုံးတွေကို ဖွတ်မှိတ်ကာ အိပ်ပျော်အောင် ကြိုးစားနေမိတော့သည်။

၁၁



## အခန်း [၁၂]

''သမီးလေး အလုပ်စဝင်ရမယ်ဆိုတော့ အလုပ်မှာ ကြိုးစားဖို့နဲ့ ကိုယ်ကျင့်တရားတွေကို ထိန်းသိမ်းကာကွယ်ဖို့ပဲ အမေ ဆုံးမစကားပြောချင်တယ်ကွယ်''

ဒေါ်မျက်ခြယ်ကတော့ သမီးကို စိတ်မချပေမယ့် ယုံကြည်မှုတော့ ရှိနေသည်။ ဒီအရွယ်ရောက်တဲ့အထိ မိခင်ရဲ့ ဆုံးမသွန်သင်မှုအောက်မှာ ငြိမ်ဝပ်ပိပြားစွာ နေလာခဲ့သော သမီးအလိမ္မာလေး ဖြစ်နေ၏။

''ခြယ်''

''ရှင် အမေ''

''သမီးဘဝကို စတင်ရုန်းကန်ခွင့် ရပြီလို့ပဲ ထင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ကွယ်၊ အမေလည်း အသက်ကြီးပြီ၊ သမီးလေး ဘဝကို ရင်ဆိုင်ရုန်းကန်နိုင်အောင် အမေ လွှတ်လပ်ခွင့်ပေးလိုက်တာပဲ"

"ခြယ့်ကို စိတ်ချပါ အမေရယ်၊ ဘဝအတွက်တော့ နည်းလမ်းမှန်မှန်နဲ့ အောင်မြင်တိုးတက်ရေးက လွဲပြီး ခြယ် ဘာမှ စိတ်မဝင်စားပါဘူးနော်"

"အမေ ယုံပါတယ်၊ သမီးလေးကို အမေ ယုံတယ်၊ မောင်လေးအတွက်လည်း သမီးမှာ တာဝန်ရှိတယ် မဟုတ်လား၊ သမီးလေးလည်း ပညာစုံပြီလေ အမေစိတ်ချပါတယ်"

သမီးလေးက ဒီအရွယ်အထိ အမေ့ဆိုဆုံးမမှုအောက်မှာပဲ နေခဲ့သည်။ ဂုဏ်သိက္ခာမဲ့အောင် မလုပ်ခဲ့။

လှလှပပ ချောမွတ်ဝင်းအိနေတဲ့ သမီးလေးကို ချစ်ခင်နှစ်သက်ပြီး လိုက်ကြတဲ့သူတွေက အများကြီးပါပဲ။ သမီးလေးက မာနတွေနှင့် ကင်းရှင်းအောင်နေပြနိုင်လေသည်။

ဒေါ်မျက်ခြယ် အသက်ကြီးပါပြီ။ အရောင်းအဝယ်က လည်း မကောင်းတော့၍ သားလေးတာဝန်ပင် အနိုင်နိုင်ဖြစ်နေရပြီ။

သားနှင့် သမီး မသိစေရ။ မိမိတစ်ယောက်တည်း ကြိတ်မှိတ်ရုန်းကန် လုပ်ရှားနေရသည်။ ကျန်းမာရေးမကောင်းတော့တာပင် မသိစေရပေ။

"အမေ ခြယ်သွားပြီနော်"





"အေး...အေး"

သမီးလေးခြယ် ထွက်သွားတာကို ကြည့်ပြီး စိတ်မောသွားမိသည်။

လှလိုက်တာ သမီးလေးရယ်...

အမေဖြင့် သမီးလေး တစ်ခုခုများဖြစ်မလားလို့ အမြဲတမ်း စိုးရိမ်ပူပန်နေရတာပါကွယ်။

ဒေါ်မျက်ခြယ် သမီးလေးကိုကြည့်နေရင်း ရင်ဝမှာ စူးအောင့်တက်လာပြီး အသက်ရှူမဝသလို ဖြစ်လာရတော့သည်။

ဒုက္ခပါပဲ...သားလေးကလည်း ကျူရှင်သွားနေသဖြင့် အိမ်လေးထဲမှာ မိမိတစ်ယောက်တည်း ရှိနေ၏။

သမီးလေးခြယ်ကလည်း အလုပ်ကိုသွားပြီ။

အမလေးနော်....အသက်ရှူလို့တောင် မရတော့ဘူး။

ဘယ်လို လုပ်ရမလဲ...

ပတ်ဝန်းကျင်မှာလည်း လူမရှိဘဲ ဒေါ်မျက်ခြယ် မထနိုင်တော့။ အသက်ကို ပြင်းပြစွာရှူရင်း အိမ်နောက်ထဲ ထွက်ထိုင်ဖို့ ကြိုးစားမိသည်။

မောလိုက်တာ...အသက်ရှူလို့ပင် မဝဘဲ ချွေးသီးချွေးပေါက်တွေပင် ကျလာရတော့၏။

"ဒေါ်လေး ဘာဖြစ်လို့လဲဟင်၊ ကျွန်တော် ဘာကူညီရ



www.burmeseclassic.com

www.burmeseclassic.com



မလဲ”

“အမလေးကွယ် မောလို့…အသက်၊ ရှု…လို့… မဝ…ဘူး”

“ဘာမှစိတ်မပူပါနဲ့နော်၊ ကျွန်တော် ဆေးခန်းပို့ပေးမယ်”

ထွန်းတောက်ကြယ် အပြင်ထွက်လာပြီး ခြယ့်နောက်လိုက်မလို့ လုပ်နေစဉ် ခြယ်တို့အိမ်လေးဘက် ကြည့်လိုက်တော့ ခြယ့်အမေ ခွေလဲကျတော့မလိုဖြစ်နေ၍ အိမ်လေးထဲ ဝင်လာခဲ့မိသည်။

ထင်တဲ့အတိုင်းပင် ခြယ့်အမေ မူးနေ၍ ကပျာကယာ အငှားကားနှင့် ဆေးခန်းကို ပို့ပေးလိုက်မိ၏။

သူ စိတ်ပူပြီး ရွှေဂုံတိုင်အထူးကုဆေးခန်းကို တင်လိုက်သည်။ ဆေးဖိုးကုန်ကျစရိတ်တွေအတွက် သူပဲ အကုန်အကျခံလိုက်၏။

ခြယ့်အမေကို အတော်လေးအသည်းအသန် ကုလိုက်ရသည်။ စိတ်ချလောက်ပြီဆိုမှ သူ ခြယ့်ဆီကို အကြောင်းကြားလိုက်မိတော့၏။

“ခြယ် မင်းအမေ ဆေးခန်းရောက်နေတယ်၊ နှလုံးသွေးကြောပိတ်သွားလို့ ကိုကို လာခေါ်မယ်နော်”

“ခြယ် မယုံဘူး၊ မနက်က ကျွန်မနဲ့ စကားပြောနေတာ အကောင်းပဲ၊ ရှင် လိမ်ခေါ်တာပဲ မဟုတ်လား”





“မဟုတ်ပါဘူး ခြယ်ရာ၊ တကယ်ပြောတာပါ၊ မင်းအမေ တကယ်ပဲ ရွှေဂုံတိုင်အထူးကုဆေးရုံကြီးမှာ တင်ထားတယ်၊ ကိုကို လာခေါ်မယ်ကွာ”

သူ ဖုန်းကိုပိတ်ပစ်လိုက်ပြီး ခြယ့်ကို သွားခေါ်မိသည်။

ခြယ်က အောက်မှာ ရဲရင့်နှင့် အတူရှိနေ၏။

“ထွန်းတောက် ခြယ့်အမေက ဘယ်အခန်းမှာလဲ၊ ကိုယ် လိုက်ပို့လိုက်မယ်”

ရဲရင့်အကြောင်းတွေကို ထွန်းတောက် အသိဆုံးဖြစ်၍ ဒီကောင်မလေးကို ကင်းကင်းနေဖို့ပြောကာမှ တပူးတွဲတွဲလုပ်နေသေးသည်။

မိန်းမကျွမ်းကြေတဲ့ ရဲရင့်က မှင်သေသေနှင့် မိန်းကလေးတွေ အထင်ကြီးအောင် လုပ်ပြတတ်၏။

“ခြယ် လာစမ်း မင်းကိုကိုကားနဲ့ပဲ လိုက်ခဲ့၊ ဟော့ကောင် ရဲရင့် မင်းလိုက်ပို့စရာ မလိုဘူး၊ ခြယ့်ကိစ္စ ငါရှင်းမယ်”

ခြယ့်လက်လေးကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး သူ့ကားဆီသို့ ခေါ်ဆောင်လာခဲ့တော့သည်။

ကားထဲ ဝင်စေ၏။

“ခြယ် ရဲရင့်က ဘယ်လိုကောင်မျိုးလဲဆိုတာ မင်း သိလို့လား၊ ဘာဖြစ်လို့ မင်းက ဒီလောက်အထိ အရောတဝင်လုပ်နေရ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ''

သူ ကရုဏာဒေါသောနှင့် ခြယ့်ကို ပြောနေမိလေသည်။

''ရှင် လူတစ်ဖက်သားကို အထင်မသေးပါနဲ့၊ ကိုရဲရင့်က ကျွန်မအလုပ်ရှင်ပါ၊ ကျွန်မအပေါ်လည်း မရိုးမသား မဆက်ဆံဘူး၊ အခု အမေ့ကိစ္စ သူ ကူညီတာ''

''ဘာ''

''ရှင် ဘာဖြစ်နေတာလဲ အမေရော ဘာဖြစ်လို့ ဆေးရုံတင်ရတာလဲ၊ အခု သက်သာသွားပြီလား၊ ကျွန်မ အဲဒါပဲ စိတ်ဝင်စားတယ်''

အမေ့အတွက် အရမ်းစိတ်ပူပြီး အမောတကောမေးနေမိသည်။

''မင်းအမေ အသက်ရှုမဝလို့ တစ်ယောက်တည်း ဝေဒနာတွေ ခံစားနေရလို့ ကိုကို ဝင်ကူညီတာပါ''

''ရှင်က ဆင်းရဲသားယောက်ဆောင်နေပြီး အမေ့ကို ရွှေဂုံတိုင် အထူးကုဆေးရုံကြီး တင်တယ်ဆိုတော့ အမေက ဘယ်လိုထင်မလဲ''

''မသိဘူးကွာ၊ ကိုကိုလည်း စိတ်ပူပြီး တင်လိုက်တာပဲ''

အမေ့အတွက် ခြယ် အတော်လေးစိတ်ပူပင်နေရသည်။

သူ့ကိုလည်း ခြယ့်စိတ်ထဲကနေ ကျေးဇူးတွေ တင်နေမိ





သည်။

''ခြယ်''

''ဟင်''

''ဆေးကုသမှုက ဦးနေပါပြီ စိတ်မပူပါနဲ့တော့၊ ဆေးကုသစရိတ်တွေအတွက် ကိုကို အားလုံး တာဝန်ယူပါတယ်''

''မလိုချင်ပါဘူး၊ ရှင့်ကို ကျေးဇူးတင်ရမယ့် အလုပ်တွေဘာမှ မလုပ်ချင်ပါဘူး၊ ကျွန်မဘက်က ရှင့်ကို ဘာတစ်ခုမှ ပြန်ပေးဆပ်နိုင်မှာ မဟုတ်ဘူးနော်''

အမေ့ကို ကူညီ၍ ကျေးဇူးတင်ပေမယ့် ခြယ့်ဘက်က ပြန်ပေးဆပ်မှုအတွက် မျှော်လင့်ချက်မရှိအောင်တော့ အပြတ်သားဆုံး ပြောထားမိသည်။

သူ့အကြည့်တွေက သူမအား စိုးရိမ်ပူပန်မှုတွေနှင့် ချစ်ခင်မြတ်နိုးမှုတွေ ရောယှက်ကာ စူးစူးစိုက်စိုက်ကြီးဖြစ်နေ၍ ခြယ့်ရင်ထဲမှာ တဆတ်ဆတ် တုန်ခါသွားရတော့၏။

ဘယ်လိုရှောင်လွှဲရမလဲ...

အကြင်နာတွေ အချစ်တွေ ရောပြွမ်းပြီး တောက်ပဝင်းလက်နေတဲ့ အကြည့်တွေကို ရင်မဆိုင်ရဲ၍ အပြင်ဘက်ကိုပဲ အကြည့်တွေ ရွှေ့ပစ်လိုက်ရတော့လေသည်။

သူ စိတ်ပူပြီး ရွှေဂုံတိုင်အထူးကုဆေးရုံကြီး တင်ပေမယ့် ဒီကိစ္စကို ဘယ်လိုရှင်းရမှန်း မသိတော့။ အမေနိုးလာရင် ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းပြရမလဲ။ ငွေကြေးကုန်ကျမှုတွေအတွက် အမေ စိုးရိမ်ပူပန်သွားရမှာလည်း စိုးရသည်။

ဆေးခန်းထဲရောက်တော့ အမေက အိပ်ပျော်နေဆဲပင်။

အမေ့လက်မှာလည်း ဆေးတွေသွင်းလက်စနှင့် အရေးပေါ်ကုသထားရကြောင်း သိသာနေသည်။

"ဒေါ်မျက်ခြပဒ်ရောက်လာတာ မြန်ပေလို့ပဲ၊ နှလုံးသွေးကြော နှစ်ချောင်းပိတ်နေတယ်၊ ကံကောင်းတယ်နော်၊ ဆေးခန်းကို အချိန်မီ ရောက်လာလို့ပဲ"

တာဝန်ကျဆရာက အမေ့ကို လာကြည့်ရင်း ပြောသည်။

ခြယ်ကတော့ ဒီပြဿနာကို ဘယ်လိုရှင်းရမလဲဆိုတာ စဉ်းစားရင်း ခေါင်းတွေပင် ထူပူလာရသည်။

"ခြယ်"

"ဟင်"

"ကိုကို ရှင်းတတ်ပါတယ်ကွာ၊ ခြယ် ဘာမှ စိတ်မရှုပ်ပါနဲ့"

သူကလည်း စိတ်ပူပြီး ရွှေဂုံတိုင်အထူးကုဆေးရုံကြီးတင်လိုက်တာဆိုတော့ ခြယ် အပြစ်တင်ရမှာပင် ခက်နေသည်။

"ကိုကို အခွင့်အရေးယူတာ မဟုတ်ပါဘူး ခြယ်၊ စိတ်ပူပြီး ဒေါ်လေးကို ဒီဆေးခန်းပို့လိုက်မိတာပါ၊ ပြဿနာတွေ အားလုံးကို ကိုကိုပဲ ရှင်းပါ့မယ်"





သူ့လက်ကိုင်ဖုန်းက မြည်လာ၍ ကမန်းကတန်း ဆေးခန်းအပြင်ဘက် ထွက်လာခဲ့ရသည်။

ခြယ်လည်း ထွက်လိုက်လာ၏။

"ရှင်က ဆင်းရဲသားယောင်ဆောင်နေပြီး ကားတွေ လက်ကိုင်ဖုန်းတွေနဲ့ အမေသိသွားရင် ဘယ်လိုလုပ်မလဲ"

"ကိုကို မေ့သွားတာ ခြယ်၊ စိတ်တွေပူထူပြီး ဘာတွေဖြစ်ကုန်မှန်းတောင် မသိတော့ပါဘူး"

သူ့ကိုကြည့်ပြီး ခြယ်သည် ကြင်နာစိတ်တွေပင် ဝင်လာရသည်။

တွေ့ဆုံပတ်သက်ခဲ့ရတဲ့ အဖြစ်အပျက်တွေကြောင့် သူ့နဲ့ အကြည့်ချင်းဆုံမိတိုင်း ခြယ် ရှက်စိတ်တွေက ခြယ်တစ်ကိုယ်လုံးမှာ သွေးတွေကို နွေးထွေးထူပူသွားရမြဲပင် ဖြစ်၏။

"အမေ့ကို ရန်ကုန်ဆေးရုံကြီး ပြောင်းလိုက်ရင် ကောင်းမယ်ထင်တယ် ကိုထွန်းတောက်ကြယ်၊ ဒီဆေးခန်းကြီးမှာ ဆက်တင်ထားရင် အမေ စိတ်လုံမှာ မဟုတ်ဘူး"

ဆေးခန်းသို့ စိုးနောင်ရောက်လာပြီး ပြဿနာကို သူရှင်းမည်ဖြစ်ကြောင်း ပြောသည်။

"ဆေးကုသစရိတ်တွေကို အစ်ကို ကျခံမယ်လို့ပြောမယ်၊ ဒီမှာပဲထားပါ ခြယ်"

"နေပါစေ ခြယ်တို့အတွက် ဒုက္ခရောက်ပါ့မယ်၊ ရန်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံကြီးပဲ ပြောင်းလိုက်မယ်"

"ခြယ်ပြောင်းချင်ရင်လည်း ကိုကို ပြောင်းပေးပါ့မယ်၊ အရေးပေါ်ကုသမှုက ပြီးသွားပြီပဲ"

အမေ့စိတ်တွေကို ခြယ်အသိဆုံးပင် ဖြစ်နေသည်။

"အမေတို့ ဘယ်လိုအခက်အခဲတွေ့တွေ့ အသေခံမယ်၊ ယောကျ်ားလေးမိတ်ဆွေတွေဆီက ငွေကြေးတစ်ပြားတစ်ချပ်တောင် အကူအညီမတောင်းပါနဲ့"

အမေက ခြယ့်ဘဝလေးကို အစွန်းအထင်းဖြစ်သွားမှာ အစိုးရိမ်ဆုံးဖြစ်နေတတ်လေသည်။

ကိုထွန်းတောက်ကြယ်ရော ကိုစိုးနောင်ပါ အမေ့အား ရန်ကုန်ဆေးရုံကြီးသို့ ပြောင်းရန် စီစဉ်ပေးခဲ့ကြ၏။

တော်သေးတာက ရန်ကုန်ဆေးရုံကြီးရောက်မှ အမေ သတိရလာသည်။

"ဟင်...ခြယ် သမီး ရောက်လာပြီလား၊ ဟိုဘက်အိမ်က သူငယ်လေး အမေ့အသက်ကို ကယ်တာပဲ၊ မောင်ထွန်းတောက်ကြယ် ရောက်လာလို့ကွယ်"

အမေ့လက်လေးကို သူမ တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။

"အဒေါ် ဘာမှအားမငယ်ပါနဲ့နော်၊ ကျွန်တော်တို့ အစွမ်းကုန် ကူညီမှာပါ"





"မောင်စိုးနောင်လည်း ရောက်နေပါလား၊ ကျေးဇူးပါပဲကွယ်"

အမေကတော့ ကိုထွန်းတောက်ကြယ်ကို ကျေးဇူးတွေ အများကြီးတင်နေပြီး အသက်သခင် ကျေးဇူးရှင်ပမာ ပြောနေသည်။

ဆေးရုံကို အရောက်စော၍ အသက်အန္တရာယ်ကို စိတ်မပူရတော့တဲ့အတွက် ခြယ် သူ့ကိုတော့ ကျေးဇူးတင်မိသည်။

"ကိုထွန်းတောက်ကြယ်"

"ပြောလေ ခြယ်"

"ရှင် ဒီမှာ ဆက်မနေပါနဲ့တော့၊ ကိုယ့်နေရာကိုယ် ပြန်ပါ၊ ဆင်းရဲဒုက္ခခံနေလို့လည်း အပိုပါပဲနော်"

သူတို့အပြန်မှာ နောက်ကနေ လိုက်လာပြီး ခြယ် ပြောမိသည်။

"မပြန်ဘူး ခြယ်၊ ကိုကိုကတော့ ဒီဘဝမှာပဲ တစ်သက်လုံးနေတော့မှာပါ"

ကိုစိုးနောင်ကားနှင့် သူ ပြန်လိုက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၃]

အမေ ဆေးရုံကဆင်းတော့ သူ့ကို အမေက ကျေးဇူးတွေ တင်နေသည်။ ရိုးသားရည်မွန်တဲ့ သူငယ်လေးပဲဟု အမေ ပြောနေ တတ်၏။

ခြယ်ကတော့ သူ့အကြံအစည်တွေကို သိ၍ စိတ်မောစွာ ဖြင့် သူနှင့်ရင်ဆိုင်ရမှာပင် အကြောက်ကြီး ကြောက်နေမိသည်။

"မောင်ထွန်းတောက်ကြယ်ကို အမေ လေးစားတယ် ကွယ်၊ ရပ်ကွက်ထဲမှာလည်း လူမှုရေးလုပ်ငန်းတွေ အတော်လေး လုပ်တာပဲ"

ရှင် သူတော်ကောင်းယောင်ဆောင်နေတာပဲ မဟုတ်လား။ ခြယ်ကတော့ ယောကျ်ားတွေကို သိပ်ပြီး အထင်မကြီးချင်





ပါဘူး။

ရှင်တို့လို ချမ်းသာကြွယ်ဝတဲ့ ယောကျ်ားတွေကို ပိုပြီး တောင် အထင်မကြီးသေးတယ်။

"မောင်ထွန်းတောက်ကြယ်က သားကိုလည်း စာသင် ပေးမယ်တဲ့၊ ပညာလည်း တတ်တာပဲကွယ်၊ သူက ဘဝကို အောင် မြင်တိုးတက်အောင် လုပ်မယ်တဲ့"

အမေ့အကြိုက်တွေကို သူလိုက်လုပ်နေတာပဲ ဖြစ်သည်။

"အမေ့အသက်ကိုလည်း သူကယ်ခဲ့တာလေ၊ ဒီသူငယ် မဆိုးဘူး"

အမေက ခြယ့်ကို အိမ်ထောင်ပြုမယ်ဆိုရင်တောင် ဘဝတူ ဖြစ်ပြီး ကြိုးစားရိုးသားတဲ့ သူငယ်တစ်ယောက်ပဲ ဖြစ်စေချင်သည်။

"အမေ"

"ဟင်"

"နေကောင်းလား"

"အင်း…ကောင်းပါတယ် သမီးရယ်"

"ဒါဆို ခြယ် ကုမ္ပဏီကို သွားမယ်နော်"

"သွားလေ သမီး"

သူမကို ကုမ္ပဏီက အကြိုအပို့လုပ်ပေးမည်ဟု ပြောထား ပေမယ့် လောလောဆယ်တော့ မကြိုနိုင်သေးပေ။



www.burmeseclassic.com

www.burmeseclassic.com



ကားဂိတ်ကို ခြယ်ရောက်တော့ သူက ကားနှင့်ရောက်နှင့်နေလေသည်။

"ခြယ် ကားပေါ်တက်ပါ"

"မတက်ပါဘူး၊ ကျွန်မ ဘတ်စ်ကားနဲ့ပဲ သွားမှာပါ၊ ရှင် ဒီအနားမှာ ကားကြီးနဲ့ သွားလာနေရင် အမေ သိသွားလိမ့်မယ်"

"ဘာမှပြောမနေပါနဲ့ ခြယ်ရာ၊ ကားပေါ်ကို တက်စမ်းပါ၊ တော်ကြာ လူသိသွားလိမ့်မယ်"

ခြယ် စိတ်ညစ်ညစ်နှင့် သူ့ကားပေါ် တက်ထိုင်လိုက်မိတော့သည်။ ပတ်ဝန်းကျင်မှာ အသိများရှိမလားလို့ ကြည့်ရင်း မရှိမှ စိတ်အေးသွားရတော့၏။

"ခြယ်"

သူ့အကြည့်စူးစူးတွေက ခြယ့်မျက်ဝန်းလေးတွေထဲ ထိုးဖောက်ဝင်တော့မတတ် စူးရှတောက်ပနေပြီး ခြယ်ပင် ရှက်ကိုးရှက်ကန်း ဖြစ်သွားရပြီး ရင်တွေ တဒိတ်ဒိတ်ခုန်လာရသည်။

အကြည့်ကိုလွှဲပြီး ခြယ် နှုတ်ခမ်းသားလေးတွေကို စုတင်းထားပစ်လိုက်သည်။

ရှင် ဘယ်လိုလူလဲ…ခြယ့်ဘက်က မဖြစ်နိုင်လို့ ရှောင်နေကာမှ သူက ဖွတ်အတင်းပင် တိုးဝင်ဖို့ ကြိုးစားနေ၏။





"ဒီအလုပ်ကနေ ထွက်လိုက်ပြီး ကိုကို့ကုမ္ပဏီမှာ ဝင်လုပ်ပါလားကွာ"

"မဖြစ်နိုင်ဘူး၊ ရှင့်လို မရိုးသားတဲ့လူတစ်ယောက်အနားမှာ ကျွန်မ အလုပ်မလုပ်နိုင်ဘူး"

"ခြယ့်ကို မရိုးသားတာ မဟုတ်ပါဘူးကွာ၊ ချစ်တာပါ၊ မြတ်နိုးတန်ဖိုးထားတာပါ"

သူမအား အချစ်ရည်တွေ ပြည့်လျှံနေတဲ့ မျက်ဝန်းတွေနှင့် စူးရဲစွာကြည့်နေတဲ့ အကြည့်တွေကို ခြယ် ရှောင်ရှားနေရတာပင် စိတ်မလုံသလိုကြည့်ပြီး ဖြစ်နေရသည်။

"ခြယ့်ကိုချစ်တယ်"

သူ့ရဲ့ တိုးတိတ်ညင်သာတဲ့အသံတွေက ခြယ့်နားထဲသို့ တသိမ့်သိမ့်တိုးဝင် စီးဆင်းသွားရတော့သည်။

ခြယ် မငြင်းပယ်လိုတော့ပဲ ရှင့်ကိုလည်း ကျွန်မ ချစ်ပါတယ်လို့ ပြောပစ်လိုက်ချင်နေမိသည်။

ကိုကို့ကို ကျွန်မ ချစ်ပါတယ်။

ချစ်တယ်လို့ အခွင့်အရေးမျိုး ကျွန်မ ရချင်လိုက်တာ။

သူ့ကို ခြယ့်နှလုံးသားတွေထဲကလည်း ချစ်မိနေပြီဆိုတာ ဝန်ခံရတော့မလို ဖြစ်နေမိလေသည်။

အမေက ခြယ့်ကို ဘဝတူထဲက ရိုးသားကြိုးစားတော့



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်နှင့်ပဲ လက်ထပ်ဖို့ ရွေးချယ်စေချင်ခဲ့၏။

ချမ်းသာကြွယ်ဝတဲ့ ယောကျ်ားတွေကို အမေက လက်ထပ်ဖို့ လုံးဝသဘောမတူနိုင်ဘူးတဲ့။

"ခြယ်"

"ပြော"

"ဒီအလုပ်မှာ ခြယ့်ကို လုပ်ခွင့်မပေးနိုင်တော့ဘူး"

"ကျွန်မ အမေ့ကို ပြောထားပြီးပြီ၊ ကျွန်မအမေက အရမ်းစည်းစနစ်ကြီးတာပါ၊ ကိုယ်ကောင်းရင် ဘယ်လိုယောကျ်ားမျိုးကမှ ထိပါးနှောင့်ယှက်တာမျိုးတွေ မလုပ်ရဲပါဘူးတဲ့"

ခြယ် ခေါင်းမာစွာဖြင့် ငြင်းဆန်နေမိသည်။

ရှင့်ကို ခြယ် ချစ်ပါတယ်လို့ပြောဖို့ အခွင့်အရေးမရှိနိုင်ပါဘူး ကိုထွန်းတောက်ကြယ်ရယ်။

အမေက ဘဝနဲ့ရင်းပြီး ပေးဆပ်ခဲ့ရလို့ ခြယ့်ကို အရမ်းထိန်းချုပ်တာတွေ ကာကွယ်တားဆီးတာတွေ လုပ်နေတာပါ။

"ကိုကိုကတော့ ဒီအလုပ်ကို လုံးဝလုပ်ခွင့်မပေးနိုင်တော့ဘူး၊ ရဲရင့်အနားမှာ ခြယ် မနေရဘူး"

"ရှင် မနာလိုဝန်တိုဖြစ်ပြီး တားဆီးနေတာပဲ မဟုတ်လား၊ ဆရာက ခြယ့်ကို မရိုးမသားတောင် မကြည့်ဘူး"

ရဲရင့် ဟန်ဆောင်နေတာဖြစ်ကြောင်း ခြယ့်ကိုပြောရင်





လည်း ယောကျ်ားတန်မဲ့ အတင်းပြောသည်ဟု အထင်သေးသွားမှာ သူအကြောက်ဆုံးပင် ဖြစ်သည်။

"ထွန်းတောက်ကြယ်...မင်း ကိုယ့်အကြောင်းတွေ မကောင်းမပြောနဲ့နော်၊ ခြယ်က မင်းနဲ့ ဘယ်လိုမှ မပတ်သက်သေးဘူး၊ ကိုယ့်မှာလည်း ကြိုးစားပိုင်ခွင့်ရှိသေးတယ်"

ရဲရင့်က သူ့ကိုပါ နှောင့်ယှက်မှာစိုး၍ ရဲရင့်အကျင့်စရိုက်တွေ ပြောပြဖို့ အခက်တွေ့နေရတော့သည်။

ခြယ့်ကိုပဲ ရဲရင့်ကုမ္ပဏီမှာ မလုပ်ဖို့ စည်းရုံးပြောဆိုနေရပြီ။

"ခြယ့်ကို ရှင့်အနေနဲ့ ဘာမှတားဆီးပိုင်ခွင့် မရှိဘူး၊ ခြယ့်ကို ကုမ္ပဏီကိုပဲ ပို့ပေးပါ၊ ရှင် ဘယ်လိုပဲဟန်ဆောင်နေပါစေ တစ်နေ့ အလိမ်ပေါ်သွားရင် မကောင်းပါဘူး၊ ရှင် လူကြီးလူကောင်းတစ်ယောက်ပဲ၊ ကိုယ့်နေရာမှန် ကိုယ်ပြန်နေပါ"

"မနေဘူးကွာ၊ ဟိုရှေးရှေးတုန်းက သူဌေးသား မာဒဂ်က သူတောင်းစားယောင်ဆောင်ပြီးတောင် အချစ်ကို ရယူပိုင်ဆိုင်ဖို့ ကြိုးစားခဲ့သေးတာပဲ"

"ဒုက္ခပါပဲနော် ရှင့်ကို ခြယ် ဘယ်လိုနည်းနဲ့မှ မချစ်ဘူးလို့ ပြောထားပြီးပြီပဲ၊ ခြယ့်ဘဝ ကိုးတက်လမ်းတွေအတွက် ကိုယ့်ခွန်ကိုယ့်အားနဲ့ပဲ ကြိုးစားချင်တာပဲ"

ခြယ်ရယ်...မင်းရဲ့စိတ်ဓာတ်တွေကို လေးစားပြီး ချစ်မြတ်



www.burmeseclassic.com

www.burmeseclassic.com



နိုးလွန်းနေပါပြီ။

ဂုဏ်တွေ ပကာသနတွေ စည်းစိမ်ချမ်းသာတွေကို ဘေးဖယ်ထားပြီး ခြယ့်ကို ကိုယ် ရယူပိုင်ဆိုင်ချင်ပါတယ်။

ခြယ့်ကို ခြံကြီးတစ်ခြံထဲသို့ သူ ခေါ်ဆောင်လာခဲ့မိတော့သည်။

"ရှင်...ကျွန်မကို ဘယ်ခေါ်လာတာလဲ၊ ကျွန်မ အလုပ်ဝင်ရမယ်"

ခြယ် သတိမေ့လျော့ပြီး သူခေါ်ဆောင်ရာနောက်ကို လိုက်ခဲ့မိကာ ခြံကြီးတစ်ခြံထဲ ဝင်သွားမှ သတိရပြီး တထိတ်တလန့်နှင့် ပြောလိုက်မိသည်။

"ခြယ်နဲ့ အေးအေးဆေးဆေး ပြောစရာရှိလို့ပါ"

"ရှင်ပြောစရာရှိရင် ပြောပါလား၊ ကျွန်မကို ဒီအထိဘာဖြစ်လို့ ခေါ်လာရတာလဲ၊ ရှင် ကျွန်မကို အထင်သေးပြီး ဒီကို ခေါ်လာတာလား ကိုထွန်းတောက်ကြယ်"

ခြယ်ပြောနေတဲ့စကားတွေကို ဆက်နားမထောင်တော့ဘဲ ခြယ့်လက်လေးကို ဆွဲပြီး တိုက်ကြီးထဲ ခေါ်လာခဲ့မိသည်။

"ကျွန်မလက်ကို လွှတ်ပါ၊ ရှင်ဘာလုပ်တာလဲ၊ ကျွန်မ ရှင်ထင်ထားသလို အပေါစားမိန်းကလေးတစ်ယောက် မဟုတ်ဘူးနော်"





ခြယ့်လက်ကို မလွှတ်ဘဲ တိုက်ကြီးထဲကို ဖွတ်ခေါ်လာသည်။

တိုက်ကြီးထဲမှာ လူမတွေ့၍ ခြယ် အထိတ်တလန့်နှင့် ပြန်ထွက်သွားရန် ကြိုးစားပေမယ့် သူ့လက်တွေက ခြယ့်လက်ကလေးကို မြဲမြဲစွာ ဆုပ်ကိုင်ထားနေသည်။

နန်းတော်ကြီးတမျှ ခမ်းနားနေတဲ့ တိုက်ကြီးထဲမှာ သူမနှင့် ကိုထွန်းတောက်ကြယ်သာ ရှိနေ၍ ရင်တွေ တသိမ့်သိမ့်တုန်ကာ သူမအကြည့်တွေက ပြေးပေါက်ကို ရှာနေမိသည်။

"ခြယ် ဒီတိုက်ကြီးက မင်းကိုစတွေ့မှ ကိုကို ဝယ်လိုက်တာပါ၊ မင်းနဲ့အတူနေဖို့လေ"

"ဘာဆိုင်လဲ၊ ရှင်နဲ့ကျွန်မ ဘာမှမဆိုင်ဘူး၊ ဒီစည်းစိမ်ဥစ္စာတွေ ရှင် ဘယ်လောက် မက်လုံးပေးပါစေ ကျွန်မ လုံးဝမမက်ဘူး"

ခပ်စွာစွာလေးနှင့် ဒေါသတကြီး ရန်တွေ့ပစ်လိုက်မိသည်။

"မင်းမက်မောတာတွေ မမက်မောတာတွေ ကိုကို ဘာမှမသိဘူး၊ မင်းနဲ့လက်ထပ်ဖို့ ကိုကို စီစဉ်ထားပြီးပြီ"

"ကျွန်မ လက်မခံဘူး"

တင်းတင်းမာမာနှင့် ငြင်းဆန်နေစဉ် ကောင်မလေးနားသို့ သူ တိုးကပ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖူးဖူး ဝင်းဝင်းအိအိလေးက သေသေချာချာကြည့်တော့မှ ပိုပြီး စွဲမက်ဖွယ် ရင်ခုန်လှုပ်ရှားဖွယ် အလှပိုင်ရှင်မလေး ဖြစ်နေ၍ ပို၍ပင် ချစ်ခင်မြတ်နိုးသွားရလေသည်။

မင်းကို ဘယ်လိုနည်းနဲ့မဆို ရယူဖို့ ဆုံးဖြတ်ထားပြီးပြီ ခြယ်၊ ကိုကို ပိုင်ဆိုင်တဲ့ အရာအားလုံးထက် မင်းကို ပိုပြီးတန်ဖိုးထားနေမိတယ်။

"ရှင်…ရှင်"

ခြယ့်ကိုယ်လုံးလေးက နောက်ဆုတ်ရင်း နံရံမှာ ကပ်သွားပြီး မျက်ဝန်းဝိုင်းဝိုင်း ပြူးပြူးလေးများဖြင့် ထိတ်လန့်တကြား ကြည့်နေသည်။

"ခြယ်"

"ဟင်"

"ခြယ့်ကိုချစ်တယ်"

ရှင့်ကို ကျွန်မ မချစ်ဘူးဆိုပြီး ငြင်းဆန်တော့မည့် ခြယ့်နှုတ်ခမ်းသားလေးဆီမှ ငြင်းဆန်သံလေး ထွက်မလာခင် သူမ မျက်နှာလေးကို ဆတ်ခနဲယူ၍ သူ့ပါးပြင်နှင့် ထိကပ်ထားလိုက်သည်။

"ရှင်…ရှင် ဘာလုပ်တာလဲ၊ လွှတ်…ကျွန်မကို လွှတ်နော်"



BURMESE CLASSIC .com



"မလွှတ်ဘူးကွာ…မင်းကို အရမ်းချစ်တယ်၊ ချစ်တယ် ခြယ်ရယ်၊ ကိုကို့နှလုံးသားတွေက ခြယ့်ကို အရမ်းချစ်မြတ်နိုးနေပြီ"

ခြယ့်ကိုယ်လုံးလေးကို ဆွဲယူကာ တင်းကျပ်စွာ ဖက်ထားလိုက်ပြီး အနမ်းမိုးလေးတွေ ရွာပစ်လိုက်မိလေတော့သည်။

မထူးတော့ဘူး ခြယ်…ကိုကို့ကို မင်း ဘယ်လိုပဲထင်ပါစေတော့ မင်းအချစ်တွေကို ရယူ[?] ကိုကို ကြိုးစားရတော့မယ်ကွာ။

သူ ခြယ့်ကို ခေါ်ဆောင်လာတုန်းကတော့ ဒီလိုအချစ်တွေ အကြောင်းမှာ အယုအယတွေပေးဖို့ မရည်ရွယ်ခဲ့ပါ။

ရိုးသားစွာဖြင့် သူ ဖြစ်ချင်တာတွေကို ပြသဖို့ပင်။

ချောမောလှပ ဝင်းအိနေတဲ့ ကောင်မလေးတစ်ယောက်ကြောင့် သူ့စိတ်တွေကို ထိန်းချုပ်ထားနိုင်တဲ့ အင်အားတွေ ကင်းမဲ့သွားရလေသည်။

"ခြယ့်ကို ချစ်တယ်၊ ကိုကို အရမ်းချစ်တာပဲကွာ၊ ကိုကို့နှလုံးသားတွေထဲမှာ စူးနစ်တိုးဝင်ပြီး ဘယ်လိုမှ ထိန်းချုပ်နိုင်စွမ်း မရှိတော့အောင် ချစ်မိတာပါ"

ရုတ်တရက်တော့ သူ့အချစ်ရေယဉ်ကြောမှာ မျောပါသွားပြီး ရုန်းထွက်ဖို့ပင် မေ့လျော့သွားပါသည်။

ခြယ့်နှလုံးသားတွေထဲမှာလည်း ကိုကို့ကို ခြယ် ချစ်မိသွားပြီဖြစ်ကြောင်း သိလိုက်ရပေမယ့် သူမစိတ်တွေကို အလိုမလိုက်ချင်



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ခွင်ထဲကနေ ရုန်းထွက်ဖို့ ကြိုးစားလိုက်၏။

သူ့ရင်ခွင်ထဲကနေ ရုန်းထွက်နေပေမယ့် သူ့လက်တွေက သံန်မာတင်းကျပ်စွာ ဖက်ထားပြီး ရုန်းမရ။ ခြယ့်တစ်ကိုယ်လုံးမှာ ရှိနေတဲ့ သွေးတွေက ဆူပွက်လာပြီလားဟုပင် ထင်မှတ်လာရသည်။

"ဖယ်…လွှတ်ပါ၊ ရှင် ကျွန်မကို ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ၊ ဖယ်ပါ"

ကိုကိုရယ်…

ကျွန်မမှာ ငြင်းဆန်နိုင်တဲ့အင်အားတွေ မရှိတော့ပါဘူးနော်။

ကိုကို့ကို ကျွန်မချစ်မိနေပြီ ထင်ပါတယ်။

အင်အားတွေ လျော့နေသည်။ ရုန်းထွက်ရင်းပင် ကျွန်မ မောဟိုက်နွမ်းနယ်လာရပြီ။

ကိုကို့ရဲ့ ကြမ်းတမ်းတဲ့ အချစ်တွေကို ကျွန်မ တွန်းလှန်ဖြိုဖျက်ဖို့နေနေသာသာ အိပ်မက်ထဲမှာ လမ်းလျှောက်နေရသလို လေပြည်ထဲမှာ ခန္ဓာကိုယ်က လွင့်မျောနေသည်ဟုပင် စိတ်က ထင်မှတ်နေရလေသည်။

"ခြယ်"

အဆုံးစွန်သော အချစ်အိမ်လေးသို့ မရောက်ခင်မှာတော့ သူ့ဘက်က ထိန်းချုပ်လိုက်တော့သည်။

ခြယ့်ကိုယ်လုံးလေးကို သူ တင်းကျပ်စွာ ပွေ့ဖက်ထားရာ





မှ လွှတ်ပေးလိုက်တော့၏။

စိုလက်တောက်ပနေတဲ့ မျက်ဝန်းအကြည့်စူးစူးတွေကို ရှောင်ဖယ်ရင်း ခြယ် ထလိုက်ဖို့ ကြိုးစားစဉ် ခန္ဓာကိုယ်လေးက ယိုင်သွားသဖြင့် သူ့လက်တွေနှင့် ဆွဲယူထိန်းထားလိုက်သည်။

"ကျွန်မကို ပြန်ပို့ပါ"

ကိုထွန်းတောက်ကြယ်က သူမစကားတွေကို လက်မခံသေးဘဲ သူမလက်ကိုဆွဲပြီး တိုက်ကြီးရဲ့ မီးဖိုဆောင်ဘက်ကို ခေါ်ဆောင်သွားလေသည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၄]

"ကျွန်မကို ဘယ်ခေါ်သွားမလို့လဲ၊ ရှင် အရမ်းလွန်နေပြီ နော်၊ ရှင်နဲ့ကျွန်မ ဘာမှမဆိုင်သေးဘဲနဲ့ ဘာဖြစ်လို့ ဒီလောက်အထိ ပိုင်စိုးပိုင်နင်း လုပ်ရတာလဲ"

အခုမှပင် သူမစိတ်တွေ အသိဝင်လာပြီး ရှက်စိတ်တွေနှင့် တစ်ကိုယ်လုံးထူပူကာ ခြေလှမ်းတွေကို ရပ်ပစ်လိုက်မိတော့သည်။

ဘယ်ကို ခေါ်သွားဦးမလို့လဲ။

ခြယ့်ကို အထင်အမြင်သေးစွာဖြင့် ပြုမူလိုက်တာပဲဟု တွေးမိပြီး မျက်ရည်တွေက ခြယ့်မျက်ဝန်းလေးတွေထဲမှာ ပြည့်လျှံလာရသည်။

"ရှင်···ရှင် ကျွန်မကို အထင်သေးပြီး စော်ကားတာပဲ၊





ရှင့်ကို ကျွန်မ အထင်မကြီးဘူး၊ ရှင့်စည်းစိမ်ဥစ္စာတွေလည်း ကျွန်မ လုံးဝမမက်ဘူး၊ ကျွန်မ ရိုးသားတည်ကြည်တဲ့ ယောကျ်ား တစ်ယောက်ကိုပဲ အထင်ကြီးတယ်"

ခြယ် ရှက်စိတ်တွေရော နာကြည်းမုန်းတီးစိတ်တွေပါ ရောယှက်ပြီး ဒေါသတွေ ပေါက်ကွဲလာရသည်။

အဖိုဆိုလို့ ယင်ဖိုတောင် မသန်းဖူးခဲ့တဲ့ ခြယ့်တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲမှာ သူပြုမူချင်တိုင်း ပြုမူနေတာကို ခံနေရ၏။

မေမေသာ သိရင် ဘယ်လောက်အထိ ခံစားရမလဲ။

"ခြယ် ကိုကို တောင်းပန်ပါတယ်၊ ဒီကိုခေါ်လာမိတာ ခြယ့်ကို ကိုကို ဘယ်လောက်အထိ ချစ်မြတ်နိုးကြောင်း သက်သေ ပြဖို့ တစ်ခုပါပဲကွာ"

သူကတော့ မျက်နှာငယ်လေးနှင့် ခြယ့်ကို တောင်းပန်နေ သည်။

"ကိုကို တောင်းပန်ပါတယ်ကွာ၊ အနူးအညွတ် တောင်းပန်ပါတယ်၊ နောက်ဆို ခြယ့်ကို လက်ဖျားနဲ့တောင် မထိ တော့ပါဘူး၊ ခြယ် ကျေနပ်ပါ"

"ကျွန်မကို ပြန်ပို့ပါ၊ ကုမ္ပဏီမှာ ကျွန်မတာဝန်ရှိသေး တယ်၊ ကိုရဲ့ရင့်က ရှင့်လိုလူမျိုး လုံးဝမဟုတ်ဘူး၊ မရိုးသားတဲ့ အကြည့်နဲ့တောင် ကျွန်မကို မကြည့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်တွေကို မထိန်းချုပ်နိုင်၍ ခြယ့်အပေါ် မရိုးမသား ကြံစည်မိသလို ဖြစ်သွား၍ စိတ်မကောင်းစွာဖြင့် ခြယ့်ကို တောင်းပန်နေမိသည်။

"ကိုကိုမှားပါတယ် ခြယ်ရယ်၊ အနူးအညွတ် တောင်းပန်ပါတယ်ကွာ၊ မင်းကို ချစ်မြတ်နိုးလွန်းလို့ပါ"

ခြယ့်ကို စတင်တွေ့ဆုံပြီးကတည်းက ဒီတိုက်ကို ဝယ်ပြီး သူ မွမ်းမံပြင်ဆင်နေခဲ့မိသည်။

တိုက်နှင့်ခြံကို ဝယ်တာပင် ခြယ့်နာမည်နှင့် ဝယ်ခဲ့မိ၏။

"ဒီတိုက်ကြီးကို ခြယ့်နာမည်နဲ့ ကိုကိုဝယ်တာပါ၊ စာချုပ်မှာတောင် ခြယ် လက်မှတ်ထိုးဖို့ ကွက်လပ်ချန်ထားသေးတယ်၊ ကိုကို အခုရောက်လာတာလည်း ခြယ့်ကို စာချုပ်မှာ လက်မှတ်ထိုးခိုင်းဖို့ပါ ခြယ်"

"ဘာလက်မှတ်မှ မထိုးနိုင်ဘူး၊ ရှင့်ကို ဘယ်သူက ချစ်ပါတယ်လို့ ပြောသေးလဲ၊ ရှင်နဲ့ အတူနေပါ့မယ်လို့ ပြောသေးတာမှ မဟုတ်တာပဲ"

အခုလို အခြေအနေမျိုးမှာ ခြယ့်အနေနှင့် သူ့ကို ချစ်ပါတယ်လို့ပင် ပြောရန် ခက်သွားရလေသည်။

စည်းစိမ်ဥစ္စာတွေပြပြီးမှ ခြယ့်ဘက်ကနေ ရှင့်ကို ချစ်ပါတယ်လို့ ဘယ်တော့မှ မပြောတော့ဘူး။





"ရှင်လုပ်နေတာတွေကို ရပ်တန်းကရပ်ပါ၊ ကျွန်မကို လုံးဝမျှော်လင့်မနေဖို့ အပြတ်သားဆုံး ပြောပါရစေ"

ခြယ့်မျက်ဝန်းတွေထဲမှာ သူ့အပေါ် ချစ်မိနေပြီဖြစ်ကြောင်း အရိပ်လက္ခဏာတွေကို သူမြင်တွေ့သွားမှာ စိုး၍ ခြယ့်အကြည့်တွေကို လွှဲထားမိသည်။

စည်းစိမ်ဥစ္စာတွေကို ပြပြီးမှ ကျွန်မက ရှင့်ကိုချစ်တယ်လို့ ပြောရမလား...

"ကဲပါကွာ...ကိုကို တောင်းပန်ပြီးပြီပဲ၊ ခြယ်နဲ့ ကိုကိုတို့ မိတ်ဆွေအဖြစ်နဲ့ပဲ ဆက်ပြီး ခင်မင်သွားကြမယ်၊ မီးဖိုခန်းထဲမှာ တစ်ခုခုသွားစားပြီးမှ ပြန်ကြမယ်နော်"

"မစားပါဘူး ကျွန်မ ပြန်တော့မယ်၊ ကျွန်မကို လိုက်ပို့ပါ၊ ရှင့်ဘက်က ရိုးသားတယ်ဆိုရင် ကျွန်မရဲ့ တောင်းဆိုမှုတွေကို လိုက်လျောဖြည့်စွမ်းပေးပါ"

သူနှင့်နှစ်ယောက်တည်း ဆက်နေလျှင် ခြယ်ပင် စိတ်တွေပျော့ပြီး သူ့လက်ခုပ်ထဲကရေ ဖြစ်ရတော့မည်။

ခြံကြီးနှင့် တိုက်ကြီးကို ခြယ် မမက်မောပေမယ့် သူ့ကိုတော့ စတွေ့စဉ်ကပင် ရင်ခုန်လိုက်မောနေမိခဲ့သည်။

ခြယ်နှင့် သူ တွေ့ဆုံစဉ်ကလည်း ထူးဆန်းစွာဖြင့် ရင်ခုန်လိုက်မောဖွယ်အတိ ဖြစ်ခဲ့ကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခြယ်…ကော်ဖီလေးတစ်ခွက်လောက်တော့ သောက်သွားပါ ခြယ်ရယ်နော်၊ နောက်ဆို ခြယ်မကြိုက်တဲ့ အပြုအမူတွေ ရှောင်ပါ့မယ်၊ ကိုကို ကတိပေးပါတယ်"

ကိုကိုတဲ့…

ခြယ့်နှလုံးသားတွေထဲမှာလည်း ကိုကိုဆိုတဲ့ အသုံးအနှုန်းလေးက နူးညံ့ရင်ခုန်စွာဖြင့် မသိမသာ တိုးဝင်နေသည်။

အချစ်ဆိုတာတွေကို မစဉ်းစားချင်တော့ဘဲ ငြင်းဆန်ဖို့အတွက်ပဲ ခြယ့်မှာ လုပ်ပိုင်ခွင့်ရှိနေတာမျိုး ဖြစ်၏။

ကျွန်မကို လူကြီးစုံရာနဲ့ လာတောင်းပါဆိုတဲ့ စကားတွေ ပြောရန် ဝန်လေးနေမိသည်။

ရှင်ကိုယ်တိုင်လည်း ခြယ့်ကို လူကြီးစုံရာနဲ့ လာတောင်းမယ်လို့ ပြောပြီးမှ ရှင် မဖြစ်နိုင်လို့ လာမတောင်းတာပဲ မဟုတ်ဘူးလား။

"ခြယ့်ကို ပြန်ပို့ပါ့မယ်၊ ဒါပေမဲ့ ကိုယ့်အပေါ်တော့ မရက်စက် မစိမ်းကားပါနဲ့နော်၊ ရဲရင့်ဆီမှာလည်း အလုပ်မလုပ်ပါနဲ့ကွာနော်"

"အဲဒါ ကျွန်မကိစ္စပါ၊ ရှင်လာပြီး တားဆီးလို့မရဘူး၊ ကျွန်မအမေရဲ့စိတ်ထဲမှာ စနောင့်စနင်းဖြစ်သွားမှာ မလိုလားဘူး၊ အမေ နေမကောင်းဘူးဆိုတာ ရှင်သိတာပဲဟာ"





ဒီကုမ္ပဏီက အရမ်းကောင်းတာပဲ အမေဟု ခြယ် ပြောထားပြီးမှ ဘယ်လိုလုပ်ပြီး အလုပ်ထွက်ရမလဲ။

အလုပ်ရှင်ကလည်း ခြယ့်ကို ဘာမှမဖွယ်မရာလုပ်တာ မရှိပေ။

ရှင့်သဘောတစ်ခုတည်းနဲ့ ကျွန်မက ဒီအလုပ်က ရပ်ရမလား။

ကုမ္ပဏီသွားဖို့က အချိန်မီသေး၍ ခြယ် ပြန်ဖို့ပဲ တတွတ်တွတ် ပြောနေမိတော့သည်။

"ကျွန်မအမေ ကိစ္စရှိလို့ ကုမ္ပဏီကို ဖုန်းဆက်ရင် ကျွန်မရှိနေမှ ဖြစ်မှာနော်၊ မရှိရင် အမေစိတ်ပူလိမ့်မယ် ပြန်ပါရစေ၊ ရှင် ဒီလောက်အထိ ကျွန်မအပေါ် ပြုမူရရင် ကျေနပ်ပါတော့နော်"

"ခြယ် ကိုကိုမှားသွားပါတယ်၊ ခြယ့်ကို ယုတ်မာကောက်ကျစ်တဲ့ အကြံအစည်နဲ့ ခေါ်လာတာ မဟုတ်ပါဘူးကွာ၊ ခြယ်နဲ့ ကိုကိုတို့ နှစ်ယောက်အတွက် အချစ်စံအိမ်လေး ဖန်တီးထားတာကို ပြချင်လို့ပါ"

"အို…ရှင့်ကို ဘယ်သူက ချစ်တယ်လို့ ပြောလို့လဲ၊ ရှင်နဲ့ အတူနေဖို့ ဘယ်တုန်းကမှလည်း စိတ်ကူးထဲမှာတောင် မရှိဖူးဘူး"

ဆင်ခြေဖုံးရပ်ကွက်ထဲက ကောင်မလေးတစ်ယောက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



မာနကို သူ့အထင်ကြီးပြီးရင်း ကြီးကာ ချစ်မြတ်နိုးပြီးရင်း ချစ်မြတ်နိုးနေခဲ့ရသည်။

နှုတ်ခမ်းဖူးဖူးလေးတွေ စူတင်းပြီး စွာတေးလန်နေတဲ့ မာန မျက်ဝန်းလေးတွေထဲမှာ အချစ်ဆိုတဲ့ အရိပ်လေးကို ရှာတွေ့လိုတွေ့ငြား သူရှာဖွေနေမိ၏။

ဖြူနုနေတဲ့ မျက်နှာလေးက ပန်းသွေးရောင်ပြေးကာ အရှက်ကြီးရှက်နေကြောင်း သိသာထင်ရှားလှလေသည်။

မင်းမျက်ဝန်းတွေထဲမှာ ဒေါသတွေကင်းနေတယ် မင်းရင်ခုန်နေပါပြီ ခြယ်လေးရယ်...

သူ့ရဲ့ အကြည့်စူးစူးတွေကြောင့် သူမ ချာခနဲ လှည့်ထွက်သွားတော့သည်။ ခြံထဲရောက်သွားပြီး ကားနောက်ခန်းထဲမှာ ဝင်ထိုင်နေပြီး မျက်နှာလေးကို ပြန်၍ ပြုပြင်နေ၏။

သူ ခြယ့်ကို သနားသွားပြီး ပြန်ပို့ဖို့ပဲ ဆုံးဖြတ်လိုက်သည်။

ရဲရင့်အကြောင်းတွေကို မင်း တစ်နေ့တော့ သိလာမှာပါ ခြယ်ရယ်...

ကိုကို့အပေါ် ဒီလောက်အထိ မစိမ်းကားပါနဲ့ ခြယ်ရယ်။

ခြယ့်ကို သူ့ရင်ထဲမှလာသော တောင်းပန်စကားတွေ ပြောနေမိသည်။

ကားလေးကို မောင်းထွက်လာပြီး ခြယ်သွားချင်တဲ့ ကုမ္ပဏီ





ကိုပဲ မောင်းပို့ပေးလိုက်သည်။

သူ့ စီးပွားရေးလုပ်ငန်းတွေလည်း ပစ်ထားတာ ကြာပြီပဲ။ ပြီးတော့ မေမေနှင့်လည်း မတွေ့ရတာ ကြာပြီဖြစ်သည်။

သူ မေမေ့ဆီ ဖုန်းဆက်လိုက်၏။

ဖုန်းကိုင်သူက အိမ်ဖော်ခြူးနွယ်ပင်။

"ဟယ်...ထွန်းတောက်လား၊ ရှင် တကယ်နေနိုင်တယ်နော်၊ ဒီမှာ အန်တီ နေမကောင်းဘူး၊ ရှင့်ဆီကဖုန်း အဆက်အသွယ် ပြတ်နေတယ်ဆို"

"မေမေ နေမကောင်းဘူးလား ခြူး၊ ကိုယ် လေဆိပ်ကို ရောက်နေပြီ၊ မေမေ့ကို ဝမ်းသာသွားအောင် ကြိုတင်ဖုန်းမဆက်ဘဲ ကိုယ်ပြန်လာတာလေ"

"ဟုတ်လား...ရှင့်အမေ အရမ်းဝမ်းသာမှာပဲ"

"ဒါပဲနော် ခြူး၊ ကိုယ်ပြန်လာပြီ"

သူ မေမေ့ဆီပြန်သွားပြီး ခြယ်နှင့် လက်ထပ်ဖို့ ကိစ္စတွေ ဆွေးနွေးဖို့ပဲ ဆုံးဖြတ်လိုက်မိသည်။

နိုင်ငံခြားကနေ ပြန်လာသလိုနှင့် သူ အိမ်ကိုပြန်လာခဲ့တော့၏။

"သားရယ်...မင်းဆီက အဆက်အသွယ်မရလို့ မေမေဖြင့် စိတ်ပူလိုက်ရတာကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ နေမကောင်းဘူးဆို"

"ဖျားတာပါကွယ်၊ ဘာမှမဖြစ်ပါဘူး၊ ဒီမှာ ခြူးလေးက လာပြီးပြုစုနေတာလေ"

"ကျေးဇူးပဲ ခြူး၊ မင်း ဘယ်တုန်းက နိုင်ငံခြားကနေ ပြန်ရောက်တာလဲ"

"ရှင်ထွက်သွားတဲ့နေ့ကပဲလေ၊ ဒီအိမ်လာတော့ အန်တီက ရှင် နိုင်ငံခြားကို ထွက်သွားတယ်တဲ့"

ခြူးနှင့်သူက ငယ်သူငယ်ချင်းတွေ ဖြစ်ကြသည်။

လူကြီးတွေကလည်း ခင်မင်ပြီး စီးပွားဖက်တွေဖြစ်၏။

ငယ်စဉ်လေးကတည်းက ခြူးနှင့်အတူတူ ကြီးပြင်းလာပေမယ့် အချစ်တွေတော့ မခံစားတတ်လာခဲ့ပေ။

မိတ်ဆွေသူငယ်ချင်းအဖြစ်ပဲ သူ ခံစားလို့ရခဲ့သည်။

"ထွန်းတောက် ရှင် ပင်ပန်းလာပြီထင်တယ်၊ အအေးလေးတော့ ခြူး စီစဉ်ပေးပါရစေ"

ခြူးက မီးဖိုခန်းထဲဝင်သွားပြီး သူ့အတွက် စီစဉ်နေသည်။

"ခြူးလေးက မေမေ့ကို အရမ်းပြုစုတာပဲကွယ်၊ တကယ့်ကို တော်တဲ့မိန်းကလေးပဲ၊ နိုင်ငံခြားပြန်ဆိုပြီး မာနလည်းမကြီးဘူး"

သူပြောချင်နေတာက မေမေ့ကို ခြယ်နဲ့ပတ်သက်တဲ့ အကြောင်းတွေပဲ ဖြစ်နေသည်။





ခြယ့်ကို သားအရမ်းချစ်နေပြီ လိုက်တောင်းပေးပါ မေမေရယ်ဟုပင်။

နေမကောင်းသေးဘဲ ဖျားနေ၍ စိတ်တွေကို ထိန်းချုပ်ထားရသည်။

ခြူးက အအေးယူလာ၏။

"အမောပြေလေး သောက်လိုက်ဦးနော်"

အိမ့်ခြူးနွယ်ရဲ့ အပြုအမူတွေက ထူးခြားနေသည်ဟု သူ ထင်မိ၏။

ချမ်းသာကြွယ်ဝပြီး မာန်မာနတွေ မောက်မာတဲ့ အိမ့်ခြူးနွယ်က သူ့မေမေကို လာပြုစုနေပါလား။

နေရာတကာ ဗိုလ်ကျအနိုင်ယူတတ်တဲ့ အိမ့်ခြူးနွယ်နှင့် သူ ဘယ်တော့မှ မသင့်မြတ်ခဲ့ကြပေ။

"ထွန်းတောက်"

"ဟင်"

"နင်နဲ့ငါ ရန်မဖြစ်ကြေးနော်၊ အခုအချိန်ကစပြီး ပိစ်"

"ခြူးနဲ့သားက ငယ်ငယ်လေးကတည်းက သူငယ်ချင်းတွေပဲကွယ်၊ ဘာမှ မသင့်မြတ်စရာ မရှိပါဘူး၊ နောက်ဆုံး စီးပွားတွေတောင် အတူတူလုပ်ကြရတော့မှာပဲ"

အိမ့်ခြူးနွယ်နှင့် ဝတ်ကျေတန်းကျေ စကားတွေပြောပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့အခန်းထဲမှာ အနားယူနေမိသည်။

စောစောက ခြယ်နဲ့ ဖြစ်ပျက်ခဲ့တာလေးတွေကို သူ့မျက်စိတွေထဲမှာ မြင်ယောင်လာပြီး ရင်ခုန်သံတွေ နည်းနည်းမြန်လာရ၏။

ရဲရင့်ကုမ္ပဏီမှာ အလုပ်လုပ်နေတဲ့ ခြယ့်ကိုလည်း စိတ်မချဘဲ ဆွဲခေါ်ထုတ်ပစ်လိုက်ချင်နေမိသည်။

မဖြစ်သေးပါဘူးလေ...

ဒီကောင်က မေမေ့ကို ပေါက်ကရတွေသွားပြောရင် ခက်နေပါဦးမယ်...

ခြယ်ရယ်...

ကိုကို့အချစ်တွေကို မင်း ဘာဖြစ်လို့ မယုံကြည်ဘဲ ငြင်းဆန်နေရတာလဲကွာ...

မင်းကို ရယူပိုင်ဆိုင်ဖို့တော့ ကိုကို အစွမ်းကုန်ကြိုးစားရမှာပဲ...

ဘယ်တော့မှ ကိုကို့ဘက်က မပြောင်းလဲတဲ့ ဆုံးဖြတ်ချက်တစ်ခုပါပဲ ခြယ်။

ညနေရောက်တော့ မေမေ့ကို ကုမ္ပဏီမှာပဲ ညအိပ်ပြီး အလုပ်တွေလုပ်ရမည်ဟု ပြောကာ ခြယ်တို့ရပ်ကွက်လေးထဲ ပြန်ရောက်လာရသည်။



## အခန်း [၁၅]

ခြယ် အိမ်ဝရောက်သည်နှင့် မောင်လေးကို စာသင်ပေးနေတဲ့ သူ့အသံကို ကြားလိုက်ရမိလေသည်။

ရင်ထဲမှာ တုန်ရီလှိုက်ခါသွားရ၍ လှမ်းလက်စ ခြေလှမ်းတွေပင် တန့်ခနဲ ရပ်သွားချင်ရတော့၏။

ရှင် ဘာဖြစ်လို့ ကိုယ့်နေရာကိုယ် မပြန်သေးတာလဲဟင်။

သူ့အသံကြားသည်နှင့် သူ့အပြုအမူတွေ သူ့အနမ်းတွေနှင့် ခပ်ကြမ်းကြမ်းအချစ်တွေကို ခြယ် သတိရလာရသည်။

မေ့ပျောက်ပစ်ဖို့ ကြိုးစားတိုင်းလည်း သူ့မျက်ဝန်းတွေက ပို၍ပင် တင်းမာလာနေတာပဲ ခက်နေ၏။

"ခြယ် ပြန်လာပြီလား၊ မောင်ထွန်းတောက်ကြယ်က



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးကို စာပြပေးနေတယ်လေ၊ စာမေးပွဲက နီးနေပြီကွယ်၊ သားလေးကတော့ သင်ပြတာ အရမ်းရှင်းတယ်လို့ ပြောတာပဲ”

အမေက ခြယ့်ကို ဆီးကြို၍ပြောနေတဲ့အပြင် သူ့ကိုပဲ ချီးမွမ်းခန်းဖွင့်နေသေးတော့သည်။

“ခြယ်”

“ရှင်....အမေ”

“ကုမ္ပဏီမှာ အဆင်ပြေရဲ့လား၊ သမီးလေးကို ယုံလို့သာ အမေလက်ခံရတာ၊ ရှုပ်ရှုပ်ယှက်ယှက်တွေဖြစ်မှာ အမေ အရမ်း ကြောက်တာပဲကွယ်”

“မဖြစ်ပါဘူး အမေ၊ ဆရာက သမီးကို စေ့စေ့တောင် မကြည့်ပါဘူး၊ အလုပ်ကိစ္စတွေပဲ များနေတယ်လေ”

“မောင်ထွန်းတောက်ကြယ်က ကုမ္ပဏီတစ်ခုမှာ ဝန်ထမ်းတဲ့၊ မကြာခင် လက်ထောက်မန်နေဂျာအဆင့် တိုးတော့မယ်တဲ့၊ သားလေးကပြောတော့ အစ်ကိုက အင်္ဂလိပ်စာ အရမ်းကောင်းတာပဲတဲ့ ခြယ်”

ရှင် ကျွန်မတို့မိသားစုရဲ့ ယုံကြည်မှုတွေကို တည်ဆောက်နေလည်း အမေသိသွားရင်တော့ မလွယ်ဘူးနော်...

အမေ့စိတ်ဓာတ်တွေကို သူမ အနားလည်ဆုံးဖြစ်နေသည်။

“မောင်ထွန်းတောက်ကြယ်လို ရိုးသားကြိုးစားတဲ့ လူ





တစ်ယောက်ကို အမေက သဘောကျတယ်၊ သမီးရွေးချယ်ရင်တောင် အဲဒီလိုလူမျိုးကို ရွေးချယ်ရမယ်”

“အမေကလဲ”

“အမေကတော့လေ ဘဝတူချင်းတွေ လက်တွဲတာပဲ သဘောကျတယ်၊ သမီးလေးက ရုပ်ရည်ချောမောတော့ အမေ စိတ်ပူတယ်၊ တစ်နေ့မှ စိတ်မအေးရပါဘူးကွယ်”

“သမီးဘဝ တိုးတက်ရေးအတွက်ပဲ သမီး အာရုံစူးစိုက်နေချင်တယ် အမေ၊ ဘယ်လိုယောကျ်ားကိုမှ မစဉ်းစားဘူး”

“သမီးလေးက လိမ္မာတာ အမေသိပါတယ်၊ ဒါပေမဲ့ သမီးရွေးချယ်ရင်လည်း အမေကတော့ ဘဝတူတွေထဲကပဲ ရွေးချယ်စေချင်တယ်ကွယ်”

“စိတ်ချပါ အမေ၊ ခြယ် အမေ့ဆန္ဒကို ဆန့်ကျင်ပြီး ဘာမှမလုပ်ပါဘူးနော်”

အမေ့အနားကနေ ထွက်လာပြီး ခြယ့်အခန်းလေးထဲ ဝင်လာခဲ့မိသည်။

ဒီလိုတော့ ဒုက္ခပါပဲနော်။

ကြာရင် ခြယ့်နှလုံးသားတွေကိုပင် ထိန်းချုပ်ထားနိုင်စွမ်းရှိမှာ မဟုတ်တော့ဘဲ သူ့အပေါ် ချစ်မြတ်နိုးစိတ်တွေ တိုးဝင်လာတော့မှာပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို…

ကိုကို…

အား…

ရှင့်ကို ကျွန်မ မုန်းပစ်ချင်တယ်…

အမေပြောသလို ဂုဏ်းတိုင်ချမ်းသာတွေနဲ့ ပြည့်စုံနေတဲ့ ယောကျ်ားတစ်ယောက်မဟုတ်ဘဲ သာမန် ရိုးသားကြိုးစားတဲ့ ယောကျ်ားတစ်ယောက်ဖြစ်နေရင် ဘယ်လောက်ကောင်းလိုက်မလဲလို့…

သူ့အကြောင်းတွေ တွေးမိတိုင်း ခြယ့်နှလုံးသားတွေထဲမှာ တထိတ်ထိတ်ခုန်လာရပြီး ရင်ဖိုလှိုက်မောနေရသည်။

ခန္ဓာကိုယ်တစ်ခုလုံး နွေးထွေးပြီး တသိမ့်သိမ့် တငြိမ့်ငြိမ့်နှင့် အချစ်တွေ ပျော်ဝင်စီးဆင်းလာရ၏။

"ခြယ်"

"ရှင် အမေ"

အမေက ခြယ့်အခန်းဝမှာ လာရပ်နေသည်။

"ခြယ် အဝတ်အစားမလဲရသေးဘူးလား၊ ဘာလုပ်နေတာလဲ အလုပ်က အရမ်းပင်ပန်းလာလို့လားကွယ်"

အမေ့လက်ထဲမှာလည်း ကော်ဖီဗန်းလေး ကိုင်ထားသည်။

"မပင်ပန်းပါဘူး အမေရယ်၊ နောက်နေ့လုပ်ရမယ့် အလုပ်





တွေအတွက် ခြယ် စဉ်းစားနေမိလို့ပါ၊ ဆရာက ခြယ့်ကို ကြိုးစားပြီး အစွမ်းအစပြနိုင်ရင် မြေတောင်မြှောက်ပေးမယ်တဲ့၊ လုပ်ငန်းအသစ်တွေ တိုးချဲ့နေတဲ့ဆရာက ဦးဆောင်ပေးမယ့်သူ ရှာနေတာလေ"

"ကဲပါကွယ် ထဦး ဒီဗန်းလေး မောင်တွန်းတောက်ကြယ်ဆီ သွားပို့ပေးစမ်းပါ"

"ဟာ…အမေကလည်း ခြယ် မပို့ချင်ပါဘူး၊ အမေပဲ သွားပို့လိုက်ပါနော်"

"ခြယ်ပဲ သွားပို့စမ်းပါ၊ ဘယ့်နှယ် ဒီသူငယ်က အမေ့အသက်သခင် ကျေးဇူးရှင်၊ သားလေးကိုလည်း စေတနာ့ဝန်ထမ်းစာလာပြပေးနေတာ ညည်းက ခပ်စိမ်းစိမ်းလုပ်ပြီး မာနနဲ့ မနေသင့်ဘူး"

အမေကတော့ သူ့ကို တော်တော်လေး သဘောကျနှစ်သက်နေသည်။

သူ့အကြောင်းတွေကို အမေ ဘယ်လောက်သိလို့လဲ။ ဆင်းရဲသားဟန်ဆောင်ပြီး ခြယ့်ကို ရယူဖို့ ကြိုးစားနေတာပါ။

"ရော့…သွားပို့လိုက်၊ ညည်းလည်း ကျေးဇူးတင်စကားလေးဘာလေးပြောပြီး ဧည့်ခံလိုက်ပါဦး၊ ညည်း ခပ်ရှောင်ရှောင်လုပ်နေတာ အမေ မကြိုက်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



အမေက ဗွတ်အတင်းပို့ခိုင်းနေသဖြင့် မငြင်းသာတော့ဘဲ ခြယ် ကော်ဖီဗန်းလေးယူပြီး သူ့အနား ရောက်လာရသည်။

“ကော်ဖီသောက်ပါဦး ဆရာ”

“မြရောင်ခြယ်ရယ်…ကိုယ်က ဆရာမဟုတ်ပါဘူး၊ လင်းရောင်လေး အခက်အခဲဖြစ်နေမှာစိုးလို့ တတ်သလောက် မှတ်သလောက် စာလာသင်ပေးတာပါ၊ ကိုယ့်ကို ကိုထွန်းတောက်ကြယ်လို့ပဲ ခေါ်ပါ”

စကားကို တည်ငြိမ်စွာပြောနေပေမယ့် အင်္ဂလိပ်စာရေးနေတဲ့ မောင်လေးအလစ်တွင် ခြယ့်ကိုကြည့်တဲ့ သူ့အကြည့်တွေက အချစ်တွေနှင့် စိုလက်တောက်ပနေတော့လေသည်။

ခြယ့်ရင်တွေ တဒိတ်ဒိတ်ခုန်လာပြီး ရှက်စိတ်တွေနှင့် ထူထူပူပူကြီးဖြစ်လာကာ ထွက်ပြေးချင်စိတ်တွေပင် ပေါ်လာရ၏။

ခေါင်းငုံ့ရေးနေတဲ့ မောင်လေး ခေါင်းမော့လာသဖြင့် သူ့အကြည့်တွေက ခြယ့်ဆီမှ ဖယ်ရှောင်သွားရသည်။

“မမ အစ်ကိုက အင်္ဂလိပ်စာသင်တာ အရမ်းကောင်းတာပဲ၊ လင်းရောင် ဂုဏ်ထူးမထွက်မှာ မပူရတော့ဘူး၊ အရမ်းရှင်းတာပဲ”

လင်းရောင်က အင်္ဂလိပ်စာမှာ ဂုဏ်ထူးမထွက်မှာ စိုးရိမ်နေသူဖြစ်သည်။





“အစ်ကို ဆယ်တန်းဖြေတော့ ဘာသာစုံဂုဏ်ထူးထွက်တာလေ၊ လင်းရောင်လိုပဲ အရမ်းကြိုးစားတာ၊ အစ်ကိုက ဆေးတက္ကသိုလ်က ဘွဲ့ရထားတဲ့ ဆရာဝန်တစ်ယောက်ပဲ”

“ဟင်…ဟုတ်လား အစ်ကို”

“အစ်ကိုက တမင် စီးပွားရေးပဲ လုပ်တာလေ၊ ကုမ္ပဏီမှာဝင်လုပ်တာပဲ၊ စီးပွားရေးလုပ်ငန်းရှင် လုပ်ချင်လို့”

“အစ်ကိုရာ လင်းရောင် အားကျလိုက်တာ၊ အစ်ကို့လို အောင်မြင်အောင် လင်းရောင် အစွမ်းကုန်ကြိုးစားမယ်”

“ကြိုးစား အစ်ကိုကူညီမယ်၊ ဆေးတက္ကသိုလ်တက်ဖို့လည်း မပူနဲ့၊ အစ်ကို ရာထူးတက်တော့မယ်၊ အစ်ကို့လခက သုံးမယ့်သူရှိတာမှ မဟုတ်ဘဲ၊ လင်းရောင်တို့လို ကြိုးစားတဲ့သူတွေကို အားပေးချင်တယ်”

သူ့စကားတွေကို နားကြားပြင်းကတ်လာသဖြင့် သူမ ရှုတ်ဆက်ပြီး အနားကနေ ထလာခဲ့သည်။

“ခြယ်”

“ရှင်”

“မောင်ထွန်းတောက်ကြယ်ကို ကောင်းကောင်းမွန်မွန်ဆက်ဆံခဲ့ရဲ့လား”

“ဟုတ်ကဲ့ပါ အမေ”



www.burmeseclassic.com

www.burmeseclassic.com



"ဒီသူငယ်က လူတော်လူကောင်းလေးပါအေ"

အမေတော့ သူ့အလိုလို တတွတ်တွတ်ချီးမွမ်းခန်း ဖွင့်နေသည်။

ခြယ့်အခန်းလေးထဲ ပြန့်ဝင်ပြီး အဝတ်အစားလဲလိုက်သည်။

ကိုကို သွားပါတော့…ခြယ်နဲ့ အဝေးဆုံးကို ထွက်သွားပါတော့လား။

ကြာရင် ရှင့်ကို ခြယ် ချစ်မြတ်နိုးမိတော့မှာပါနော်…

ကိုကို့မျက်ဝန်းအကြည့်တွေက အချစ်မျက်ဝန်းတောက်တောက်ကြီးတွေရဲ့ ညှို့ယူဖမ်းစားနိုင်တဲ့ အင်အားတွေ ပြင်းထန်လေတော့ ခြယ် ဘယ်နည်းနဲ့မှ မာနတွေနဲ့ တောင့်ခံနိုင်စွမ်း မရှိတော့ပါဘူး။

ခြယ့်နှလုံးသားတွေထဲမှာ ကိုကိုဆိုတဲ့ အသုံးအနှုန်းအတွက် စွဲရစ်နေခင်ဖွဲ့ တွယ်တာနေပြီ ကိုကိုရယ်။

မောင်လေးနှင့် သူ စာသင်နေတဲ့အသံတွေကို ကြားနေရသည်။ သူမနှလုံးသားတွေကို နွေးထွေးလှုပ်ခါလာရတော့၏။

ကိုကို့ကို ကျွန်မချစ်တယ်…

ချစ်တယ် ကိုကိုရယ်…

ခြယ် အော်ဟစ်ပြောပစ်လိုက်ချင်တဲ့စိတ်တွေကို ထိန်းချုပ်ပစ်လိုက်ရသည်။





ရှင်က အရမ်းချမ်းသာကြွယ်ဝတဲ့အပြင် ပညာတတ်တစ်ယောက်…

ကျွန်မရှေ့မှာ ဒီလိုအဆောင်အယောင် ဂုဏ်ဒြပ်တွေကို ဘာကြောင့် ဖွင့်ဟပြောဆိုပြနေရတာလဲဟင်…

ရှင့်အခြေအနေတွေကို သိပြီးမှ ခြယ်က ရှင့်အချစ်တွေကို လက်ခံရမှာလား…

စိတ်ထဲမှာ လေးလေးလံလံကြီးဖြစ်ပြီး မွန်းကျပ်နေရသည်။

ကျွန်မအနားမှာ ရှင်ရှိနေတာ ကျွန်မ ဘယ်လောက်အထိ စိတ်အနှောင့်အယှက်ဖြစ်ရလဲ ကိုတွန်းတောက်ကြွယ်ရယ်…

သေချင်လောက်အောင် ကျွန်မ စိတ်ညစ်နေရပြီသိလား…

အချစ်တွေကို ခြယ် မခံစားချင်ပါဘူး။ ဘဝအတွက်ပါပဲ ခြယ် ကြိုးစားတည်ဆောက်ချင်ပါတယ်နော်…

ရှင့်ကို ငွေကြေးစည်းစိမ်ဥစ္စာတွေ မက်မောပြီး လက်ထပ်ရတာမျိုးရော၊ ရှင့်အသိုင်းအဝိုင်းတွေက လက်မခံလို့ သဘောမတူဘူးဆိုတဲ့ အဖြစ်မျိုးတွေ ကျွန်မ လုံးဝ ရင်မဆိုင်နိုင်ပါဘူးနော်…

စာသင်သံ ရပ်သွားသည်။

အမေ့ကိုနှုတ်ဆက်ပြီး သူ ပြန်သွားသံ ကြားရ၏။ သူ ပြန်သွားမှ သားအမိတွေ ညစာစားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ အစ်ကိုက ဆရာဝန်ဘွဲ့ရပြီးသားတဲ့၊ စီးပွားရေး လုပ်ငန်းရှင်တစ်ယောက်ဖြစ်ချင်လို့ ကုမ္ပဏီမှာ ဝင်လုပ်တာတဲ့"

"ဟုတ်လား…တော်လိုက်တာကွယ်၊ ဒီလိုသူငယ်မျိုးမှ တကယ့်ကို အထင်ကြီးစရာကောင်းတာပဲ"

ခြယ် မကြားချင်ပါဘူးဆိုမှ အမေနှင့် မောင်လေးက ထိုစကားတွေပဲ ပြောနေကြတော့သည်။

"ခြယ်"

"ရှင် အမေ"

"မောင်ထွန်းတောက်ကြယ်ကို ညည်း သိပ်စိမ်းစိမ်းကြီး မဆက်ဆံပါနဲ့အေ၊ အားနာစရာကောင်းတယ်၊ မောင်လေးက ကျူရှင်တွေ ဂိုက်တွေငှားနိုင်တာ မဟုတ်ဘူး၊ မောင်ထွန်းတောက်ကြယ် ရောက်လာလို့သာပေါ့"

သူ့ဘာဝအမှန်တွေကို အမေသာ သိသွားရင် သမီးနဲ့သဘော တူနိုင်ပါဦးမလား အမေရယ်…ဟင်။

သမီး သူ့အချစ်တွေကို လိုက်ခံလိုက်ရမလား။

ထမင်းစားပြီး အမေတို့အနားကနေ သူမ ထွက်လာခဲ့မိသည်။

အိပ်ခန်းလေးထဲမှာ ခြယ် ငုတ်တုတ်လေးထိုင်ပြီး သူ့ အကြောင်းတွေပဲ စဉ်းစားနေမိတော့သည်။





သူပေးထားတဲ့ လက်ကိုင်ဖုန်းလေးကို သူမ ပိတ်ထားတာ ကြာပြီဖြစ်၏။

ဟင်…ဖုန်းလေးကိုဆင်ထားတာ အရမ်းချစ်စရာကောင်း ပြီး အချစ်ရဲ့ သင်္ကေတတွေ လွှမ်းမိုးနေသည်။

ခြယ် ကောက်ယူကြည့်ပြီး တမ်းတလွမ်းမောသလို ခံစားမှု တွေ သူမနှလုံးသားထဲ တိုးဝင်လာရသည်။

ထိုအချိန်တွင် ဟမ်းဖုန်းလေးထံမှ စမ်းရေစီးဆင်းသံလေး လို တီးလုံးသံလေးက အမှတ်မထင် ထွက်ပေါ်လာတော့၏။

"ခြယ် ဘာဖြစ်လို့ ဖုန်းကို ပိတ်ထားရတာလဲ၊ ကိုကို တစ်ချိန်လုံးဆက်နေတာ ဖုန်းက မဝင်ဘူး၊ အခုမှ ခြယ်ဖွင့်လိုက် တာမဟုတ်လား၊ ကိုကို့ကို သတိရ တမ်းတလာမိလို့လားကွာ"

"ဘာရှင့် ဝေးသေးတယ်…ရှင့်ကို လုံးဝသတိမရပါဘူး၊ ရှင်ဆက်ရင် ရှင့်ရဲ့နေရာမှန်ကို ပြန်သွားဖို့ ပြောမလို့ ဖုန်းဖွင့် လိုက်တာ"

သူ့ကို သတိရတမ်းတပြီး ခပ်လွှမ်းလွှမ်းလေး ခံစားရသ ဖြင့် ခြယ် ဖုန်းဖွင့်လိုက်တာဖြစ်ပေမယ့် သူ ဆက်တော့လည်း ခြယ် ရန်လိုတဲ့စကားပဲ ပြောပစ်လိုက်မိသည်။

ရှင် ဘယ်လောက်ချမ်းသာတယ်၊ ဘယ်လောက် ပညာ တတ်တယ်၊ ကျွန်မအတွက် ဘယ်လောက်အထိ ပြင်ဆင်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ သိပြီးမှ ရှင့်အချစ်တွေကို ခြယ် ဘယ်တော့မှ လက်မခံနိုင်တော့ပါဘူးနော်…

“ကောင်မလေး ရန်မထောင်နဲ့ မင်းကို ရယူပိုင်ဆိုင်ဖို့အတွက် ကိုကို အစွမ်းကုန်ကြိုးစားမှာနော်၊ နောက်ဆုံး မရရင် ကားတင်ပြေးမှာ”

“ရှင် အဲဒီလိုလုပ်လို့ မရဘူး၊ ရှင့်ကို ကျွန်မ ထောင်ထဲ ပို့ပစ်မှာနော်၊ ရှင့်မှာ ငွေကြေးချမ်းသာ ကြွယ်ဝမှုတွေ ရှိတယ်ဆိုပြီး ကျွန်မကို မြူဆွယ်ဖြားယောင်းလို့ မရဘူး”

“မင်း ဘာပြောပြောကွာ ကိုကိုကတော့ မင်းကို ချစ်တယ်၊ လက်ထပ်ဖို့ ကြိုးစားမှာပဲ၊ မင်းအချစ်တွေကို မရသေးဘဲနဲ့ ငွေဓနအင်အားနဲ့ မဖိချင်လို့နော်၊ ကိုကို့မေမေကို အချိန်မရွေး လာတောင်းခိုင်းလို့ ရတယ်”

ခြယ် ကမန်းကတန်းနှင့် ဖုန်းခွက်လေးကို ပိတ်ပစ်လိုက်ရသည်။

ဖွင့်မိတာ မှားပါတယ်…

နွေးထွေးတဲ့ အချစ်ခံစားမှုတွေနှင့်အတူ ခြယ့်ကိုယ်လုံးလေး တဆတ်ဆတ်တုန်ရီချင်လာမိသည်။



## အခန်း [၁၆]

“ခြယ်”

“ဟင်…ရှင်…ရှင်”

“ကားပေါ်တက်ပါ”

“ဒုက္ခပါပဲနော် ဒီနေရာက ရပ်ကွက်နဲ့ သိပ်မဝေးဘူးဆိုတာ သိသိကြီးနဲ့ ဘာဖြစ်လို့ ကျွန်မကို လာပြီးပတ်သက်နေရတာလဲ”

“တက်ပါ ခြယ်”

“ရှင် အဲဒီလို ကျွန်မကို ပိုင်စိုးပိုင်နင်းမလုပ်နဲ့နော်၊ ကျွန်မ လုံးဝမကြိုက်ဘူး”

“မင်း ကားပေါ်တက်ပါ ခြယ်…တက်လေ”



www.burmeseclassic.com

www.burmeseclassic.com



ခြယ့်ပတ်ဝန်းကျင်မှာ ဖြစ်နေ၍ ကားပေါ်သို့ တက်လိုက်ရတော့သည်။

သူက ကားကို ခပ်သွက်သွက်လေးမောင်းထွက်သွားလေတော့သည်။

"ဒီမှာ"

သူက လုံးဝမကြည့်ဘဲ ကားကိုသာ အာရုံစိုက်ပြီး မောင်းနေသည်။

"အရင်နေ့ကလို ကျွန်မကို ရှင်ခေါ်ချင်တဲ့နေရာ ခေါ်သွားလို့ မရဘူးနော်၊ ကားရပ်ပါ ကျွန်မ ဆင်းမယ်"

သူကတော့ ကားကို မောင်းချင်တဲ့နေရာ မောင်းနေမိသည်။

ခြယ့်ဆီက အဖြေတစ်ခုကို ပြတ်ပြတ်သားသားသိချင်နေမိသည်။

သူ ဘယ်လိုပဲလုပ်ပြနေပါစေ ခြယ့်ဘက်မှ ကြည်သာလက်ခံတဲ့ အမူအရာမပြ၍ သူ့ကားပေါ် တင်ခေါ်လာခဲ့သည်။

"ကိုထွန်းတောက်ကြယ် ရှင် ဘာဖြစ်လို့လဲ ပြောစရာရှိတာပြောပါ"

သူမအသံလေးက စိတ်မရှည်တော့သလို စူစူဆောင့်ဆောင့်လေးနှင့် ပြောလိုက်မိသည်။

"ရှင်…ရှင်…ကားကို ဘယ်အထိ မောင်းသွားမလို့လဲ၊





ကျွန်မကို စိတ်အနှောင့်အယှက်ပေးနေတာ ရပ်သင့်နေပြီနော်"

ခြယ် ဘာပဲပြောပြော သူ ကားကိုတော့ ဆက်မောင်းနေလိုက်သည်။

သူဖုန်းပြောတိုင်း ပိတ်ပစ်လိုက်တတ်တဲ့အတွက် နည်းနည်းတော့ ဒေါကန်နေမိသဖြင့် ခြယ့်ကို အေးအေးဆေးဆေး စကားပြောချင်၍ ခေါ်ဆောင်လာခြင်းဖြစ်၏။

မင်း ရဲရင့်နှင့် ပတ်သက်နေတာတွေကို မရပ်ရင်တော့ ကိုကိုက မင်းကို ကားတင်ပြေးတော့မယ်ကွာ…

မတတ်နိုင်တော့ဘူး…

ခြယ်နှင့်ပတ်သက်ပြီး သူ့ဂုဏ်သိက္ခာတွေ စီးပွားရေးလုပ်ငန်းတွေ ဥပေက္ခာပြုခြင်းခံနေရသည်။

"ကိုထွန်းတောက်ကြယ် ရှင် ကားကို ဘယ်ကိုမောင်းနေတာလဲ"

"မြို့ပြင်"

"ဘာရှင့်"

"မင်းနဲ့ အေးအေးဆေးဆေး စကားပြောစရာရှိလို့"

"ဘာပြောစရာရှိလို့လဲ၊ ပြောစရာရှိရင် ပြောလေ၊ ကားရပ်ပြီး ပြောပါ"

သူ ကားကို ဆက်မောင်းရင်း ဒေါသဖြစ်နေတဲ့ ခြယ့်မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာစူတင်းတင်းလေးအား မသိမသာကြည့်ရင်း သဘောကျသလို ဖြစ်သွားရသည်။

ခြယ်လေးက ဘယ်လိုအနေထားမျိုးပဲ ဖြစ်နေပါစေ လှပချောမော ဖူးအိဝင်းစွာ လှပနေဆဲပင်။

"ကိုထွန်းတောက်ကြယ် ကားကို ရပ်ပါ၊ မရပ်ရင် ကျွန်မ အော်ပစ်လိုက်မှာနော်"

ခြယ် ဘယ်လောက်ပဲ ဒေါပွပွနှင့် ပြောဆိုနေပါစေ သူကတော့ ကားကို ဆက်မောင်းနေသည်။

ဘယ်လိုလုပ်ရမှန်းမသိပဲ ခြယ့်စိတ်ထဲမှာ ကြောက်ရွံ့တုန်လှုပ်နေမိရ၏။

"ကိုထွန်းတောက်ကြယ် ကျွန်မ တောင်းပန်ပါတယ်၊ ကားကို ပြန်ကွေ့ပါနော်၊ အေးအေးဆေးဆေး ပြောမယ်ဆိုရင် ခြယ်လက်ခံပါတယ်၊ ဒီလိုတော့ အကြမ်းပတမ်း မလုပ်ပါနဲ့"

သူမ ဘယ်လောက်ပဲ ပြောပါစေ ကားလေးကတော့ မြို့ပြင်အထိ မောင်းသွားလေတော့သည်။

အဝေးပြေးလမ်းမကြီးရဲ့ တစ်နေရာမှာ ကားလေးရပ်သွား၏။

"ခြယ်"

"ပြော ရှင် ဘာပြောမှာလဲ ပြောစရာရှိတာ မြန်မြန်





ပြောပါ"

မျက်နှာလေး စူတင်းမာထန်နေပြီး သူ့ကိုမကြည့်ဘဲ ပြောနေသည်။

ခြယ့်လက်လေးကို ဆတ်ခနဲ ဆုပ်ကိုင်ထားလိုက်မိသည်။

"ရှင်...ရှင်...ဘာလုပ်တာလဲ လွှတ်ပါ၊ စကားပြောရင် အေးအေးဆေးဆေးပြောပါ"

သူ့ရဲ့အပြုအမူတွေက ခြယ့်ရင်တွေကို တသိမ့်သိမ့်တုန်သွားပြီး ကြည်ဖြူလက်ခံချင်မိသလို ဆန္ဒတွေ ဖြစ်ပေါ်သွားမိလေသည်။

မဖြစ်သေးပါဘူးလေ...

စောစောကတော့ ခြယ့်ဘက်က အပြင်းအထန်ငြင်းဆန်နေခဲ့ပြီး သူ့စည်းစိမ်ဥစ္စာတွေ ပညာအရည်အချင်းတွေ သိပြီးမှ ခြယ် လက်ခံကြည်ဖြူတဲ့ အမူအယာတွေ မပြလိုတော့ပေ။

အမေကိုယ်တိုင်ကလည်း သူ့ကို ခြယ်တို့နဲ့ ဘဝတူ ရုန်းကန်လှုပ်ရှားနေရတဲ့ လူတစ်ယောက်လို့ ထင်ထားခဲ့တာပဲမဟုတ်လား။

"ခြယ်"

သူကတော့ ခြယ့်လက်လေးကို လွှတ်မပေးတဲ့အပြင် ပခုံးလေးကိုပါ သိုင်းဖက်ဖို့ ကြိုးစားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်…ရှင်…ဘာလုပ်တာလဲ၊ ကျွန်မကို ရှင် ဘယ်လို ထင်နေလဲဟင်၊ ကျွန်မရဲ့အရှက်သိက္ခာတွေကို ရှင် ဘာဖြစ်လို့ အလေးမထားရတာလဲ"

"ချစ်လို့"

"ဘာရှင့်"

"ကိုကိုတို့ လက်ထပ်ကြရအောင် ခြယ်"

"ရှင် ဘယ်လိုလူလဲ၊ ရှင့်ကို မချစ်ဘူးလို့ ကျွန်မ ပြောထားပြီးပြီးပဲ၊ ရှင့်နေရာ ရှင်ပြန်ပါ၊ ဒီလိုအဓိပ္ပါယ်မရှိတဲ့ အလုပ်တွေမလုပ်ဖို့ တောင်းပန်ပါရစေ"

ခြယ် သူ့လက်တွေကို ဖယ်ပစ်ပြီး တောင်းတောင်းပန်ပန် နှင့် ပြောမိသည်။

"ခြယ့်ကို အချိန်မရွေး လူကြီးစုံရာနဲ့ ကိုကို လာတောင်းဖို့ အဆင်သင့်ပါပဲ ခြယ်ရယ်၊ ဒါပေမဲ့ ခြယ့်ဘက်က လက်ခံရင်ပေါ့"

ခြယ့်ဘက်ကလည်း ကိုကို့ကိုချစ်မိနေပါပြီ၊ ချစ်မြတ်နိုးမိနေပါပြီ ကိုကိုရယ်လို့ ပြောချင်လာမိရသည်။

တဆတ်ဆတ်တုန်ရီလာတဲ့ နှုတ်ခမ်းလေးတွေထဲမှာ ထိုစကားလုံးတွေ ထွက်ကျမလာအောင် ခြယ် အတတ်နိုင်ဆုံး ထိန်းချုပ်ထားရသည်။





ရှင်လို လူတစ်ယောက်ကို ချစ်ဖို့အတွက် ခြယ် သတ္တိမရှိလို့ပါနော်…

မတူညီတဲ့ ဘဝနှစ်ခုကို အတင်းအကြပ်ပေါင်းစပ်ဖို့ ရှင် ဘာဖြစ်လို့ အတင်းအကြပ်ကြိုးစားနေရတာလဲဟင်။

သူ့ရင်ခွင်ထဲမှာ ခြယ့်ကိုယ်လုံးလေး မှိတွယ်ထားပြီး လမ်းမကြီးမှာ ရှန်းရင်းဆန့်ခတ်ဖြစ်နေတာမျိုး ခြယ် မဖန်တီးလိုပေ။

"ခြယ်"

"ကျွန်မ ပြန်မယ်"

"မင်း ရဲရင့်ဆီကနေ အလုပ်ထွက်ပါ ခြယ်၊ အဲဒါ ကိုကို မကြိုက်ဆုံးအချက်ပဲ"

"ကျွန်မ ပြောထားပြီးပြီပဲ၊ ဆရာက ကျွန်မကို မရိုးသားတဲ့ အမူအကျင့်တွေ ဘာမှမလုပ်ဘူး၊ ကြိုးစားနေတဲ့ ကျွန်မကို အားပေးနေတာပဲ ရှိတာပါ"

ရဲရင့်အကြောင်းတွေကို ပြောရင်လည်း ယောကျ်ားမပီသရာ ရောက်ရမည်။ နောက်တစ်လှမ်းဆုတ်နေတယ်ဆိုတာ သူ့အသိဆုံးပင်။

ခြယ်အထင်ကြီးအောင် လူကြီးလူကောင်းစတိုင်လ်အပြည့်ဖမ်းထားပြီး ခြယ့်ကို စည်းရုံးသိမ်းသွင်းနေသည်။

"ကျွန်မ ရှင့်ကို လက်ထပ်ပြီး ချမ်းသာကြွယ်ဝမှုတွေ



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဆိုင်တာမျိုး ဘယ်တော့မှ အရောက်မခံနိုင်ပါဘူး၊ အဲဒါ ကျွန်မဘက်က ဘယ်တော့မှ မပြောင်းလဲတဲ့ အဖြေတစ်ခုပဲ''

ခြယ့်ဆုံးဖြတ်ချက်တွေကို သူ ဘယ်လိုနည်းနှင့်မှ လက်မခံနိုင်ပေ။

ကားဂိတ်မှာရပ်နေတဲ့ ကောင်မလေးတစ်ယောက်ကို စတွေ့ပြီးကတည်းက သွေးနှလုံးသားတွေထဲမှာ ထိုကောင်မလေး၏ အရိပ်တွေပဲ လွှမ်းမိုးနေပြီး နှလုံးသားတွေထဲအထိ စူးနစ်စွာ ချစ်နေမိသည်။

ဘယ်လိုအဟန့်အတား အနှောင့်အယှက်တွေပဲရှိရှိ ထိုကောင်မလေးကို ရယူပိုင်ဆိုင်ဖို့ ကြိုးစားသွားရမည်သာ ဖြစ်နေလေသည်။

မြရောင်ခြယ်ကို ဘယ်လိုနည်းနှင့်မှ လက်လွှတ်မခံနိုင်အောင် သွေးနှလုံးသားထဲမှာ အချစ်ရေလှိုင်းလုံးကြီးတွေက တဝုန်းဝုန်း ရိုက်ခတ်နေပြီ ဖြစ်သည်။

''ခြယ် မင်းကို အရမ်းချစ်တယ်၊ ကိုကို့ကို လက်ထပ်ပါ၊ ကိုကို့ဘဝတစ်သက်တာမှာ မိန်းမချောလေးတွေ အများကြီးနဲ့ ပတ်သက်ဆက်ဆံခဲ့ဖူးပေမယ့် အချစ်ဆိုတာ ဘယ်တော့မှ မခံစားခဲ့ရပါဘူးကွာ၊ ခြယ်ကြိုက်သလို စုံစမ်းနိုင်ပါတယ် ခြယ်ရယ်''

ကိုစိုးနောင်ကလည်း ခြယ့်ကိုတွေ့မှ ဒီကောင်အရူးအမူး





ဖြစ်သွားတာဟု ပြောဖူးသည်။

အဲဒီအချက်ကို ခြယ် မငြင်းချင်ပေမယ့် ရှင့်ရဲ့ချမ်းသာကြွယ်ဝမှုတွေက အိမ်ထောင်သက်တမ်းတစ်လျှောက်မှာ ကျွန်မလိုက်မမီနိုင်တဲ့ ကွာဟချက်ကြီးတစ်ခု ဖြစ်နေမှာ စိုးရိမ်နေလို့ပါ။

ခြယ့်မေမေကိုယ်တိုင် ဒီလိုအဖြစ်မျိုးနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး သားသမီးတွေပါ လူရာမသွင်းခံရတာမျိုး ခြယ့်မျိုးဆက်အထိ မဆက်နေစေချင်ဘူးလေ။

''ကိုကို့ကို ခြယ်ချစ်တယ်မဟုတ်လား၊ တစ်ခါတလေ ခြယ် မာနနဲ့ ငြင်းဆန်နေပေမယ့် ခြယ့်မျက်ဝန်းတွေထဲမှာ ကိုကို့ကို ချစ်တဲ့အရိပ်လေးတွေ မျောပါစီးနေတတ်တာ ကိုကို သိပါတယ် ခြယ်ရယ်''

ပြောပြောဆိုဆိုနှင့် ခြယ့်ကိုယ်လုံးလေးကို တင်းကြပ်စွာ ပွေ့ဖက်လိုက်ပြီး အနမ်းကြမ်းကြမ်းလေးတွေက ခပ်ကြမ်းကြမ်းလေး ကျရောက်သွားရလေသည်။

ခြယ် ရင်သိမ့်သလိုဖြစ်သွားပြီးမှ သူ့လက်တွေကို တွန်းဖယ်ရုန်းကန်နေမိ၏။

ပတ်ဝန်းကျင်မှာ လူမရှိ၍ တော်ပါသေးသည်။

မြို့ပြင် လူမရှိတဲ့နေရာလေးမှာ ကားရပ်ထား၍ လူသူကင်းမဲ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ် ခြယ်ကို အရမ်းချစ်တယ်၊ ဘယ်လိုနည်းနဲ့မှ ခြယ့်ကို လက်လွှတ်မခံနိုင်တော့ပါဘူး"

တိုးတိတ်ညင်သာစွာ ပြောနေတဲ့ သူ့အသံတွေက ခြယ့် မျက်နှာလေးပေါ်မှာ ရင်ခုန်လှိုက်မောဖွယ် အငွေ့အသက်တွေ ရိုက်ခတ်နေတော့သည်။

ရှင့်အချစ်တွေကို ခြယ့်မျက်လုံးလေးတွေ မှေးမှိတ်ပြီး ရင်ခုန်စွာခံယူပစ်လိုက်ချင်တဲ့ ဆန္ဒတွေ ပြင်းပြစွာရှိလာပြီ ကိုကိုရယ်…

အနမ်းကြမ်းကြမ်းလေးကို မငြင်းဆန်ဘဲနှင့် မှင်သက်မိစွာ ငြိမ်နေပြီးမှ အသိတွေဝင်လာတဲ့အချိန်တွင် ကပျာကယာရုန်းဖယ်ပစ်လိုက်မိလေသည်။

"လွှတ်ပါ…ရှင် ဘာလုပ်တာလဲ၊ ရှင်ဟာ လူကြီး လူကောင်းတစ်ယောက်ပါ၊ ဒီလိုအောက်တန်းကျတဲ့ အပြုအမူမျိုးတွေ မလုပ်ပါနဲ့၊ ကျွန်မ ရှင့်ကို အထင်သေးသထက် သေးလာမှာနော်"

သူ အသိဝင်လာပြီး ခြယ့်ကိုယ်လုံးလေးကို လွှတ်ပေးလိုက်သည်။

စူးရှတောက်ပတဲ့ အကြည့်တွေကတော့ သူမမျက်နှာလေးပေါ်ကနေ ဖယ်ရှားမသွားသေးဘဲ အကြည့်တွေကို လွှဲဖယ်ထားလိုက်မိသည်။

"ခြယ် ကိုကို တောင်းပန်ပါတယ်၊ ကိုကို့နှလုံးသားတွေ





ထဲမှာ ခြယ့်ကိုပဲ ချစ်ခင်ယုယ တွေးပိုက်ထားချင်တယ်၊ ခြယ့်အတွက်ဆို ကိုကို အရာအားလုံးကို ပေးဆပ်ချင်ပါတယ်ကွာ"

ခြယ့်ရင်ထဲမှာ ကြေကွဲဝမ်းနည်းမှုတွေ လှိုက်တက်လာပြီး မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပင် ပြည့်လာရသည်။

ကိုကိုရယ်…

ခြယ့်နှလုံးသားတွေထဲမှာ ကိုကို့ကို ချစ်မြတ်နိုးနေပြုပြီ။ ကိုကို့ဆန္ဒတွေအားလုံး ဖြည့်စွမ်းပေးချင်နေပါပြီ။

အနာဂတ်ရဲ့ ကံကြမ္မာတွေကို ခြယ် မယုံကြည်ဘူး။ ပျော်ရွှင်စရာတွေထက် ပူဆွေးသောကတွေရဲ့ ပြင်းပြလောင်မြိုက်ခြင်း ခံရတော့မှာက အသေအချာဆုံးပါပဲလို့ ခြယ့်ခံစားမှုတွေက သိနေတယ်။

ကိုကိုသာ ခြယ်နဲ့ ဘဝတူ လူသားတစ်ယောက်ဖြစ်နေရင် ဘယ်လောက်ကောင်းမလဲနော်…

"ခြယ်"

"ကျွန်မ ပြန်ချင်ပြီ"

"ကိုကို စိတ်အေးရအောင် ရဲရင့်အလုပ်ကနေ ထွက်လိုက်ပါလားကွာ နော်"

သူ ခြယ့်ကို ရဲရင့်အနားမှာ မနေစေလိုတဲ့ ဆန္ဒတွေပဲ အတိုင်းအဆမရှိ ဖြစ်ပေါ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြယ်နှင့်ပတ်သက်လာလျှင် ကလေးဆန်ဆန် သဝန်ကြောင်ချင်နေမိသည်။

သူ့အပြုအမူတွေ အကျင့်စရိုက်တွေက အမြဲတမ်း အထက်တန်းကျစွာ ပြုမူနေထိုင်တတ်ခဲ့ပေမယ့် ခြယ့်ရှေ့မှာတော့ အောက်တန်းကျတဲ့ လူတစ်ယောက်တောင် ဖြစ်သွားရပြီလား…

စိတ်တွေကို ထိန်းချုပ်နိုင်တဲ့အင်အားတွေ မဲ့နေရပြီ။ အရူးအမူးချစ်ပစ်ချင်တဲ့ ဆန္ဒတွေပဲ လွှမ်းမိုးနေရသည်။

"ရှင် ကျွန်မကို ပြန်မပို့ရင်တော့ ကျွန်မ ငိုပစ်လိုက်မှာနော်"

အသံလေးတွေ တုန်ရီပြီး မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်ဝိုင်းနေကာ ကြေကွဲနေတဲ့ နှုတ်ခမ်းလေးတွေက တဆတ်ဆတ် တုန်ရီနေသဖြင့် သူ အထိတ်တလန့်ဖြစ်သွားရသည်။

"ငိုတော့ မငိုလိုက်ပါနဲ့ ခြယ်၊ ကိုကို ပြန်ပို့ပေးမယ်နော်-မင်းကို စိတ်ဆင်းရဲ သောကရောက်အောင် ကိုကိုလုပ်တာ မဟုတ်ပါဘူးကွာ၊ အရမ်းချစ်မြတ်နိုးလို့ပါ ခြယ်ရယ်၊ ကိုကို့ကို စိတ်မဆိုးပါနဲ့ကွာ…နော်"



## အခန်း [၁၅]

မြရောင်ခြယ်ကို ကြည့်ပြီး ရဲရင့်စိတ်တွေ ဖောက်ပြန်လှုပ်ရှားလာရသည်ဆိုတာ သူသိနေသည်။

ထွန်းတောက် ချစ်မြတ်နိုးမယ်ဆိုရင်လည်း ချစ်မြတ်နိုးလောက်အောင် နုထွတ်ဝင်းအိနေတဲ့ မိန်းမချောလေးဖြစ်နေ၏။

ရဲရင့်တို့က ကျားပဲ၊ မိန်းမလေးတွေနှင့် ပတ်သက်ပြီး ဘယ်လိုစည်းရုံးသိမ်းသွင်း မြူဆွယ်ဖြားယောင်းရမလဲဆိုတာ ကျွမ်းကျင်သူတွေ ဖြစ်သည်။

ခြယ်က မာနကြီးတဲ့ကောင်မလေးဖြစ်တဲ့အပြင် ဘဝကို ရုန်းကန်ကြိုးစားပြီး တိုးတက်အောင်မြင်မှုတွေ ရယူလိုသူ…

ထွန်းတောက်ကိုပင် လက်မခံသေးကြောင်း သူသိနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ရဲရင့်အနားမှာ ခြယ်ရှိမနေအောင်လည်း ထွန်းတောက်ကြို စားနေတာ မအောင်မြင်ဘဲ ဖြစ်နေ၏။

ထွန်းတောက်ရေ…ခြယ်ကိုတော့ ကို ချစ်မြတ်နိုးနေပြီကွာ…

ဒီလောက်လှပချောမွတ်နေတဲ့ ကောင်မလေးမျိုးကိုမှ ရဲရင့် အမူ က ချစ်မြတ်နိုးမိလာတာကွ။

"ဆရာ"

"ဟင်…ခြယ်"

"ခြယ် နည်းနည်းနောက်ကျသွားတာ ခွင့်လွှတ်ပါ"

"ရပါတယ် ခြယ်ရယ်၊ မင်းအမေ နေကောင်းသွားပြီလား"

"ဟုတ်ကဲ့"

"ဆရာ လာကြည့်ဦးမယ်၊ ဘာအကူအညီလိုအပ်သေးလဲ ပြောနော်"

"မလိုပါဘူး ဆရာ"

ခြယ့်အမေကို သူ အရေးတယူသွားပြီး ကြည့်ရှုခဲ့ခြင်း မရှိခဲ့။ မရိုးသားတဲ့ အပြုအမူတွေကို ခြယ်နှင့်ပတ်သက်ပြီး ရှောင် ရှားနေသည်။





ခြယ့်ကို ယုံကြည်မှုတည်ဆောက်နေ၍ ရဲရင့် အတတ်နိုင် ဆုံး တည်ငြိမ်ရင့်ကျက်တဲ့ ယောကျ်ားတစ်ယောက်အသွင်ကို အပြည့် အဝ ဟန်ဆောင်နေခဲ့၏။

"ခြယ်လိုအပ်တဲ့အကူအညီရှိရင် ပြောနော်၊ ဆရာ့ဝန်ထမ်း တွေကို အတတ်နိုင်ဆုံး လိုအပ်ချက်တွေ ဖြည့်စွမ်းပေးချင်တယ်"

"ဟုတ်ကဲ့"

ခြယ်သည် တည်ငြိမ်ရိုးသားသော မိန်းကလေးဖြစ်ပြီး မျက်နှာလေးနှင့် အလုပ်ကိုပဲ ကြိုးစားလုပ်ဆောင်သူလေး ဖြစ်နေ သည်။

မိန်းကလေးတွေကို အလေးအနက်မထားတတ်သော ရဲရင့် ခြယ်ဆိုတဲ့ မိန်းမချောလေးကို စိတ်ဝင်တစား ချစ်ခင်နှစ်သက် လာနေပြီ ဖြစ်သည်။

"ဆရာ ခြယ် ကော်ဖီဖျော်ပေးရမလား၊ ခြယ် နည်းနည်း နောက်ကျသွားလို့ ဆရာ ကော်ဖီသောက်ပြီးပြီထင်တယ်နော်"

ခြယ်နောက်ကျသွား၍ အားနာစွာဖြင့် ဆရာ့ကို ပြောနေမိ လေသည်။

ဟွန်း…ရှင့်ကြောင့်ပေါ့…ဆရာကို ရှင် မနာလို ဝန်တို ပြီး မကောင်းကြောင်းပြောပေမယ့် ဆရာကတော့ ခြယ့်အပေါ် မရိုးသားတဲ့ အပြုအမူတွေ မရှိခဲ့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



လက်မြန်ခြေမြန်နဲ့ ဘယ်လိုလူမှန်း မသိအောင် ကဲလွန်းတဲ့ ကိုကိုက သူချစ်မြတ်နိုးတာ သူမတစ်ယောက်တည်းပါတဲ့။

ခြယ့်ကို ကားပေါ် ဖွတ်တင်ခေါ်ပြီး သွားချင်ရာသွား ပြုမူချင်သလို ပြုမူနေတဲ့သူ့ကို ခြယ် ဘယ်လိုတားဆီးရမှန်းပင် မသိအောင် ဖြစ်ရလေသည်။

အမေနှင့် မောင်လေးရဲ့ ယုံကြည်အားကိုးမှုကို ရယူပြီး ခြယ့်အချစ်တွေကို ရအောင် ကြိုးစားနေလေသည်။

"ခြယ်"

"ရှင်"

"ဘာတွေစဉ်းစားနေတာလဲ၊ မင်းမျက်ဝန်းလေးတွေ ရီဝေဝေးငိုင်နေသလိုပဲ၊ မင်းမှာ ဘာအခက်အခဲတွေရှိနေလဲ၊ ဆရာ့ကို ပြောနော်၊ ဘာမှ အားနာစရာမလိုဘူး"

"မရှိပါဘူး ဆရာ၊ မောင်လေး စားမေးပွဲမှာ ဂုဏ်ထူးတွေ ပါပါ့မလားလို့ စဉ်းစားနေတာပါ၊ မောင်လေးက ဆရာဝန် အရမ်း ဖြစ်ချင်တာပဲ"

"ခြယ်ရယ် မင်းမောင်လေးက အရမ်းကြိုးစားတယ် မဟုတ်လား၊ မောင်လေးအတွက် ခြယ့်မှာ ဘာအခက်အခဲတွေရှိ နေလဲ ဆရာ ဘာကူညီပေးရမလဲ"

"မလိုပါဘူး ဆရာ၊ ခြယ်စိတ်ပူနေတာပါ၊ တကယ်တော့





မောင်လေးက အရမ်းကြိုးစားပါတယ်"

ရှင့်အကြောင်းတွေကို ခြယ်စဉ်းစားမိတိုင်း ရင်တုန်လှိုက်ခါ နေရတာပဲ သိလား။

ဆရာ့အကြောင်းတွေ မကောင်းပြောပေမယ့် ဆရာ့ဘက်က ကျွန်မအပေါ် ဘယ်တော့မှ မရိုးမသားမလုပ်ခဲ့ပါဘူး။

ရှင်ပဲ...

တွေးမိတိုင်း ကျွန်မရင်တွေ ဘယ်လောက်တုန်လှုပ်ခြေး တွေးနေရလဲ...

သူမအတွေးထဲမှာ ကိုကိုဆိုတဲ့ လူတစ်ယောက်အကြောင်း ပဲ စိုးမိုး လွှမ်းခြုံနေရတယ် သိလား...

မုန်းလိုက်တာ...

ကိုကို့ကို ကျွန်မချစ်ပါတယ်လို့ ပြောဖို့က ကျွန်မစိတ်တွေ ဘယ်လောက်အထိ ထိန်းချုပ်နေရလည်းဆိုတာ ကိုကို မသိပါ ဘူးနော်။

ခြယ် စားပွဲမှာ ထိုင်ပြီး အလုပ်တွေ လုပ်နေပေမယ့် စိတ်ကတော့ ကိုကို့အကြောင်းတွေပဲ တွေးနေမိလေသည်။

"ခြယ်"

"ရှင် ဆရာ"

"ကော်ဖီဖျော်ပေးမယ်ဆို ဆရာက မင်းသွားဖျော်မယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်ပြီး စောင့်နေတာ”

ဟုတ်သားပဲ ခြယ်မေ့ပြီး စားပွဲမှာ သွားထိုင်နေသည်။

ရှင့်အကြောင်းတွေက ကျွန်မနှလုံးသားတွေကို စိုးမိုးနိုင်လွန်းလို့ အရာအားလုံးကိုတောင် အမေ့မေ့ အလျော့လျော့ဖြစ်နေမိပြီနော်။

ဆရာ့အတွက် ကော်ဖီ အမြန်ဖျော်ပေးနေမိသည်။

“ခြယ် နောက်ကျနေတာနဲ့ ဆရာတောင် ကော်ဖီသောက်ဖို့ မေ့သွားရတယ်၊ အလုပ်တွေလည်း အခုတလော အရမ်းများနေတယ်”

“နောက်ဆို ခြယ် စောစောရောက်အောင်လာခဲ့မယ် ဆရာ”

ကိုထွန်းတောက်ကြယ်ကြောင့် ခြယ် အမြဲတမ်းနောက်ကျနေတတ်လေသည်။ တော်ပြီ ရှင့်ကားပေါ် ဘယ်တော့မှ မတက်တော့ပါဘူး…

ခြယ့်ဘဝ တိုးတက်အောင်မြင်မှုတွေတောင် ရှင့်ကြောင့် အဟာန့်အတားတွေ ဖြစ်ရတယ်။

သူ့အကြောင်းတွေ တွေးမိတိုင်း ခြယ့်စိတ်တွေ ရင်ခုန်လှိုက်မောစွာ တုန်တုန်ရီရီဖြစ်ချင်လာရသည်။

သွားစမ်းပါ…ရှင့်အကြောင်းတွေကို ကျွန်မတွေးနေမိတာ





ကိုက အကျိုးလုံးဝမရှိဘူး။

မတွေးဘူး…

မတွေးဘူး…

သူမ အော်ဟစ်မောင်းထုတ်ပစ်ချင်လာမိတော့သည်။

အလုပ်တွေကို စိတ်ဝင်စားလို့မရအောင် ဖြစ်နေရ၏။

သူ့အကြောင်းတွေကို ဖွတ်အတင်းမေ့ပျောက်ပစ်ပြီး အလုပ်တွေပဲ ကြိုးစားလုပ်ကိုင်လိုက်မိသည်။

ညနေစောင်းတော့ ခြယ် အလုပ်တွေကိုရပ်ပြီး ပြန်ဖို့အတွက် ပြင်ဆင်နေမိ၏

“မြရောင်ခြယ်”

“ရှင်”

“ဒီည ဆရာနဲ့ ခြယ် ညစာစားပွဲတစ်ခုကို သွားရမယ်”

“ရှင်”

အလုပ်တာဝန်ထမ်းဆောင်ဖို့ သဘောတူညီမှုအရ ဆရာနှင့်အတူ ညှိခံပွဲတွေကို အတူလိုက်တက်ဖို့အတွက် သဘောတူညီထားရလေသည်။

“ဒီညှိခံပွဲကိုတော့ မြရောင်ခြယ် မလိုက်လို့ မရဘူး၊ လုပ်ငန်းသဘာအရ ဆွေးနွေးကြရမယ်၊ ကိုယ်ရေးအရာရှိတွေအားလုံးလည်း မန်နေဂျင်းဒါရိုက်တာတွေနဲ့ တွဲပြီး တက်ကြရမှာ



www.burmeseclassic.com

www.burmeseclassic.com



လေ''

ခြယ့်အတွက် ငြင်းဆန်ဖို့မကောင်းတဲ့အခြေအနေ ဖြစ်နေရသည်။

အလုပ်ဝင်ကတည်းက သဘောတူညီမှု ရှိထားပေမယ့် ဆရာက ခြယ့်ကို နှစ်ယောက်တည်းသွားရမယ့်နေရာတွေ ခေါ်ဆောင်သွားလေ့မရှိခဲ့ပေ။

''ဒီညေ့ခံပွဲကိုတော့ မဖြစ်နေ ခြယ် လိုက်ရလိမ့်မယ်၊ စီးပွားရေးလည်း ယှက်နွယ်နေလို့ပါကွယ်၊ ခြယ့်ကို ဆရာ မဖြစ်မနေ ခေါ်ရမှာမို့ပါ''

''ခြယ် နားလည်ပါတယ် ဆရာ၊ အမေ့ဆီ ဖုန်းဆက်ပြီး ခြယ် လိုက်ပါ့မယ်နော်''

''ယူနီဖောင်းပဲ ဝတ်ရမှာ ခြယ်၊ အိမ်ကို ဖုန်းပဲဆက်လိုက်တော့၊ ခြယ့်မျက်နှာလေးကိုပဲ အလှအပတွေပြင်ဖို့ အလှပြင်ဆရာ မလာလိမ့်မယ်''

''ရှင်''

''လုပ်ငန်းရှင်ကြီးတွေရဲ့ အတွင်းရေးမှူးမလေးတွေ အပြိုင်အဆိုင်အလှပြင်လာကြမှာလေ ဆရာ့အတွင်းရေးမှူးမလေးကျမှ မျက်နှာငယ်နေလို့ မဖြစ်သေးဘူး''

ဆရာပြောနေတာတွေက တရားနည်းလမ်းကျနေသဖြင့်





ခြယ် အလုပ်သဘောအရ မငြင်းနိုင်တော့ပေ။

အမေ့ဆီလှမ်းပြီး ဖုန်းဆက်၍ အကျိုးအကြောင်းပြောပြလိုက်သည်။

''ခြယ့်ကို အမေ ယုံတယ်နော်၊ လိမ္မာတဲ့သမီးလေးမို့ အမေ ခွင့်ပြုပါတယ်''

အမေ့ဆီက ခွင့်ပြုချက်ရသည်နှင့် စိတ်အေးသွားပြီး ဆရာ့အစီအစဉ်နှင့် အလှအပတွေပြင်ရသည်။

ချုန့်မြနေတဲ့ ဒေါက်မြင့်ဖိနပ်လေးကိုစီးတော့ သူ့ကို သတိရတမ်းတသွားမိသလို ဖြစ်လာရသေး၏။

သူ့အကြောင်းတွေ တွေးမိတိုင်း ခြယ့်နှုတ်ခမ်းသားလေးတွေက ရူတင်းတင်းလေး ဖြစ်သွားရလေသည်။

''မြရောင်ခြယ် ဒီလက်ဝတ်ရတနာတွေ ဝတ်ပါ''

အလှပြင်ဆရာမက အဖိုးတန်လက်ဝတ်ရတနာတွေ ခြယ့်ကို ဝတ်ခိုင်းနေသည်။

''ခြယ် မဝတ်ချင်ဘူး၊ ဟို မဝတ်ပါရစေနဲ့နော်၊ ဒါမျိုးတွေဝတ်ပြီး ခြယ် မနေတတ်လို့ပါ''

''မရဘူး ဝတ်ရမယ်ခြယ်၊ ဟိုမှာက အပြိုင်အဆိုင်တွေ များတယ်၊ ကုမ္ပဏီပိုင်ရှင်က သူ့ အသာစီးကနေ ခေါင်းမော့နိုင်အောင်ပါ''



www.burmeseclassic.com

www.burmeseclassic.com



ခြယ် ဖွတ်အတင်းငြင်းနေပေမယ့် ဆရာကလည်း ဝတ်တွဲ။

အားနာနာနှင့် ခြယ် လက်ခံလိုက်ရတော့လေသည်။

"မြရောင်ခြယ် မင်း အရမ်းလှတာပဲ၊ မမတော့ နာမည်အကြီးအကျယ်ရမှာ သေချာတယ်ဟေ့"

ခြယ် နေထိုင်ရတာ စိတ်တွေမွန်းကျပ်ကျပ်ကြီး ဖြစ်လာရသည်။

"ခြယ်"

"ရှင်"

"ဘာမှ စိတ်မလှုပ်ရှားနဲ့နော်၊ တည်ငြိမ်ခန့်ညားမှုက အတွင်းရေးမှူးမလေးတစ်ယောက်ရဲ့ စွမ်းဆောင်နိုင်မှုတစ်ခုပဲ၊ ခြယ်က ကိုယ်ပိုင်လုပ်ငန်းရှင်ကြီးဖြစ်ချင်တာ မဟုတ်လား ကြိုးစားနော်"

"ဟုတ်ကဲ့ ဆရာ"

ဆရာနှင့်အတူ ခြယ် နောက်ကနေ လိုက်လာရလေသည်။

ခွာမြင့်ဖိနပ်လေးကို ပထမဆုံးစီးပြီး လှေကားထစ်တွေအတိုင်း နင်းတက်လာစဉ်က ခြေချော်ပြီး သူ့ရင်ခွင်ထဲ ယိုင်ခွေလဲကျသွားတဲ့ အဖြစ်တွေကို ခြယ် သတိရ တမ်းတလာရပြန်သည်။

ဒီတစ်ခါတော့ ခြယ် ဓာတ်လှေကားမှ ဆင်းရ၏။

ကားပေါ်ရောက်တော့ ဆရာက နောက်ခန်းမှာ ထိုင်စေသည်။





ရှင်နဲ့ တခြားစီပဲ...

နေရာတကာ အခွင့်အရေးယူတတ်တဲ့သူ မဟုတ်ဘူးနော်...

ခြယ့်စိတ်တွေ လှုပ်ရှားနေပေမယ့် အတတ်နိုင်ဆုံး ထိန်းချုပ်နေရသည်။

ဒီလိုအခွင့်အရေးမျိုးကို ခြယ်ရအောင် ယူရမှာပဲလေ။

ကိုယ့်ကိုယ်ကို စမတ်ကျအောင် ခြယ် နေပစ်လိုက်မိသည်။

"ခြယ်"

"ရှင်"

"စိတ်တွေ မလှုပ်ရှားနဲ့နော်၊ ခြယ်ကို အတွေ့အကြုံရအောင် ဆရာ ခေါ်လာခဲ့တာပါ၊ မင်းကို ကြိုးစားရိုးသားတဲ့ မိန်းကလေး ဖြစ်နေလို့ ဆရာ အားပေးတာပါ"

"ကျေးဇူးပါပဲ ဆရာ"

ကိုထွန်းတောက်ကြယ်ပြောတာနှင့် ဆရာရဲ့ရင့်ရဲ့ နေထိုင်ပြုမူပုံတွေက တခြားစီဖြစ်နေရသည်။

ဆရာရဲ့ရင့်ကို ရှင် မနာလိုဝန်တို ဖြစ်နေတာ မဟုတ်လား။

ခြယ့်ရဲ့ နှလုံးသားတွေထဲက ရင်ခုန်သံတွေကို ဖယ်ရှား မောင်းထုတ်ပြစ်ချင်တယ် ကိုကို...



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုဆိုတဲ့ အသုံးအနှုန်းလေးကို ခြယ် တစ်ခါတစ်ရံ မထင်မှတ်စွာဖြင့် ရင်ထဲမှာ တမ်းတမ်းတတလေး ဖြစ်နေခဲ့ရသည်။

"မြရောင်ခြယ်"

"ရှင်"

"ရောက်ပြီလေ"

"ဪ...ဟုတ်ကဲ့"

ခြယ် အတွေးစေ့ငွေ့နှံပြီး ကားရပ်လိုက်တာပင် မသိအောင် ဖြစ်သွားရ၍ ရှက်သွေးသွေးလေး ဖြစ်သွားရသည်။

လုပ်ငန်းရှင်တွေရဲ့ ညှိခံပွဲသို့ ခြယ် ပထမဆုံးအကြိမ် တက်ရောက်ခဲ့ဖူးခြင်းဖြစ်၍ စိတ်တွေ လှုပ်ရှားနေခဲ့ရသည်။

"ခြယ် ဘာမှမကြောက်နဲ့ ဆရာ့အတွင်းရေးမှူးမလေးက အမြဲတမ်းသွက်လက်တက်ကြွပြီး စမတ်ကျနေစေရမယ်နော်"

"ဟုတ်ကဲ့ပါ ဆရာ"

ကြီးကျယ်ခမ်းနားလွန်းတဲ့ ညှိခံပွဲကျင်းပရာ ခန်းမကြီးထဲ လှမ်းဝင်လာခဲ့မိတော့သည်။



## အခန်း [၁၈]

ရဲရင့်နှင့် ခြယ်ကိုတွေ့လိုက်ရသဖြင့် ထွန်းတောက်ကြယ် ဒေါသတွေက ရုတ်တရက်ပေါက်ကွဲတော့မတတ် ဝုန်းခနဲ ထရပ်ပြီး ခြယ့်လက်ကလေးကိုဆွဲပြီး အခန်းထဲကပင် ထွက်သွားချင်တဲ့စိတ်တွေ ပေါ်ပေါက်သွားရသည်။

မင်း ဘာဖြစ်လို့ ရဲရင့်နဲ့ လိုက်လာခဲ့ရတာလဲ မြရောင်ခြယ်။ ဒီကောင့်ကိုတော့ မင်း ဘာဖြစ်လို့ ယုံကြည်နေရတာလဲ...

ခြယ်သည် အလွန်အမင်းလှပစွာဖြင့် ပြင်ဆင်ထားသည်။

ညှိခံပွဲကို ကြွရောက်လာတဲ့လူတွေအားလုံးရဲ့ အကြည့်တွေက ခြယ့်ဆီပဲ စူးစိုက်စွာ ကျရောက်နေတော့၏။

ရဲရင့်နှင့်တွဲလာတော့ မင်းကို အားလုံးက အထင်သေး



www.burmeseclassic.com

www.burmeseclassic.com



မှာ မင်းသိရဲ့လား…

ပြင်ဆင်ထားတဲ့အပြင် လက်ဝတ်ရတနာတွေလည်း ဝတ်ထားသည်။

ဘယ်လောက်အထိ အမြင်ကတ်စရာကောင်းတဲ့ မြရောင်ခြယ်လဲ…

ထွန်းတောက်ကြယ်ဘာစ်ယောက်တည်း ဒေါသတွေထွက်နေမိသည်။

သူတော်ကောင်းယောင်ဆောင်နေတဲ့ ရဲရင့်ကို မြရောင်ခြယ်ယုံကြည်မှုအပြည့်အဝရှိနေ၏။

မင်း ဘာအချိုးချိုးတာလဲ ခြယ်…

သူ့ကိုတော့ မယုံကြည်သလိုနှင့် ခြယ်က မာနပြကာ ရန်စွာနေတတ်သည်။

ဆတ်ဆတ်ထိမခံ ငြင်းဆန်နေတော့၏။

ရဲရင့်ကတော့ ခြယ်နှင့်တွဲကာ ထည်ဝါဝံ့ကြွားစွာ ထိုင်နေသည်။

ဒီကောင့် အကျင့်စရိုက်တွေကို သူ အသိဆုံးပဲဖြစ်သည်။ ခြယ့်ကို အယုံသွင်းနေတာပဲ။

"ထွန်းတောက်"

"ဟင်"





"ရဲရင့်ရဲ့ကောင်မလေးက အရမ်းလှတာပဲ၊ ဆင်ထားလိုက်တာ၊ ဒီတစ်ခါတော့ ရဲရင့် ပစ်ကျသွားပြီထင်တယ်နော်"

သူ့ဘေးနားမှာထိုင်နေတဲ့ အိမ့်ခြူးနွယ်က ပြောနေသည်။

အင်း…ဒီအပြင်အဆင်နဲ့ ရဲရင့်နောက်က လိုက်လာတာ ရဲ့ရင့်အကြောင်းသိတဲ့လူတွေက ဘယ်လောက်အထိ အထင်သေးကြမလဲ။

ဒီလိုအပြင်အဆင်မျိုးနဲ့ လိုက်လာတဲ့ ခြယ်ကို သူ ဒေါသတွေအကြီးအကျယ်ထွက်နေမိသည်။

နေရာကနေ ဘယ်လိုခေါ်ထုတ်သွားရမလဲဆိုတာပဲ သူစဉ်းစားနေမိ၏။

"ဒီကောင်မလေး မလွယ်ဘူးနော်၊ ရဲရင့်က ဘယ်လိုကောင်မလေးမျိုးကိုမှ အတည်မကြဘူး"

"ဒီကောင့်အကြောင်းကို ပြောမနေစမ်းပါနဲ့ ခြူး"

သူကတော့ သူ့အတွင်းရေးမှူးမလေးအဖြစ် ခြယ် လက်မခံကတည်းက နောက်ထပ် လူစားမထိုးပစ်ခဲ့တော့ပေ။

ခြယ့်အတွက် နေရာလပ်လေးတစ်ခု ထားခဲ့သည်။

အကြည့်ကို လွှဲပစ်လိုက်ကာ စားစရာတွေကိုပဲ စားနေလိုက်၏

ခြယ်ကလည်း အမှတ်အထင် သူ့ကိုတွေ့လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



အထိတ်တလန့်နှင့် မျက်ဝန်းလေးတွေပြူးကာ ပိုင်းစက်သွားရတော့သည်။

သူက ဆရာရဲရင့်နှင့် တွဲစက မကြိုက်ဘူးဆိုကာမှ အစားမထိုးရက်ပဲ ကိုကို တမင်ချန်ထားတယ်တဲ့...

အခု ရှင့်ဘေးနားမှာ ရှိနေတာက ဘယ်သူလဲ...

ငယ်ရွယ်နုပျိုတဲ့ မိန်းကလေးတော့ မဟုတ်ပါ။ သူနှင့်ရွယ်တူ မိန်းမချောလေးတစ်ယောက် ဖြစ်နေသည်။

"မြရောင်ခြယ် ဘာကြည့်နေတာလဲ၊ ဩော် ... ထွန်းတောက်တို့အတွဲပါလား"

ထွန်းတောက်တို့အတွဲဟု ပြောလိုက်၍ ခြယ် နည်းနည်းတော့ မကျေမနပ်ဖြစ်သွားရပြီး နှလုံးသားထဲသို့ နာကျင်စူးရှတဲ့ဝေဒနာလေး တိုးဝင်သွားရသည်။

ငိုချင်သလိုလို ဖြစ်သွားရ၏။

"ထွန်းတောက်နဲ့ တွဲထိုင်နေတာက ဒီကောင်နဲ့ လူကြီးချင်း စေ့စပ်ထားတဲ့ အိမ့်ခြူးနွယ်တဲ့၊ နိုင်ငံခြားပြန် ကုမ္ပဏီ ပိုင်ရှင်တစ်ယောက်ပဲ"

ရှင့်မှာ လက်ထပ်ရမယ့်ချစ်သူရှိသားနဲ့ ခြယ့်ကို ဘာဖြစ်လို့ရယူဖို့ ကြံစားနေရတာလဲ...

ဆင်ခြေဖုံးရပ်ကွက်က ကောင်မလေးတစ်ယောက်ဆိုပြီး





ကျွန်မဘဝကို ဖျက်ဆီးပစ်ချင်တာ မဟုတ်လား။

ကျွန်မရဲ့ ခန္ဓာကိုယ်အသွေးအသားတွေကို ဝါးမျိုဖျက်ဆီးပစ်ဖို့ပဲ...

မုန်းလိုက်တာနော်...အဲဒါကြောင့် ရှင်တို့လို ချမ်းသာတဲ့လူမျိုးတွေကို အမေရော ကျွန်မပါ အထင်မကြီးတာပဲ။

သူ့ရှေ့သို့ထသွားပြီး မျက်နှာကိုစေ့စေ့ကြည့်ကာ ရန်ထောင်ပစ်ချင်လာရတော့သည်။

စည်းပရိသတ်တွေရှိနေလို့နော်...ကျွန်မစိတ်တွေကို ထိန်းချုပ်ထားရတာ...

ဘယ်လောက်ဒေါသဖြစ်စရာကောင်းလဲဆိုရင် အမေ့ကိုပါ အယုံသွင်းနေသေးသည်။

ခြယ်တို့ပတ်ဝန်းကျင်မှာ လာနေပြီး ခြယ့်ဘဝကိုဖျက်စီးပစ်ဖို့အထိ ကြံစည်နေသည်။

ဒေါသဖြစ်ဖြစ်နှင့် သူ လှမ်းကြည့်တိုင်း ဆရာရဲရင့်အနားပူးကပ်ထိုင်ကာ ဆရာရဲရင့်ကို ပြုစုပေးနေ၏။

ရှင်မကြိုက်တာကိုပဲ ကျွန်မ ပိုလုပ်ပြမယ် သိလား...ကိုထွန်းတောက်ကြယ်...

ဆရာရဲရင့်ကိုတော့ ရှင်မကောင်းသတင်းတွေပဲ ပြောပြီးရှင့်ကျတော့ ကျွန်မကွယ်ရာမှာ အတွဲနဲ့ အကြည်စိုက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လားဟင်…

ရင်ထဲမှာ မကျေနပ်ချက်တွေနှင့် ရန့်ထောင်ပြချင်နေမိသည်။

"ထွန်းတောက်အမေက အရမ်းအဆင့်အတန်းခွဲခြားတယ် ခြယ်၊ တော်ရုံမိန်းကလေးမျိုးကို အဖက်မလုပ်ဘူး"

ဆရာရဲရင့်စကားတွေကို ကြားရလေ ခြယ့်ဒေါသတွေက ရင်ထဲမှာ ဝုန်းဒိုင်းကြဲချင်အောင် ပေါက်ကွဲချင်လာလေ၏။

အံသွားလေးတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိလေသည်။

ညှော်ခံပွဲက ပြီးဆုံးသွား၏။

"ဆရာ ခြယ်ပြန်ချင်ပြီ"

"အိုကေ ဆရာ လိုက်ပို့ပေးမယ်၊ ခြယ် အိမ်ပြန်နောက်ကျနေပြီပဲ၊ အားနာလိုက်တာ ခြယ်ရယ် ဒါပေမဲ့ တခြားမိန်းကလေးတွေလဲ ဒီလိုပဲ အလုပ်သဘောအရ နေကြတာပါပဲကွယ်"

"ဟုတ်ကဲ့ပါ ဆရာ"

ဆရာရဲရင့်နှင့်အတူ ညှော်ခံပွဲခန်းမထဲကနေ ထွက်လာပြီး ဆရာရဲရင့်ကားပေါ် တက်မည့်ဟန်ပြင်နေတုန်း ကိုထွန်းတောက် ကြယ်ရောက်လာပြီး သူမလက်လေးကို ဆတ်ခနဲဆွဲယူသွားတော့သည်။





သူ့ကားထဲ ပစ်သွင်းပြီး ကားကို စက်နိုးကာ မောင်းထွက်သွားတော့၏။

"ရှင်…ရှင်…ဘာလုပ်တာလဲ၊ ကျွန်မကို အညှာအတာ အထောက်အထားမရှိ လူပုံအလယ်မှာ အရှက်ကွဲအောင် ဘာဖြစ်လို့ လုပ်ရတာလဲ"

ခြယ် ဒေါသတကြီးနှင့် အော်ဟစ်ရန်ထောင်ပစ်နေမိသည်။

သူကတော့ ကားကိုသာ တရကြမ်းမောင်းနေပြီး သီချင်းတွေပင် ဖွင့်ထားလိုက်သေး၏။

"ရှင် ဘာလုပ်တာလဲ၊ ကားကိုရပ်ပါ၊ ရှင် ကားမရပ်ရင် ကျွန်မကားပေါ်ကနေ ခုန်ဆင်းလိုက်မှာနော်"

သူ့ဘက်ကနေ ကားလော့ခ်တွေကို ချထား၍ ခြယ် ဖွင့်မရ။ သီချင်းသံတွေကို ပိတ်ပစ်တော့လည်း ပြန်ဖွင့်သည်။

ဆူညံနေတဲ့အသံတွေကို ခြယ် အော်ဟစ်သံတွေက မလွှမ်းမိုးနိုင်ပါ။ အော်ရသူပင် မောပန်းလာရတော့သည်။

"ရှင်…ရပ်နော် မရပ်ဘူးလား၊ ကျွန်မကို ဘာထင်နေလို့လဲ၊ ရှင်လုပ်ချင်တိုင်း လုပ်လို့ရမယ်မထင်နဲ့"

သူမအော်ဟစ်ရင်း သူ့လက်တွေကို ထုရိုက်ပစ်နေမိသည်။

လူရှင်းတဲ့ ကားလမ်းဘေးတစ်နေရာမှာ ထိုးရပ်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာလုပ်တာလဲ၊ ကျွန်မရဲ့ အခွင့်အရေးတွေကို ဘာဖြစ်လို့ လိုက်ပြီး ပိတ်ပင်နေရတာလဲဟင်"

"မင်းပုံစံကို မင်းပြန်ကြည့်စမ်း မြရောင်ခြယ်၊ မင်း ဘယ်လိုပုံစံနဲ့ ရဲရင့်နောက် လိုက်လာရတာလဲ"

"ရှင်နဲ့ဘာဆိုင်လဲ၊ ကျွန်မအလုပ်တာဝန်ကို ကျွန်မ ထမ်းဆောင်တာပဲ၊ ဆရာရဲရင့်က ကျွန်မရဲ့ အလုပ်ရှင်တစ်ယောက်ပဲ"

"မင်းကို ပတ်ဝန်းကျင်ကလူတွေ ဘယ်လောက် ကဲ့ရဲ့ ရှုံ့ချနေကြလဲဆိုတာ မင်းသိလား"

"ဘာရှင့်"

"မင်း ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ၊ ရဲရင့်ကို မင်း ဘာဖြစ်လို့ ယုံကြည်နေရတာလဲ"

"ဆရာရဲရင့်က ကျွန်မကို မရိုးသားတဲ့အပြုအမူတွေ ဘာမှမလုပ်ဘူး၊ ရှင်ကသာ ကျွန်မကို ပြုမူချင်သလို ပြုမူနေတာပဲ၊ ကျွန်မရဲ့ အရှက်သိက္ခာတွေ ရှင် ဘာငဲ့ညှာထောက်ထားလို့လဲ"

သူ ခြယ့်မျက်နှာလေးကို မြတ်နိုးချစ်ခင်စွာဖြင့် စူးစူးစိုက်စိုက်လေး ကြည့်နေမိဆဲပင် ဖြစ်နေပေသည်။

ဒီမိန်းကလေးကို သူ ဘယ်လိုမှ မုန်းမေ့ပစ်လို့မရတာ ခက်နေ၏။





နှလုံးသားတွေထဲအထိ စူးနစ်တိုးဝင်ပြီး အချစ်တွေ တသိမ့်သိမ့် တငြိမ့်ငြိမ့်နှင့် ရယူပိုင်ဆိုင်လိုနေဆဲပင် ဖြစ်သည်။

ခြယ့်ကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲကို ဆတ်ခနဲ ဆွဲယူ ပွေ့ဖက်ထားလိုက်မိတော့၏။

"ရှင် ဘာလုပ်တာလဲ ဖယ်ပါ၊ လွှတ်နော်၊ ကျွန်မကို ရှင် စော်ကားချင်တိုင်း စော်ကားလို့ရမယ် မထင်နဲ့ ကိုထွန်းတောက်ကြယ်"

သူမ ဒေါသတကြီး ရုန်းဖယ်တွန်းထိုး ဖြစ်နေမိသည်။

"ခြယ်…မင်းကို ကိုကိုချစ်တယ်၊ မြတ်နိုးတယ်၊ ကိုကို့ကို လက်ထပ်ပါ ခြယ်"

ခြယ့်ကိုယ်လုံးလေးကို တင်းကြပ်စွာဖက်ထားရင်း သူ တမ်းတမ်းတတလေးနှင့် တောင်းဆိုနေမိလေသည်။

"မချစ်ဘူး…ရှင့်ကို လုံးဝမချစ်ဘူး၊ မုန်းတယ်…မုန်းတယ်၊ ရှင်က ကျွန်မကို တကယ်မချစ်ဘဲနဲ့ ကျွန်မဘဝကို ဖျက်ဆီးပစ်ချင်တဲ့လူပဲ"

ခြယ် ဒေါသဖြစ်ဖြစ်နှင့် သူ့ရင်ခွင်ထဲကနေ ရုန်းထွက်ဖို့ ကြိုးစားရင်း နာနာကြည်းကြည်း ပြောနေမိတော့သည်။

ကျွန်မရင်ထဲမှာ ဘယ်လောက်ခံစားနေရလဲဆိုတာ ရှင် သိရဲ့လား ကိုထွန်းတောက်ကြယ်။



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကို ကျွန်မချစ်မိနေကာမှ ရှင့်မှာ စေ့စပ်ထားတဲ့မိန်းမ တစ်ယောက်ရှိနေတာ မဟုတ်လား။

အိမ်ခြေးနွယ်ဆိုတဲ့ မိန်းမက ရှင်နဲ့ ဘယ်လိုပတ်သက်နေလဲ။ ရှင့်ကိုမေးရင် အမှန်အတိုင်းမဖြေဘဲ လိမ်ညာပြောဆိုမှာပဲ မဟုတ်လားလို့။

"ခြယ့်ကို လက်ထပ်ဖို့ ကိုကိုကြိုးစားမယ်၊ မေမေ့ကို ဖွင့်ပြောပြီး လူကြီးစုံရာနဲ့ လာတောင်းမယ်၊ ခြယ် လက်ခံပါကွာ နော်"

ခြယ် မျက်နှာဖူးဖူးဝင်းဝင်းလေးကို မြတ်နိုးစွာကြည့်ရင်း တတွတ်တွတ် တောင်းဆိုနေမိလေသည်။

"လွှတ်ပါ…ကျွန်မကို လွှတ်၊ ရှင့်ကို ဘယ်တော့မှ လက်မထပ်ဘူး၊ လူကြီးစုံရာနဲ့လည်း လာမတောင်းနဲ့"

"ခြယ် ကိုကို့ကို ဘာဖြစ်လို့ ငြင်းဆန်နေရတာလဲကွာ၊ မင်းကို ချစ်မြတ်နိုးနေတဲ့ ယောကျ်ားတစ်ယောက်အပေါ် မင်း ဒီလို မတုံ့ပြန်သင့်ပါဘူး ခြယ်၊ ရဲရင့်ကသာ မင်းဘဝကို ဖျက်ဆီးပစ်မယ့် လူပါ၊ ကိုကို မင်းအတွက် အရမ်းစိတ်ပူလို့ ပြောတာပါ"

"မသိဘူး…ဘာမှလာမပြောနဲ့၊ ကျွန်မကိုပြန်ပို့ပါ၊ ရှင်ထင်ထားသလို ကျွန်မ အပေါစားမိန်းကလေးတစ်ယောက် မဟုတ်ဘူးနော်"





"ခြယ်"

ရုန်းဖယ်နေတဲ့ ခြယ့်ကို လွှတ်မပေးဘဲ တင်းကြပ်သထက် တင်းကြပ်အောင် ဖက်ထားရင်း နှုတ်ခမ်းလေးအား မြတ်နိုးစွာ နမ်းရှိုက် ပစ်လိုက်မိတော့သည်။

"ရှင့်ကို မုန်းတယ်၊ အရမ်းမုန်းတာပဲ၊ ရှင် ကျွန်မကို အထင်သေးပြီး ကျွန်မရဲ့ အပျိုစင်ဘဝလေးကို ဖျက်ဆီးပစ်မလို့ ကြံစည်တာပဲ"

ခြယ့်လက်သီးဆုပ်လေးများက သူ့ရင်ဘတ်ကို တဗုန်းဗုန်း ထုရိုက်နေလေတော့သည်။

ဘာပဲဖြစ်ဖြစ် သူကတော့ ခြယ့်ကိုယ်လုံးလေးကို လွတ် ထွက်သွားမှာ စိုးရိမ်သည့်အလား ပို၍ပင် တင်းကြပ်စွာ ထွေးပွေ့ ထားပစ်လိုက်လေသည်။

မောဟိုက်နွမ်းနယ်လာသလို တဒင်္ဂတော့ ခြယ် ရုန်းကန် ထုရိုက်နေတဲ့ လက်လေးတွေ ပြေလျော့ကာ သူ့ရင်ခွင်ထဲမှာ ငြိမ်သက်သွားတော့သည်။

ခြယ့် ဆံပင်လေးကို ပွတ်သပ်ပင့်တင် ဖယ်ရှားပေးရင်း ချစ်သူ့မျက်နှာလေးအား ဆွဲယူမော့ကြည့်စေခဲ့၏။

"ခြယ်"

နီရဲစိုရဲနေတဲ့ နှုတ်ခမ်းသားဖူးဖူးလေးတွေ တဆတ်ဆတ်



www.burmeseclassic.com

www.burmeseclassic.com



တုန်ကာ မျက်ဝန်းဝိုင်းဝိုင်းလေးများဖြင့် သူ့ကို မော့ကြည့်နေလေသည်။

"ကိုကိုတို့ လက်ထပ်ကြမယ်၊ မေမေ့ကို အသိပေးပြီး ခြယ် မျက်နှာမငယ်ရအောင် တင့်တင့်တယ်တယ် ကိုကို တောင်းယူမှာပါကွာ"

ခြယ့်ဘက်က ငြင်းဆန်နိုင်တဲ့အင်အားတွေ မရှိတော့အောင် ဖြစ်သွားရတော့သည်။

ကိုကိုဆိုတဲ့ လူတစ်ယောက်ကို ခြယ် ကိုယ်တိုင်လည်း ချစ်မြတ်နိုးနေမိပြီဖြစ်ကြောင်း သိလာရပြီး လိမ်ညာဟန်ဆောင်နိုင်ခြင်းပင် မရှိတော့ပါလားနော်။

"ခြယ့်ကိုချစ်တယ်၊ မြတ်နိုးတယ်၊ အရမ်းကိုချစ်တယ်ကွာ"

ကိုကို့အနမ်းလေးတွေကို ခြယ် ငြင်းဆန်ဖယ်ရှားခြင်း မပြုနိုင်တော့ဘဲ ကြည်ဖြူစွာ ခံယူမိသွားပြီး ကိုကို့ကိုလည်း ခြယ် ချစ်နေမိပြီဖြစ်ကြောင်း အဖြေလေးပေးမိသလို ဖြစ်သွားရလေတော့သည်။



## အခန်း [၁၉]

"အန်တီ"

"ဟင်...မောင်ရဲရင့်ပါလား၊ ဒီကိုမလာတာတောင် ကြာပြီနော်၊ သားတော့ မရှိဘူးလေ၊ ကိစ္စရှိလို့လား ထိုင်ပါဦးကွယ်"

ဒေါ်သက်ထားခင်ကတော့ သားသူငယ်ချင်း မောင်ရဲရင့် ရောက်လာ၍ ညှို့ဝတ်ကျေပွန်စွာ ညှို့ခံရတော့သည်။

အရင်ကတော့ မောင်ရဲရင့် မကြာခဏ အိမ်ကို သားနှင့်အတူ လိုက်ပါလာတတ်လေ့ရှိ၏။

"အခုတလော သား အလုပ်တွေ များပြီး ကုမ္ပဏီမှာပဲ အိပ်တတ်တယ်ကွယ့်၊ ဖုန်းပဲဆက်ပြီး ရှာမလာတာ တစ်ပတ်လောက် ရှိပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်ကတော့ ထွန်းတောက်ကို အတို့အထောင်လုပ်ဖို့အတွက် အန်တီသက်ထံ ရောက်လာခြင်း ဖြစ်လေသည်။

မြရောင်ခြယ်ကို ရဲရင့် လက်လွှတ်မခံချင်တော့လောက်အောင် စွဲလမ်းနှစ်သက်မိနေ၏။

"အန်တီသက်ကို ထွန်းတောက်အကြောင်း ပြောချင်လို့ပါ"

"ပြောလေ သားရဲ့၊ ဘာဖြစ်လို့လဲ ပြောပါ"

ထွန်းတောက်အဲမေက ငွေကြေးပြည့်စုံချမ်းသာပေမယ့် မာန်မာနမရှိဘဲ စိတ်သဘောထားပြည့်ဝသည်။

ဘယ်လိုမိန်းကလေးမျိုးဖြစ်ပါစေ ထူးချွန်ထက်မြက်ဖို့ လိုအပ်သည်ဟု ပြောထား၏။

"ထွန်းတောက်က ဆင်ခြေဖုံးရပ်ကွက်လေးထဲက ကောင်မလေးတစ်ယောက်နဲ့ ငြိနေတာ အန်တီ၊ အဲဒီကောင်မလေးက ရုပ်တယ်၊ ယောကျ်ားလေးတွေကို ဖြားယောင်းသွေးဆောင်ပြီး ချူစားနေတာပါ"

"ဟင်"

"ကျွန်တော်နဲ့တောင် ငြိဖူးတယ် အန်တီ၊ ဒီကောင်က တားလို့မရဘူး"

"ဟင်…ဟုတ်လား မောင်ရဲရင့်ရယ်၊ ဘယ်လိုဖြစ်ရတာလဲ၊ အခုတောင် အမေရော စီးပွားရေးလုပ်ငန်းတွေပါ ပြစ်ပြီး ဒီကောင်မလေးဆီ သွားနေတာလား"

"ဟုတ်တယ် အန်တီသက်၊ ကျွန်တော် လာပြောတယ်လို့ မပြောပါနဲ့၊ ကျွန်တော်တို့က လုပ်ငန်းချင်း ပတ်သက်နေကြတာပါ၊ အဲဒီကောင်မလေးက လောလောဆယ် ကျွန်တော့်ဝန်ထမ်းပါ၊ ကျွန်တော်နဲ့ ငြိစွန်းထားပြီးပြီ၊ ထွန်းတောက် ခံလိုက်ရမှာစိုးလို့ပါ"

"အေးကွယ်…ကျေးဇူးတင်ပါတယ်၊ ဒီကောင်မလေးနဲ့ သားနဲ့က ချစ်သူတွေ ဘာတွေရော ဖြစ်နေကြပြီလား"

"ကောင်မလေးက အရမ်းကပ်နေတယ်၊ ကျွန်တော့်ဆီက လည်း ယူနေတာပဲ၊ ကျွန်တော်က အတွေ့အကြုံများပြီးသားပဲ၊ ဒီကောင်က ရိုးတော့ မအူမလည်နဲ့ ခံလိုက်ရမှာစိုးလို့ပါ"

"ကောင်းပါပြီကွယ်၊ အန်တီ တားဆီးရမှာပဲ၊ ဒီလိုမိန်းကလေးမျိုးနဲ့တော့ သားကို ဘယ်လိုမှ သဘောမတူနိုင်ဘူး"

"ဒီမှာ ကောင်မလေးဓာတ်ပုံပါ"

ညှော်ခံပွဲမှာ သူနှင့်တွဲရိုက်ထားတဲ့ ခပ်ပျံပျံဓာတ်ပုံကို ပြလိုက်သည်။

"မြရောင်ခြယ်တဲ့ အရမ်းဆင်းရဲတဲ့ရပ်ကွက်လေးမှာ နေတာပါ၊ ကျွန်တော်ကတော့ အပျော်ပါပဲ"

မောင်ရဲရင့် ပြန်သွားပြီး ဒေါ်သက်ထားခင် သားအတွက်







www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူပြီး ဘယ်လိုတားဆီးပိတ်ပင်ရမလဲဆိုတာ စဉ်းစားရင်း ပူလောင်သောကတွေ ခံစားနေရတော့သည်။

အတင်းအကြပ် တားပြန်ရင်လည်း ကောင်မလေးက အရယူလိုက်မှာ စိုးရိမ်ပူပင်ရ၏။

ဒီလိုမိန်းကလေးမျိုးနဲ့တော့ သားကို သဘောမတူနိုင်ပေ။

သားက မိန်းကလေးကိုရွေးချယ်ရှင်းပြီး ရိုးသားတည်ကြည်စွာ နေတတ်သူ။

မောင်ရဲရင့်နဲ့ ညစာစားပွဲမှာ တွဲရိုက်ထားတဲ့ ကောင်မလေး ပုံစံက ခပ်ပျံပျံကောင်မလေးတစ်ယောက်။

မဖြစ်ပါဘူး တားရမယ်။ ဒီလိုမိန်းကလေးမျိုးနဲ့တော့ လုံးဝ သဘောမတူနိုင်ပါဘူး။ မိမိ အဆင့်အတန်းမခွဲခြားတတ်ပေမယ့် ဒီလိုဟာမလေးမျိုးနဲ့တော့ သဘောမတူနိုင်ပေ။

သားကို အိမ့်ခြူးနွယ်နဲ့ပဲ လက်ထပ်ဖို့ ပြောရတော့မှာပဲ။

ဒီလိုမိန်းကလေးတစ်ယောက်နဲ့ မြန်မြန်ကွဲသွားအောင် စီစဉ်ရမယ်။

သား အိမ်မပြန်လာတာပင် ကြာနေပြီ။ ကုမ္ပဏီမှာပဲ နေသည်တဲ့။

မောင်ရဲရင့်ပြောတော့ ကောင်မလေးနောက်ပဲ အတင်းလိုက်နေတယ်တဲ့။





ဒေါ်သက်ထားခင် ရင်တွေပူလောင်ပြီး သားနှင့် ဖုန်း အဆက်အသွယ် လုပ်ရတော့သည်။

ထွန်းတောက်ကြယ်ကတော့ ချစ်သူလေးက သဘောတူ ကြည်ဖြူတဲ့ အမူအရာလေးတွေ ရလိုက်၍ အပျော်ကြီး ပျော်နေမိ တော့၏။

ခြယ့်လက်လေးကို ဆုပ်ကိုင်ထားပြီး မျက်နှာချောချော မွတ်မွတ်လေးကို စိုက်ကြည့်နေမိသည်။

ချစ်မြတ်နိုးစရာကောင်းတဲ့ ခြယ့်မျက်နှာလေးပေါ်မှာ ရှက်သွေးလေးတွေ ဖြာပြီး သူ့အကြည့်တွေနှင့် မဆုံမိအောင် ရှောင်လွှဲနေသည်။

“ခြယ်”

“ဟင်”

“ဘာဖြစ်လို့ ကိုကို့အကြည့်တွေကို ရှောင်နေရတာလဲ ကွာ”

“ကျွန်မ ရှက်တယ်၊ ကျွန်မမာနတွေ ဘယ်ရောက်သွားပြီလဲ မသိဘူးနော်”

ကိုကို့နဲ့ အကြည့်ချင်းဆုံမိရင် ယောကျ်ားပီသစွာ ချောမောခန့်ညားတဲ့ ကိုကို့မျက်နှာချောချောကြီးကို သူမ ချစ်မိပြီးရင်း ချစ်သွားမိမှာစိုးလို့ပါနော်။



www.burmeseclassic.com

www.burmeseclassic.com



ခြယ့်ဘက်က ကိုကို့အချစ်တွေကို ငြင်းဆန်နိုင်တဲ့ အင်အားတွေ မရှိတော့လို့ပါ ကိုကိုရယ်...

အမေသိရင် ခြယ့်ကို ဆူပွက်တားဆီးမှာ သေချာနေသည်။

အချစ်ဆိုတဲ့ခံစားမှုတွေကို အပြည့်အဝပေးစွမ်းနေတဲ့ ကိုကို့ အယုအယ အကြင်နာတွေအောက်မှာ ခြယ် ပြားပြားဝပ် ငြိမ်သက်စွာနဲ့ ကြည်ဖြူလက်ခံလိုက်ရပါပြီ။

ညက တိတ်ဆိတ်ငြိမ်သက်မှုတွေနှင့်အတူ လူသူကင်းမဲ့နေသည်။

ကားပေါ်မှာ ကိုကိုနဲ့ သူမ နှစ်ယောက်တည်းရှိနေပြီး သူမလက်လေးကို ဆုပ်ကိုင်ထားရင်းက သူမကိုယ်လုံးလေးကိုပါ ဆွဲယူပွေ့ဖက်ထားလေသည်။

ခြယ် ရုန်းကြည့်မိလေ ကိုကို့လက်တွေက တင်းကြပ်စွာ ပွေ့ဖက်ထားလေပဲ ဖြစ်နေရ၏။

"မရုန်းဘဲနဲ့ ခြယ်ရယ်၊ မင်းလေးကို အမြဲတမ်း ကိုကို့ ရင်ခွင်ထဲမှာ မြတ်နိုးစွာ ထွေးပွေ့ထားချင်တယ်ကွာ"

ကိုကို့ရဲ့ တိုးတိတ်ညင်သာတဲ့အသံတွေက သူမ မျက်နှာလေးပေါ်မှာ ဝဲပျံထိတွေ့လာရသည်။

"ခြယ့်ကို ချစ်တယ်"

"အို"





ခြယ့်မျက်နှာလေးအနှံ့ အနမ်းဖွဖွလေးကို မြတ်နိုးစွာဖြင့် နမ်းရှိုက်ပစ်လိုက်မိလေသည်။

ချစ်သူကိုယ်လုံးလေး လွတ်ထွက်သွားမှာ စိုးရိမ်သည့်အလား ထွန်းတောက်ကြယ်ရဲ့ သန်မာတောင့်တင်းတဲ့ လက်တွေက တင်းကြပ်စွာ ဖက်ထားမိ၏။

"လွှတ်ပါ ကိုကိုရာ၊ ခြယ် အသက်ရှုကျပ်တယ်၊ လွှတ်ပါတော့နော်"

"ခြယ်ရယ်"

ရှည်ကြာတဲ့အနမ်းလေးတွေနှင့်အတူ ချစ်သူကိုယ်လုံးလေးကို လွှတ်လိုက်ဖို့ပင် နှမြောတွန့်တိုနေရသည်။

ချစ်သူလေးကို သူ နှစ်နှစ်ကာကာနှင့် အသည်းနှင့်အောင် ချစ်နေမိ၏။

ဘယ်လိုမှ အပြစ်ရှာလို့ ရနိုင်အောင် ပြစ်မျိုးမှည့်မထင် လှပလွန်းသော ချစ်သူလေးကို သူ ချစ်မြတ်နိုးနေမိလေတော့သည်။

နှစ်နှစ်ကာကာ မြတ်နိုးလွန်းတဲ့ ချစ်သူလေးကို လက်လွှတ်အဆုံးရှုံးမခံနိုင်လောက်အောင် ဖြစ်နေရ၏။

"ကိုကို"

"ဟင်"

"ပြန်ကြမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ရင်ဘတ်ကြီးကို တွန်းဖယ်လိုက်ပြီး ပြန့်ဖို့အတွက် မောပန်းလှိုက်မောစွာ ပြောလိုက်မိသည်။

"ကျွန်မကို ပြန်ပို့ပါတော့ ကိုကိုရယ်...နော်"

"ခြယ်"

"ဟင်"

"ကိုကို့ကို ချစ်လား"

"မေးနေရသေးလား ကိုကိုရယ်၊ ကျွန်မလည်း ကိုကို့ကို စတွေ့စကတည်းက ချစ်မိသွားရတာပါနော်"

"တကယ်လား ခြယ်၊ မင်းလေး ကိုကို့ကို ချစ်တယ် ဟုတ်လား ခြယ်"

"ချစ်ပါတယ် ကိုကိုရယ်၊ ကိုကို့အချစ်တွေကို ခြယ် ငြင်းဆန်နိုင်တဲ့ အင်အားတွေ မရှိတော့ပါဘူး"

"ခြယ်"

"ရှင်"

"ရဲရင့်အလုပ်ကနေ ထွက်လိုက်တော့နော်"

"ကိုကိုမကြိုက်ရင် ခြယ် မလုပ်တော့ပါဘူး၊ ဒါပေမဲ့ ဒီလကုန်တဲ့အထိတော့ ခြယ်လုပ်ပါရစေ၊ ဆရာရဲရင့်က ခြယ့်အပေါ် မရိုးသားတဲ့အပြုအမူတွေ မလုပ်ခဲ့သေးလို့ပါနော်"

"ခြယ် အလုပ်ကထွက်ရင် ပြီးတာပါပဲ၊ မကြာခင် ခြယ်နဲ့





ကိုကိုတို့ လက်ထပ်ကြမယ်"

"ကိုကို"

"ပြော"

"အမေက ကိုကို့မိဘတွေဘက်က ကြည်ဖြူမှ လက်ခံမှ သဘောတူမှာနော်၊ အမေက သူ့ဘဝနဲ့ယှဉ်ပြီး ခြယ်တို့မောင်နှမကို စည်းစနစ်နဲ့ အုပ်ချုပ်တာပါ၊ အမေလက်မခံပဲ ခြယ် ဘယ်လိုနည်းနဲ့မှ ကိုကို့ကို လက်မထပ်နိုင်ဘူးနော်"

"ခြယ်ရယ်...စိတ်ချပါကွာ၊ ကိုကို့ဘက်ကပဲ အားလုံး တာဝန်ယူမယ်၊ ခြယ် လုံးဝမျက်နှာမငယ်စေရပါဘူး"

"ကိုကို"

"ပြောလေ ခြယ်"

"ကျွန်မကို တကယ်ပဲ ချစ်မြတ်နိုးတာရော ဟုတ်ရဲ့လား ဟင်"

"ခြယ်က မယုံလို့လား"

"အင်း"

"ဒါဆို ယုံအောင် သက်သေထပ်ပြမယ်လေ"

ကိုကို့မျက်နှာကြီးက သူမမျက်နှာလေးနား ကပ်လာ၍ အထိတ်တလန့်နှင့် သူမ တွန်းဖယ်ထားမိသည်။

"အဲဒီလိုကြီးတော့ သက်သေထပ်မပြပါနဲ့နော်၊ ကြောက်



www.burmeseclassic.com

www.burmeseclassic.com



ပါပြီ ကိုကိုရယ်၊ ခြယ်တို့ ပြန်ကြပါစို့နော်"

ဆရာရဲရင့်တော့ ဘယ်လိုဖြစ်ကျန်ခဲ့မှန်းပင် မသိတော့ဘဲ ခြယ့်လက်ကိုဆွဲပြီး ထွက်လာတဲ့ ကိုကို့ကားနောက်ကို ခြယ် ပါလာခဲ့ရသည်။

ပြီးတော့လည်း အိမ်ကို တော်တော်နှင့် မပြန်ဖြစ်တော့။

မထင်မှတ်ဘဲနှင့် ကိုကို့အချစ်တွေကို ခြယ် လက်ခံလိုက်မိသည်။

"အမေ စိတ်ပူနေလိမ့်မယ်၊ ခြယ်တို့ ပြန်ကြစို့နော်"

"အင်း"

သူကတော့ တစ်လမ်းလုံး ဖူးစင်ဝင်းပ လှပလွန်းနေတဲ့ ခြယ့်မျက်နှာလေးကိုပဲ ကြည့်မိနေသည်။

"ကားကိုပဲ ဂရုစိုက်မောင်းပါ ကိုကိုရာ၊ တော်ကြာ လမ်းဘေးဓာတ်တိုင်ကို ဝင်တိုက်မိနေပါဦးမယ်"

"ခြယ်"

"ရှင်"

"ဒီညတော့ ကိုကို အိမ်ပြန်မယ်၊ ခြယ့်ကို လမ်းထဲအထိ လိုက်ပို့ပေးမယ်နော်"

"ရပါတယ် ကိုကိုရယ်၊ အရေးကြီးတာက ကိုကို ဆက်ပြီး ဟန်ဆောင်နေလို့ဖြစ်မှာ မဟုတ်တော့ဘူးနော်၊ ခြယ့်ကို





လူကြီးစုံရာနဲ့ လာတောင်းဖို့ပဲ စီစဉ်ပါ၊ မောင်လေး ဆယ်တန်းဖြေပြီးတာနဲ့ ကိုကို ဒီမှာမနေဘဲ နေရာမှန်ကို ပြန်သွားပါတော့"

"အင်း...ကိုကို စီစဉ်မှာပါ၊ ခြယ် စိတ်အေးအေးထားပါကွာ၊ ကိုကို့မေမေက ကိုကို့ရွေးချယ်မှုကိုပဲ လက်ခံမှာပါ"

"ကျွန်မတော့ စိတ်ပူနေတယ်၊ ကိုကို့ကို ဘယ်လိုဖြစ်ပြီး ချစ်မိသွားလဲ မသိပါဘူးနော်၊ ခြယ့်မာနတွေလည်း ဘယ်ရောက်သွားပြီလဲ၊ ခြယ့်အချစ်တွေကို ပြန်တောင်ရုပ်သိမ်းပစ်ချင်လာပြီ"

"ဘာပြောတယ် ခြယ်"

ကိုကိုက ကားကို တုံ့ခနဲရပ်လိုက်ပြီး ခြယ့်ကို စိုးရိမ်တကြီးနှင့် စူးစိုက်စွာ ကြည့်နေတော့သည်။

"ကဲပါ ကိုကိုရာ၊ ကားကိုပဲ ဆက်မောင်းပါ၊ အရမ်းနောက်ကျနေပြီ၊ အမေက ခြယ့်ကို မယုံမကြည်ဖြစ်မှာ ခြယ် အကြောက်ဆုံးပါပဲ"

"ခြယ်ရယ်"

ခြယ့်လက်လေးကို ခပ်တင်းတင်းလေး ဆုပ်ကိုင်ပြီး အားပေးတဲ့ မျက်ဝန်းအကြည့်လေးနှင့် စိုက်ကြည့်နေမိသည်။

မျက်ဝန်းဝိုင်းဝိုင်းလေးများဖြင့် မော့ကြည့်နေတဲ့ ကောင်မချောချောလေးကို ကြည့်လို့မဝ ရှုလို့မဝနှင့် သူ့နှလုံးသားတွေထဲ အချစ်တွေ တိုးလျှက်သာ ဖြစ်ပေါ်နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ကားမောင်းတော့လေ၊ ကျွန်မကို အိမ်ပြန်ပို့ပါ၊ ကိုကိုလည်း ပြန်ရဦးမယ် မဟုတ်လား"

သူချစ်သူလေးဆန္ဒအတိုင်းပဲ ကားကို မောင်းထွက်လာခဲ့တော့သည်။



## အခန်း [၂၈]

ထွန်းတောက်ကြယ် အိမ်ကို ပြန်လာခဲ့မိလေသည်။

မေမေ့ကိုလည်း မတွေ့တာကြာတဲ့အပြင် ခြယ်နှင့် လက်ထပ်ဖို့ကိစ္စလည်း ဆွေးနွေးရမည်ဖြစ်၏။

မေမေက အိမ်ထောင်ရေးမှာ သူ့ကို ရွေးချယ်ပိုင်ခွင့် အပြည့်အဝပေးထားသည်။

သားသဘောကျနှစ်သက်တဲ့ မိန်းကလေးက ခပ်ညံ့ညံ့ မိန်းကလေးတစ်ယောက်တော့ မဖြစ်နိုင်ပါဘူးဟု "ပြောခဲ့၏။

သူ့အိမ်ထောင်ရေးနှင့် ပတ်သက်ပြီး မေမေ ရွေးချယ်စေ့စပ် တာမျိုးတွေ ဘယ်တော့မှ မလုပ်ခဲ့ဘဲ သူ့ဆန္ဒအရပဲတဲ့။

ခြယ်က ဆင်းရဲနွမ်းပါးတာကလွဲပြီး အရည်အချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



အစွမ်းအစတွေပြည့်စုံနေတဲ့ မိန်းကလေးမျိုး။

ရုပ်ရည်လည်း ချောမောလှပပြီး ပညာတတ်မိန်းကလေး။ ဘဝကို တိုးတက်မြင့်မားစေဖို့ ကိုယ့်အစွမ်းအစနှင့် ကြိုးပမ်းနေသူ ဖြစ်နေသည်။

မေမေ သဘောကျမှာပါ။

ခြယ့်ကို လူကြီးစုံရာနဲ့ တောင်းရမ်းပြီး အမြန်ဆုံး လက်ထပ်ချင်သည်။ ချစ်ဇနီးအဖြစ် ရယူပိုင်ဆိုင်ပြီး ယုယတွေးပွေ့ ချစ်မြတ်နိုးချင်နေမိသည်။

အိမ်ရောက်တော့ မေမေသည် သူ့ကို ဧည့်ခန်းထဲမှာ ထိုင်စောင့်နေဆဲပင် ဖြစ်နေသည်။

"မေမေ မအိပ်သေးဘူးလား၊ သားကို စောင့်နေတာလား"

"ဟုတ်တယ် သား၊ မင်းဆီ ဖုန်းအဆက်အသွယ်လုပ်တာလည်း မရဘူး"

သူ ခြယ်နဲ့ ချစ်ရည်လူးနေ၍ ဖုန်းပိတ်ထားတာ ခုတိ မဖွင့်ရသေးပေ။

"ကျွန်တော် ဖုန်းပိတ်ထားမိတယ် မေမေ"

သူ မေမေ့အနားမှာ ဝင်ထိုင်လိုက်သည်။ အကြောင်းအရာ တစ်ခုခု ထူးခြား၍ သူ့အလာကို မေမေစောင့်နေခြင်း ဖြစ်နိုင်၏။





"မေမေ"

"သားကို မေမေ ပြောစရာရှိတယ်"

"ပြောပါ မေမေ"

"မင်းကို အိမ့်ခြူးနွယ်နဲ့ လက်ထပ်ဖို့ ပြောချင်တယ်သား"

"ဗျာ"

"ခြူးလေးက မင်းရဲ့သူငယ်ချင်းပဲ၊ တစ်ယောက်အကြောင်းလည်း တစ်ယောက်သိပြီး အိမ့်ခြူးနွယ်က အဖက်ဖက်က လိုလေသေးမရှိအောင် ပြည့်စုံထူးချွန်တဲ့ မိန်းကလေးပဲ"

မေမေ့စကားတွေကြောင့် သူ အံ့သြတုန်လှုပ်သွားရပြီး အခုမှ အိမ့်ခြူးနွယ်နဲ့ ဘာဖြစ်လို့ လက်ထပ်ဖို့ပြောရတာလည်းဆိုတာ နားမလည်နိုင်အောင် ဖြစ်သွားမိလေသည်။

အလျင်အမြန် ငြင်းဆန်လိုက်ဖို့ပဲ ဆုံးဖြတ်လိုက်၏။

"မဖြစ်နိုင်ပါဘူး မေမေ၊ အိမ့်ခြူးနွယ်နဲ့ သားက သူငယ်ချင်းတွေပဲ၊ ချစ်သူအဖြစ် ဘယ်လိုမှ စဉ်းစားလို့ မရနိုင်ပါဘူး"

"မင်း အိမ်ထောင်ရေးကို မေမေ ဝင်စွက်ဖက်တာ မဟုတ်ပေမယ့် ဒီတစ်ခါတော့ သား လက်ခံရမယ်"

သူ ငယ်စဉ်လေးကတည်းက ဒီအသက်အရွယ်အထိ မေမေ ဘယ်တော့မှ အမိန့်ပေးစေခိုင်းတာမျိုးတွေ မလုပ်ခဲ့။ သားက လိမ္မာတယ်...တည်ကြည်ခန့်ညားတယ်...ဘာကိုစွမဆို မေမေ



www.burmeseclassic.com

www.burmeseclassic.com



ဝင်မစွက်ဖက်ပါဘူးဟု ပြောထားပြီး မေမေ နေထိုင်ခဲ့သည်။

"မေမေ"

"ပြော"

"သားမှာချစ်သူရှိတယ်"

"မြရောင်ခြယ်ဆိုတဲ့ မိန်းကလေးလား သား"

"ဟင်…မေမေ ဘယ်လိုလုပ်သိနေလဲ"

"အဲဒီကောင်မလေးကို မင်းနဲ့ မေမေ လုံးဝသဘောမတူနိုင်ဘူး"

သားကို ပြတ်သားတိကျတဲ့အဖြေတစ်ခု ပေးလိုက်သည်။

ဒီကလေးမက သားထက်လည်းငယ်ပြီး ယောကျ်ားလေးတွေကို သူမအတွက် လိုအပ်သလို အသုံးချချင်တဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေ၏။

မိမိသား၏ အိမ်ထောင်ဖက်ကို အဆင့်အတန်းမရွေး၊ သားချစ်ခင်မြတ်နိုး နှစ်သက်လွန်းတဲ့ မိန်းကလေးကို ရွေးချယ်ခွင့်ပေးထားပေမယ့် မြရောင်ခြယ်နဲ့တော့ လုံးဝသဘောမတူနိုင်ပေ။

မောင်ရဲရင့်လို ယောကျ်ားတစ်ယောက်နဲ့ တွဲရိုက်ထားတဲ့ ဓာတ်ပုံမျိုးကို မိမိတွေ့ထားရ၍ စိတ်ပျက်မိသည်။

ဒီလိုမိန်းကလေးမျိုးနဲ့တော့ လုံးဝသဘောမတူနိုင်ပါဘူး။

"မေမေ သားချစ်သူက အရမ်းရိုးသားပြီး ပညာတတ်





မိန်းကလေးပါ၊ မေမေက သားချစ်မြတ်နိုးတဲ့ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ဖို့ ရွေးချယ်ပိုင်ခွင့်ပေးထားတယ် မဟုတ်လား၊ သား ခြယ့်ကိုပဲ လက်ထပ်ယူပါရစေ၊ မေမေကိုယ်တိုင်သားကို တောင်းရမ်းပေးပါဗျာ…နော်"

ခြယ့်ကို လူကြီးစုံရာနဲ့ လာရောက်တောင်းရမ်းမည်ဟု ကတိတွေအထပ်ထပ်ပေးထားပြီးသား ဖြစ်သည်။

မေမေက မထင်မှတ်ဘဲ ငြင်းဆန်လိုက်၍ သူ အခက်တွေ့သွားရပြီး ဘာလုပ်ရမှန်းမသိအောင် ဖြစ်ခဲ့ရ၏။

"ခြယ့်ကို သား လက်ထပ်ပါရစေ မေမေ၊ သားဆန္ဒတွေကို လိုက်လျောပေးပါ၊ တောင်းပန်ပါတယ် မေမေရယ်၊ သားခြယ်ကလွဲပြီး ဘယ်မိန်းကလေးကိုမှ လက်မထပ်နိုင်ပါဘူး"

"မရဘူး…ဒီမိန်းကလေးကို သားနဲ့လက်ထပ်ဖို့ မေမေလုံးဝလက်မခံနိုင်ဘူး၊ သားနဲ့လည်း သဘောမတူဘူး၊ မင်းသဘောနဲ့မင်း လက်ထပ်ပါ၊ မေမေကတော့ လုံးဝအသိအမှတ်မပြုနိုင်ဘူးသား၊ ဒါ မေမေ့ရဲ့ ဘယ်တော့မှမပြောင်းလဲတဲ့ ဆုံးဖြတ်ချက်ပဲ"

"မေမေ"

"မင်း…အိမ့်ခြူးနွယ်[illegible] လက်ထပ်ပါ၊ တစ်လအတွင်း လူကြီးချင်း စေ့စပ်မယ် မင်းလက်ခံရမယ်၊ မြရောင်ခြယ်ဆိုတဲ့ ကောင်မလေးနဲ့တော့ လုံးဝသဘောမတူဘူး"



www.burmeseclassic.com

www.burmeseclassic.com



“မေမေ ခြယ့်ကို ဘာဖြစ်လို့ သဘောမတူရတာလဲ၊ ဆင်းရဲလို့လား၊ ခြယ်တို့မိသားစုက ဆင်းရဲပေမယ့် အဆင့်အတန်းရှိတဲ့ မိသားစုလေးပါ မေမေ”

“ဘာပဲဖြစ်ဖြစ် မေမေ ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ဘူးလို့ ပြောထားပြီးပြီပဲ၊ မင်း အိမ့်ခြူးနွယ်ကိုပဲ လက်ထပ်ပါ၊ အကြီးအကျယ် အခမ်းနားဆုံး မင်္ဂလာပွဲဖြစ်အောင် မေမေစီစဉ်ပေးမယ်”

“သား…လက်မခံနိုင်ဘူး မေမေ၊ လုံးဝသဘောမတူဘူး”

“မင်းက အရွယ်ရောက်လာလို့ မေမေ့လို အဘွားကြီးတစ်ယောက်ရဲ့စကားကို မလေးမစားနဲ့ ဆန့်ကျင်တာလား”

မေမေ့လေသံတွေက တစ်ကြိမ်တစ်ခါမှ မာကျောခက်ထန်ခြင်းမရှိခဲ့တဲ့ လေသံတွေနှင့် ဆန့်ကျင်ဖက်ဖြစ်နေသည်။

တိကျပြတ်သားစွာ ဆုံးဖြတ်ထားပြီး နောက်မဆုတ်တဲ့ အမူအရာမျိုးနှင့် သားအနားက လှည့်ထွက်သွား၏။

“မေမေ…သား ရှင်းပြပါရစေနော် ခြယ်က”

“တော်ပြီ သား၊ မင်းဆီက ဘာဆင်ခြေမှ မေမေ မကြားချင်ဘူး၊ လက်လည်း မခံနိုင်ဘူး၊ မြရောင်ခြယ်ဆိုတဲ့ ကောင်မလေးနဲ့ မင်းကို သဘောမတူဘူးလို့ မေမေပြောပြီးပြီပဲ၊ အိမ့်ခြူးနွယ်ကိုပဲ မင်း လက်ထပ်ရမယ်”





နူးညံ့သိမ်မွေ့တဲ့ မေမေ့စိတ်တွေ ဘာဖြစ်လို့များ ရုတ်တရက်ကြီး ပြောင်းလဲသွားရတာလဲ။ ခြယ့်အကြောင်းတွေ ဘယ်သူ မကောင်းလာပြောသွားရတာလဲ။ အိမ့်ခြူးနွယ်တော့ မဖြစ်နိုင်။ ခြယ်နှင့်ပတ်သက်ပြီး ဘာမှမသိပေ။

ဟိုကောင်ရဲရင့်ပဲ ဖြစ်နိုင်သည်။ မေမေက လုံးဝလက်မခံတော့ သူ့အတွက် အခက်တွေ့နေရ၏။

မေမေ့ကိုပြောပြပြီး လူကြီးစုံရာနဲ့ လာတောင်းမည်ဟု သူ ကတိပေးပြီးသားဖြစ်သည်။

ခြယ်လေးနှင့်တော့ သူ ဘယ်လိုနည်းနှင့်မှ အဝေးမခံနိုင်ပါဘူး။

မေမေကိုယ်တိုင် သဘောတူကြည်ဖြူမှု မရှိဘဲ ခြယ့်ဘက်က လုံးဝလက်ခံမှာ မဟုတ်တာ သူသိနေသည်။

မာနကြီးလွန်းသော ခြယ့်ရဲ့အချစ်တွေကို ခက်ခက်ခဲခဲ ရယူထားရတာပဲ မဟုတ်လား။

သူ့အိပ်ခန်းထဲဝင်လာပြီး ဘယ်လိုလုပ်ရမှန်း မသိတော့ အောင်ပင် အကျပ်ရိုက်နေရလေသည်။

မေမေက သဘောမတူလည်း ခြယ်လေးကို သူခိုးပြေးဖို့ ပြောရင် ခြယ်က လိုက်မှာမဟုတ်။

ခြယ့်မိခင်ကိုယ်တိုင် ဒီလိုအဖြစ်မျိုးတွေနဲ့ ဘဝကို ခက်ခက်



www.burmeseclassic.com

www.burmeseclassic.com



ခဲခဲ ရင်ဆိုင်ဖြတ်သန်းလာခဲ့ရတာပါ။

ရင်ထဲမှာ ပူလောင်လာပြီး ရေခဲရေတစ်ခွက်ကို ယူပြီး သောက်ရသည်။

ခြယ်ရယ် ကိုကို ဘာဆက်လုပ်ရမလဲ။ ခြယ့်ကိုတော့ လုံးဝမစွန့်လွှတ်နိုင်ဘူးကွာ။

ခြယ့်ကို ဘတ်စ်ကားဂိတ်မှာ ရပ်နေတာ စတွေ့ကတည်းက ချစ်မြတ်နိုးခဲ့ရပြီး ရယူပိုင်ဆိုင်ဖို့အတွက် ကြိုးစားခဲ့မိသည်။

ဘယ်လောက်အထိ ခက်ခက်ခဲခဲ ကြိုးစားရလည်းဆိုတာ သူ အသိဆုံးပဲ။

သူချစ်မြတ်နိုးရတဲ့ ချစ်သူလေးဆီက အချစ်တွေကို ရယူပိုင်ဆိုင်ပြီးကာမှ လက်လွှတ်ဆုံးရှုံးလိုက်ရတော့မလား။

ဒီအရွယ်အထိ မေမေ့စကားတွေကို ဘယ်တော့မှ ဆန့်ကျင်တာမျိုးမလုပ်ခဲ့တဲ့ သားလိမ္မာတစ်ယောက်အနေနှင့် မေမေ့ဆန္ဒတွေကိုလည်း ဆန့်ကျင်ဖို့ ခက်ခဲနေတော့သည်။

"ခြယ်ကတော့ ကိုကို့မိဘတွေရဲ့ သဘောတူကြည်ဖြူမှ လက်ထပ်မှာနော်၊ ဆင်းရဲသားရပ်ကွက်လေးမှာ နေတယ်ဆိုပြီး အထင်မသေးပါနဲ့၊ ကိုကို့မိဘတွေဘက်က သဘောမတူရင်တော့ ရှင့်ကို ကျွန်မ ဘယ်နည်းနဲ့မှ လက်မထပ်နိုင်ပါဘူး၊ အဲဒါ ကျွန်မရဲ့ မာနနဲ့ ဆုံးဖြတ်ချက်ပဲ"





ဒုက္ခပါပဲကွာ…ကိုကို ဘယ်လိုလုပ်ရမလဲ ခြယ်ရယ်၊ မင်းကို နှလုံးသားတွေထဲ စူးနင့်နေအောင် နှစ်နှစ်ကာကာချစ်မြတ်နိုးမိတာပါ။

ကိုကို ဘယ်တော့မှ မင်းကို မစွန့်လွှတ်ဘူး။ မင်းကလွဲပြီး ဘယ်မိန်းမကိုမှ လက်မထပ်ဘူး။ အချစ်မပါတဲ့ အိမ်ထောင်တစ်ခုကိုလည်း ကိုကို ဘယ်တော့မှ မတည်ဆောက်ဘူး။ ကိုကို ယောကျ်ားကောင်းတစ်ယောက် ဖြစ်ချင်တယ်။

မနက်မိုးလင်းတော့ မေမေက အပြင်မှာ အိပ်ခွင့်မပြုတော့ဘဲ ရုံးဆင်းတာနဲ့ အိမ်ပြန်လာဖို့ အမိန့်ချမှတ်လိုက်သည်။

ဟိုမှာက ခြယ့်မောင်လေးကိုလည်း စာသင်ပေးဖို့ ရှိနေသည်။

"မင်း မြရောင်ခြယ်ဆိုတဲ့ ကောင်မလေးနဲ့ မပတ်သက်ပါနဲ့တော့၊ ဒီကောင်မလေးရဲ့ အကျင့်စရိုက်တွေကို မေမေ လုံးဝမကြိုက်ဘူး"

"မေမေ"

"မင်း ဘာမှရှင်းပြမနေနဲ့တော့ သား၊ မင်း ဒီကောင်မလေးနဲ့ အဆက်ဖြတ်ပါ၊ အိမ့်ခြူးနွယ်နဲ့ လက်ထပ်ဖို့ မေမေစီစဉ်တော့မယ်"

"ဟို…မဟုတ်သေးဘူး မေမေ၊ သားနဲ့ အိမ့်ခြူးနွယ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေပါ၊ အချစ်မပါဘဲ သားတို့နှစ်ယောက် လက်ထပ်ရင် အိမ်ထောင်ရေးက သာယာအေးချမ်းပါ့မလား”

“မေမေ့စကားတွေကို မင်း နားထောင်ရမယ်၊ ဒီတစ်ခါတော့ မေမေ လုံးဝအလျှော့မပေးနိုင်ဘူး သား၊ အိမ့်ခြူးနဲ့ လက်ထပ်ဖို့ စီစဉ်ရမှာပဲ”

ဒီကောင်မလေး အကျင့်စရိုက်တွေကို ဒေါ်သက်ထားခင် လုံးဝသဘောမကျနိုင်ဘဲ ဖြစ်ရသည်။

အဆင့်အတန်းခွဲခြားတာမျိုး မဟုတ်ပေမယ့် ကိုယ်ကျင့်စရိုက်မကောင်းတဲ့ မိန်းကလေးမျိုးကိုတော့ ဘယ်နည်းနဲ့မှ သားလို အဖိုးတန်ယောကျ်ားတစ်ယောက်နှင့် ဘဝတစ်သက်တာ အိမ်ထောင်ဖက်အဖြစ် လက်တွဲခွင့်မပြုနိုင်ပေ။

မိခင်တစ်ယောက်အနေနှင့် အပြင်းအထန် ကန့်ကွက်တားဆီးရမှာပဲလေ။

ကြည့်စမ်းပါဦး…

မောင်ရဲရင့်ပေးထားခဲ့တဲ့ ဓာတ်ပုံတွေက မြင်မကောင်းအောင် ယောကျ်ားလေးတစ်ယောက်နဲ့ ပူးကပ်ရိုက်ထားသည်။

သားချစ်မြတ်နိုးတဲ့ မိန်းကလေးဖြစ်ပြီး ဘာဖြစ်လို့ သားကုမ္ပဏီမှာ အလုပ်ဝင်မလုပ်ရတာလဲ။

မောင်ရဲရင့်က ဘယ်လိုယောကျ်ားမျိုးလည်းဆိုတာ မိမိ





အသိဆုံးဖြစ်သည်။

သား ဒီလိုမိန်းကလေးမျိုးနဲ့ လက်ထပ်သွားမှာကို မလိုလားမိပေ။

အစွမ်းကုန် တားဆီးပိတ်ပင်ဖို့ ဒေါ်သက်ထားခင် ဆုံးဖြတ်ထားမိသည်။

“မင်း ကုမ္ပဏီပိတ်ချိန် အိမ်ကိုရောက်အောင်ပြန်ခဲ့ပါ၊ မေမေ ဖုန်းဆက်မယ်၊ ဖုန်းဖွင့်ထားပါ”

သားကို ထိန်းချုပ်ရမယ့် နည်းလမ်းတွေမှန်သမျှ ဒေါ်သက်ထားခင် လိုက်လံတားဆီးပိတ်ပင်သွားရမည်။

အိမ့်ခြူးနွယ်ရောက်လာ၍ သားကိစ္စကို တိုင်ပင်ရသည်။

“အဲဒီကောင်မလေး ရဲရင့်နဲ့ တတွဲတွဲနေတာပဲ၊ သူ့အလုပ်နဲ့မတန်အောင် ဝတ်စားပြင်ဆင်ပြီး လက်ဝတ်ရတနာတွေ ဝတ်ဆင်ထားတယ်၊ တစ်မျိုးတော့ တစ်မျိုးပဲ အန်ကီသက်”

“မဖြစ်ဘူး သမီး၊ အန်တီသက်ကတော့ သဘောမတူနိုင်ဘူး၊ သားနဲ့သမီးကို အမြန်ဆုံး လက်ထပ်စေချင်တယ်”

အိမ့်ခြူးနွယ်ကလည်း ထွန်းတောက်အပေါ် သံယောဇဉ်ကြီးမားစွာ တွယ်ငြိနေပေမယ့် ဒီကောင့်ဘက်က သူငယ်ချင်းအဆင့်ထက် ကျော်လွန်မလာ၍ အခက်ဖြစ်နေရသည်။

အန်တီသက်က လက်ထပ်ဖို့ သဘောတူတယ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



မငြင်းနိုင်တော့ပေ။

"ထွန်းတောက်ရဲ့ ဆန္ဒကတော့ အရေးအကြီးဆုံးပါပဲ အန်တီရယ်၊ ကျွန်မ အတတ်နိုင်ဆုံး ဖျောင်းဖျကြည့်ပါဦးမယ်နော်"

"ဘယ်လိုပဲဖြစ်ဖြစ် အန်တီကတော့ ဒီလိုမိန်းကလေးမျိုးနဲ့ သားကို လက်မထပ်စေချင်ဘူး၊ အဆင့်အတန်းကြောင့်တော့ မဟုတ်ပါဘူးကွာ၊ သားချစ်မြတ်နိုးဖို့က အဓိကပါ၊ ဒါပေမဲ့ ဒီလို အကျင့်စရိုက်ရှိတဲ့ မိန်းကလေးမျိုးနဲ့တော့ သားဘဝကို အနစ်မွန်း မခံနိုင်ဘူးကွယ်"

သားကို အိမ်ထောင်ဖက်ရွေးချယ်ခွင့် လွတ်လပ်စွာပေးထားမိတာ မှားတာပဲဟု ထင်မိသည်။

ဒီလိုမိန်းကလေးမျိုးနဲ့တော့ သားကို လက်ထပ်ခွင့်မပြုနိုင်ပါဘူး။

ဘယ်လိုတားဆီးရမလဲဆိုတာပဲ ဒေါ်သက်ထားခင် စဉ်းစားနေမိတော့သည်။



## အခန်း [၂၁]

မိုးချုပ် မှောင်သွားတဲ့အထိ တစ်ဖက်အိမ်လေးဆီ ကိုကို ရောက်မလာခဲ့။ ခြယ့်စိတ်တွေထဲမှာ တစ်မျိုးလေးနှင့် စိုးရိမ်ပူပန်မှုတွေ တနုံ့နုံ့ ခံစားလာရသည်။

မောင်လေးကိုလည်း စာသင်ပေးဖို့ ကိုကို ချိန်းထားပြီး ညစာတောင် ဒီဘက်အိမ်မှာစားဖို့ အမေက ဖိတ်ထားသည်။

ခြယ် စိတ်ပူနေမိပြီ။

ကိုကို ဘာဖြစ်လို့များ ဒီဘက်အိမ်လေးကို မလာရတာလဲ ဟင်။

ယောကျ်ားတွေနှင့် ပတ်သက်လာလျှင် အညှာမလွယ် တတ်ဘဲ မာန်မာနတွေနှင့် ခက်ထန်စွာ ဆက်ဆံတတ်တဲ့ ခြယ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင် ကိုကို့ရဲ့ အယုအယ အကြင်နာတွေနဲ့ အချစ်မျက်ဝန်းကြီးတွေနှင့် စူးရဲစွာကြည့်တတ်တဲ့ ကိုကို့ကို မချစ်ဘဲနေလို့ မရတော့ပေ။

စတင်တွေ့ဆုံစဉ်ကတည်းက ကိုကိုနှင့် ခြယ့်အဖြစ်တွေက ရင်တုန်လှိုက်မောဖွယ် တွေ့ဆုံခဲ့မှုလေးတွေ ဖြစ်နေရသည်။

ခြယ့်မှာ ကိုကိုပေးထားတဲ့ လက်ကိုင်ဖုန်းက ရှိနေသေးရဲ့။ ကိုကို့ဆီ အဆက်အသွယ်လုပ်ကြည့်ရင် ကောင်းမလားပဲ။

ကိုကို ဘာဖြစ်လို့ မလာရတာလဲ။ ခြယ် အရမ်းစိတ်ပူလိုက်တာ။

"မမ"

"ဟင်"

"အစ်ကိုမလာသေးပါလား၊ လင်းရောင်နဲ့ ချိန်းထားတယ်လေ"

"ဟုတ်ပါရဲ့ကွယ်…မောင်ထွန်းတောက်ကြယ် ဘာဖြစ်နေလဲ မလာပါလား၊ ညစာစားဖို့ ဖိတ်ထားတာ"

မောင်လေးရော အမေပါ စိတ်ပူပြီး မေးနေသည်။

ကိုကို ဘာဖြစ်လို့ မလာရတာလဲ။ တစ်ခုခုများ ဖြစ်နေပြီလား။

ကိုကို့အမေက အိမ်ထောင်ဖက်ရွေးချယ်တဲ့နေရာမှာ ကိုကို့သဘောပဲ။ ခြယ် မျက်နှာမငယ်စေရပါဘူးကွာ၊ ကိုကို မေမေ့ကို





ပြောပြီး တင့်တင့်တယ်တယ် လာတောင်းမယ်နော်။

ကိုကို့စကားတွေကို သူမ ကြားယောင်လာပြီး ပြဿနာတွေများ ဖြစ်နေပြီလား ကိုကိုရယ်ဟု တွေးမိလာရသည်။

ခြယ့်စိတ်ထဲမှာ ထင့်နေပြီး ကိုကို့အလာကို စောင့်မျှော်နေတဲ့ မေမေနှင့် မောင်လေးအား စောင့်မနေရန် ပြောပြီး ညစာပဲ စားလိုက်ကြလေသည်။

အမေကတော့ ကိုကို့ကို ဘဝတူဆိုပြီး သဘောကျနှစ်သက်စွာ ခြယ့်အတွက် ဘဝလက်တွဲဖော်အဖြစ် ရည်ရွယ်ထားပုံရ၏။

ကိုကို ဘာတွေဖြစ်နေပြီလဲ။ ဘယ်လိုအခက်အခဲတွေ ရင်ဆိုင်နေရပြီလဲ။ ဒါမှမဟုတ် ကိုကို လမ်းမှာ တစ်ခုခုများဖြစ်နေမလားလို့ စိတ်ပူပြီး ကိုကို့လက်ကိုင်ဖုန်းကို ဆက်သွယ်လိုက်မိသည်။

ကံကောင်းချင်တော့ ကိုကိုနှင့် ဖုန်းအဆက်အသွယ်ရလိုက်၏။

"ဟဲလို"

"ကိုကို…ကိုကိုလား ခြယ်ပါ၊ အမေရော မောင်လေးရော ကိုကိုမလာလို့ မေးနေကြတယ်လေ၊ ကိုကို ဘာဖြစ်လို့ မလာတာလဲဟင်၊ အခု ကိုကို ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခြယ် ကိုကိုလေ..."

ကိုကို့စကားမဆုံးခင် အနားမှ မိန်းမကြီးတစ်ယောက်အသံက ထွက်ပေါ်လာတော့သည်။

"ဒီဟာမလေးနဲ့ မဆက်သွယ်ရဘူးလို့ မင်းကို ပြောထားတယ်မဟုတ်လား ထွန်းတောက်၊ မင်း မေမေ့စကားတွေကို နားမထောင်ချင်တာလား"

"ဟာ...မေမေ ဟို"

"မဆက်သွယ်ရဘူး၊ မင်းကို ငါသဘောမတူဘူးလို့ ပြောထားပြီးပြီနော် ထွန်းတောက်"

ဖုန်းက ပိတ်သွားတော့သည်။

အခြေအနေတွေအားလုံးကို ခြယ် သဘောပေါက်သွားရပြီဖြစ်၏။

ကိုကို့မေမေက ခြယ်နှင့် ချစ်သူဖြစ်တာ သိသွား၍ သဘောမတူဘဲ အဆက်အသွယ်မလုပ်ရန် ပြောထား၍ ဖြစ်နိုင်လေသည်။

"ဒီဟာမလေးနဲ့ အဆက်အသွယ်မလုပ်ရဘူးလို့ ပြောထားတယ် မဟုတ်လား ထွန်းတောက်"

ကိုကို့မေမေစကားတွေကို ခြယ် နားနှင့်ဆတ်ဆတ်ကြားလိုက်ရသည်။





အခန်းလေးထဲမှာ သူမတစ်ယောက်တည်း လက်ကိုင်ဖုန်းလေးကို တင်းကြပ်စွာဆုပ်ကိုင်ထားပြီး နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ်တုန်ရီလာပြီး မျက်ဝန်းတွေထဲမှာလည်း မျက်ရည်တွေ ပြည့်လာရတော့၏။

ဒီလိုအခြေအနေတွေ ဖြစ်လာမယ်ဆိုတာ ခြယ် အစောကြီးကတည်းက သိထားပြီးသား ဖြစ်ခဲ့သည်။

ရှောင်တိမ်းဖို့ ကြိုးစားနေတဲ့ကြားမှ ရှင်ပဲ အတင်းအကြပ်ကျွန်မအချစ်တွေကို ရယူခဲ့တာမဟုတ်လား။

ကျွန်မရဲ့ မာနတွေကို ရှင်ရိုက်ချိုးပစ်လိုက်တာပဲ။ ကျွန်မတန်ဖိုးတွေ နိမ့်ကျအဖတ်ဆယ်လို့မရတော့အောင် ရှင် ကြံစည်ကြိုးစားတာပဲ မဟုတ်လား။

တစ်လောကလုံးကို ခြေမွဖျက်ဆီးပစ်ချင်လောက်အောင် ဒေါသတွေ ပေါက်ကွဲချင်ပေမယ့် အမေနှင့်မောင်လေးက ဘာမှ မသိသေးပေ။ ခြယ့်အကြောင်းတွေသာ အမေသိရင် အရမ်းစိတ်ဆိုးမှာပဲ။

အမေ့ကို စိတ်သောကတွေ မရောက်စေလို၍ သည်းခံထိန်းချုပ်ထားရခြင်းဖြစ်နေသည်။

ခြယ် တစ်ညလုံး အိပ်လို့မရတော့ဘဲ သူ့အကြောင်းတွေပဲ တွေးမိရင်း ဒေါသဖြစ်ရမယ့်အစား ပူလောင်တမ်းတနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို ခြယ် မကျေနပ်ဆုံး ဖြစ်မိ၏။

ရှင့်ကို ဘာဖြစ်လို့ ကျွန်မ ချစ်မိနေရတာလဲ။ ကျွန်မ အချစ်တွေကို ရှင်ရယူပြီးမှ ရှင် ဘာဖြစ်လို့ သစ္စာမဲ့ရတာလဲ။

ယောကျ်ားမပီသတဲ့ ယောကျ်ားတာဝန်မဲ့တဲ့ ယောကျ်ား။ စိတ်ထဲကနေ ဒေါသတကြီး ပြောမိနေသလောက် သူ့ရဲ့ ကြမ်းတမ်းတဲ့အချစ်တွေ အနမ်းတွေကိုလည်း ခြယ့်အသိတွေထဲကနေ ဖယ်ရှားမောင်းထုတ်ပစ်၍မရဘဲ ဖြစ်နေရလေသည်။

ရှင့်ကိုချစ်တယ်…ရှင့်ကို ကျွန်မ ချစ်မိသွားပြီးမှ ရှင် ဘာဖြစ်လို့ ကျွန်မကို စွန့်ခွာဖို့ ကြိုးစားရတာလဲလို့…

အမေမသိ၍ ခြယ့်စိတ်တွေကို နည်းနည်းဖြေလို့ရနေသည်။

အရှက်သိက္ခာကို စောင့်ထိန်းကာ ကိုယ့်ကိုယ်ကို တန်ဖိုးရှိအောင်နေဖို့ အမေက အမြဲတမ်း ဆုံးမသွန်သင်နေလာခဲ့၏။

ရှင် သတ္တိမရှိဘူးလား။ ခြယ့်ကိုစွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက်တာ မဟုတ်လားဟင်…

ခြယ့်အသွေးအသားတွေကို ဝါးမျိုဖျက်ဆီးပစ်ဖို့ပဲ ရှင့်မှာ ရည်ရွယ်ချက်တွေ ရှိခဲ့တာပဲ မဟုတ်လား။

သူနှင့်ဝေးရတော့မည်ဆိုတော့လည်း ခြယ့်နှလုံးသားတွေ ပူလောင်ပြီး မျက်ရည်တွေက ပါးပြင်လေးပေါ် လိမ့်ဆင်းကျလာရတော့သည်။





ရှင့်ကိုမချစ်ဘူး…မုန်းတယ်…မုန်းတယ် ကျွန်မက ရှင့်စည်းစိမ်ဥစ္စာတွေကို မက်မောတာမဟုတ်ဘူးနော်။

ချောမောခန့်ညားပြီး ယောကျ်ားပီသတဲ့ သူ့ရုပ်ရည်ရူပကာနဲ့ ခြယ့်ကို အယုအယ အကြင်နာတွေပေးတတ်တာတွေက ခြယ့်နှလုံးသားတွေကို လွှမ်းမိုးအနိုင်ယူသွားတာပဲလားဟင်။

ခြယ် မကျေမနပ်နှင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းပင် မသိဘဲ မာနတွေနှင့် အသိတရားတွေကို ထိန်းချုပ်နေရလေသည်။

မနက်မိုးလင်းတော့ ခြယ် ကုမ္ပဏီကိုသွားဖို့အတွက် ပြင်ဆင်နေမိ၏။

ရှင့်အကြောင်းတွေ မတွေးတော့ဘူး ဆရာရဲ့ရင့်ကမှ ရှင့်ထက် ကျွန်မအပေါ် ရိုးသားမှုတွေ ရှိနေပါသေးတယ်။

"ခြယ်"

"ရှင်…အမေ"

"ရုံးသွားတော့မလား"

"ဟုတ်ကဲ့"

"မောင်ထွန်းတောက်ကြယ်လည်း ဘာဖြစ်လို့ ညပြန်မအိပ်လည်းမသိဘူး၊ ဆွေမရှိ မျိုးမရှိနဲ့ အမေတို့ ဆေးရုံတွေ၊ ရဲစခန်းတွေမှာ စုံစမ်းကြည့်ရင် ကောင်းမလားပဲ၊ အမေ ညက စိတ်ပူပြီး အိပ်လို့တောင်မရဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



တွေးမိတိုင်း သူမနှလုံးသားထဲမှာ မုန်းတီးနာကြည်းမှုတွေ ခံစားလာရသည်။

"ခြယ်"

"ရှင်"

"ထွန်းတောက်ကြယ်နဲ့ ခြယ်တို့က"

"ဘာမှမဆိုင်ပါဘူး ဆရာ၊ သူ စေ့စပ်တာလည်း ကောင်းပါတယ်၊ ကျွန်မနဲ့သူ ဘာမှမဆိုင်ပါဘူး"

သူ့အကြောင်းတွေကို သူမ ဘာမှမကြားချင်တော့၍ အလုပ်မှာပဲ အာရုံစူးစိုက်ထားလိုက်မိသည်။

ရှင် အရမ်းယုတ်မာကောက်ကျစ်တဲ့ လူတစ်ယောက်ပဲ။ ကျွန်မကို အယုံသွင်းပြီး ကျွန်မဘဝကို ဖျက်ဆီးပစ်ဖို့ ကြံစည်တာပဲ။

"ခြယ်"

"ရှင်"

"ခြယ်နဲ့ ဆရာ တစ်ခုခုသွားစားကြရအောင်"

"နေပါစေ ဆရာ၊ ခြယ် မစားတော့ပါဘူး၊ အလုပ်တွေ ရှိသေးလို့ပါ"

"ခဏလေးပါ ခြယ်၊ ဆရာ့ဆန္ဒကို ဒီတစ်ခါတော့ လိုက်လျောစမ်းပါ ခြယ့်ကို ပြစရာရှိလို့"





ဆရာ အတင်းအကျပ်ခေါ်နေသဖြင့် သူမ လိုက်လာခဲ့ရတော့သည်။

စားသောက်ဆိုင်ထဲရောက်တော့ သူမခြေလှမ်းတွေ တုံ့ခနဲ ဆိုင်းသွားရတော့၏။

သူ ကိုထွန်းတောက်ကြယ်နှင့် ညှို့ခံပွဲမှာတွေ့တဲ့ အမျိုးသမီးပါ။

ခြယ် ပြန်ထွက်ပြေးချင်တဲ့စိတ်တွေကို ထိန်းချုပ်လိုက်ပြီး ရင်ဆိုင်ဖို့ပဲ ဆုံးဖြတ်လိုက်မိတော့သည်။

ဆရာက ခြယ့်လက်ကလေးကို ဆတ်ခနဲ ဆုပ်ကိုင်လိုက်ပြီး သူနှင့် မလှမ်းမကမ်းစားပွဲမှာ ဝင်ထိုင်စေသည်။

"ခြယ် ဘာစားမလဲ"

ခြယ့်မျက်နှာလေးကို စေ့စေ့ကြည့်ပြီး ဂရုတစိုက်လေး မေးနေသည်။

ဟိုလူ့ကို ခြယ် ကျောခိုင်းပြီး ထိုင်နေ၏။

ရှင် တုတ်တုတ်တောင် မလှုပ်ရဲဘူးမဟုတ်လား ကိုထွန်းတောက်ကြယ်။

ကျွန်မနဲ့ ဆရာရဲ့ရင် တွဲပြီးလာတာကို ရှင် မနာလိုဝန်တိုမဖြစ်တော့ဘူး မဟုတ်လားဟင်။

ကျွန်မလို မိန်းကလေးတစ်ယောက်ကို ရှင် ဘယ်လိုနည်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့မှ တရားဝင်လက်ထပ်ယူရဲတဲ့ သတ္တိတွေမရှိဘူး မဟုတ်လား...

စော်ကားချင်တယ်...

ဖျက်ဆီးပစ်ချင်တာပဲ...

ရင်ထဲမှာ ဗလောင်ဆူနေပြီး ဒေါသတွေပေါက်ကွဲချင်လာရလေသည်။

ဒီလူနှင့်ပတ်သက်ပြီး ဘာမှခံစားစရာ မလိုပါဘူး၊ လူယုတ်မာတစ်ယောက်ပဲ။

မုန်းတီးနာကြည်းလွန်း၍ သွားရောက်ကုတ်ဖဲ့ချင်စိတ်တွေပင် ဖြစ်လာရသည်။

"ခြယ်"

"ရှင်"

"တွေ့လား"

"အင်း"

"ဒီကောင် လုံးဝမလှုပ်ရဲတော့ဘူး၊ ဆရာပြောတာတွေ မှန်နေတော့ ဒီကောင် ငြိမ်ခံနေရပြီလေ၊ ခြယ် ယုံပြီလားဟင်"

"သူ့အကြောင်းတွေ မပြောပါနဲ့တော့ ဆရာ၊ ခြယ်နဲ့လည်း ဘာမှမပတ်သက်ပါဘူး၊ ခြယ့်အလုပ်တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်ဖို့ပဲ ခြယ့်ခေါင်းထဲမှာ ရှိတယ်"

ခြယ် နှုတ်ခမ်းလေးကို စုတင်းပြီး ခပ်ပြတ်ပြတ်လေး





ပြောလိုက်မိလေသည်။

ကြေကွဲနာကျင်မှုတွေက သူမနှလုံးသားတွေထဲမှာ ဆတ်ဆတ်ခါနေပြီး ကိုကိုဆိုတဲ့ လူတစ်ယောက်ကို တမ်းတမ်းတတလေး ဖြစ်နေဆဲဆိုတာ သူမ သိနေခဲ့ရလေသည်။

"ခြယ် ဘာစားမလဲ"

"ဆရာစားတာပဲ ခြယ် စားပါ့မယ်နော်"

ဆရာသည် ခြယ့်ကို ဂရုတစိုက်နှင့် ကြင်ကြင်နာနာလေး ကြည့်နေသည်။

ရှင့်လို လက်သွက်ခြေသွက် ခြယ့်ကို ဘာမှမထိခိုက် မစော်ကားပါဘူး။

"သူတို့ထသွားပြီ ခြယ်"

ခြယ် ရှုံးသွားပြီလားဟင်။ တလှိုက်လှိုက် တုန်ရီနေတဲ့ နှလုံးသားတွေထဲမှာ ကြေကွဲဝမ်းနည်းမှုတွေ အတိုင်းအဆမရှိအောင် တိုးဝင်လာရတော့လေသည်။

ကိုကို့ကို ဒူးထောက်ပြီး ခြယ့်ကို ပြစ်မသွားပါနဲ့လို့ တောင်းပန်ချင်တဲ့ဆန္ဒတွေ ပြင်းပြစွာ ဖြစ်ပေါ်လာရပြီး ကိုကို့နောက်သို့ ပြေးလိုက်သွားချင်လာမိ၏။

ခြယ် နင် ဘာဖြစ်နေတာလဲ။ အရှုံးမပေးဘူး...။

သစ္စာမရှိတဲ့ ယောကျ်ားတစ်ယောက်အပေါ် ဘယ်တော့



www.burmeseclassic.com

www.burmeseclassic.com



အရှုံးမပေးနိုင်ဘူး။ အထင်လည်းမကြီးနိုင်ဘူး။ ရှင်နဲ့ ဘယ်တော့မှလည်း မပတ်သက် မဆက်ဆံတော့ဘူး။

ခြယ် မာနတွေနှင့် စားပွဲမှာ ကျောက်ရုပ်လေးတစ်ရုပ်လို ထိုင်နေမိလေတော့သည်။



## အခန်း [၂၂]

ခြယ့်ကို တွေ့လိုက်တော့ သူခေါ်ဖို့အတွက် စိတ်က ဖြစ်ပေါ်သွားပေမယ့် အနားမှာက အိမ့်ခြူးနွယ်ရှိနေ၍ မခေါ်ဘဲ ဖြစ်နေသည်။

ရဲရင့်ဆိုတဲ့ကောင်ကို သူ ဆွဲထိုးပစ်ချင်စိတ်ကို ထိန်းချုပ်ထားရ၏။ ဒီကောင် လူကြီးလူကောင်းမပီသစွာ ယုတ်မာခဲ့သည်။

ခြယ့်မကောင်းကြောင်းတွေ မေမေ့ကိုသွားပြောပြီး ခြယ့်ကို အယုံသွင်းနေ၏။

ရဲရင့် အကျင့်မကောင်းတာကို သူအသိဆုံးပင်ဖြစ်သည်။

အိမ့်ခြူးနွယ်ရှေ့မှာ ဟန်ဆောင်နေရပေမယ့် သူ အသည်းယားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခြယ် ဘယ်လောက်အထိ ကြေကွဲနာကြည်းနေမယ်ဆိုတာ ကိုကိုသိပါတယ်။

မင်းကို ဘယ်နည်းနဲ့မှ ကိုကို လက်လွှတ်အဆုံးရှုံးမခံနိုင်ပါဘူး။

သူက ခြယ့်ကို အတင်းအကျပ်သွားခေါ်လိုက်လျှင် အိမ့်ခြူးက မေမေ့ဆီ သတင်းပို့မှာပဲ။

ငြိမ်နေလိုက်ရသည်။

ရဲရင့်က ခြယ့်ကို တယုတယနှင့် စကားတွေပြောနေ၏။

ထွန်းတောက် ဒေါသတွေကို ထိန်းချုပ်ပြီး မသိဟန်ဆောင်နေရသည်။

"ထွန်းတောက်"

"ဟင်"

"ဒီကောင်မလေးက ဘယ်လိုလဲ၊ ဟိုမှာကြည့်စမ်း ရဲရင့်ဖြစ်ပျက်နေလိုက်တာ"

အိမ့်ခြူးနွယ်စကားတွေကို မကြားလို၍ ပြန်မယ်ဆိုပြီး ထပြန်လာခဲ့မိတော့သည်။

မေမေယုံကြည်အောင် တမင် ခြယ့်ကို နှုတ်မဆက်ဘဲနေလိုက်မိသည်။

ဟိုကောင်လည်းရှိနေ၍ ခြယ့်ကို ထားခဲ့ရတာပင် စိတ်က





မဖြောင့်။ မင်းကို ဘယ်တော့မှ ကိုကို မစွန့်လွှတ်ဘူး၊ ခိုးပြေးမယ်ကွာ ခြယ်။

ကိုကို့မှာ ဘဝတစ်ခုကိုတည်ဆောက်ဖို့ အခြေအနေတွေအားလုံး အဆင်သင့်ဖြစ်နေပြီ။ ကိုကို ချစ်မြတ်နိုးရတဲ့ ခြယ့်ကိုတော့ လက်ထပ်ရမှာပဲ။

အိမ့်ခြူးနွယ်က မေမေ့ဆီ ချက်ချင်းဖုန်းဆက်လိုက်မှာစိုး၍ ခြယ့်ကို နှုတ်မဆက်လိုက်တော့။

ရဲရင့် မင်း ငါ့ချစ်သူကို ဒီလိုအချောင်ယူလို့ရမယ် မထင်နဲ့။ ခြယ်ဟာ ငါချစ်မြတ်နိုးရတဲ့ မိန်းကလေးပဲ။

သူ့ရင်ထဲမှာ ချစ်သူလေးအတွက် မခံချိမခံသာနှင့် လက်လွှတ်ဆုံးရှုံးရမှာ အစိုးရိမ်ကြီး စိုးရိမ်နေမိသည်။

အိမ့်ခြူးနွယ်ကို ပြန်ပို့ပြီး သူ အလုပ်ထဲမှာ စိတ်မဝင်စားနိုင်တော့။ ခြယ့်ကို ချက်ချင်းပဲ ကားပေါ်တင်ပြီး လူသူကင်းမဲ့တဲ့နေရာလေးကို ခိုးပြေးချင်နေမိတော့၏။

ဘယ်လိုလုပ်ရမလဲ...

ချစ်သူလေးကတော့ သူ့ကို အထင်လွဲနေပြီဖြစ်သည်။

တင်းမာခက်ထန်နေသော ခြယ့်မျက်ဝန်းလေးတွေက သူ့ဘက်သို့ တစ်ချက်လေးမျှပင် လှည့်မကြည့်တော့။

မင်းလေး ဘယ်လောက်အထိ နာကြည်းမုန်းတီးနေမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ကိုကိုသိပါတယ် အချစ်လေးရယ်…

တစ်နေ့ကျရင် ကိုကို ဘယ်လောက်အထိ ခြယ့်အပေါ် ချစ်မြတ်နိုးတယ်ဆိုတာ သက်သေပြပါ့မယ်။

သူ ခြယ့်လက်ကိုင်ဖုန်းလေးကို ဆက်သွယ်လိုက်တော့ တခြားတစ်ယောက်ဆီမှာ ရောက်နေတော့သည်။

"ကျွန်တော် လမ်းမှာ ကောက်ရထားပါတယ်၊ ခင်ဗျား လာယူပါ"

သူပေးထားတဲ့ လက်ကိုင်ဖုန်းကိုပင် ခြယ်က လွှင့်ပစ်ထားလိုက်တာပဲ။

ခြယ့်ဒေါသတွေ ဘယ်လောက်အထိ ပြင်းထန်နေမလဲဆိုတာ သူသိလိုက်ပြီ ဖြစ်လေသည်။

"ဘယ်လိုတောင်းပန်ရမလဲ ခြယ်ရယ်"

ကိုကို့အပေါ် ခြယ့်ရဲ့ အထင်လွဲနေမှုတွေ ရှင်းလင်းသွားအောင် ကိုကို အစွမ်းကုန် ကြိုးစားမှာပါ။

ခြယ့်မောင်လေး လင်းရောင်ကလည်း စာမေးပွဲဖြေရတော့မယ်။ အခြေအနေတွေအားလုံး ရှုပ်ထွေးသွားမှာ စိတ်ပူမိသည်။

ရဲရင့်နှင့် ခြယ် နှစ်ယောက်တည်း တွဲသွားတွဲလာလုပ်နေတာလည်း သူစိတ်မချမိပေ။ ဒီကောင့်အကျင့်စရိုက်တွေကို သူ အသိဆုံးဖြစ်နေရ၏။





စိတ်တွေက ဘယ်လိုမှ ထိန်းချုပ်လို့မရတော့သဖြင့် ရဲရင့်ရုံးကို သူလိုက်သွားတော့သည်။

အောက်မှာ စောင့်နေမိ၏။

အဝော်လေးမှောင်မှ ရဲရင့်နှင့် ခြယ် ထွက်လာတော့သည်။

ရဲရင့်ကိုယ်လုံးက ခြယ်နှင့် ထိကပ်ဆင်းလာသဖြင့် သူ ဒေါသဖြစ်ပြီး ခြယ့်လက်လေးကို ဆတ်ခနဲ ဆွဲယူလာပြီး သူ့ကားထဲသွင်းလိုက်တော့၏။

"ဟော့ကောင် ထွန်းတောက်၊ ဘာလုပ်တာလဲ"

"ရှင်…ရှင် ဘာလုပ်တာလဲ၊ ကျွန်မလက်ကိုလွှတ်"

သူ ဘာကိုမှ ဂရုမစိုက်ဘဲ ခြယ့်ကို ကားပေါ်တင်ကာ မောင်းထွက်လာခဲ့မိသည်။

"ရှင်…ရှင် ဘာလုပ်တာလဲ၊ ကျွန်မကို ဘာဖြစ်လို့ ခေါ်ပေးရတာလဲ၊ ကျွန်မကို ရှင်စော်ကားချင်တိုင်း စော်ကားလို့ ရမယ်မထင်နဲ့နော်"

ခြယ် ဒေါသတကြီးပြောပြီး ကားပေါ်မှဆင်းရန် ကြိုးစားမိသည်။

ကားတံခါးက ဖွင့်မရ။

လေဟာနယ်ထဲမှာ ကားကို ဝေါခနဲ ဝေါခနဲ မောင်းနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

“ဒီမှာ ရှင့်ကို ပြောနေတာ မရဘူးလား၊ ကျွန်မကို ပြန်ပို့နော်၊ မပို့ရင် ကျွန်မအော်လိုက်မယ်”

သူ ဘာမှတုံ့ပြန်ပြောဆိုခြင်း မပြု၍ ကားကိုသာ မောင်းနေမိသည်။

မင်းကို ခိုးပြေးတာပဲ...

ကိုကို ဘယ်လိုနည်းနဲ့မှ မင်းကို လက်လွှတ်ဆုံးရှုံးမခံနိုင်တော့ဘူးကွာ။

နောက်မှပဲ နောက်ပြဿနာတွေကို ဖြေရှင်းတော့မယ်။

“ကိုသွန်းတောက်ကြယ် ကျွန်မကို ပြန်ပို့ပါ၊ ရှင် ကားကို ဘယ်အထိမောင်းလာရတာလဲ”

ကားကို အရှိန်ပြင်းပြင်းနှင့် မောင်းနေ၍ ခြယ် အထိတ်တလန့်နှင့် တားဆီးနေတော့သည်။

တွေ့သမျှကားတွေကို ကျော်တက်ပြီး ဝေါခနဲ ဝေါခနဲ မောင်းနေ၏။

“ဒီမှာ ရှင် အရူးမထစမ်းပါနဲ့၊ ရှင် ကားရပ်နော်၊ မရပ်ရင် ကျွန်မ အော်ပစ်လိုက်မှာ”

“အော်လေ...မင်းကို ကိုကို ခိုးပြေးလာတာ”

“ဘာရှင့်”





“ခိုးပြေးလာတာလို့ ပြောပြီးပြီပဲ မင်းကို ဘယ်လိုနည်းနဲ့မှ လက်လွှတ်အဆုံးရှုံး မခံနိုင်တော့ဘူး”

“အဓိပ္ပာယ်မရှိတာတွေ မလုပ်ပါနဲ့၊ ကျွန်မ လုံးဝလက်မခံနိုင်ဘူး ကားကိုရပ်ပါ”

“မရပ်ဘူးကွာ၊ လူကြီးတွေ သဘောတူတာ မတူတာ သဘောထားပြီး ကိုကိုတို့နှစ်ယောက် အတူနေကြဖို့ပဲ ဆုံးဖြတ်လိုက်ပြီ”

ခြယ့်စိတ်ထဲမှာ ကိုကို့ဆုံးဖြတ်ချက်တွေကို သဘောကျသွားမိသလို ဖြစ်သွားပေမယ့် အမေ့လို မိဘအစွန့်ပစ်ခံဘဝကို ရင်ဆိုင်ရမှာတော့ သားသမီးတွေအထိ ဆင်းရဲဒုက္ခရောက်စေရန် ဖန်တီးသလို ဖြစ်သွားနိုင်၍ လက်မခံနိုင်ပေ။

“မဖြစ်ဘူး...မဖြစ်ဘူး၊ ရှင့်ကို အဲဒီလိုနည်းနဲ့ လက်မထပ်နိုင်ဘူး၊ ကျွန်မအမေကလည်း လက်ခံမှာမဟုတ်ဘူး၊ ကျွန်မမောင်လေး စာမေးပွဲဖြေရမယ် ပြန်ပို့ပေးပါနော်”

ခြယ် ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းဖို့က လည်း ပတ်ဝန်းကျင်မှာ လယ်ကွင်းတွေပဲရှိသည်။

ကိုကိုကတော့ ကားကို လမ်းဘေးတစ်နေရာမှာ ရပ်လိုက်၏။

“ခြယ်”



www.burmeseclassic.com

www.burmeseclassic.com



ခြယ့်ပခုံးလေးကို ဆိတ်ခနဲဆွဲယူလိုက်ပြီး သူ့ရင်ခွင်ထဲမှာ တင်းကြပ်စွာဖက်ထားသည်။

"ကိုကို ခြယ့်ကို ချစ်တယ်၊ အရမ်းချစ်မြတ်နိုးပါတယ်ကွာ၊ ရဲရင့်က ကိုကို့မေမေကို မင်းအကြောင်းတွေ မကောင်းပြောလို့ပါ"

"မဖြစ်နိုင်ဘူး၊ ဆရာက ရှင်ထင်သလို မယုတ်မာဘူး၊ ကျွန်မအပေါ် ရိုးသားတယ်၊ ကျွန်မကို ကိုယ်ထိလက်ရောက် ဘယ်တော့မှ မစော်ကားဘူး"

"ဒီကောင် ဟန်ဆောင်နေတာပါ၊ ရဲရင့်အကြောင်းကို ကိုကိုအသိဆုံးပါ"

"ရှင့်စကားတွေကို ကျွန်မ လုံးဝမယုံကြည်ဘူး၊ ဆရာ့အကြောင်းတွေ မကောင်းမပြောပါနဲ့၊ ကျွန်မ လက်မခံနိုင်ဘူး"

ဆရာက လူကြီးလူကောင်းတစ်ယောက်ပဲ ခြယ့်အကြောင်းတွေ မကောင်းပြောပါ့မလား။

ရှင့်အမေက ခြယ့်ကို ဆင်ခြေဖုံးရပ်ကွက်က ကောင်မလေးဆိုပြီး သဘောမတူတာ မဟုတ်လား။

"ဒီမှာ"

"ခြယ်ရယ်"

"ရှင့်အမေက မတူမတန်ဘူးဆိုပြီး အမွှေဖြတ်တာတွေ





ကျွန်မ လုံးဝအဖြစ်မခံနိုင်ဘူး၊ ရှင့်ကိုလည်း ကျွန်မ ဘယ်တော့မှ
လက်မထပ်ဘူး၊ အတင်းအကျပ်မလုပ်ပါနဲ့ ကျွန်မကို ပြန်ပို့ပေးပါ"
သူမ အတင်းအကျပ် ပြန်ပို့ခိုင်းနေပေမယ့် ခြယ့်ကို ခိုးပြေး
ဖို့ပဲ ဆုံးဖြတ်ထားပြီးပြီ ဖြစ်သည်။

"ကိုကိုကတော့ ခြယ့်ကို ခိုးပြေးဖို့ပဲ ဆုံးဖြတ်လိုက်ပြီ၊
ပြန်မလွှတ်နိုင်တော့ဘူး၊ ကိုကို ခြယ်နဲ့ အဝေးမခံနိုင်တော့လို့ပါ"

"ခြယ် လက်မခံနိုင်ဘူး"

"ခြယ် ကိုကိုတို့ နှစ်ဦးသဘောတူ လက်ထပ်မယ်၊ ကိုကို့
မှာ အစွမ်းအစတွေရှိပါတယ်၊ ခြယ့်ကို တင့်တင့်တယ်တယ်ထားနိုင်
တဲ့အထိ ကိုယ်ပိုင်အစွမ်းအစတွေနဲ့ ကိုကို ကြိုးစားနိုင်ပါတယ်"
ကိုကို့လက်တွေက ခြယ်ကိုယ်လုံးလေးကို တင်းကြပ်စွာ
ဖြင့် ဖက်ထားသည်။

ခြယ် ရုန်းကန်နေပေမယ့် ကိုကို့အနမ်းတွေက ခြယ့်မျက်နှာ
လေးအနှံ့ ကြမ်းတမ်းစွာ ကျရောက်နေ၏။

သန်မာတဲ့ ကိုကို့လက်တွေက ခြယ့်တစ်ကိုယ်လုံးကို
တင်းကျပ်စွာ ရစ်ပတ်နှောင်ဖွဲ့ထားသဖြင့် ခြယ် ဘယ်လိုမှ ရုန်းကန်
ဖယ်ရှားၡမရအောင် ဖြစ်နေတော့သည်။

"ခြယ့်ကိုချစ်တယ်၊ ကိုကို လက်ထပ်မယ်၊ အရာအားလုံး
ကို နှစ်ယောက်လက်တွဲပြီး ရင်ဆိုင်ကြမယ်နော် ခြယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းဝင်းအိအိလေးနှင့် နုနုထွတ်ထွတ်လေး လှပလွန်းနေသော ချစ်သူ့မျက်နှာလေးကို သူ အပေါ်မှ အုပ်မိုးပြီး စိုက်ကြည့်နေမိသည်။

ခြယ် ဘယ်လိုပဲ ရုန်းကန်ငြင်းဆန်နေပါစေ သူ့မမျက်ဝန်းလေးတွေထဲမှာ သံယောဇဉ်တွယ်တာသော အချစ်ရိပ်လေးတွေ လွှမ်းမိုးနေကြောင်း သိနေ၏။

ငွေကြေးဓနဥစ္စာတွေကို မက်မောခြင်းမဟုတ်ဘဲ ဖြူစင်ရိုးသားတဲ့ သံယောဇဉ်တွေနဲ့ သူ့ကို ချစ်မြတ်နိုးတာဖြစ်ကြောင်း သူ ယုံကြည်နေမိသည်။

ချစ်သူနဲ့ အဝေးမခံနိုင်တော့။

"ခြယ်ရယ်...ကိုကိုတို့နှစ်ဦး သဘောတူ လက်ထပ်ကြမယ်နော်၊ အချစ်ကို ဘယ်လိုနည်းနဲ့မှ ကိုကို အဝေးမခံနိုင်တော့ဘူး၊ ဘာတွေပဲဖြစ်ဖြစ် ကိုကိုတို့ လက်ထပ်ကြမယ်"

ခြယ့်မျက်နှာ ဖြူဖြူအိအိလေးကို ဆွဲယူလိုက်ပြီး မြတ်နိုးစွာဖြင့် စိုက်ကြည့်နေ၏။

ရုန်းကန်ငြင်းဆန်နေတဲ့ခြယ်က မယုံကြည်နိုင်တဲ့ မျက်ဝန်းလေးဖြင့် ပြန်ကြည့်နေသည်။

"မင်း ကိုကို့ကို ချစ်တယ်မဟုတ်လား၊ ကိုကိုတို့ မစွန့်စားရင် တကယ်ဝေးကြတော့မယ် ခြယ်"

"ရှင် သတ္တိမရှိဘဲနဲ့ ကျွန်မကို မပြောပါနဲ့၊ အရာအားလုံး





ကို ရင်ဆိုင်ဖို့ ရှင့်မှာ သတ္တိရှိလို့လား"

"ခြယ့်မှာ သတ္တိရှိရင် ကိုကို့မှာ ဘာလို့မရှိရမှာလဲ၊ ကိုကို ဆုံးဖြတ်ပြီးပြီ၊ ခြယ်နဲ့ နှစ်ဦးသဘောတူ လက်ထပ်ကြမယ်နော်"

အမေနှင့် မောင်လေးမျက်နှာကို မြင်ယောင်ပြီး ခြယ် လက်မခံနိုင်ပေမယ့် ချစ်သူနှင့်လည်း အဝေးမခံနိုင်ဘဲ ချစ်သူ့ဆန္ဒတွေကို လိုက်လျောပေးချင်နေမိလေသည်။

မာနတွေနှင့် ခြယ် ဘယ်လောက်ပဲ မာထန်နေပါစေ။ ချစ်သူ့မျက်ဝန်းအကြည့်တွေနှင့် အနမ်းတွေက သူ့မ မာနတွေနှင့် နှလုံးသားတွေကို အရည်ပျော်သွားစေနိုင်တဲ့ စွမ်းအင်တွေ ရှိနေ၏။

"ကိုကိုတို့ နှစ်ဦးသဘောတူ လက်ထပ်ကြမယ်နော်"

ခြယ် ငြင်းဆန်ဖို့ ကြိုးစားနေရင်းမှာပင် ကိုကို့အယုအယ အကြင်နာတွေကြားမှာ အင်အားတွေ ချိနဲ့သွားရသလို ငြိမ်သက် တိတ်ဆိတ်သွားရတော့သည်။

"ခြယ်ရယ်...ကိုကိုတို့နှစ်ယောက်က အရမ်းချစ်ကြတဲ့ ချစ်သူတွေပါ၊ ဖူးစာဖက်တွေလေ၊ ဘယ်လိုပဲဖြစ်ဖြစ် ပေါင်းဖက် ကြရမှာပါကွာ"

ခြယ်နှင့် နှစ်ဦးသဘောတူ လက်ထပ်လိုက်ဖို့ ဆုံးဖြတ်ထား၍ ချစ်သူကိုယ်လုံးလေးကို မြတ်နိုးစွာ ထွေးပွေ့ထားရင်း အကြင်နာလေးတွေ ပေးနေမိတော့သည်။

ညက တိတ်ဆိတ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးဝဲယာမှ လယ်ကွင်းပြင်ကြီးတွေပဲ ရှိ၍ အနှောင့်အယှက် ကင်းမဲ့နေသည်။

ခြယ်ကိုယ်တိုင်လည်း သူနှင့်လက်ထပ်ဖို့ သဘောတူညီသလို ငြိမ်သက်စွာ သဘောတူလက်ခံနေလေသည်။

"ကိုကိုခေါ်ရာနောက်ကို ခြယ်လိုက်တော့မယ် မဟုတ်လား၊ မာနတွေနဲ့ အမြဲတမ်းတင်းမာပြီး ငြင်းဆန်နေတတ်တဲ့ ကိုကို့ချစ်သူလေးကို ကိုကို ဘယ်လောက်ချစ်တယ်ဆိုတာ ကိုကို ယုံပါပြီကွာ"

လက်တစ်ဖက်က ချစ်သူခါးလေးကို တင်းကြပ်စွာဖက်ထားပြီး ကျန်တဲ့လက်က ကားစက်ကို နှိုးလိုက်သည်။

ရန်ကုန်မြို့နှင့် ဆန့်ကျင်ဘက် အဝေးတစ်နေရာကို မောင်းထွက်သွားဖို့ ဆုံးဖြတ်လိုက်တော့သည်။

ထိုအချိန်တွင် သူ့လက်ကိုင်ဖုန်းမှ မြည်လာ၏။

သူ ဖွင့်ပြီး နားထောင်လိုက်တော့ အိမ့်ခြူးနွယ်ဖြစ်နေလေသည်။

"ထွန်းတောက် နင့်အမေ ဆေးရုံတင်ထားရတယ်၊ နင် အမြန်ပြန်လာပါ"

"ဟင်"

သူ လက်ကိုင်ဖုန်းကိုပိတ်လိုက်ပြီး ကားကို ရန်ကုန်ဘက် ပြန်၍ ဦးလှည့်လိုက်တော့သည်။





"ခြယ် မေမေ ဆေးခန်းမှာတင်ထားရတယ်တဲ့၊ ကိုကိုတို့ ရှေ့ဆက်သွားလို့ မဖြစ်တော့ဘူး၊ ကိုကို့ကို နားလည်ပေးပါ ခြယ်ရယ်နော်"

"ရှင် သတ္တိမရှိဘူး မဟုတ်လား၊ အဲဒါကို အမှန်တွေလို့ ရှင်ထင်လား"

"ခြယ်"

"ရှင် ပြန်ပါ၊ ကျွန်မ နှလုံးသားတွေက ရှင်နဲ့ပတ်သက်ပြီး အကြိမ်ကြိမ်ပျော့ညံ့ သွားခဲ့ရတယ်၊ ကိုထွန်းတောက်ကြယ်ကို ကျွန်မ ဘယ်တော့မှ လက်မထပ်တော့ဘူး၊ အဲဒါ ကျွန်မရဲ့ဆုံးဖြတ်ချက်ပဲ"

ကားကို အမြန်ဆုံး ရောက်တဲ့နေရာက ပြန်ကွေ့လာဖို့ အိမ့်ခြူးနွယ်က ထပ်ဖုန်းဆက်သည်။

"ထွန်းတောက် နင် အရူးမထစမ်းပါနဲ့၊ နင့်အမေသေရင် နင်တရားခံဖြစ်သွားမှာနော်"

ခြယ့်ကို တောင်းပန်စကားတွေ အနူးအညွတ်ပြောပြီး ကားကို ရန်ကုန်ဘက် ပြန်မောင်းထွက်လာခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂၃]

သူ အိမ်ပြန်ရောက်တော့ မေမေက ညှော်ခန်းမှာ အခန့်သား ထိုင်နေတာ တွေ့လိုက်ရလေသည်။

မေမေ့အနားမှာ အိမ့်ခြူးနွယ်လည်း ရှိနေ၏။

"နင် ဘာဖြစ်လို့ မဟုတ်ဘဲနဲ့ ဖုန်းဆက်ရတာလဲ ခြူး၊ ငါစိတ်ပူပြီး ကားကို တရကြမ်းမောင်းလာလို့ တစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲဟင်"

မေမေက တည်ငြိမ်အေးချမ်းတဲ့ လေသံတွေနှင့် သူ့ကို ပြောသည်။

"မေမေ ဆက်ခိုင်းလိုက်တာပဲ သား"

"မေမေ"





"မင်း ဒီကောင်မလေးကိုခေါ်ပြီး တစ်နေရာကို ခိုးသွားမယ်မဟုတ်လား သား"

ရဲရင့် ဖုန်းဆက်လိုက်တာပဲ ဖြစ်နိုင်သည်။

ဒီကောင်က သူနှင့် ခြယ်ကြားမှာ ယုတ်မာစွာ နှောင့်ယှက်နေတာပဲ။

"ဒီကောင်မလေး ကိုယ်ကျင့်တရားမကောင်းဘဲနဲ့ နင်ဘာဖြစ်လို့ စွဲလမ်းနှစ်သက်နေရတာလဲ ထွန်းတောက်"

"တော်စမ်း အိမ့်ခြူး မြရောင်ခြယ်အကြောင်း မသိဘဲနဲ့ မပြောပါနဲ့၊ ခြယ်က အရမ်းမာနကြီးတာပဲ၊ ရဲရင့်နဲ့လည်း ဘာမှ မဆိုင်ပါဘူး"

"မေမေကတော့ ဒီဟာမလေးနဲ့ လုံးဝသဘောမတူဘူး နော်၊ သား မင်း အတင်းအကျပ်လက်ထပ်တာမျိုးလည်း လက်မခံနိုင်ဘူး၊ မေမေ့ကို သား ဘယ်တုန်းက စိတ်သောကတွေရောက်အောင် လုပ်ခဲ့ဖူးလဲကွယ်"

မေမေက ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ကြောင်း ပြောနေသည်။

ထွန်းတောက် စိတ်ပျက်စွာဖြင့် ချစ်သူလေးကို လက်လွှတ်အဆုံးရှုံးမခံနိုင်ကြောင်း အိမ့်ခြူးနွယ်ရှေ့မှာပင် မေမေ့ကို ပြောလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"သား ခြယ့်ကို ဘယ်နည်းနဲ့မှ လက်လွှတ်အဆုံးရှုံးမခံနိုင်ဘူး မေမေ၊ မြရောင်ခြယ်ကလွဲပြီး တခြားဘယ်မိန်းကလေးနဲ့မှလည်း လက်မထပ်နိုင်ဘူး၊ မေမေ ခြယ့်ကို လှေလာပါစောင့်ကြည့်ပါဦးဗျာ"

"ကောင်းပြီလေ သား၊ မင်းဆန္ဒအတိုင်း မေမေ ဒီကောင်မလေးကို စောင့်ကြည့်မယ်၊ မေမေကျေနပ်လောက်တဲ့အဖြေ မရရင်တော့ မင်း မေမေ့ဆန္ဒတွေကို လိုက်လျောရမယ်"

"ကောင်းပါပြီ မေမေ၊ ခြယ့်ကို စောင့်ကြည့်ပါ၊ ရဲရင့်နဲ့ ဘာမှမဆိုင်ပါဘူး"

"သား"

"ပြောပါ မေမေ"

"မေမေစောင့်ကြည့်နေတဲ့ အချိန်တွေအတွင်းမှာ မင်း မြရောင်ခြယ်ဆိုတဲ့ ကောင်မလေးကို အတင်းအကျပ် လက်မထပ်ပါဘူးလို့ မေမေ့ကို ကတိပေးပါ"

"ပေးပါတယ် မေမေ၊ ခြယ့်ကို စောင့်ကြည့်ပေးပါနော်၊ ခြယ်ကလွဲပြီး သား ဘယ်မိန်းကလေးကိုမှ လက်မထပ်နိုင်လို့ပါ"

အိမ့်ခြူးနွယ် ပြန်သွားတော့သည်။

"မင်းကောင်မလေး မြရောင်ခြယ်က ကိုယ်ကျင့်တရားမကောင်းတာ သက်သေပြနိုင်ရင်တော့ မေမေ့ဆန္ဒတွေအတိုင်းပဲ





စီစဉ်မယ်"

ခြယ်က မာနကြီးပြီး ကိုယ်ကျင့်တရားကောင်းမွန်ကြောင်း ထွန်းတောက်အသိဆုံးပင် ဖြစ်နေသည်။

ငွေကြေးစည်းစိမ်ဥစ္စာတွေ ရှိအောင်လည်း ဘယ်တော့မှ မြူဆွယ်ဖြားယောင်းခြင်းမရှိတာလည်း ထွန်းတောက်ကိုယ်တွေ့ပင် ဖြစ်၏။

ဟိုကောင်ရဲရင့်က အယုံသွင်းပြီး ခြယ့်ဘဝကို ဖျက်ဆီးဖို့ ကြိုးစားနေကြောင်း မေမေ့ကို ပြောမိသည်။

"မေမေစောင့်ကြည့်မယ်၊ မင်းချစ်သူဖြစ်နေလို့ မေမေ မခွဲရက်ပါဘူး၊ ဒါပေမဲ့ ကိုယ်ကျင့်တရားမကောင်းတဲ့ မိန်းကလေးနဲ့တော့ မေမေ လုံးဝသဘောမတူဘူးနော် သား"

မေမေက တစ်ထစ်လျှော့ပေးလိုက်၍ သူ ဝမ်းသာပျော်ရွှင်သွားရလေသည်။

ခြယ်နှင့်တွေ့ဖို့အတွက် သူကြိုးစားမိလေသည်။

"ရှင်…ရှင် ဘာလာလုပ်တာလဲ၊ ဒီအိမ်ကို ဘာလာလုပ်တာလဲ၊ ရှင်လာစရာ ဘာအကြောင်းမှ မရှိတော့ဘူး"

သူ့ကိုတွေ့လိုက်ရ၍ ခြယ် ဒေါသတကြီးနှင့် မောင်းထုတ်ပစ်လိုက်မိသည်။

အိမ်မှာက ဘယ်သူမှမရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးရော အမေပါ အခုပဲ အပြင်ကိုသွားကြလေသည်။

အိမ်လေးထဲမှာ ခြယ်တစ်ယောက်တည်းရှိနေ၍ ပိုပြီး အထိတ်တလန့်နှင့် သူ့ကို နှင်ထုတ်ပစ်နေရ၏။

"ရှင်ပြန်ပါ၊ ကျွန်မအမေနဲ့ မောင်လေးဆီလည်း လာပြီး ဟန်ဆောင်လိမ်ညာမနေပါနဲ့တော့၊ ကျွန်မတို့မိသားစု အေးအေးချမ်းချမ်း ဂုဏ်သိက္ခာရှိရှိ နေပါရစေတော့"

"ကိုကိုမပြန်ဘူး ခြယ်၊ ဒီမှာပဲနေမလို့ လင်းရောင်အတွက် ကိုကိုရှိနေချင်တယ်၊ လင်းရောင်ကို အားပေးပြီး လင်းရောင်ရဲ့ ရည်မှန်းချက်တွေပြည့်အောင် ကူညီချင်တယ်"

"မလိုတော့ဘူး၊ ကျွန်မတို့မိသားစုအပေါ် အထင်သေးနေတဲ့ ရှင်တို့အသိုင်းအဝိုင်းနဲ့လည်း မပတ်သက်ချင်တော့ဘူး ရှင်ပြန်ပါ"

ခြယ် ဇွတ်အတင်းပင် မောင်းထုတ်နေမိသည်။

"ခြယ် ကိုယ်ရှင်းပြတာကို နားထောင်ပါ၊ မေမေက တစ်ထစ်လျှော့သွားပါပြီ၊ ခြယ်နဲ့ ရဲရင့်အခြေအနေကို စောင့်ကြည့်ပြီးမှ ဆုံးဖြတ်မယ်တဲ့"

"မရဘူး ကျွန်မ လက်မခံဘူး၊ ကျွန်မအပေါ် ရိုးသားစွာ ဆက်ဆံတဲ့ ဆရာ့အပေါ် ရှင်တို့ အထင်လွဲတိုင်း ကျွန်မက





ကင်းအောင်နေပြရမှာလား၊ အလုပ်ကလည်း မထွက်ဘူး၊ ကျွန်မ ရှင့်ကိုလည်း လက်မထပ်ဘူး"

"ခြယ်"

ခြယ့်ကိုယ်လုံးလေးကို ဆတ်ခနဲပွေ့ယူပြီး သူ့ရင်ခွင်ထဲမှာ အပ်ထားစဉ် ခြယ်က ရုန်းထွက်ဖို့ ကြိုးစားနေလေသည်။

"ရှင်…လူယုတ်မာ၊ ကျွန်မဘဝကို ဖျက်ဆီးပစ်ဖို့ ရှင်ပဲ ကြံစည်တာ၊ သတ္တိမရှိတဲ့လူ တာဝန်မယူရဲတဲ့လူ၊ လွှတ်နော်…လွှတ်ပါ"

"မလွှတ်ဘူးကွာ"

ချစ်သူလေးရဲ့ နီထွေးစိုလဲ့ပြီး ဖူးဖူးရွရွ နှုတ်ခမ်းလေးကို ရန်ထောင်ငြင်းဆန်ခြင်း မပြုနိုင်အောင် ပိတ်ထားပစ်လိုက်မိသည်။

မျက်နှာချောချောမွတ်မွတ်လေးက ဘယ်ညာယမ်းခါပြီး သူ့ရင်ခွင်ထဲကနေ ရုန်းထွက်ဖို့ ကြိုးစားနေရင်း သူမ မျက်ဝန်းတွေ ထဲမှာ မျက်ရည်စတွေ ပြည့်စိုလာရ၏။

သူ့ရဲ့မျက်နှာပေါ်မှာ သူမရဲ့မျက်ရည်တွေ လိမ်းကျံလာမှ သူမငိုနေကြောင်း အသိတွေ ဝင်လာရတော့သည်။

"ရှင် လူလိမ်လူညာပဲ၊ ရှင့်ကို ကျွန်မ လုံးဝမယုံဘူး၊ ရှင် မိန်းမတစ်ယောက်ရဲ့ဘဝကို ဖျက်ဆီးဖို့ပဲသိပြီး တာဝန်ယူရဲတဲ့ သတ္တိရှိတဲ့လူ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခြယ်ရယ် ကိုကို့ကိုယုံပါ၊ ခြယ့်ကို ချစ်မြတ်နိုးလွန်းလို့ ကိုကို ဘယ်လောက်အထိ ရင်ဆိုင်နေရလဲဆိုတာ ခြယ် နားလည်ပေးပါနော်"

ချစ်သူလေးရဲ့ ကိုယ်လုံးလေးကို မလွှတ်ဘဲ တင်းကြပ်စွာ ဖက်ထားဆဲပင်ဖြစ်နေသလို ခြယ်ကလည်း အတင်းရုန်းဖယ်နေဆဲပင် ဖြစ်လေသည်။

သူ့စိတ်တွေထဲမှာ ရှင်းပြဖို့ နားမဝင်နိုင်အောင် ဖြစ်နေတဲ့ ချစ်သူလေးကို အားမလိုအားမရနှင့် စိတ်တွေမထိန်းနိုင်စွာ အနမ်းမိုးလေးတွေ ခပ်သည်းသည်း ရွာပစ်လိုက်ချင်လာတော့၏။

"ရှင် အလကားလူ…ကျွန်မကို ပတ်ဝန်းကျင်မှာ မျက်နှာငယ်ရဲအောင် ဖန်တီးဖို့ ရောက်လာတာပဲ၊ ကျွန်မ နှလုံးသားတွေကို မသမာတဲ့နည်းတွေနဲ့ ရယူဖို့ ကြိုးစားတာ၊ ရှင် အရမ်းယုတ်မာတယ်၊ ရှင့်အမေက ကျွန်မနဲ့ သဘောမတူဘူးမဟုတ်လား၊ ကျွန်မတို့မိသားစုကို အထင်မကြီးဘူး မဟုတ်လား"

သူရှင်းပြတာကို ခြယ် လုံးဝလက်မခံဘဲ နာနာကြည်းကြည်းပင် ငြင်းဆန်ပြောဆိုရင်း ရန်ထောင်နေမိသည်။

"ကျွန်မ ရှင့်ကို ဘာဖြစ်လို့ ချစ်မိသွားရတာလဲ၊ ရှင်က အရမ်းမုန်းဖို့ကောင်းတဲ့လူ၊ ရှင် ပြန်သွားပါ၊ ကျွန်မတို့မိသားစုကို လိမ်ညာလှည့်ဖြားဖို့ မကြိုးစားပါနဲ့တော့"





ခြယ် အကြိမ်ပေါင်းများစွာ သူ့အချစ်တွေ အယုအယ အကြင်နာတွေကြားမှာ နစ်မျောစီးဝင်ပြီး သူ့ဆန္ဒတွေကို လိုက်လျောမိသွားခဲ့ရသည်။

ကျွန်မ ရှင့်ကို အသည်းနင့်အောင်ချစ်မိသွားရတာ ရှင်သိရဲ့လား။ ရှင့်အမေထင်သလို ရှင်ပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတွေနဲ့ ဘာမှမဆိုင်ဘဲ ရိုးစင်းတဲ့နှလုံးသားတွေနဲ့ ချစ်မိတာပါနော်။

"ဒီတစ်ခါတော့ ရှင့်အယိမ်အညာတွေ ဖြူဆွယ်ဖြားယောင်းမှုတွေကြားထဲ အနစ်မွန်းမခံနိုင်တော့ဘူး၊ ကျွန်မ ဆုံးဖြတ်ပြီးပြီ၊ ရှင် ကျွန်မကို ပြုမူချင်တိုင်း ပြုမူ စော်ကားချင်တိုင်း စော်ကားလို့မရတော့ဘူး"

ခြယ် သူ့ရင်ခွင်ထဲက ရုန်းထွက်ရင်း ရန်ထောင်စကားတွေပဲ ပြောပစ်နေမိတော့သည်။

"ရှင့်အမေ အထင်ကြီးအောင် ကျွန်မ မနေပြနိုင်ပါဘူး။ အလုပ်ကလည်း မထွက်ဘူး။ ဆရာနဲ့ကင်းအောင် ဘာဖြစ်လို့ နေရမှာလဲလို့"

"ခြယ်ရယ် မေမေက အဆင့်အတန်းခွဲခြားတာ မဟုတ်ပါဘူးကွာ ရဲရင့်က…"

"တော်ပါတော့ ကျွန်မကို ဆရာရဲရင့် မကောင်းကြောင်းတွေ လာမပြောပါနဲ့၊ ဆရာက ရှင့်လို တာဝန်မဲ့တဲ့ယောကျ်ားမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ခြယ့်ကိုလည်း လက်ဖျားနဲ့တောင် မတို့ပါဘူး”

ခြယ့်ကို ဘယ်လိုနည်းနဲ့မှ ရဲရင့်မကောင်းကြောင်းတွေ ပြောလို့ရမှာမဟုတ်။ ဒီကောင်က ဟန်ဆောင်ပြီး အယုံသွင်းထားတာ မဟုတ်လား။

ဝိုင်းစက်တောက်ပနေတဲ့ မျက်ဝန်းလေးတွေထဲမှာ နာကြည်းမုန်းတီးမှုတွေပဲ ပြည့်နှက်နေလေသည်။

တင်းမာခက်ထန်တဲ့ အကြည့်တွေနှင့် သူ့ကို ခါးခါးသီးသီး ကြည့်နေ၏။

“ကျွန်မအမေနဲ့ မောင်လေး ပြန်မလာခင် ရှင် ပြန်ပါ၊ တောင်းပန်ပါတယ် ဦးထွန်းတောက်ကြယ်၊ ကျွန်မ လုံးဝလက်မခံနိုင်တော့ဘူး၊ ရှင့်ကိုလည်း ဘယ်တော့မှ လက်မထပ်ဘူး၊ ရှင်ပြန်ပါ”

သူ့ကို ခြယ် နာနာကြည်းကြည်းနှင့် မောင်းထုတ်နေမိလေသည်။

ပတ်ဝန်းကျင်မှာ စံပြမိန်းကလေးတစ်ယောက်ဖြစ်အောင် အမေက ပြုစုပျိုးထောင်ပေးခဲ့ပြီး မာနတွေနှင့် နေထိုင်လာခဲ့၏။

ဘယ်လိုလူမျိုးကဖြစ်စေ ခြယ့်ကို စေ့စေ့ပင်မကြည့်ရဲအောင် အနေအထိုင်ကျစ်လစ်ခဲ့သော ခြယ်သည် ကိုထွန်းတောက်ကြယ်ဆိုတဲ့ လူချောလူခန့်ကြီးတစ်ယောက်နဲ့ တွေ့ဆုံခဲ့ရာမှ အချစ်နှင့်ပတ်သက်





ပြီး ရင်နင့်အောင် ခံစားခဲ့လေသည်။

ဂုဏ်သိက္ခာတွေ မဲ့ရဖို့ အခြေအနေအကြောင်းအရာတွေက ဖန်တီးလာ၍ ခြယ် တုန်လှုပ်ချောက်ချားလာခဲ့ရ၏။

အမေသိသွားရင် မလွယ်ဘူး။

“ကျွန်မ တောင်းပန်ပါတယ်၊ အမေသိသွားရင် အရမ်းကို စိတ်ထိခိုက်ကြေကွဲရမှာပါ၊ ရှင့်ကို အနူးအညွတ်တောင်းပန်ပါတယ် နော်၊ ဒီကနေ ထွက်သွားပါ”

ခြယ် လုံးဝဆုံးဖြတ်ထားပြီးပြီဖြစ်၍ သူ့ကိုပဲ အတင်းမောင်း ထုတ်နေမိတော့လေသည်။

ရှင့်အနားမှာ ကြာကြာနေရင် ခြယ့်စိတ်တွေ ထိန်းချုပ်ထား နိုင်မှာ မဟုတ်တော့ဘဲ လွတ်ထွက်သွားတော့မှာပဲ။

မုန်းတယ်…မုန်းတယ်…ရှင့်အမေ လက်ခံလာအောင် ကျွန်မ လုံးဝမနေပြနိုင်ဘူး။

ကျွန်မကို အထင်သေးနေတဲ့ ရှင့်အသိုင်းအဝိုင်းတွေထဲ လည်း မဝင်ဘူး…

“ရှင်ပြန်နော်…နောက်လည်း ဘယ်တော့မှ လာပြီး မပတ်သက်ပါနဲ့”

“ခြယ်ရယ်…ကိုကိုက မင်းကို အရမ်းချစ်တာပါ၊ ဘယ် နည်းနဲ့မှ ခြယ့်ကို လက်လွှတ်အဆုံးရှုံးမခံနိုင်ဘူး၊ မင်း ရဲရှင့်



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမပတ်သက်ဖို့ တောင်းပန်ပါတယ်''

''ကျွန်မ လက်မခံနိုင်ပါဘူး၊ ဆရာရဲရင့်မှာ ဘာအပြစ်မှ မရှိတာပဲ၊ ဒီနေ့အထိ ဆရာရဲရင့်က ကျွန်မအပေါ် မရိုးသားတဲ့ အကြည့်တွေ၊ အပြုအမူတွေ တစ်ကြိမ်တစ်ခါမှ မလုပ်ခဲ့ဘူး၊ ရှင်… ရှင်ပဲ''

ခြယ် ဆက်မပြောနိုင်တော့သဖြင့် နှုတ်ခမ်းသားလေးတွေကို တင်းကြပ်စွာ စေ့ကပ်ထားပစ်လိုက်မိသည်။

''ကိုကိုသွားမယ် ခြယ်၊ မင်းဆန္ဒတွေအတိုင်းပဲ ဖြစ်စေရမှာပါ၊ ဒါပေမဲ့ ကိုကို တစ်ခုတည်း တောင်းဆိုပါရစေ၊ အဲဒါကတော့ ရဲရင့်ကို မယုံဖို့ပါပဲ၊ အလုပ်မထွက်ချင်ရင်တောင် ဒီကောင့်အပေါ် မယုံကြည်ပါနဲ့လို့ ပြောပါရစေကွာ''

ချစ်သူနှင့် အတိုက်အခံမလုပ်လိုတော့၍ ချစ်သူကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲမှ မခွဲခွာချင်ဘဲနှင့် မလွှဲသာလွန်း၍ ဖယ်ခွာပစ်ခဲ့ရလေသည်။

မင်းကို ဘယ်လောက် ချစ်မြတ်နိုး တန်ဖိုးထားရလည်းဆိုတာ တစ်နေ့ကျရင် မင်း လက်ခံနားလည်လာလိမ့်မယ်လို့ ကိုကို ယုံကြည်ပါတယ်ကွာ…

ခြယ့်အနားကနေ ထွက်ခွာသွားဖို့ ခြေလှမ်းလှမ်းပြီးမှ သူ့ခြေလှမ်းတွေက မခွာနိုင်သေးဘဲ ခြယ့်အနား ပို၍တိုးကပ်သွားမိပြန်





ရလေသည်။

''ခြယ်''

မျက်နှာဖူးဖူးစင်စင်လေးကို သူ့လက်နှစ်ဖက်နှင့် ညှပ်ယူဆွဲမော့လိုက်ပြီး အချစ်ရည်ပြည့်လျှံနေတဲ့ မျက်ဝန်းတွေဖြင့် စူးနစ်စွာကြည့်မိသည်။

''မင်းကို အရမ်းချစ်တယ်၊ အရမ်းမြတ်နိုးတယ်၊ အရမ်းလည်း တန်ဖိုးထားရပါတယ်ကွာ၊ ယုံလိုက်ပါ အချစ်ရယ်နော်''

မျက်နှာတင်းတင်းမာမာလေးအား မြတ်နိုးစွာ နမ်းရှိုက်လိုက်မိပြီး ဒေါသတကြီး မတုံ့ပြန်ခင် ခြယ့်ကို ကျောခိုင်းထွက်ခွာလာခဲ့တော့သည်။

''မုန်းတယ်…ရှင့်ကိုမုန်းတယ်၊ အရမ်းမုန်းတယ် မုန်းတယ်''

ခြယ် ဒေါသတကြီးအော်ဟစ်ပြီး ကျန်ရစ်ခဲ့တော့သည်။

အမေနဲ့ မောင်လေးမရှိလို့ တော်ပါသေးရဲ့ဟု စိတ်နည်းနည်းအေးသွားရသည်။

ဒီတစ်သက်မှာ ရှင်နဲ့ကျွန်မ လုံးဝမပတ်သက်တော့ဘူး။ ပတ်သက်စရာအကြောင်းလည်း ဘာမှမရှိတော့ဘူး။

ဘဝမှာ ကိုယ့်အစွမ်းအစတွေနဲ့ ကြီးပွားတိုးတက်အောင်မြင်အောင် ကြိုးစားနေတဲ့ ကျွန်မတက်လှမ်းမယ့် လှေကားထစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ရှင် ရိုက်ချိုးဖျက်ဆီးပစ်ဖို့ ကြံစည်လိုက်တဲ့လူပဲ။

ခြယ် နောက်မကျသေးပါဘူး၊ အချိန်တွေအများကြီး ရှိပါသေးတယ်လို့ သူမကိုယ်သူမ အားပေးပြီး စိတ်တွေကို တင်းထားပစ်လိုက်မိတော့သည်။



## အခန်း [၂၆]

"ခြယ်"

"ရှင်"

"ဆရာနဲ့ အပြင်ကို ခဏလောက် လိုက်ခဲ့ပါ၊ ဆရာ ခြယ့်ကို ပြစရာတစ်ခုရှိတယ်"

"ဘာကိစ္စများလဲ ဆရာ"

"ခြယ် လိုက်ခဲ့လေ"

ဆရာရဲရင့်က ခွတ်အတင်းခေါ်နေသဖြင့် ခြယ် လိုက်လာခဲ့မိသည်။

ကားလေးက မြို့ပြင်က ခြံကြီးတစ်ခြံထဲ မောင်းဝင်လာ၍ ခြယ် တအံ့တဩနှင့် တုန်လှုပ်စွာ ငေးနေမိ၏။

"ကားပေါ်က ဆင်းလေ ခြယ်၊ မကြောက်ပါနဲ့ ခြယ်



www.burmeseclassic.com

www.burmeseclassic.com



ပြောစရာရှိလို့ပါ"

ခြံကြီးထဲက တိုက်ကြီးထဲ ခြယ် ဝင်လာခဲ့သည်။

"ခြယ်က ဆရာ့ကို မယုံလို့လား၊ အေးအေးဆေးဆေး စကားပြောချင်လို့ ဒီကို ခေါ်လာခဲ့တာပါ"

"ပြောပါ ဆရာ၊ ကျွန်မကို ဘာပြောမလို့လဲ၊ ပြောပြီးရင် ပြန်ကြမယ်"

ဆရာ့အမူအရာတွေက တစ်မျိုးဖြစ်နေသည်ဟု ထင်မိသည်။

ကိုကိုနှင့် လိုက်လာတုန်းက ခြယ့်ရင်ထဲမှာ နွေးထွေးလှိုက်ခါနေပေမယ့် ဆရာနှင့်ကျတော့ ကြောက်ရွံ့တုန်လှုပ်နေမိ၏။

"ကိုကိုပြောချင်တာက မင်း ရဲရင့်ကို မယုံပါနဲ့"

ကိုကိုပြောတဲ့စကားတွေကို ကြားယောင်လာပြီး ခြယ် နည်းနည်းတော့ တုန်လှုပ်ချောက်ချားလာမိသည်။

"ဆရာပြောလေ၊ ပြောစရာရှိတာ ပြောပါ၊ ခြယ် ပြန်ချင်ပြီ"

ဆရာရဲရင့်က သူမရှေ့ တဖြည်းဖြည်းတိုးကပ်လာပြီး သူမ လက်လေးတွေကို ဆုပ်ကိုင်လိုက်သည်။

"ဟင်...ဆရာ"

"ဆရာ...ခြယ့်ကိုချစ်တယ်"

"ဟင်"





"လက်ထပ်မယ်"

"ဟို...ဆရာ ဟို...အဲဒါ ဒီမှာမပြောဘဲ ရန်ကုန်ရောက်မှ ခြယ် စဉ်းစားပေးပါ့မယ်"

"ခြယ် မင်းကို ဆရာ အရမ်းချစ်မိနေပြီ၊ ဆရာ ခြယ့်ကို လက်ထပ်မှာပါ ယုံပါ ခြယ်ရယ်"

ရဲရင့်ကတော့ မြရောင်ခြယ်ဆိုတဲ့ ကောင်မလေးရဲ့ အသွေးအသားကို ဝါးမျိုဖို့အတွက် အာသာငမ်းငမ်းဖြစ်နေပြီး ခြယ့်တစ်ကိုယ်လုံးကို သိမ်းကျုံးဖက်ထားလိုက်တော့သည်။

"ဆရာ ဘာလုပ်တာလဲ၊ ကျွန်မကို ပြန်ပို့ပါ"

"မင်းကို ပြန်ပို့မှာပါ ခြယ်ရယ်၊ ဒါပေမဲ့ ကိုယ်တို့နှစ်ယောက် ချစ်ချစ်ခင်ခင် မြတ်မြတ်နိုးနိုးနဲ့ တယုတယနေကြရအောင်နော်"

ဆရာရဲရင့်မျက်ဝန်းတွေက ကြောက်စရာကောင်းအောင် ရမ္မက်ခိုးတွေနှင့် ဝေနေသည်။

ဟန်ဆောင်နေတဲ့ ဇာတ်ရုပ်က ချက်ချင်းကြီးပေါ်လာရပြီ။

ခြယ် ဘာလုပ်ရမလဲ၊ ဆရာရဲရင့်ကို ယုံကြည်မိတာမှားပြီပဲ။

"ခြယ် မင်း အသာတကြည်လက်ခံပါကွာ၊ ဆရာက မင်းအတွက် တိုက်ခန်းတစ်ခန်းနဲ့ နေထိုင်စရာ ပရိဘောဂတွေနဲ့"

"အို...ရှင် ဘာတွေလာပြောနေတာလဲ၊ ကျွန်မ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မလိုချင်ဘူး၊ ရှင့်ကို ကျွန်မ ယုံကြည်ပြီး လိုက်လာခဲ့တာပဲ၊ ပြန်ပို့ပါ၊ ကျွန်မ အခုချက်ချင်းပဲ ပြန်မယ်”

သူမပြန်ဖို့အတွက် ရုန်းထွက်ပြီး ထလိုက်မိသည်။

“ခြယ် မရတော့ဘူး၊ မင်း ငါ့လက်ခုပ်ထဲကရေ ဖြစ်သွားပြီ ခြယ်၊ ဆရာ့ဆန္ဒတွေကို လိုက်လျောပါ၊ မင်းဘဝမြင့်တင်ရေးအတွက် ဆရာ စီစဉ်ပေးမှာပါ ခြယ်ရယ်”

“မဖြစ်နိုင်ဘူး၊ ကျွန်မ ရှင့်အချစ်တွေကို လက်မခံနိုင်ဘူး၊ ကျွန်မပြန်မယ်”

ဆရာရဲ့ရင့်ရဲ့ အတင်းအကြပ်ပွေ့ဖက်ထားခြင်း ခံရပြီး သူမ ရုန်းကန်ရင်း မောဟိုက်ပင်ပန်းလာရသည်။

သွားပါပြီ…ခြယ့်ဘဝဆုံးပြီ။

ကိုကို့စကားတွေကို နားမထောင်ဘဲ သူ့ကို ခြယ် ယုံကြည်ခဲ့တယ်။ ခြယ် နောင်တတွေရလာရပြီ။

ခြယ့်နောင်တတွေ နောက်ကျသွားပြီလား မသိတော့ပါဘူး။

သူ့ရဲ့ ကြမ်းတမ်းတဲ့အချစ်တွေအောက်မှာ ခြယ့်ဘဝလေး ခြေမွဖျက်ဆီးခံရတော့မယ် ထင်ပါရဲ့။

ကိုကို ကျွန်မကို လာကယ်ပါဦး…

လူယုတ်မာကြီးရဲ့ရင့်က ခြယ့်ဘဝကို ဖျက်ဆီးတော့မယ်။

“လွှတ်…ကျွန်မကို လွှတ်ပါ၊ ရှင် မယုတ်မာနဲ့နော်၊ ရှင့်ကိုယုံကြည်မိတာ မှားတာပဲ”





ခြယ် သူ့ရင်ခွင်ထဲကနေ လွတ်မြောက်ဖို့ ကြိုးစားရုန်းကန်ရင်းက မောပန်းနွမ်းနယ်ကာ အင်အားတွေ ကင်းမဲ့သွားသလို ဖြစ်နေရတော့သည်။

သူ့ရင်ခွင်ထဲမှာ ဒူးထောက်အရှုံးပေးရတော့မယ် ထင်ပါရဲ့ ကိုကိုရယ်…

ခြယ့်မျက်ဝန်းတွေထဲက မျက်ရည်တွေ လိမ့်ဆင်းကျလာပြီး သူ့ရင်ခွင်ထဲက လွတ်မြောက်ဖို့ အင်အားရှိနေသလောက် ရုန်းကန်နေမိသည်။

“ဟော့ကောင်…ရဲရင့် မင်း တံခါးဖွင့်စမ်း၊ မင်းကို သက်ဆိုင်ရာလက်မအပ်ခင် ခြယ့်ကို ပြန်လွှတ်ပေးလိုက်ပါ”

“ဟင်”

အပြင်မှ ကိုကို့အသံကြောင့် ခြယ် ဝမ်းသာအားရနှင့် သူ့ရင်ခွင်ထဲမှ လူးလဲထလိုက်မိသည်။

တံခါးဖွင့်ပြီး အပြင်ဘက်ကို ထွက်လာချိန်တွင် အခန်းဝတွင် ကိုကိုက ကြိုဆိုနေသည်။

“ကိုကို”

“ခြယ်”

“ကိုကိုရယ်”

“လာ…လာ ခြယ် ဒီကနေ အမြန်ဆုံးထွက်သွားရအောင်”



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက သူ့မလက်မောင်းကို ဆွဲပြီး တိုက်ကြီးထဲမှ ထွက်လာခဲ့ကြသည်။ ကားပေါ် အမြန်ဆုံးတက်လိုက်ကာ မောင်းထွက်လာခဲ့၏။

"ကိုကို"

"ဟင်"

"ခြယ် မှားပါပြီ၊ သူ့ကိုယုံကြည်မိတာ ခြယ် ကံကောင်းလို့ ဘဝပျက်တော့မလို့နော်"

ကိုကိုက ဘာစကားမှမပြောဘဲ ကားလေးကိုပဲ ဂရုတစိုက်မောင်းနေ၍ ခြယ် နည်းနည်းတော့ စိတ်ပူသွားမိသည်။

ခြယ့်ကို အထင်သေးသွားပြီလား။ မုန်းသွားပြီလား။ ဆရာရဲရင့်ကို ယုံကြည်ပြီး လိုက်သွားမိတာပါနော်။ ခြယ် သဘောတူကြည်ဖြူပြီး အခန်းထဲမှာ ချစ်ဗျူဟာခင်းနေကြတာ မဟုတ်ပါဘူး ကိုကိုရယ်နော်…

ကားလေးကိုသာ အိမ်ရောက်တဲ့အထိ ကိုကို မောင်းလာခဲ့သည်။

အိမ်ရောက်တော့ အမေနှင့် အမျိုးသမီးကြီးတစ်ယောက် တရင်းတနှီးနှင့် စကားတွေ ပြောနေကြ၏။

"သမီးပြန်ရောက်လာပြီလား၊ ဒီမှာ မောင်ထွန်းတောက်ကြယ်ရဲ့ မိခင်က မေမေ့ငယ်သူငယ်ချင်း ဖြစ်နေတယ်"

"ရှင်"





အမေက အဖြစ်အပျက်တွေအားလုံး သိပြီးပြီဖြစ်ကြောင်း ပြောပြလေသည်။

"ဟုတ်ပါတယ် သမီးလေးရယ်၊ အန်တီက သမီးလေးအကြောင်း စုံစမ်းရင်း ဒီကိုရောက်လာတာပါ၊ ဒီကျမှ သမီးလေးမေမေက အန်တီ့ငယ်သူငယ်ချင်းဖြစ်နေတာ၊ သမီးလေး မာနရှိတာ ထက်မြက်တာ သိပါပြီ၊ မောင်ရဲရင့်က ပေါက်ကရတွေ ပြောလို့လေ၊ ဒီမှာ ဓာတ်ပုံတွေနဲ့ သက်သေအထောက်အထားတွေပြပြီး သူနဲ့သမီးက ငြိစွန်းထားပြီးသားတဲ့"

"ရှင်"

ခြယ် အံ့သြတုန်လှုပ်စွာဖြင့် မျက်လုံးလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရပြီး ရှက်စိတ်တွေနှင့် တစ်ကိုယ်လုံး ထူပူဖွေးထွေးသွားရလေသည်။

"ကဲဗါကွယ်…အားလုံးရှင်းသွားကြပြီပဲ၊ အန်တီက အစောကြီးကတည်းက သားချစ်မြတ်နိုးတဲ့ မိန်းကလေးကိုပဲ လက်ထပ်ခွင့် ပေးထားတာပါ"

ကဲ…ကိုကိုပြောတာ မဟုတ်ဘူးလားဆိုတဲ့ အကြည့်တွေနှင့် ကိုကိုက ခြယ့်ကို ကြည့်နေသည်။

ခြယ့် မျက်ဝန်းလေးတွေထဲမှာ ရှက်စိတ်တွေနှင့် မျက်နှာပူကာ အကြည့်တွေကို လွှဲဖယ်ပစ်ဖို့ပင် ကြိုးစားနေမိ၏။

"ကဲ…မျက်ခြယ်ရေ…သားရေးသမီးရေ ဆွေးနွေးဖို့



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက သူမလက်မောင်းကို ဆွဲပြီး တိုက်ကြီးထဲမှ ထွက်လာခဲ့ကြသည်။ ကားပေါ် အမြန်ဆုံးတက်လိုက်ကာ မောင်းထွက်လာခဲ့၏။

"ကိုကို"

"ဟင်"

"ခြယ် မှားပါပြီ၊ သူ့ကိုယုံကြည်မိတာ ခြယ် ကံကောင်းလို့ ဘဝပျက်တော့မလို့နော်"

ကိုကိုက ဘာစကားမှမပြောဘဲ ကားလေးကိုပဲ ဂရုတစိုက်မောင်းနေ၍ ခြယ် နည်းနည်းတော့ စိတ်ပူသွားမိသည်။

ခြယ့်ကို အထင်သေးသွားပြီလား။ မုန်းသွားပြီလား။ ဆရာရဲရင့်ကို ယုံကြည်ပြီး လိုက်သွားမိတာပါနော်။ ခြယ် သဘောတူကြည်ဖြူပြီး အခန်းထဲမှာ ချစ်ဗျူဟာခင်းနေကြတာ မဟုတ်ပါဘူးကိုကိုရယ်နော်...

ကားလေးကိုသာ အိမ်ရောက်တဲ့အထိ ကိုကို မောင်းလာခဲ့သည်။

အိမ်ရောက်တော့ အမေနှင့် အမျိုးသမီးကြီးတစ်ယောက်တရင်းတနှီးနှင့် စကားတွေ ပြောနေကြ၏။

"သမီးပြန်ရောက်လာပြီလား၊ ဒီမှာ မောင်ထွန်းတောက်ကြယ်ရဲ့ မိခင်က မေမေ့ငယ်သူငယ်ချင်း ဖြစ်နေတယ်"

"ရှင်"





အမေက အဖြစ်အပျက်တွေအားလုံး သိပြီးပြီဖြစ်ကြောင်းပြောပြလေသည်။

"ဟုတ်ပါတယ် သမီးလေးရယ်၊ အန်တီက သမီးလေးအကြောင်း စုံစမ်းရင်း ဒီကိုရောက်လာတာပါ၊ ဒီကျမှ သမီးလေးမေမေက အန်တီ့ငယ်သူငယ်ချင်းဖြစ်နေတာ၊ သမီးလေး မာနရှိတာထက်မြက်တာ သိပါပြီ၊ မောင်ရဲရင့်က ပေါက်ကရတွေ ပြောလို့လေ၊ ဒီမှာ ဓာတ်ပုံတွေနဲ့ သက်သေအထောက်အထားတွေပြပြီးသူနဲ့သမီးက ငြိစွန်းထားပြီးသားတဲ့"

"ရှင်"

ခြယ် အံ့သြတုန်လှုပ်စွာဖြင့် မျက်လုံးလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရပြီး ရှက်စိတ်တွေနှင့် တစ်ကိုယ်လုံး ထူပူနွေးထွေးသွားရလေသည်။

"ကဲဗါကွယ်...အားလုံးရှင်းသွားကြပြီပဲ၊ အန်တီကအစောကြီးကတည်းက သားချစ်မြတ်နိုးတဲ့ မိန်းကလေးကိုပဲလက်ထပ်ခွင့် ပေးထားတာပါ"

ကဲ...ကိုကိုပြောတာ မဟုတ်ဘူးလားဆိုတဲ့ အကြည့်တွေနှင့် ကိုကိုက ခြယ့်ကို ကြည့်နေသည်။

ခြယ့် မျက်ဝန်းလေးတွေထဲမှာ ရှက်စိတ်တွေနှင့် မျက်နှာပူကာ အကြည့်တွေကို လွှဲဖယ်ပစ်ဖို့ပင် ကြိုးစားနေမိ၏။

"ကဲ...မျက်ခြယ်ရေ...သားရေးသမီးရေ ဆွေးနွေးဖို့



www.burmeseclassic.com

www.burmeseclassic.com



သက်နဲ့လိုက်ခဲ့ဦး၊ အိမ်လည်းရောက်ဖူးတယ်ရှိတာပေါ့”

မေမေက ခြယ့်အမေကို အလိုက်သိစွာဖြင့် အပြင်ကို အတင်းခေါ်သွားလေသည်။

လရောင်ကလည်း ကျူရှင်သွားတက်နေသဖြင့် အိမ်လေးထဲမှာ ခြယ်နှင့်သူပဲ နှစ်ယောက်တည်းရှိနေ၏။

လူရှင်းသွားသဖြင့် ထွန်းတောက်ကြယ်က ချစ်သူ မြရောင်ခြယ်ရဲ့ ကိုယ်လုံးလေးကို ဆတ်ခနဲ ပွေ့ယူလိုက်ပြီး သူ့ရင်ခွင်ထဲမှာ ပွေ့ဖက်ထားလိုက်မိသည်။

“အို…ကိုကို”

မြရောင်ခြယ်ကတော့ အို…ကိုကိုဆိုတဲ့ အသံလေး ရုတ်တရက်ထွက်ပေါ်လာပြီး ချစ်သူရင်ခွင်ထဲမှာ ငြိမ်သက်တိတ်ဆိတ်သွားရလေသည်။

“ခြယ့်ကို ချစ်တယ်ကွာ၊ ကံကောင်းလို့ ကိုယ်တို့နှစ်ယောက် ပြန်ဆုံကြရတယ်”

“ကိုကို”

“ဟင်”

“ခြယ့်ကို ယုံရဲ့လားဟင်၊ ဟိုလူနောက် ခြယ် ရိုးသားစွာလိုက်သွားမိတာပါ၊ သူ လူယုတ်မာပဲ၊ ခြယ့်ဆန္ဒမပါဘဲ ခြယ့်ဘဝလေးကို ဖျက်ဆီးပစ်တော့မလို့လေ”

စောစောက ဖြစ်ပျက်ခဲ့တဲ့အကြောင်းအရာတွေကို တွေးပြီး





ခြယ့်စိတ်တွေ တုန်လှုပ်ချောက်ချားနေဆဲပင် ဖြစ်သည်။

“ခြယ်ရယ် ဘာမှစိတ်ထဲမှာ မထားပါနဲ့တော့နော်၊ ခြယ့်ကို ယုံပါတယ်ကွာ၊ ခြယ့်ရဲ့မာနတွေ ကိုယ်ကျင့်တရား စောင့်ထိန်းတတ်မှုတွေ ဘဝကို အောင်မြင်တိုးတက်ဖို့ ကြိုးစားနေတဲ့ စိတ်ဓာတ်တွေအားလုံးကို ကိုကို အထင်ကြီး ချစ်မြတ်နိုးရပါတယ်”

ပြောပြောဆိုဆိုနှင့် ချစ်သူလေးရဲ့ ကိုယ်လုံးလေးကို တင်းတင်းကြပ်ကြပ် ပွေ့ဖက်ပြီး မျက်နှာချောချော ဖူးဖူးစင်စင်လေးအား မြတ်နိုးစွာဖြင့် နမ်းရှိုက်မိလေသည်။

“အို…ကိုကိုရယ်”

သူမကလည်း ကိုကို့ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ထားပြီး ကိုကို့အချစ်တွေနဲ့ ထပ်တူထပ်မျှ တုံ့ပြန်ပေးဆပ်မိလေသည်။

ချစ်သူနှစ်ဦး ကြားလေသွေးရင် ဝေးမှာကြောက်သည့်အလား တစ်ယောက်… တစ်ယောက် တင်းကျပ်စွာဖက်ထားမိကြလေတော့သည်။


သင်မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com

# ရင်မြတ်နိုး၏

ကလောင်ခွဲ

# သင်မြတ်နိုး

လုံးချင်းဝတ္ထုသစ်

မိုးခြိမ်းငြိမ့်ငြိမ့်သိမ့်သိမ့်တုန်

www.burmeseclassic.com